


အတ္ထုပ္ပတ္တိစာစဉ်

ကျူးဘားလွတ်မြောက်ရေး ရဲဘော်

# ချေဂွေဗားရား

Quality အယ်ဒီတာအဖွဲ့

Che Guevara (1928-1967)

''ကျွန်ုပ်၏ လုပ်ဆောင်ချက်မှန်သမျှ
နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲခေါ်သံများသာ
ဖြစ်နေရမည် ...
တိုက်ပွဲ၌ ကျွန်ုပ်သေလျှင်
နောက်လူတွေက လက်နက်ဆွဲကိုင်
တိုက်ပွဲဝင်သွားကြလိမ့်မည် ...''

ချေဂွေဗားရား



5500 Ks

383664-014-00-10
3836640140010

စာအုပ်အမှတ်[၃၅၉]


**Quality Publishing House**

အမှတ် - ၅၀၈/၅၁၂ (၂-ခ)၊ ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၈၃၈၃၆၆၄၊ ၈၃၈၆၈၃၃။
Facebook Page : @supyaesonehtun2000

# ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံး

Quality Publishing House

ထုတ်ဝေသည့်ကာလ

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (ပထမအကြိမ်)

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယအကြိမ်)

ဖလင် - Eagle

ပုံနှိပ်တိုက် - ဖြိုးဝေလျှံပုံနှိပ်တိုက်၊

ဒေါ်ယဉ်ယဉ်မွန်(၀၀၂၃၈)၊

မင်္ဂလာတောင်ညွန့်မြို့နယ်

ထုတ်ဝေသူ

Quality Publishing House

ဦးမြင့်ထွန်း(၀၀၂၆၇)၊

အမှတ် ၅၀၈/၅၁၂ (၂-ခ)၊ ပထမထပ်၊


ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၁ ၈၃၈၃၆၆၄၊ ၈၃၈၆၈၃၃

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၅၅၀၀ ကျပ်


အတ္ထုပ္ပတ္တိစာစဉ်
ကျူးဘားလွတ်မြောက်ရေး ရဲဘော်
ချေဂွေဗားရား
Quality အယ်ဒီတာအဖွဲ့
Che Guevara (1928-1967)


အတ္ထုပ္ပတ္တိစာစဉ်
ကျူးဘားလွတ်မြောက်ရေး ရဲဘော်
ချေဂွေဗားရား
Quality အယ်ဒီတာအဖွဲ့
Che Guevara (1928-1967)

# မာတိကာ

*Content*


| | | |
|---|---|---|
| ၁။ | သမိုင်းတွင်သူရဲ့သမိုင်းဝင်ဇာတိ | ၁၀ |
| ၂။ | တော်လှန်စစ်၏စစ်မျက်နှာသစ် | ၁၆ |
| ၃။ | တော်လှန်ရေးအစ၊ အတိတ်ကာလ | ၂၃ |
| ၄။ | စစ်၏ဆိုးဝါးသောနေ့ရက်များ | ၃၁ |
| ၅။ | တိုက်ပွဲထဲက တိုက်ပွဲ | ၃၆ |
| ၆။ | သစ္စာဖောက်လည်း မကြောက်ဘဲတိုက်သည် | ၄၃ |
| ၇။ | အတိုက်ခံရသော သစ္စာဖောက် | ၄၉ |
| ၈။ | တပ်မတော်၏ဒဏ္ဍာရီ | ၅၅ |
| ၉။ | ပေါင်းစည်းတော်လှန်ရေးသို့ | ၆၂ |
| ၁၀။ | လူထုမြေပုံပေါ်မှာ ရိုးသားပွင့်ဖူးနေသောပန်း | ၇၅ |
| ၁၁။ | အဖနိုင်ငံတော်အတွက် သေရခြင်းသည် အသက်ရှင်ခြင်းပင်ဖြစ်သည် | ၈၃ |
| ၁၂။ | ကျူဘားကွန်မြူနစ်ပါတီ | ၉၅ |
| ၁၃။ | ဘယ်သူမှလက်နက်မချရ | ၁၀၂ |

၁၄။ နောက်ဆုံးသွေးတစ်စက်အထိ ၁၀၇

၁၅။ ကိုယ်ပျောက်သွားတဲ့သူရဲကောင်း ၁၁၇

၁၆။ ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာ (၇)ရက်မှ (၃၀)ရက်အထိ
ချီ၏ကြုံတွေ့ဖြစ်စဉ်များ ၁၂၂

၁၇။ ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်မှ (၃၁) ရက်နေ့အထိ
ချီ(ချေဂွေဗားရား)၏ကြုံတွေ့ဖြစ်စဉ်များ ၁၃၁

၁၈။ ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ (၃၁) ရက်နေ့အထိ
ချီ(ချေဂွေဗားရား)၏ကြုံတွေ့ဖြစ်စဉ်များ ၁၄၅

၁၉။ ၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ (၂၈) ရက်အထိ
ချီ(ချေဂွေဗားရား)၏ကြုံတွေ့ဖြစ်စဉ်များ ၁၅၅

၂၀။ ၁၉၆၇ ခုနှစ်၊ မတ်လ (၁)ရက်မှ (၃၁) ရက်အထိ
ချီ(ချေဂွေဗားရား)၏ကြုံတွေ့ဖြစ်စဉ်များ ၁၆၀

၂၁။ ၁၉၆၇ ခုနှစ် ဧပြီလ (၁) ရက်မှ စက်တင်ဘာလကုန်အထိ
ချီ(ချေဂွေဗားရား)၏ ထူးခြားမှုကြုံတွေ့ဖြစ်စဉ်များ ၁၆၄

၂၂။ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်မှ (၇) ရက်အထိ
ချီ(ချေဂွေဗားရား)၏ နောက်ဆုံးနေ့ရက်များ ၁၇၅

၂၃။ သူရဲကောင်း၏ နောက်ဆုံးအကြောင်း ၁၇၉

၂၄။ စစ်ဆင်ရေး ၅၀၀ နှင့် ၆၀၀ ၏ အဓိပ္ပာယ် ၁၈၉

၂၅။ လက်ဝဲတို့၏သူရဲကောင်း၊ လက်ယာတို့၏ အန္တရာယ်လူ ၂၀၀


# စာအုပ်တိုက်၏ အစီရင်ခံစာ

ကျွန်တော်၏ စာပေတိုက်အနေဖြင့် ကမ္ဘာနှင့် မြန်မာနိုင်ငံအတွင်းရှိ နယ်ပယ်အသီးသီးမှ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိ စာစဉ်များကို ထုတ်ဝေရန် တိုက်အယ်ဒီတာများ၊ ပြင်ပ ပညာရှင် ဆရာကြီး များနှင့်စည်းဝေးတိုင်ပင်ခဲ့ပါသည်။ယနေ့ခေတ်ကာလသည်စာအုပ်ထူထူကြီး များအား အချိန်ပေးဖတ်ရှုရန် ခက်ခဲသည့်အားလျော်စွာ စာမျက်နှာ ၂၀၀ နှင့် ၄၀၀ အတွင်း စာအုပ်အပြင်အဆင်၊ စာအုပ်ဆိုဒ် တစ်ညီတည်းထားရှိကာ ဈေးနှုန်းသင့်တင့်မျှတစွာဖြင့် ဝယ်ယူဖတ်ရှုနိုင်ရန် စီစဉ်ထားပါသည်။


အယ်ဒီတာအဖွဲ့ဝင်များဖြစ်ကြသော ဦးစိန်လှိုင်(မဟာဝိဇ္ဇာ)၊ ဦးအေးချို (မဟာဝိဇ္ဇာ)၊ ဦးထင်ဇော် (မဟာဓမ္မာစရိယ၊ ဒီဃဘာဏက)၊ လင်းသက်ခိုင်၊ ဝေလွင်မြင့်မောင် စသည်တို့နှင့် ဆက်လက်ညှိနှိုင်းတိုင်ပင်ကာ စာစဉ်များကို ရနိုင်သလောက် စီစဉ်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

ယခုစာအုပ်ကို ဆရာလရောင်ချိုက ရေးသား၍ အယ်ဒီတာများက ဝိုင်းဝန်းတည်းဖြတ်ထုတ်ဝေပါသည်။ အခြားကျော်ကြားသော ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိများအား စဉ်ဆက်မပြတ် ဆက်လက်ထုတ်ဝေနိုင်ရန်အတွက် ရေး သားနိုင်သော ဆရာများအား လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။ လိုအပ်သော အကြံပြုချက်များကိုလည်း ပေးပို့အကြံပြုနိုင်ပါသည်။


Quality Publishing House



မီးစာတစ်ဖက်၊ ရေ့ရှုတ်တစ်ဖက်
ဆိုတဲ့ လူများမဟုတ်ပေမဲ့
မာထုပ်တစ်ထုပ်၊ သေနတ်တစ်လက်
ကိုင်စွဲထားတဲ့လူဟာ
ချေဂွေဗားရား ဆိုတာ...



(ချီ)ချေသည် ရာထူး၊ အာဏာ၊ ဂုဏ်ထူး၊ ပုဂ္ဂလိကအရေးတွေ မက်မောစိတ်ဝင်စားသူမဟုတ်၊ လက်တင်အမေရိကတိုက်ရှိ နိုင်ငံအားလုံး၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အခြေအနေများကို ဖိနှိပ်ချုပ်ကိုင်ထားသော အရင်းရှင်စနစ်ဆိုးလက်အောက်မှ လွတ်မြောက်ရန် ပြောက်ကျားတော်လှန်ရေးကို ဦးစီးပဲ့ကိုင် ဆင်နွှဲပေးနိုင်သူသာတည်း။




'ကျွန်ုပ်၏ လုပ်ဆောင်ချက်မှန်သမျှ
နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲခေါ်သံများသာ
ဖြစ်နေရမည်....
တိုက်ပွဲ၌ ကျွန်ုပ်သေလျှင်
နောက်လူတွေက လက်နက်ဆွဲကိုင်
တိုက်ပွဲဝင်သွားကြလိမ့်မည်....'

တိုက်ကြီးသုံးတိုက် ကွန်ဂရက်သို့
ချေဂွေဗားရား(ချီ) ပေးပို့ခဲ့သော
သဝဏ်လွှာမှ ကောက်နုတ်ချက်

# သမိုင်းတွင်သူရဲ့သမိုင်းဝင်ဇာတိ

ယုံကြည်ချက်အတွက် အသက်စွန့်ရဲသူ၊ ကိုယ်ကျိုးမဖက် အများအကျိုးအတွက် တိုက်ရဲခိုက်ရဲသူ၊ ပစ္စည်းမဲ့လူတန်းစားတွေနဲ့အတူ၊ မတူဆန်းပြားတဲ့ ပြောက်ကျားစစ်ဆင်ရေးတွေ ဆင်နွှဲသည့်နေရာမှာ ပါရဂူ၊ စစ်မှန်သောတော်လှန်ရေးသမား ချေဂွေဗားရားဆိုလျှင် ၁၉၆၀ ပြည့်နှစ်ဝန်းကျင်ကနေယနေ့ထက်တိုင် မမေ့နိုင်သော သူရဲကောင်းတစ်ဦးပမာ တည်ရှိနေတာ ကမ္ဘာက အသိပင်ဖြစ်သည်။

ဆံပင်ရှည်ရှည်၊မုတ်ဆိတ်မွေး၊နှုတ်ခမ်းမွေးခန့်ခန့်ညားညားဖြင့်ကြယ်တစ်ပွင့်ပါသော ဘယ်ရီကက်ဦးထုပ်ကို ခပ်စောင်းစောင်း ဆောင်းထားသောသူ့ရုပ်ပုံကို လူငယ်များလက်မောင်းမှာ၊ ရင်ဘတ်မှာ၊ လက်ဖျံမှာ အမြတ်တနိုးတက်တူးတွေထိုးခဲ့ကြသည်။ နိုင်ငံတကာရှိ ဖိနှိပ်မှုကို မလိုလားသော ပြည်သူလူထုရဲ့ စံပြတော်လှန်ရေးသမား ချေဂွေဗားရားအား လူငယ်ပညာတတ်တော်လှန်ရေးသမားများက အထင်ကရအာဇာနည်တစ်ဦးအဖြစ် သတ်မှတ်လေသည်။ အာဏာရှင်မှန်သမျှ ဆန့်ကျင်တော်လှန်ရမည်ဆိုသော ယုံကြည်ချက်အတွက် သူ့အသက်ကို ရဲရဲဝံ့ဝံ့ ပေးဆပ်ခဲ့သူမှာ ချေဂွေဗားရားဖြစ်သည်။

ကျူးဘားတော်လှန်ရေးသမားများက အမြတ်တနိုးခေါ်ကြသည့် ချေ(ချီ)ဆိုသော ချေဂွေဗားရားမှာ ကမ္ဘာ့သမိုင်းဝင်သူရဲကောင်းတစ်ယောက်

ဖြစ်၏။ အာဏာရှင်များအတွက် ကြောက်စရာအကောင်းဆုံးအဖြစ် သတ်မှတ်ခံရသူ၊လက်တင်အမေရိကအဖိနှိပ်ခံပြည်သူများရဲ့လမ်းပြကြယ်စင်၊ဆရာဝန်၊ စာရေးဆရာ၊ တော်လှန်ရေးခေါင်းဆောင်၊ ပြောက်ကျားစစ်ဗျူဟာမှူး၊ သေနင်္ဂဗျူဟာ သဘောတရားပါရဂူ ကျူဘားခေတ်ပြောင်းတော်လှန်ရေး၏ ဒုတိယခေါင်းဆောင်၊ ဘိုလီဗီးယား လွတ်လပ်ရေးပြောက်ကျားတပ်ရဲ့ စစ်ရေးတာဝန်ခံ၊ ကမ္ဘာတစ်ဝန်း သူ့ရုပ်ပုံများကို အထိမ်းအမှတ်မျိုးစုံအဖြစ် သုံးစွဲခံရသော ချေဂွေဗားရား၏ နိဒါန်းအစ မွေးဖွားရာဒေသမှာ -

အာဂျင်တီးနားနိုင်ငံ၊ အရှေ့မြောက်ဒေသ၊ ပါရာနာမြစ်ကမ်းပေါ်မှ ရိုစာရီယိုမြို့၌ ဖခင် အာနက်စတို ဂွေဗားရားလင့်ချ်နှင့် မိခင် စီလီယာစာနာတို့မှ ၁၉၂၈ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့တွင် ချေဂွေဗားရားကို မွေးဖွားခဲ့သည်။ ချေ (သို့) ချီ၏မိဘနှစ်ပါးတွင် သားသမီး (၅) ယောက်ရှိသည့်အနက် ချီမှာ သားကြီး ဩရသဖြစ်သည်။ ချီ အသက် (၂) နှစ်အရွယ်တွင် ပန်းနာရောဂါစွဲကပ်ခဲ့လေသည်။ ချီသည် ငယ်စဉ်ကပင် နေ့ရှိသရွေ့ ချောင်းတဟွတ်ဟွတ်ဆိုးနေတတ်သော ရှူနာရှိုက်ကုန်းရောဂါသည်လေးသဖွယ် ဖြစ်နေသည်။

ချီ၏မိဘနှစ်ပါးက သားဦးလေး "ချီ" ကျန်းမာရေးအတွက် ပို၍ ရာသီဥတုကောင်းမွန်သော အဲလ်တာဂရေစီယာမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ထိုမြို့လေးမှာ ချီရဲ့ရောဂါ သိသာစွာ သက်သာလာသည်။ ထို့ကြောင့် အယ်လ်တာ ဂရေစီယာမှာ အခြေချလိုက်ကြသည်။ အခြေမချခင်က ချီ၏ ကျန်းမာရေးအတွက်ဗြူနိုအေရီမြို့ ထိုမှတစ်ဖန် ချီ (၄) နှစ်သားအရွယ်မှာ အာနက်စတိုလာမြို့ ထိုမှတစ်ဖန် ကောဒိုဘာ၊ ပြည်နယ်အတွင်း ခရီးသွားရင်း အယ်လ်တာဂရေစီယာမှာ အခြေချဖြစ်သွားကြခြင်းဖြစ်သည်။

အိုင်ယာလန်နှင့် စပိန်မိသားစုတို့မှ ဆင်းသက်လာသော ချီ၏မိဘနှစ်ပါးအနက် ဖခင်ဖြစ်သူ အာနက်စတို ဂွေဗားရားလင့်ချ်သည် မြို့ပြအင်ဂျင်နီယာတစ်ဦး ဖြစ်သည်။ ချီ ငယ်စဉ်က ခန္ဓာကိုယ်ကြံ့လှီချူချာသော်လည်း ဦးနှောက်မှတ်ဉာဏ်ကောင်းမွန်သူ ဖြစ်သည်။

ချီ အလယ်တန်းမှာ ဘာသာတိုင်း ပထမအဆင့်တစ်ဖြင့် အောင်မြင်ခဲ့သည်။ အသက် (၁၈) နှစ်တွင် ဂုဏ်ထူးဖြင့် အတက်တန်းပညာ အောင်မြင်ခဲ့သည်။ ချီတို့မိသားစုသည် မြို့၏ရပ်ကွက်ကောင်းဖြစ်သော နီဒီယာဂေဟာတွင် နေထိုင်ကြသည်။ စီးပွားရေးဖွံ့ဖြိုးသော ကာလဖြစ်၍ ချီတို့မိသားစုဘဝလေးမှာ ပျော်စရာကောင်းလှသည်။

ဖခင်ဖြစ်သူသည် အခြားကလေးများကဲ့သို့ အိမ်အပြင် ထွက်မဆော့နိုင်ရှာသော သားဖြစ်သူ "ချီ" ကို ကျောင်းသင်ခန်းစာသာမက လူ့ဘဝသင်ခန်းစာများအတွက်ပါ ရည်ရွယ်၍ စာကောင်းပေမွန်တွေ ရှာဖွေပြီး ချီအား ဖတ်ရှုစေခဲ့သည်။ ချီ ငယ်ဘဝမှာ စာအုပ်များထဲတွင် အချိန်ကုန်ခဲ့ရသလို ဖြစ်ခဲ့သည်။ ဖခင်ဖြစ် သူက ချီကို သေနတ်ပစ် ကျင်လည်စွာတတ်မြောက်စေရန် သင်ကြားပေးခဲ့ပြန်သည်။ ချီ့ဘဝမှာ စာအုပ်ဖတ်လိုက်၊ သေနတ်ပစ်လေ့ကျင့်လိုက်နှင့် လုံးချာလည်လိုက်နေခဲ့သည်။ နောက်ပိုင်းကာလများမှာမြို့စွန်ရှိမိခင်ပိုင်သော ခြံကျယ်ကြီးတစ်ခုကို ရောင်းချပြီး မြို့တော်သို့ပြောင်းရွှေ့ခဲ့ရပြန်သည်။

ချီ၏ အမည်အပြည့်အစုံမှာ အာနက်စတိုချေဂွေဗားရား ဖြစ်သည်။ ချေ (ခ) ချီ ဆိုသည့်ဝေါဟာမှာ မူလက မပါဝင်ခဲ့ချေ။ အရွယ်ရောက်လာချိန်ကျမှ "တွင်" လာသောအမည်ဖြစ်သည်။ ၁၉၄၄ ခုနှစ်တွင် ဗြူနိုအေရီမြို့တော်ရောက် ချီသည် စာဆက်သင်ရာ၌ သင်္ချာထူးချွန်သူဖြစ်လာသည်။ ချီကို သူငယ်ချင်းတွေ အားလုံးက အင်ဂျင်နီယာ ဖြစ်လာလိမ့်မည်ဟု ခန့်မှန်းကြသည်။ သို့သော်ငြား ချေ ဆေးကျောင်းသားတစ်ဦး ဖြစ်လာသည်။

၁၉၄၇ ခုနှစ်၊ ချီ အသက် (၁၉) နှစ်အရွယ်တွင် ဆေးတက္ကသိုလ်ဝင်ခွင့်ရခဲ့သည်။ ချီ ဆေးတက္ကသိုလ်တက်နေစဉ်မှာပင် ၁၉၅၂ ခုနှစ် ရုတ်တရက် ကျောင်းမှထွက်၍ သူငယ်ချင်းဖြစ်သူ ဂရာနာဒိုနှင့်အတူ ပြည်ပသို့ ခရီးထွက်ခဲ့ကြသည်။ ချီလီ၊ ပီရူး၊ အီကွေဒေါ၊ ကိုလံဘီယာနှင့် ဗင်နီဇွဲလားအထိ ခရီးပေါက်ခဲ့သည်။ မိုင် ၂၀၀ ကျော် ခရီးစဉ်ဖြစ်သည်။ ချီ စိတ်ဝင်စားသော ကိုယ်ရေပြားရောဂါနှင့် အခြားအယူပိုင်းဆိုင်ရာ ရောဂါများကို လေ့လာခဲ့သည်။ တစ်ကြိမ်တွင် နိုင်ငံ၏ တစ်ဖက်စွန်းမှ အခြားတစ်ဖက်စွန်းအထိ စက်ဘီးဖြင့် ခရီးထွက်ခဲ့ဖူးသည်။

စင်ဒီယာရီနှင့် ချီလီရောက်ရှိချိန်က ကုန်းမြင့်ဒေသများကို ခြေကျင်ဖြတ်ကျော်ကြသည်။ ထိုခရီးစဉ်မှာ ပြည်သူတွေအကြောင်းကို သိနားလည်စပြုလာလေသည်။ ငွေစလေး ခရီးစရိတ်လေးရအောင် အလုပ်အနည်းငယ်လုပ်ပြီး ရရှိသောအခါ ခရီးဆက်ထွက်ဖြစ်လေသည်။ လမ်းခရီးတွင် သင်္ဘောဆိပ်အလုပ်သမား။ အထမ်းအပိုးသမား၊ သင်္ဘောသား၊ ဆရာဝန် (ကြုံရာ ဆေးကုသပေးသွားခြင်းမျိုး)၊ ပန်းကန်ဆေး စသည့် အလုပ်မျိုးစုံလုပ်ပြီး ခရီးစရိတ်ရှာကာ ဗဟုသုတသိုမှီးပြီး ခရီးဆက်ဖြစ်ခဲ့လေသည်။ တချို့နေရာများမှာ ဆိုလျှင် တောက်တိုမည်ရအလုပ်မျိုးစုံလည်း လုပ်ဖြစ်ကြပြန်သေးသည်။

ပီရူးသို့ရောက်သောအခါ ကိုယ်ရေပြားရောဂါ ဆေးရုံကို သွားရောက်ကြည့်ရှုပြီး ကုသတတ်တာ ကုသပေးခဲ့ရသည်။ ပီရူးပြည်၏ တောတောင်များအလယ်သို့ ရောက်အောင်ထိ ခြေဆန့်ခဲ့ကြသည်။ ခရီးသွားလာရေးနှင့် ပတ်သက်သောနိုင်ငံကူးလက်မှတ်၊ခွင့်ပြုမိန့်စာရွက်စာတမ်း၊ငွေကြေးဆိုင်ရာကိစ္စများအတွက် မကြာခဏပြဿနာတက်ခဲ့ရသေးသည်။ အီကွေဒေါ်ရောက်သောအခါ ဘောလုံးနည်းပြဆရာ အလုပ်လုပ်ပြီး လေယာဉ်လက်မှတ်ဖိုးငွေရှာရ၏။ ဘိုရိုတာအရောက်မှာ နှင်ထုတ်ခံကြရသည်။ ကျောင်းသားများအချင်းချင်း ငွေစုပြီး ထောက်ပံ့ပေးလာ၍ ချီတို့နှစ်ယောက် ဗင်နီဇွဲလားရောက်တဲ့အထိ ခရီးဆက်နိုင်ကြသည်။

ဂရာနာဒိုက ဗင်နီဇွဲလားတွင် နေရစ်ခဲ့ပြီး ချီက မြင်းတွေအပြည့်တင်ဆောင်ထားသည့် ကုန်တင်လေယာဉ်ဖြင့် မီယာမီသို့ ခရီးဆက်ခဲ့သည်။ မီယာမီတွင်ချီသည်ငွေကိုချွေတာသုံးစွဲ၏။စာကြည့်တိုက်သွားပြီးစာဖတ်ကာ တစ်နေ့လျှင်နွားနို့(သို့)ကော်ဖီတစ်ခွက်သာသောက်ပြီးဖြစ်သလိုသာနေထိုင်ခဲ့လေသည်။ နိုင်ငံကူးလက်မှတ်မပါ၊ ဗီဇာမရှိသောကြောင့် ဖမ်းဆီးခံရပြီး အာဂျင်တီးနားသို့ ပြန်ပို့ခံရလေသည်။ ဖြူနိုအေရီ ပြန်ရောက်သောအခါ စစ်မှုထမ်းရန် ဆင့်ခေါ်နေသော်လည်း အစိုးရစစ်တပ်က ချီကို စစ်မှုထမ်းရန် မသင့်တော်ဟု သတ်မှတ်ခြင်းခံရသည်။ ဘွဲ့ရပြီးမှ ဆင့်ခေါ်ဖို့သာ အချိန်သတ် လွှတ်လိုက်သည်။သို့ဖြင့်ချီဆေးကျောင်းပြန်တက်ရသည်။၁၉၅၃ခုနှစ်၊မတ်လတွင်

ဆရာဝန်ဘွဲ့ရရှိသည်။ အများသူငါ (၇) နှစ်တက်ရသော သင်တန်းကို (၃) နှစ်ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည်။

ဆရာဝန်ဘွဲ့ရရှိပြီး အသက် (၂၅) နှစ်ရှိပြီဖြစ်သော ချီသည် သက်ဦးဆံပိုင်စနစ်အားလုံးကို ရဲရင့်တက်ကြွစွာ ဆန့်ကျင်ကန့်ကွက်သူ ဖြစ်နေလေပြီ။ လက်တင်အမေရိကတိုက် မူလအရင်းခံ အင်ဒီယန်းလူမျိုးများဘဝ အခြေမလှနေထိုင်ရသော အခြေအနေအရပ်ရပ်နှင့် 'ပတ်သက်သည့် ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်ဖွယ် အဖြစ်မှန်များကို သိမြင်နေ၍ ထိုလူမျိုးများအတွက် အလုပ်လုပ်ပေးရန် ချီ ဆုံးဖြတ်လိုက်သည်။ ထိုနှစ်မှာပင် အာဂျင်တီးနားနိုင်ငံ၏ အာဏာရှင်ပီရွန်က ဆရာဝန်များကို ချွေးတပ်ဆွဲ၍ စစ်တပ်ထဲ အတင်းအဓမ္မ သွတ်သွင်းနေချိန်ဖြစ်ရာ ဆရာဝန်ပေါက်စ "ချီ"မှာ ချွေးတပ်ဆွဲမခံလိုသဖြင့် အာဂျင်တီးနားမှ နောက်တစ်ကြိမ် ပြည်ပသို့ ခရီးထွက်ရန် ပြင်ဆင်သည်။

ချီသည် မည်သူ့ထံမှ ငွေကြေးအကူအညီမယူဘဲ ဗြူနိုအေရီမှ မီးရထားဖြင့် ထွက်ခွာလာခဲ့သည်။ ဤတစ်ကြိမ်တွင် ဘိုလီဗီးယားနိုင်ငံသို့ ရောက်ရှိပြီး ရက်အတန်သင့်နေထိုင်ဖြစ်ရာ တက်ကြွထက်သန်နေသည့် လူငယ်လက်ဝဲသမားအချို့နှင့် ရင်းရင်းနှီးနှီးဆွေးနွေးခွင့်ရခဲ့လေသည်။ ထိုမှတစ်ဖန် အီကွေဒေါသို့ ရောက်ရှိပြန်ရာ ရှေ့နေရီကာဒိုရိုဂျိုက တကယ်ကြည့်ဖူး ရောက်ဖူးသင့်သည့်နေရာမှာ ဂွါတီမာလာဟု ချီကို နားချတိုက်တွန်းသည်။ ဤသို့ဖြင့် ပနားမား၊ ကော့စတာရီကာ စသည့်နိုင်ငံများကို ဖြတ်ကျော်၍ ဂွါတီမာလာသို့ ရောက်ရှိလာလေသည်။

ဂွါတီမာလာသည် လက်ဝဲအစိုးရ အုပ်ချုပ်နေချိန်ဖြစ်သည်။ ၁၉၅၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ဂွါတီမာလာသို့ ချီ ရောက်သွားရာ ပီရူးနိုင်ငံသူ "ဟစ်လ်ဒါ"နှင့်စတင်တွေ့ဆုံပြီးခင်မင်ခဲ့ကြသည်။ "ဟစ်လ်ဒါ"မှာပီရူးအစိုးရ၏ နယ်နှင်ဒဏ်ကြောင့် ထွက်ပြေးလာရသူဖြစ်သည်။ မကြာမီတွင် ချီသည် ဂွါတီမာလာရှိ အစိုးရ၏ လယ်ယာမြေဌာနတွင် အလုပ်ရရှိခဲ့လေသည်။ သို့ပြားကြာကြာမလုပ်လိုက်ရချေ။ အမေရိကန် (C.I.A) အဖွဲ့က ဂွါတီမာလာမှ လက်ဝဲအစိုးရကို ဖြုတ်ချလိုက်သောကြောင့် ချီလည်း မက္ကဆီကိုနိုင်ငံသို့

ရှောင်တိမ်းခဲ့ရပြန်သည်။ မက္ကဆီကိုတွင် ချီသည် ဟစ်လ်ဒါနှင့် ပြန်လည်တွေ့ဆုံပြီး ၁၉၅၅ ခုနှစ်၊ မေလတွင် တရားဝင်လက်ထပ်ဖြစ်သွားသည်။

မက္ကဆီကိုတွင် ချီသည် ရောလ်ကာတ်စထရို၊ ဖီဒယ်ကပ်စထရိုတို့နှင့်လည်း တွေ့ဆုံခွင့်ရခဲ့သည်။ စိတ်သဘောထား တူညီတိုက်ဆိုင်သော တိုက်ပွဲဝင် ညီအစ်ကိုများအဖြစ် အပြန်အလှန် လေးစားရင်းနှီးခဲ့ကြလေသည်။ ၁၉၅၆ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့တွင် ဖီဒယ်ကတ်စထရိုခေါင်းဆောင်သော အုပ်စုနှင့် ချီသည် "ဂရန်မာ" ဆိုသော ရွက်လှေဖြင့် မက္ကဆီကိုနိုင်ငံမှ ကျူးဘားသို့ ဦးတည်ခုတ်မောင်းခဲ့ကြသည်။ ထိုရွက်လှေပေါ်၌ တောလှန်ရေးတပ်သား (၈၂) ဦး ပါရှိလေသည်။

(၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်နေ့ထုတ် ကျူးဘားအပတ်စဉ် "ဂရန်မာ"တွင် ဖော်ပြပါရှိသော သတင်းအချက်အလက်များကို အခြေခံထားပါသည်။)



# တော်လှန်စစ်၏ စာမျက်နှာသစ်

ဂရန်မာလေ့ပေါ်တွင် စားနပ်ရိက္ခာ သင့်တင့်ရှုပါလာသည်။ ယူနီဖောင်းများ၊ ရိုင်ဖယ်များ၊ ကျည်ဆန်နှင့် လက်နက်ပစ္စည်းများ၊ တင့်ကားပစ်ရိုင်ဖယ် နှစ်လက်(ကျည်ဆန်နည်းနည်းလေး) စသည်တို့ကို သိုလှောင်တင်ဆောင်နိုင်ခဲ့ကြသည်။ ရွက်လှေပေါ် ပါလာသူများမှာ ရက်ကြာလာ၍ တစ္ဆေသရဲရုပ်ပေါက်သလို ညစ်ထေးနေကြ၏။ ကျူးစပန်ဆီပ်ကမ်းမှနေ၍ မီးများငြိမ်းကာ ချီတို့ ထွက်ခွာလာခဲ့ရခြင်းဖြစ်သည်။ ကျူးဘားအာဏာပိုင်တို့၏ သူလျှိုတွေ ကလိုက်လံစုံစမ်းထောက်လှမ်းနေကြသောကြောင့်ဖြစ်သည်။ ချီတို့အဖွဲ့ထဲမှာ အတွင်းသစ္စာဖောက်ပါလာကြောင်း တွေ့ခဲ့ကြရသေးသည်။ ထိုသစ္စာဖောက်ကို စုံစမ်းဖော်ထုတ်၍ မရသေး။ သဘော်ဖြင့် ပို့လိုက်သော တော်လှန်ရေးအတွက် လက်နက်များကို သစ္စာဖောက်က ရောင်းချပစ်လိုက်သည်။ ထိုလူသည် တရားဝင်စာချုပ်မပြီးသေးဘဲ ရွက်လှေနှင့် အသံလွှင့်စက်တစ်လုံးကိုလည်း ရောင်းချခဲ့သူဖြစ်ကြောင်း ချီနှင့် ဖီဒယ်လ်ကတ်စထရိုတို့ သိရှိလာကြသည်။

ဂရန်မာကို မြစ်ဝအထိအမှောင်ချပြီး ရွက်လွှင့်ခဲ့ကြရသည်။ ပင်လယ်အော် အဝင်ဝကို ဖြတ်သန်းပြီးမှ တွန်းပြီး ရွက်လွှင့်ကြရသည်။ ပယ်လယ်လှိုင်းမူးဒဏ် မခံနိုင်၍ ဆေးပြားတွေ သဲကြီးမဲကြီး ရှာဖွေကြသည်။ ရှာမတွေ့သော

အခါ စိတ်ဖြေသာပြောင်းလဲသွားစေရန် ကျူဘားအမျိုးသား သီချင်းနှင့် ဖူလိုင် (၂၆) တေးကို သီဆိုကြသည်။ ငါးမိနစ်ခန့်ကြာသောအခါ ရွက်လှေပေါ်ပါသူ အားလုံး အော့အန်သူ အော့အန်၊ မျက်နှာညိုးနွမ်းပြီး ဗိုလ်နိုပ်သူနိုပ်၊ ခြင်းတောင်းထဲ ခေါင်းဝှက်သူဝှက်၊ ယိမ်းယိုင်သူ ယိမ်းယိုင်၊ ဖရိုဖရဲ ပြိုလဲသူလဲ၊ အဝတ်အစားများ အန်ဖတ်ပေသူ ပေကျံ။ ပင်လယ်လှိုင်းမူးဒဏ်ကြောင့် စိတ်ကယောင်ချောက်ချားတွေ ဖြစ်ကုန်ပုံက ရယ်စရာလိုလို၊ ငိုစရာလိုလို ကြေကွဲစရာလိုလိုတွေ ဖြစ်ကုန်ကြသည်။ သဘော်သားသုံးယောက်၊ အခြားသူ လေးငါးယောက်မှအပ ကျန်လူ (၈၃) ဦးစလုံးမှာ လှိုင်းမူးဒဏ်ခံကြရလေသည်။ လေးငါးရက်ကြာမှ လှိုင်းမူးဒဏ် ခံနိုင်လာကြသည်။

ရွက်လှေပျဉ်ပြားအစပ်နေရာကွဲပြီးရေစိမ့်ဝင်လာသောကြောင့်ဝန်ပေါ့သွားစေရန်အပိုပစ္စည်းများကိုရေထဲသို့ပစ်ချကြရသည်။လေသင့်ရာဂျမေလာနှင့် ဂရင်းတောမင်းကျွန်းဘက်သို့ ဦးတည်ရွက်လွှင့်နေ၍ ကျူဘား၏တောင်ဘက်မှ ဝေးလံစွာ ပတ်ကွေ့သွားနေရလေသည်။ အိုရီယင်တေးပြည်နယ်၊ နီကီရိုမြို့အနီးတစ်နေရာတွင် ဆင်းသက်နိုင်ရန် ရည်ရွယ်ထားကြသည်။ ရေဒီယိုမှ ဆန္ဒပြဆူပူလှုံ့ဆော်မှုကြီးများ(၃၀)ရက်နေ့တွင် စင်တီယာဂိုဒီကျူဘား၌ ဖြစ်ပွားနေကြောင်း သတင်းလွှင့်သည်။ ဖရန့်ပေး(စ်)စည်းရုံး လှုံ့ဆော်သောဆန္ဒပြဆူပူမှုများ ဖြစ်သည်။ ထိုဆန္ဒပြဆူပူမှုများနှင့် ချီတို့အဖွဲ့ရောက်ရှိချိန်ကို တိုက်ဆိုင်ဖို့ မျှော်လင့်ထားကြသည်။

ဒီဇင်ဘာ (၁) ရက်နေ့ညတွင် ဂရန်မာရွက်လှေပေါ်မှာ ရေလည်းမရှိ၊ ဆီလည်းမရှိ၊ ရိက္ခာလည်းမရှိတော့၍ ရွက်လှေမျောနေရာ ချီတို့တစ်တွေမှာ ကာအိုကရုဇ်မှ မီးပြတိုက်ကိုသာ အသည်းအသန် ရှာဖွေနေရတော့သည်။

နံနက် (၂) နာရီတွင် ညအမှောင်ထု နက်ရှိုင်းသိပ်သည်းမှုက ဆိုးသထက်ဆိုးဝါးလာသည်။လှေပေါ်မှကင်းသမားများကလည်းမိုးကုပ်စက်ဝိုင်းဆီမှ အလင်းပျပျမြင်ရနိုးနှင့် ပြူးပြဲပြီး ရှာဖွေနေကြသည်။ ရေတပ်တွင်ဗိုလ်အဖြစ် အလုပ်လုပ်ဖူးသော ရိုကေးသည် လှေကားဖြင့် ရွက်တိုင်ကင်းသို့တက်ကာ ကာဘိုမှ အလင်းရောင်ကို ဖြဲရဲရှာဖွေနေပြန်သည်။ ရိုကေး ရုတ်

တရက်ခြေချော်ကာ ရေထဲကျသွားသည်။ သူ့ကို ပြန်ဆယ်ယူလိုက်ရသည်။ နောက်မကြာမီမှာ ချီတို့တစ်တွေ အလင်းရောင်ကို တွေ့ကြရသည်။ လေအား သိပ်မကောင်း၍ ရွက်လှေမှာ နေးလွန်းသဖြင့် ရောက်ခါနီးချိန်မှာ သည်မခံနိုင်လောက်အောင် တုံ့နေးနေပြန်သေးသည်။

လှော်စ်ကိုလိုရေဒါစ် ကမ်းခြေမှ ဘီလစ်အမည်ရှိနေရာကို ချီတို့အဖွဲ့ ဆိုက်ရောက်ကြလေသည်။ ကမ်းခြေလှည့်ကင်းသဘောာတစ်စင်းက "ချီ" တို့ကို တွေ့ရှိသွားပြီး ဘာတစ္စတာ၏ စစ်တပ်သို့ ကြေးနန်းပို့လိုက်၏။ ချီတို့ ကမ်းခြေမှမယူမဖြစ်သောပစ္စည်းတွေယူကာနွံအိုင်တစ်ခုအတွင်းပုန်းလျှိုးဝင်လိုက်စဉ် ရန်သူလေယာဉ်များက တဝေါဝေါ နိမ့်ဆင်းပျံသန်းကာ ပစ်ခတ်တိုက်ခိုက်တော့၏။ လမုပင်များအကွယ်အကာရှိနေ၍ရန်သူလေယာဉ်တွေ၏ပစ်ခတ်မှုမှာထိရောက်မှုမရှိ။ရန်သူ၏ခြေလျင်တပ်ကမူချီတို့နောက်ကိုထက်ကြပ်မကွာ လိုက်လာနေလေပြီ။ နွံနိုင်တောကို လွန်မြောက်ရန် နာရီပေါင်းများစွာ ကြာလေသည်။ အတွေ့အကြုံမရှိသောကြောင့် ခက်ခဲပင်ပန်းကြရသည်။ ရဲဘော်တစ်ဦး တာဝန်မဲ့မှုကြောင့် များစွာနောင့်နေးကြန့်ကြာရသည်။ မြေမာပေါ်သို့ ရောက်ကာမှ ကိုယ်ပျောက်စစ်တပ်ပမာ စက်ဝိုင်းသဏ္ဍာန်ဝိုင်း၍ ဆက်လျှောက်ကြရသည်။ ရက်သတ္တတစ်ပတ်အကြာ ပင်လယ်ပြင်မှာ နွမ်းနယ်လာခြင်း၊ ဝတ်မွတ်ဆာလောင်လာခြင်းအပြင် မြေပြင်ခရီးသုံးရက်တာ ပင်ပန်းဆင်းရဲမှုကပါ ဖိစီးနိုပ်စက်၍ မေ့လျော့သွားမတတ် ဖြစ်ကုန်ကြ၏။ ရပ်နားရပြန်သည်။ မေ့ခနဲဖြစ်လိုက်၊ သတိပြန်ရလိုက်နှင့် ခရီးကြမ်းကို အားမာန်တင်းခံကာ ချီတက်ကြရသည်။ မက္ကဆီကိုမှ ခရီးထွက်လာပြီး (၁၀) ရက်အကြာ ဒီဇင်ဘာ (၅) ရက် အရုဏ်တက်မှာ အလက်ဂျရီယာ (ပျော်ရွှင်ခြင်း) ဒီပိယိုအမည်ရှိနေရာသို့ ချီတို့အဖွဲ့ ရောက်ရှိလာခဲ့ကြတော့သည်။ အလက်ဂျရီယာဒီပိယိုသည် ကာဘိုကရုဇ်၏အနီး၊ နီကီရိုဖုံအိုရီယင်တေးပြည်နယ်အတွင်း၌ တည်ရှိသည်။ ထိုနေရာမှာပင် ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့၌ ချီတို့အဖွဲ့အား ဘာတစ္စတာ၏ တပ်များက ခြေရာခံ၍ သဲကြီးမဲကြီးလိုက်နေကြသည်။

တရက်ခြေချော်ကာ ရေထဲကျသွားသည်။ သူ့ကို ပြန်ဆယ်ယူလိုက်ရသည်။ နောက်မကြာမီမှာ ချီတို့တစ်တွေ အလင်းရောင်ကို တွေ့ကြရသည်။ လေအား သိပ်မကောင်း၍ ရွက်လှေမှာ နေးလွန်းသဖြင့် ရောက်ခါနီးချိန်မှာ သည်မခံနိုင်လောက်အောင် တုံ့နေးနေပြန်သေးသည်။

လာ့စ်ကိုလိုရေဒါစ် ကမ်းခြေမှ ဘီလစ်အမည်ရှိနေရာကို ချီတို့အဖွဲ့ ဆိုက်ရောက်ကြလေသည်။ ကမ်းခြေလှည့်ကင်းသင်္ဘောတစ်စင်းက "ချီ" တို့ကို တွေ့ရှိသွားပြီး ဘာတစ္စတာ၏ စစ်တပ်သို့ ကြေးနန်းပို့လိုက်၏။ ချီတို့ ကမ်းခြေမှမယူမဖြစ်သောပစ္စည်းတွေယူကာနွံအိုင်တစ်ခုအတွင်းပုန်းလျှိုးဝင်လိုက်စဉ် ရန်သူလေယာဉ်များက တဝေါဝေါ နိမ့်ဆင်းပျံသန်းကာ ပစ်ခတ်တိုက်ခိုက်တော့၏။ လမုပင်များအကွယ်အကာရှိနေ၍ရန်သူလေယာဉ်တွေ၏ပစ်ခတ်မှုမှာထိရောက်မှုမရှိ။ရန်သူ၏ခြေလျင်တပ်ကမူချီတို့နောက်ကိုထက်ကြပ်မကွာလိုက်လာနေလေပြီ။ နွံနိုင်တောကို လွန်မြောက်ရန် နာရီပေါင်းများစွာ ကြာလေသည်။ အတွေ့အကြုံမရှိသောကြောင့် ခက်ခဲပင်ပန်းကြရသည်။ ရဲဘော်တစ်ဦး တာဝန်မဲ့မှုကြောင့် များစွာနှောင့်နှေးကြန့်ကြာရသည်။ မြေမာပေါ်သို့ ရောက်ကာမှ ကိုယ်ပျောက်စစ်တပ်ပမာ စက်ဝိုင်းသဏ္ဍာန်ဝိုင်း၍ ဆက်လျှောက်ကြရသည်။ ရက်သတ္တတစ်ပတ်အကြာ ပင်လယ်ပြင်မှာ နွမ်းနယ်လာခြင်း၊ ငတ်မွတ်ဆာလောင်လာခြင်းအပြင် မြေပြင်ခရီးသုံးရက်တာ ပင်ပန်းဆင်းရဲမှုကပါ ဖိစီးနိပ်စက်၍ မေ့လျော့သွားမတတ် ဖြစ်ကုန်ကြ၏။ ရပ်နားရပြန်သည်။ မေ့ခနဲဖြစ်လိုက်၊ သတိပြန်ရလိုက်နှင့် ခရီးကြမ်းကို အားမာန်တင်းခံကာ ချီတက်ကြရသည်။ မက္ကဆီကိုမှ ခရီးထွက်လာပြီး (၁၀) ရက်အကြာ ဒီဇင်ဘာ (၅) ရက် အရှဏ်တက်မှာ အလက်ဂျရီယာ (ပျော်ရွှင်ခြင်း) ဒီပိယိုအမည်ရှိနေရာသို့ ချီတို့အဖွဲ့ ရောက်ရှိလာခဲ့ကြတော့သည်။ အလက်ဂျရီယာဒီပိယိုသည် ကာဘိုကရုဇ်၏အနီး၊ နီကိရိုဖုံအိုရီယင်တေးပြည်နယ်အတွင်း၌ တည်ရှိသည်။ ထိုနေရာမှာပင် ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့၌ ချီတို့အဖွဲ့အား ဘာတစ္စတာ၏ တပ်များက ခြေရာခံ၍ သဲကြီးမဲကြီးလိုက်နေကြသည်။

ပင်ပန်းသော ခရီးကြမ်းဒဏ်ကြောင့် ချီတို့အဖွဲ့ အားနည်းနုံးချိနေကြသည်။ အရက်တက်ချိန်တွင် ချီတို့အထဲမှ လူနည်းစုသာ ခြေလှမ်းနိုင်တဲ့ အဆင့် ရှိကုန်ကြသည်။ ကြံခင်း၏အစွန်တွင် ရပ်နားရန်အမိန့်ပေးလိုက်သည်။ တောထူထူအတွင်းရှိအရိပ်ကောင်းသောသစ်ပင်ကြီးအောက်တွင်တစ်မနက်လုံး အိပ်စက်ကြသည်။ မွန်းတည့်ချိန်တွင် လန့်နိုးလာကြပြီး အခြေအနေ ထူးခြားလာသည်ကို ချီတို့တစ်တွေ သတိထားမိကုန်ကြ၏။ အနီးအနား ကောင်းကင်ယံတစ်ဝိုက်တွင် ပိုက်ပါကပ်လေယာဉ်များနှင့် အခြားစစ်လေယာဉ်များ၊ အရပ်ဘက်လေယာဉ်များပါ ဝဲပျံစပြုလာလေသည်။ လေယာဉ်များ အနိမ့်ပျံသန်းပြီး မြေပြင်မှလူကို ရှာဖွေနိုင်စွမ်းရှိတာ သတိမထားမိကြသော ချီတို့အဖွဲ့ထဲမှ လူတချို့မှာ ကြံတွေချိုးပြီး အေးအေးလူလူ ကြံရည်စုပ်နေကြသည်။

တပ်ဖွဲ့ဆရာဝန်ဖြစ်သော ချီက တပ်သားတွေ နွံအိုင်အတွင်း ဖြတ်သန်းခဲ့စဉ်က အဖုအပိန့်ထွက်နေတာတွေကို စစ်ဆေးကုသရသည်။ ချီ နောက်ဆုံးကြည့်ခဲ့ရသော လူနာဟမ်ဘာတိုဂါမော့မှာ ရောဂါပြင်းထန်၍ သေအံ့ဆဲဆဲ အနေအထား ဖြစ်နေသည်။ ဖိနပ်ကိုပင် မစီးနိုင်တော့။ သူ့ရဲ့မျက်နှာနွမ်းညှိုးချုံးကျနေတာကို ချီ မကြည့်ရက်တော့ပေ။

ရဲဘော်မွန်တေးနှင့် ချီသည် သစ်ပင်တစ်ပင်ကိုမှီကာ သူနှင့်ကိုယ်တို့ သားသမီးအရေးတွေ ပြောဆိုနေရင်း ဝက်အူချောင်းတစ်ချောင်းနှင့်ဘီစကစ်နစ်ချပ်ကိုမျှ စားနေမိကြသည်။ "ဒိုင်း" ခနဲ သေနတ်သံတစ်ချက်ကို စတင်ကြားလိုက်ရပြီး စက္ကန့်ပိုင်းအတွင်းမှာ ကျည်ဆန်တွေ ပလူပျံ ရောက်ရှိလာသည်။ ချီတို့လည်း အလျင်အမြန် လိမ့်ဆင်းဝပ်မှောက်လိုက်သည်။ ချီတို့အဖွဲ့အပေါ် ကျည်ဆန်မိုးတွေ ရွာသွန်းဖြိုးတော့၏။

သေနတ်နှင့်ကိုယ်မကွာ ရှိနေတတ်သော ချီမှာ လက်ထဲကိုင်ထားသော ရိုင်ဖယ်နှင့် ပြန်လည်ပစ်ခတ်ဖြစ်၏။ ရိုင်ဖယ်အညံ့စားကို တမင်ယူကိုင်ရခြင်းမှာ လက်နက်ကောင်းကို မဖြုန်းတီးလိုသောကြောင့် ဖြစ်သည်။ ပန်းနာပြန်ထလာသောအခါ ချီအတွက် လက်နက်ကောင်း ကိုင်ဖို့မသင့်။

ပစ်အားကောင်းသောသူကို ပေးကိုင်လျှင် ပို၍ထိရောက်အားကောင်းမည်ဟု ချီ တွက်တွေးမိသောကြောင့် ဖြစ်သည်။ တိုက်ပွဲဖြစ်နေစဉ်အတွင်း ကပ္ပတိန် အဆင့်ရှိသော အယ်လ်မေဒါ ရောက်လာကာ အမိန့်တောင်းသည်။ အမိန့်ပေး မည့်သူကား မရှိ။ ဖီဒယ်ကပ်စထရိုက အနီးရှိကြံခင်းအတွင်းမှ သူ့လူများကို ပြန်လည်စုစည်းရန် ကြိုးပမ်းနေသည်။ သူ့ကြိုးပမ်းမှုက သိပ်ပြီးအရာမရောက် ချေ။ ကြံခင်းနှင့် ချီတို့နေရာမှာ ကွက်လပ်ကလေးခြားနေသည်။ ရန်သူ၏ အလစ်အငိုက်ဖမ်း တိုက်ခိုက်မှုမှာ ပြင်းထန်လှသည်။ ကျည်ဆန်တွေ ဒလ ဟော ပစ်ခတ်သည်။

အယ်လ်မေဒါသည် သူ့လက်အောက်ငယ်သားတွေ ကွပ်ကဲရန် ကျည် ဆန်တရွှီးရွှီးကြားကရှောင်ကွင်းပြေးထွက်သွားသည်။ရဲဘော်တစ်ဦးကကျည် ဆန်သေတ္တာကို ချီတို့ခြေရင်းနားမှာ လာပစ်ချထား၏။ ရဲဘော်မျက်နှာပေါ်မှာ တစ်စုံတစ်ရာ ပြောချင်နေပုံပေါ်၏။ ခံစစ်နှင့် ပြန်ပစ်နေရတာ တစ်ပန်းရှုံးနေပြီး ကျည်ဆန်ရှိလည်း အလကားပဲဟု သူပြောချင်မှန်း ချီ ထင်တွေးမိသည်။ ရဲဘော်သည် စိတ်မရှည်ဟန်ဖြင့် လူသွားလမ်းကလေးအတိုင်း ကြံခင်းထဲကို ပြေးဝင်သွားသည်။

ချီအတွက်တော့ ပထမဆုံးရင်ဆိုင်ရသောတိုက်ပွဲက အကျပ်အတည်း ဖြစ်နေသည်။ ချီတို့ခြေရင်းမှာ ဆေးပစ္စည်းအပြည့်ပါသော အထုပ်တစ်ထုပ်နှင့် ကျည်ဆန်သေတ္တာတစ်ခုတို့ ရှိနေသည်။ ယင်းပစ္စည်းတွေ ဆွဲယူသွားရန်မှာ လေးလံလွန်းလှသည်။ မဖြစ်မနေသယ်ဖို့ ကျည်ဆန်သေတ္တာကို ရွေးချယ် လိုက်သည်။ ဆေးပစ္စည်းတွေ ထားခဲ့ပြီး သတ်ကွင်းဖြစ်သော ကွက်လပ်ကို အသည်းအသန် ဖြတ်ပြေးကာ ကြံခင်းထဲကို ပြေးဝင်ခဲ့သည်။ ဖော်စတီနိုပီရက် ဆိုသောရဲဘော်ကကွင်းစပ်တွင်ဒူးထောက်ပြီးသူ့မောင်းပြန်ပစ္စတိုဖြင့်ပစ်ခတ် နေသည်ကို ချီ တွေ့နေရသည်။ အာဘင်တိုစာ အမည်ရှိသော ရဲဘော်တစ်ဦး သည် စိုက်ခင်းဘက်သို့ ပြေးသွားသည်။ တစ်နေရာမှ ပစ်ခတ်လိုက်သော ကျည်ဆန်က ချီကိုရော အာဘင်တိုစာကိုပါ ထိမှန်သွားသည်။ ချီ၏ရင်ဘတ် နှင့် လည်ပင်းကို ပြင်းထန်စွာ ထိုးနက်ခြင်းခံလိုက်ရပြီ။ ချီလည်း သူ့ကိုယ်သူ

သေပြီဟု တွက်ထားလိုက်မိသည်။ အာဘင်တိုစာကား နှာခေါင်းနှင့်ပါးစပ်မှ သွေးများ ဒလဟော ပန်းထွက်နေ၏။ ပွိုင့် (၄၅) ကျည်ဒဏ်ရာကြောင့် သူ့ ဒဏ်ရာမှာ ပြင်းထန်လွန်းလှသည်။

"မင်းတို့က ငါ့ကို ပစ်သတ်တယ်လား၊ မင်းတို့ကို ငါ ပြန်သတ်မယ်... ကဲကွာ ... ကဲကွာ" ဟု အာဘင်တိုစာ ဗလုံးဗထွေးနှင့် အော်ဟစ်ရင်း မြင်မြင်ရာ သွေးရူးသွေးတန်း ပြန်လည်ပစ်ခတ်တော့၏။


ချီက မြေပြင်ပေါ်မှာ လဲကျနေရင်း "ကျွန်တော့်ကိုလည်း ထိထားတယ်" ဟု မျက်နှာထားတင်းထားပြီး ဘေးလူကြားအောင် အော်ပြောလိုက်သည်။ ဘေးနားမှ ဖော်စတီနိုက ပစ်ခတ်နေရင်းမှ ချီကို လှမ်းကြည့်ကာ -

"မဖြစ်စလောက် ဒဏ်ရာပါ" ဟု ပြန်ပြောသည်။ သူ့မျက်လုံးကတော့ ချီ သေမှာကို စိုးရိမ်မှုတွေပေါ်နေ၏။ ချီလည်း လဲလျက်သားက အားတင်းပြီး တောအုပ်ဘက်ဆီသို့ သေနတ်တစ်ချက် လှမ်းပစ်လိုက်သည်။ ချီအဖို့ သေရ လည်း ဂရုမစိုက်တော့ပြီ။ ချီ့အနားသို့ မိကျောင်းသွား တွားတတ်လာသော ရဲဘော်တစ်ယောက်က "လက်နက်ချလိုက်ရင်ကောင်းမယ်" ဟု အော်ပြော သည်။ အခြားတစ်ယောက်က "ဘယ်တော့မှ လက်နက်မချဘူးဟေ့" ဟု ပြန်အော်ပြောသံ ကြားလိုက်ရသည်။ ကလီမိုခင်ဖြူရိတ် အသံဖြစ်ကြောင်း ချီ နောက်မှပြန်သိရသည်။ ပွန်စီတစ်ယောက် ချီ့အနားသို့ ရောက်လာ၏။ သူ့ အသက်ရှူသံ ပြင်းစွာထွက်ပြီး ဒေါမာန်တက်လျက် ရှိသည်။ သူ့အဆုတ်တွင် ကျည်ဆန်တစ်ချက် ဖောက်ဝင်ထားသည်။ သူ ဒဏ်ရာရနေကြောင်း ပြော လာသည်။ ချီက ကျွန်တော်လည်း ဒဏ်ရာရထားတာပဲ ရဲဘော်ဟု ပြန်ပြောပြ လိုက်သည်။ ပွန်စီက ဒဏ်ရာမရသူများနှင့် ကြံခင်းဘက်ဆီသို့ သူ့ကိုယ်သူ ဒယဉ်ဆွဲကာ ထွက်ခွာသွားသည်။ ဒဏ်ရာနှင့် ပက်လက်တစ်ဦးတည်းသာ ကျန်ခဲ့သော ချီမှာ သေရမည့်အချိန်ကိုသာ စောင့်ဆိုင်းနေလိုက်မိသည်။ အယ်လ်မေဒါ ရောက်လာပြီး ချီကို ဝိုင်းမ,ကာ နေရာရွှေ့ပေးကြဆဲ၊ ထပ်မံ ပစ်ခတ်မှုများကြောင့် သူတို့တစ်တွေ သတ်ကွင်းထဲကို အသည်းအသန် ဖြတ် ကျော်ကြရလေသည်။

ရဲဘော်ရောလ်ဆောရက်သည့် ကျည်ကွယ်သစ်ပင်တစ်ပင်ကို မှီနေသည်။ သူ့လက်မ ဒဏ်ရာရထားတာကို ရဲဘောဖော်စတီနိုက ချည်နှောင်ပေးနေသည်။ အပေါ့စားလေယာဉ်များက ချီတို့အနီးမှာ ပျံဝဲကာ စက်သေနတ်ဖြင့် ပစ်ခတ်သော်လည်း မထိရောက်လှ။ ကြံခင်းထဲမှာ ရဲဘော်များပြေးလွှား ရှုပ်ထွေးကုန်သည်။ လူ့ခန္ဓာကိုယ်ကြီးအတွက် ကြံပင်လေးတွေက ကျည်ကွယ်ရာ မဖြစ်နိုင်။ လေယာဉ်စက်သေနတ်ပစ်ခတ်ခြင်းက ပို၍ ဆိုးသေးသည်။ အလန့်တကြား ပြေးသူပြေး တချို့ ငိုသူငို ဖြစ်ကုန်၏။ ဖရိုဖရဲဖြစ်နေစဉ်မှာပင် အယ်လ်မေဒါက ဦးဆောင်ကာ အဖွဲ့တစ်ဖွဲ့ ဖွဲ့လိုက်သည်။ လက်ဖတင်နင် ရာမီရိုဗယ်လ်ဒက်၊ ရဲဘော်ချို၊ ရဲဘော်အီနက်ကက်ဇ်နှင့် ချီတို့ ပါဝင်ကြသည်။

အကာအကွယ်ရှိမည့်တောအုပ်တစ်အုပ်ဆီသို့ဖြတ်ကူးရန်ကြံပင်များဆီသို့ ချဉ်းကပ်လာကြသည်။ ထိုစဉ်မှာပင် –

"ပစ်"ဟူသော အသံနှင့်အတူ မီးခိုးမီးတောက်များ ပေါ်ထွက်လာသည်။ မီးခိုးပုံးငွေ့များကို ထိုးဖောက်ပြီး အကာအကွယ်ကောင်းသော တောအုပ်ရောက်အောင် အတင်းပြေးကြရ၏။ ချီတို့အားလုံး သေရတော့မည့်အရေးသာ မျှော်လင့်ထားကြသည်။ ချီတို့သည် ဆုတ်ပြေးလာကြရာ ညအမှောင်ရောက်သောအခါ ရှေ့ဆက်မသွားနိုင်တော့ဘဲ အိပ်ကြရန် ဆုံးဖြတ်လိုက်သည်။ ခြင်တွေကကိုက်၊ ဗိုက်ကလည်းဆာ၊ ပင်ပန်းနွမ်းနယ်မှုပါ ရောပြွမ်းနှိပ်စက်၍ ရဲဘော်များ မလှုပ်သာ၊ မလူးသာ ရှိနေရတော့သည်။ ဒီဇင်ဘာ (၅) ရက်နေ့တိုက်ပွဲမီးလျှံကြားမှာ ချီတို့အဖွဲ့အား ခံနိုင်ရည်ရှိမရှိစမ်းသပ်လိုက်ခြင်းဖြစ်သည်။ သူပုန်တပ်မတော်၏ နိဒါန်းအစမှာ ကြမ်းတမ်းအရေးနိမ့်သော တိုက်ပွဲက ဖမ်းပွေ့ကြိုဆိုလိုက်လေသည်။ ချီတို့သည်ကား မမှုရေးချ မမှုချေ။



# တော်လှန်ရေးအစ၊ အတိတ်ကာလ

၁၉ ရာစုခေတ်အစတွင် ကျူးဘားနှင့် ပတ်သက်သည့် သူ့နိုင်ငံ၏ သဘောထားကို ကြေညာခဲ့သော ဂျွန်ကွင်စီအဒမ်၏ ခေတ်အထိ တော်လှန်ရေးသန္ဓေ စတည်နေလေသည်။ ဤကျွန်းသည် စပိန်ပြည်လက်အတွင်း သက်ဆင်းကျရောက်ခဲ့လေသည်။ ကျူးဘားကဲ့သို့ပင် အခြားနိုင်ငံများလည်း ရန်စကျူးကျော်တိုက်ခိုက်မှုတွေ ခံခဲ့ရသည်။ မြောက်အမေရိက နယ်မြေသိမ်းပိုက်ရေးသမားတို့က တိုက်ရိုက်စေလွှတ်လိုက်သည့် သူရဲကောင်း နာဆီဆိုလိုပက် ရောက်လာခြင်းမှာလည်း တော်လှန်ရေးသန္ဓေ၏ နောက်ဆက်တွဲ အကျိုးရလဒ်တွေ ဖြစ်သည်။ ၁၉၀၁ ခုနှစ် ပလပ်ပြင်ဆင်ချက်ဥပဒေများက တော်လှန်သန္ဓေကို အရင့်အမာ ဖြစ်စေခဲ့သည်။ လက်မွန်မဆွ အဖြစ်အပျက်ဖြစ်သော ၁၉၃၃ ခုနှစ်တွင် အမေရိကန်သံအမတ် ဆမ်နာဝဲလ် ဝင်ရောက်စွက်ဖက်ခြင်းက သန္ဓေကို ပေါက်ဖွားစေခဲ့သည်။ ၁၉၅၂ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့တွင် ဘာတစ္စတာက ဦးဆောင်ညွှန်ကြားသော သွေးချောင်းစီးမှု မရှိသည့် စစ်တပ်အာဏာသိမ်းမှုက အဇိနိုပ်ခံတို့၏ တော်လှန်ရေးကို စတင်ဖောက်ခွဲချလိုက်ခြင်းသာတည်း။

လက်တင်အမေရိကသမိုင်းတွင် လူနည်းစုကို ကိုယ်စားပြုသော အာဏာရှင်အစိုးရများက အာဏာသိမ်းပွဲများဖြင့် အာဏာရလာကြသည်။

မကြာခဏ ဆိုသလို လူကြိုက်များသော ဒီမိုကရက်တစ်အစိုးရအဖွဲ့များ အင်အားကောင်းစွာ ပေါ်ထွက်လာကာ တစ်ခါတစ်ရံ အာဏာမရမီ မိမိတို့အသက်ဆက်ရေးအတွက် လိုအပ်သော ကြိုတင်စီစဉ်ထားသည့် အလျှော့ပေးစေ့စပ်မှုများဖြင့် အပေးအယူလုပ်ကြရခြင်း စသော အသွင်လက္ခဏာများကို သာဓကပြဆိုလျက် ရှိပေသည်။ ယင်းသဘောသကန်တွင် ခြွင်းချက်ဖြစ်နေသည်မှာ ကျူဘားတော်လှန်ရေး ဖြစ်သည်။

အမေရိကားတိုက်ကြီးကို လွှမ်းခြုံလျက်ရှိသော လူမှုရေးလှုပ်ရှားမှု လှိုင်းတံပိုးများအကြား ဖိနှိပ်ခံရမှုများကို ရန်းကန်ရင်ဆိုင်ခြင်းအားဖြင့် ကျူဘားပြည်မှ အပြင်ထွက်နေရသည့် အခြားအမေရိကန်တစ်ဦးဖြစ်သော ဖီဒယ်လ်ကတ်စထရိုနှင့် တွေ့ဆုံခွင့်ရခဲ့သည့် ချီအဖို့ နောက်ခံဇာတ်လမ်းမှတ်တမ်း ပြန်လှန်ပြရန် ရှိနေလေသည်။

ဂွါတီမာလာမျိုးချစ်အချို့ သေဆုံးသည့်သတင်း ကြေးနန်းတစ်စောင် ရောက်လာသည်။ ၎င်းတို့အထဲမှာ ဂျူလီယိုရိုဘာတိုကက်ဆီရက်ဗေလီလည်း ပါဝင်သည်။ သူသည် မိတ်ဆွေကောင်းကြီးဖြစ်သည့် ပိန်ပိန်ပါးပါးနှင့် အရပ်ပုသည်။ ချီတို့က သူ့ကို အယ်လ်ပါတိုဂျိုဟု ခေါ်ဝေါ်ခဲ့ကြသည်။ အဓိပ္ပာယ်မှာ အပုလေး(သို့) လူပုလေးဖြစ်ပြီး ဂွါတီမာလာ၏ ဘန်းစကားဖြစ်သည်။

အယ်လ်ပါတိုဂျိုသည် မက္ကဆီကိုၵ္ဌရှိနေစဉ် ချီတို့ တော်လှန်ရေးမီးရှူးသန့်စင်မှုများဖြစ်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်သွားရသူဖြစ်ပြီး သူ့သဘောနှင့်သူ ချီတို့အဖွဲ့နှင့် လာရောက်ပူးပေါင်းခဲ့သည်။ ဖီဒယ်လ်ကတ်စထရိုကမူ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲဝင်အဖွဲ့ထဲသို့ နိုင်ငံခြားသားများ ဆွဲသွင်းခြင်းကို မလိုလားချေ။ အယ်လ်ပါတိုဂျိုသည် သူပိုင်ပစ္စည်းကလေးများ ရောင်းချပြီးကျူဘားသို့ ရောက်အောင်လာခဲ့သည်။ သူ့ဇာတိ ဂွါတီမာလာနိုင်ငံ လွတ်မြောက်ရေးအတွက် နည်းလမ်းရှာဖွေဖို့ ဖြစ်သည်။

တော်လှန်ရေးသည် ချီတို့အားလုံးကဲ့သို့ပင် အယ်လ်ပါတိုဂျိုကိုလည်း စိတ်ဓာတ်ရင့်သန်စွမ်းသော သတ္တိရှိသည့် မျိုးချစ်လူငယ်တစ်ယောက်အဖြစ် ပြောင်းလဲစေခဲ့သည်။

အာဘင့်ဇ် ကျဆုံးပြီးနောက် လအနည်းငယ်ကြာမှာ ဂွါတီမာလာမှ ထွက်ပြေးကြရင်း ချီနှင့် အယ်လ်ပါတိုဂျိုတို့ မီးရထားပေါ်၌ တွေ့ဆုံမိကြသည်။ ဘာပါချူလာသို့ ချီတို့သွားကြခြင်း ဖြစ်သည်။ ၎င်းမှတစ်ဆင့် မက္ကဆီကိုစီးတီးသို့ ရောက်နိုင်မည်။ ငွေကြေးလည်းမရှိကြ။ အရေးနိမ့်လာသူများမို့ အခက်အခဲပေါင်းသောင်းခြောက်ထောင်ကို အတူတူရင်ဆိုင်ကြသည်။ ပတ်ဝန်းကျင်စိမ်း၊ လူစိမ်းတွေကြားမှာ ရရာအလုပ်လုပ်ကာ ဝမ်းရေးဖြေရှင်းပြီး တော်လှန်ရေးခရီးကို ဆက်နိုင်ဖို့ ကြိုးစားဖြစ်ကြသည်။ ဓာတ်ပုံဆရာအဖြစ် ကြံဖန်လုပ်စားကြသေးသည်။ တော်လှန်ရေးကြောင့် ချီတို့နှင့် အယ်လ်ပါတိုဂျို ခွဲခွာသွားရသည်။ သူ့ကို ကျူဘားခေါ်သွားရန် ဖီဒယ်လ်ကတ်စထရိုက သဘောမတူ။ နိုင်ငံခြားသားပါလာလျှင် ချီနှင့် ဖီဒယ်လ်တို့ ထူထောင်သော တပ်မတော်ကို နိုင်ငံခြားသားတွေ ပါဝင်သော နိုင်ငံတကာတပ်မတော်အဖြစ် အထင်မရောက်စေလိုသောကြောင့် ဖြစ်သည်။

အယ်လ်ပါတိုဂျိုသည် သတင်းစာဆရာတစ်ယောက် ဖြစ်ခဲ့ဖူး၏။ မက္ကဆီကိုစီးတီးရှိ ယူနီဗာစီတီတွင် ရူပဗေဒဘာသာ သင်ယူခဲ့သည်။ ထိုသင်တန်းမှ သူ ထွက်ခွာပြီးမှ ထိုသင်တန်းသို့ပင် တစ်ဖန်ပြန်သွားပြန်လေသည်။ သူသည်ရရာအလုပ်မျိုးစုံလုပ်ခြင်းဖြင့်အသက်မွေးဝမ်းကျောင်းသည်။မည်သူ့အကူအညီမှ မယူ၊ တောင်းလည်း မတောင်းခဲ့။ သူ့စိတ်ဓာတ်မှာ ပျော့လျှင် ဖယောင်း၊ မာလျှင် သံချောင်း ဖြစ်သည်။ ဂွါတီမာလာတွင် အလုပ်သမားပါတီဝင်အဖြစ်မှ သေဝပ်စည်းကမ်းကြီးသော တော်လှန်ရေးသမားကောင်းဖြစ်အောင် ဖန်တီးယူနေသည်မှာ အယ်လ်ပါတိုဂျိုရယ်သာတည်း။ ချီတို့ကဲ့သို့ ပြောက်ကျားတိုက်ပွဲကိုပြန်လည်ဖော်ထုတ်ပြီးလက်နက်စွဲကိုင်ကာတိုက်ခိုက်ရန် ဂွါတီမာလာကို သူ ပြန်ခဲ့ခြင်း ဖြစ်သည်။

ချီက အယ်လ်ပါတိုဂျိုကို အချက်သုံးချက် လုပ်ဆောင်ရန် ပြောပြခဲ့သည်။ ထိုသုံးချက်မှာ -

အမြဲမပြတ် လှုပ်ရှားမှု၊ လုံးဝဥဿုံ မယုံကြည်မှုနှင့် ထာဝရသတိရှိမှုတို့ ဖြစ်သည်။ လှုပ်ရှားမှုဟူသည် ငြိမ်မနေခြင်း၊ တစ်နေရာတည်း၌ နှစ်ညဆက်

မနေခြင်း၊ တစ်နေရာမှ တစ်နေရာ မရပ်မနား လှုပ်ရှားသွားလာခြင်းဖြစ်သည်။ မယုံကြည်မှုဆိုသည်မှာ ကိုယ့်အရိပ်ကိုပင် မယုံ။ ကိုယ်ကကျူး ကိုယ့်ဒူးကိုပင် မယုံရခြင်းမျိုးပင်။ မိတ်ဆွေပမာလယ်သမားများ၊ သတင်းပေးများ၊ လမ်းပြများ၊ အဆက်အသွယ်ပြုလုပ်ပေးသူများကို မယုံခြင်း၊ လွတ်လပ်ရေး လက်ဝယ်ပိုင်ပိုင် မရသေးသရွေ့ ဘယ်အရာကိုမှ မယုံခြင်းမျိုးဖြစ်သည်။ သတိရှိမှုဆိုရာ၌ အမြဲတမ်းအစောင့်ချထားခြင်း၊ အမြဲမပြတ်ထောက်လှမ်းခြင်း၊ လုံခြုံရာနေရာမျိုးမှသာ စခန်းချခြင်း၊ အမိုးအောက်တွင် တတ်နိုင်သမျှ မအိပ်စက်ခြင်း၊ အိမ်လိုမျိုးမှာ မတည်းခိုခြင်း (တည်းခိုပါက အဝိုင်းခံထားရဖို့ လွယ်ကူလေသည်။)

ထိုပြောက်ကျားစစ်သင်ခန်းစာကိုသာ အယ်လ်ပါတိုဂျီအား ချီ ပေးလိုက်နိုင်သည်။ အယ်လ်ပါတိုဂျီ ထွက်ခွာသွားခဲ့ပြီး နောင်တစ်ချိန်မှာ သူသေဆုံးသည့်သတင်း ရောက်ရှိလာသည်။ ချီအတွက် ရဲဘော်ရဲဘက် အရင်းအချာကြီး ကျဆုံးသွားခြင်းမှာ ကိုယ်ရောစိတ်ပါ ဆင်းရဲနာကျင်စေခဲ့သည်။

အမေရိကကွင်းမြေပြင်မှာ လွတ်လပ်ရေးတွေ သီးပွင့်လာစေဖို့ နပျိုသောသွေးများဖြင့်မြေသြဇာသွန်းလောင်းခဲ့ရပြန်ချေပြီ။ အားနည်းသူဘက်က ရှုံးနိမ့်ရသည့် စစ်ပွဲမှာ အခဲမကြေနိုင်စရာအတိ။

ချီတို့သည် ဓား၊ လှံ၊ လက်နက်တွေ တမြမြသွေးရင်း ကျဆုံးသူ ရဲဘော်များအတွက် ယောကျ်ားမျက်ရည် ကြိတ်ရှိုက်ငိုနေခဲ့ရသည်။ ရဲဝံ့စွန့်စားသော ကျဆုံးမှုအတွက် ရရှိခဲ့သည့် အတွေ့အကြုံကောင်းကို သင်ခန်းစာယူကာ နောက်ထပ်မမှားဖို့ ကြိုတင်အကွက်ချ ပြင်ဆင်နိုင်ရတော့မည်။

တော်လှန်ရေးအတွက် အသက် ပေးဆပ်ခဲ့သူတိုင်းအတွက် လက်စားချေသော အောင်ပွဲများကို တိုက်ယူရမည်။ အဖိနှိပ်ခံဘဝမှ လုံးဝလွတ်မြောက်စေရန် သန္နိဋ္ဌာန်ချထားရမည်ဟု ချီ ယူဆယုံကြည်ခဲ့သည်။ သူ့ရဲကောင်းရဲဘော်ကြီး အယ်လ်ပါတိုဂျီထံမှ ကျန်ရစ်သော မှတ်စုစာအုပ်ထဲတွင် သူကိုယ်တိုင်ရေးသွားသော ကဗျာတစ်ပုဒ်ကို ချီ ပြန်တွေးလှစ်မိသည်။

ဒါ ... ငါ့နလုံးသားပါ

ယူစမ်းပါ

မင်းလက်ထဲမှာ ဆုပ်ကိုင်ထားပါ
အရက်ကျင်းလင်းတဲ့အခါ
မင်းလက်ကို ဖြန့်ကာ ငါ့နလုံးသားဟာ
နေရောင်နဲ့ နွေးထွေးစေမှာ အသေအချာပါ။ ။

အယ်လ်ပါတိုဂျိုရဲ့ နလုံးသားသည် ချီတို့ ရဲဘော်ရဲဘက်များ အလယ်တွင် ကျန်နေရစ်လေသည်။ အယ်လ်ပါတိုဂျိုရဲ့ ချစ်သူလက်ထဲမှာဖြစ်စေ၊ ပြည်သူတစ်ရပ်လုံးရဲ့ မြတ်နိုးချစ်ခြင်း လက်တွင်းမှာဖြစ်စေ၊ ဂွါတီမာလာနှင့် အမေရိကတစ်တိုက်လုံးအတွက် မုချမသွေ ထွန်းတောက်နေမည့်နေ့သစ် တစ်နေ့၏နေရောင်အောက်မှာအယ်လ်ပါတိုဂျိုရဲ့နလုံးသားနွေးထွေးနေတော့မှာ အမှန်သာတည်း။

ယနေ့ အယ်လ်ပါတိုဂျိုရဲ့မိတ်ဆွေအများအပြားက ကျန်နေရစ်ခဲ့သော စက်မှုလုပ်ငန်းဝန်ကြီးဌာနတွင် စာရင်းအင်းဆိုင်ရာ ကျောင်းငယ်တစ်ကျောင်း ရှိနေသဖြင့် ထိုကျောင်းကို သူ့အတွက် အမှတ်တရ ဂုဏ်ပြုသောအားဖြင့် ဂျူလီယို - ရိုဗာတိုဘက်ဆီရက်ဗေလီ ဟု သမုတ်ခေါ်တွင်လိုက်ကြလေပြီ။ အယ်လ်ပါတိုဂျို၏ အမည်ရင်းလည်း ဖြစ်လေသည်။

ဗီဒယ်လ်ဘာတ်ထရီနှင့် ချီ ဆုံတွေ့ရတိုင်း မိတ်ဆွေဟောင်း ရဲဘော်ကြီး အယ်လ်ပါတိုဂျိုနှင့်တော်လှန်ရေးသဘွေပေါက်ပွားခဲ့လေသမျှကိုပြန်လည်မြင်ယောင်နေရတတ်သည်။

မက္ကဆီကို အေးမြမြညတစ်ညမှာ ဗီဒယ်လ်ကာတ်စထရီနှင့် ချီတို့ တွေ့ဆုံဖြစ်ကြသည်။ ၁၉၅၄ ခုနှစ်တွင် ဒီမိုကရက်တစ်အစိုးရများ အာဏာလျော့နည်းကျဆင်းနေသည်။ဂျက်ကိုဘိုအာဘင့်ဂူဇ်မန်း၏ဒေသတွင် နောက်ဆုံးဖြစ်သည့်တော်လှန်ရေးနှင့် အမေရိကန်ဒီမိုကရေစီ အညွန့်တလူလူထနေချိန် အမေရိကတစ်တိုက်လုံးကို (အရင်းရှင်စနစ်၏အယောင်ဆောင်) ဒီမိုကရေစီဖြင့် ဝါဒဖြန့်ချိပြီး သွေးအေးအေးနှင့် ဝင်ရောက်ကျူးကျော်မှု၊ နိုင်ငံရေးအရ ဝက်ရောက်စွက်ဖက်မှုကို ကျန်နိုင်ငံငယ်များက လက်မြှောက်အရှုံးပေးနေရချိန် ဖြစ်သည်။ ထိုကျူးကျော်မှုတွေကို ဦးဆောင်နေသူမှာ နိုင်ငံ

ခြားရေးဝန်ကြီး ဂျွန်ဖော်စတာဒါးလက် ဖြစ်သည်။ ဒါးလက်သည် ဂွါတီမာလာရှိ နယ်ချဲ့သမားတို့၏ အဓိကလုပ်ငန်းကြီးတစ်ခုဖြစ်သော ယူနိုက်တက်၊ သစ်သီး ကုမ္ပဏီ၏ အစုဝင်တစ်ဦး ဖြစ်သည်။ ယင်းကုမ္ပဏီ၏ ရှေ့နေတစ်ဦးလည်း ဖြစ်သည်။

ဂွါတီမာလာပြည်သူအားလုံးအတွက် ဆုံးရှုံးမှု၊ နာကြည်းမှုများဖြင့် သွေးစွန်းနေသော ဤမြေမှာ ချီသည့် အနာဂတ်တစ်ရပ်ကို ပြန်လည်ဖန်တီးရန် မျှော်လင့် နည်းလမ်းရှာဖွေနေဆဲ ဖြစ်သည်။ ထိုအချိန်မှာ ဗီဒယ်လ်က လည်း သူ့အကြံအစည်အတိုင်း သူ့ရဲဘော်တွေကို အသင့်ပြင်ရန်အတွက် ကြားနေနယ်မြေတစ်ရပ် ရှာဖွေရန် မက္ကဆီကိုသို့ ရောက်နေခိုက်ဖြစ်သည်။ စင်ဒီယာဂိုဒီ ကျူးဘားရှိ မွန်ကာဒါစစ်တန်းလျားကို ဝင်ရောက်စီးနင်း တိုက် ခိုက်မှုကြောင့် တော်လှန်ရေးအင်အားစုတွေ စိတ်ဓာတ်ကျဆင်းလျက်ရှိပြီး နိုင်ငံရေးပါတီများ၊ တော်လှန်အင်အားစုအတွင်း ဝင်ရောက်ခဲ့ကြသူများက နောက်ထပ်စွန့်စားမှုလျှော့လုပ်ရန် တောင်းဆိုကြလေသည်။ စစ်တိုက်ရာတွင် မပိုင်ဘဲနှင့် မတိုက်နှင့်၊ ပိုင်မှသာ တိုက်ဆိုတာမျိုးကို အဖွဲ့ဝင်အားလုံး လိုလား ကြသည်။

နောက်ထပ်စုဆောင်းလာသော လူသစ်တွေကို ဇူလိုင် ၂၆ လှုပ်ရှားမှု အဖွဲ့သစ်တွင် ပါဝင်စေသည်။ "ဇူလိုင် ၂၆ လှုပ်ရှားမှု" ဆိုသည်မှာ ၁၉၅၃ ခုနှစ်တွင် မွန်ကာဒါစစ်တန်းလျားကို ဝင်ရောက်စီးနင်း တိုက်ခိုက်သည့်နေ့ အထိမ်းအမှတ်အဖြစ် ပေးထားသော နာမည်ဖြစ်သည်။ ထိုလူသစ်များကို မက္ကဆီကိုတွင် လျှို့ဝှက်ထားရှိပြီး စစ်သင်တန်းပေးပို့တာဝန်ယူရသူ မလွယ်ကူ လှပေ။ သူတို့သည် မက္ကဆီကိုအစိုးရ၊ အက်ဖ်ဘီအိုင်သူလျှိုများ၊ ဘာတစ္စတာ ၏ သူလျှိုများ၊ ဘိန်းမှောင်ခိုနှင့် လူကုန်ကူးအဖွဲ့များ၊ မီယာမီမှ အပေါစားထရူဂျီ လို၏ သူလျှိုများကို ဆန့်ကျင်တိုက်ခိုက်နေကြရသည်။ ဗီဒယ်လ်ကတ်စထရို က သူ၏လူစုဖြင့် ကျူးဘားသို့ လက်နက်ကိုင်ဝင်ရောက်ရေးကို အင်တိုက် အားတိုက် ကြိုးပမ်းလျက်ရှိသည်။ အချိန်နည်းလွန်း၍ စစ်ရေးနည်းပရိယာယ် ဆိုင်ရာ သင်ခန်းစာများကို မပေးနိုင်လောက်အောင် ဖြစ်နေရသည်။ ချီတို့မှာ

ဂျင်နရယ် အယ်ဘာတိုဘာယိုထံမှ အဖိုးတန်သင်ခန်းစာတွေ လေ့လာသင်ကြားကြရသည်။

ပထမသင်ခန်းစာနှင့် စိတ်ကူးယဉ်ပေါင်းစပ်ပြီး အောင်ပွဲခံနိုင်မှု ရလိမ့်မည်ဟု ချီတင်နေခဲ့သည်။ လက်တွေ့၌မလွယ်ကူလှချေ။ စစ်မှန်သန့်စင်သောရည်မှန်းချက်အတွက် နိုင်ငံရပ်ခြားတွင် သေရလျှင်လည်း သေရကျိုးနပ်ပြီဟူသော ယုံကြည်မှုအရ ဂျင်နရယ်အယ်ဘာတိုနှင့် နီးကပ်ရင်းနှီးလာရခြင်း ဖြစ်ပေသည်။ လပေါင်းအတန်ကြာမှ ချီတို့၏ သေနတ်ပစ်လေ့ကျင့်မှု ပိုမိုတိကျလာသည်။ လက်ဖြောင့်တပ်သားများပေါ်ထွက်လာသည်။ ဂျင်နရယ်အယ်ဘာတို၏ လမ်းညွှန်မှုအောက်၌ တာဝန်ထမ်းဆောင်ရသည်။ ၁၉၅၆ ခုနှစ်၊ မတ်လအတွင်း ထွက်ခွာကြမည့်အစီအစဉ်ပြုလုပ်ရန် ခြံကြီးတစ်ခြံကို ရှာဖွေတွေ့ရှိကြသည်။

ကျူဘားအာဏာရှင်ဘာတစ္စတာကပိုက်ဆံပေးထားသောမက္ကဆီကိုပုလိပ်အဖွဲ့နှစ်ဖွဲ့သည် ဖီဒယ်လ်ကာတ်စထရိုကို အမဲလိုက်သလို လိုက်လျက်ရှိကြသည်။ ပုလိပ်တပ်ဖွဲ့က ဖီဒယ်လ်နှင့် သူ့လူများစွာကို မြို့စွန်ရှိခြံကျယ်ကြီးမှာ ဖမ်းဆီးမိကြသည်။ ချီအပါအဝင် အားလုံး ထောင်ထဲရောက်သွားသည်။ ချီမှာ မက္ကဆီကိုတွင် တရားမဝင်ရောက်ရှိနေသော နိုင်ငံခြားသားဖြစ်သည်။ ဖီဒယ်လ်သည် သူ၏တော်လှန်ရေးစိတ်ဓာတ်ဖြင့် အလျှော့အတင်းလုပ်ကာ အမှုကိစ္စကို ရှင်လင်းသည်။ ချီကြောင့် ဖီဒယ်လ်တို့ လွတ်မြောက်မှုမှာ တုံ့နှေးမနေစေချင်။ ချီက "ထားရစ်ခဲ့ပါ။ မက္ကဆီကိုအစိုးရက ပြည်နှင်ဒဏ်ပေးပြီး ကြိုက်တဲ့အရပ်ပို့ပါစေ။ ရောက်ရာအရပ်မှာ တော်လှန်ရေး ဆက်လုပ်နေမှာပါ။ အကယ်၍ ဖီဒယ်လ်အနေနှင့် ကြိုးစားပေးမည်ဆိုလျှင် အနီးအပါးနိုင်ငံသို့ ချီကို ပို့နိုင်မည့်အရေးသာ ဆောင်ရွက်ပေးပါ"ဟု ပြောပြသည်။ ဖီဒယ်လ်က လက်မခံ။ ချီကို ဘယ်တော့မှ ပစ်မထားဟုပြောပြီး ငွေကြေးများစွာနှင့် အချိန်ကို အသုံးချကာ လွတ်မြောက်လမ်းရှာတွေ့ပြီး ချီကို ကယ်တင်ခဲ့သည်။ ပြီးနောက် ဖြိုခွဲမရသော သူပုန်တပ်မတော်အဖြစ် ဆက်လက်တည်ရှိလေသည်။

အုပ်စုခွဲကာ အချိန်အတော်ကြာ လေလွင့်သွားကြပြီးနောက် ချီတို့လည်း ရောက်ရာအရပ်မှာ ပုန်းအောင်းကာ လျှို့ဝှက်အလုပ်လုပ်ကြသည်။ တတ်နိုင်သမျှ အပြင်သို့မထွက်ကြ။ အခြေအနေကောင်းမှ အုပ်စုပြန်ပေါင်းဖြစ်ကြသည်။ ဤသို့ဖြင့် ချီတို့သည် ဂရန်မာသင်္ဘောကို ပြုပြင်ပြီး ကျူးဘားသို့ ခရီးထွက်လာဖြစ်ခဲ့ကြခြင်းဖြစ်သည်။



# စစ်၏ဆိုးဝါးသောနေ့ရက်များ

ဂရန်မာသဘော်ာ သောင်တင်ပြီး ကမ်းကို ကူကြရသည်။ ကမ်းပေါ်ရောက်သောအခါ လူပြန်စုပြီး ချီတက်ကြသည်။ အလက်ဂျရီယာဒီပီယိုတွင် အလစ်တိုက်ခိုက်ခြင်း ခံလိုက်ရပြီးနောက် ခွေးသွားကျောက်များ၊ မြေနီများရောနေသော ဒေသတစ်ခုသို့ ရောက်သွားကြသည်။ စပိန်ပြည်တွင်းစစ်၏ စစ်ပြန်တစ်ဦးဖြစ်သော ရဲဘော်ချိုက လူစုပြီးသွားနေလျှင် ရန်သူ၏တိုက်ခိုက်ခြင်း ကြိမ်းသေခံရလိမ့်မည်ဟု ပြောလာသည်။ ညအမှောင်ကို အားပြုအကာအကွယ်ယူပြီး ခရီးဆက်ဖို့ အကြံပေးလေသည်။ သောက်စရာရေမရှိတော့ နို့ဘူးလေးပါလာသော်လည်း ပေါက်ထွက်၍ နို့တစ် စက်မျှ မကျန်ချေ။

နက်စောက်သောလိုဏ်ခေါင်းငယ်တစ်ခုကိုရှာတွေ့ကြပြီးဝင်နားခိုကြဖြစ်သည်။ ချီတို့ငါးယောက်သည်သေသည်အထိတိုက်ပွဲဝင်ရန် ကတိသစ္စာပြုကြသည်။ ထိုငါးဦးမှာ ရာမီရိုဗယ်လ်ဒက်၊ ဂျူအန်အယ်လ်မေဒါ၊ ချို၊ ဘီနက်တက်ဇ်နှင့် ချီ တို့ဖြစ်ကြသည်။ ညဘက်ရောက်သောအခါ ခရီးဆက်ကြပြန်သည်။ လမ်းပြဖြစ်သော ချီက ဓူဝံကြယ်ကို အမှတ်အသားပြုပြီး လမ်းကြောင်းရှာသွားကြသည်။ လပေါင်းအတော်ကြာမှ ချီ ထင်ခဲ့သောကြယ်မှာ ဓူဝံကြယ်မဟုတ်မှန်း သိခဲ့ရသည်။ ကံကောင်းထောက်မစွာဖြင့် လမ်းမှန်ဘက်ကို ရွေးချယ်ခဲ့မိပြီး အရုဏ်တက်ချိန်၌ ကမ်းခြေအနီး ကမ်းပါးစောက်ရှေ့မှောက်သို့

ရောက်လာခဲ့ကြသည်။ အခြားတစ်ဖက်မှာ သာယာလှပသော ရေကန်တစ်ခုကိုတွေ့ရသည်။ပင်လယ်ကဏန်းတွေကိုတွေ့၍ဖမ်းဆီးပြီးသူတို့ရဲ့အခွံတွေကိုချွတ်ကာ အတွင်းက နူးညံ့သောအပိုင်းတွေကို အစိမ်းစားကြရ၏။ မီးဖုတ်ရန်မဖြစ်နိုင်ပေ။ ရေငတ်လွန်းသောကြောင့် ရေလိုက်ရှာရာ ချွေးသွားကျောက်တုံးအခေါင်းပေါက်များတွင် တင်နေသည့် မိုးရေကိုသာ အားထားသောက်ရလေတော့သည်။

သောက်ရသည်ဆိုရာ၌ ပန်းနာလေရှူသည့် ကိရိယာဖြင့် စုပ်ယူပြီး တစ်စက်စီ ရေစက်ချသလို သောက်ရခြင်း ဖြစ်သည်။ အထူးရည်ရွယ်ရာ ဦးတည်ချက်မရှိဘဲ ဆက်၍ ချီတက်ကြပြန်သည်။ စိတ်ဓာတ်တွေ သိသိသာသာ ကျဆင်းလာကြသည်။ ပင်လယ်ဘက်ဆီမှ လေယာဉ်ပျံသံကို တစ်ခါတလေ ကြားရသေးသည်။ ကျောက်ဆောင်များအကြား လျှောက်ရသည်မှာ အလွန်ပင်ပန်းလေသည်။ ရန်သူမြင်မှာစိုး၍ ကမ်းပါးအတိုင်းလည်း မသွားရဲကြ။ ညဘက်ရောက်သောအခါ ကမ်းစပ်ကလေးတစ်ခု၌ ရေကူးဖြစ်ကြလေသည်။

ဂရန်မာရွက်လှေမှ ရဲဘော်သုံးယောက်ကို မမျှော်လင့်ဘဲ ပြန်တွေ့ရ၍ အံ့ဩဝမ်းသာကြရ၏။ထိုသုံးယောက်မှာကမီလိုဆင်ဖြူကိုပန်ချိုဂွန်ဇာလေနှင့် ပက်ဘလိုဟာတာဒိုတို့ ဖြစ်ကြသည်။ ရဲဘော်သုံးယောက်က သူတို့မှာပါလာသော ကြံချောင်းပိုင်းတွေ ပေးကြ၏။ ချိုမြသောကြံရည်က ချီတို့အတွက် နတ်သုဒ္ဓါတမျှ အရသာရှိလှသည်။ ချီတို့ ပြန်ပေးသော ကဏန်းတွေကို သူတို့သုံးယောက် တဂျွတ်ဂျွတ်ဝါးစားနေကြ၏။

ရှစ်ယောက်သာ အသက်ရှင်လျက် တွေ့ရသေးသည်။ အခြားအသက်ရှင်သူတွေကို လိုက်ရှာရဦးမည်။ ပင်လယ်ကမ်းခြေအတိုင်း ချီတက်ရင်း အလေ့ကျပေါက်နေသော သစ်တော်သီးငယ်ကလေးများကို စားမိခဲ့ကြသည်။ ပင်ပန်းကြီးစွာခရီးဆက်ရင်း အတန်အသင့် ကုံလုံသောလယ်သမားတစ်ဦး ပိုင်ဟုထင်ရသည့်သစ်သားအိမ်ကြီးတစ်လုံးဆီရောက်သွားကြသည်။ဘီနက်တက်ဇ်က သံဆူးကြိုးကာ စည်းရိုးပေါ်တက်နေသည်။ ချီက အပြင်မှာ စောင့်ပေးနေသည်။ မှေးမှိန်သော အလင်းရောင်ထဲတွင် အမ် (၁) အမျိုးအစား

ရှိင်ဖယ်သေနတ်ကိုင် ယူနီဖောင်းဝတ်တစ်ဦးကို တွေ့လိုက်ရသည်။ ဘီနက် တက်ဇ်ပြန်ပြေးလာပြီး သတင်းပို့သည်။

ကမ်းပါးပေါ်တက်ဖို့ ဆုံးဖြတ်ပြီး တက်နေဆဲမှာပင် နေဝင်သွားသည်။ လိုဏ်ဂူတစ်ခုကို ရှာဖွေရင်း အချိန်ကုန်သွားသည်။ ရေတပ်သင်္ဘောငယ်တစ်စင်းမှ လူ (၃၀) ခန့်လာနေကြပြီး ကယ်ဆယ်ရေးလုပ်ငန်းအတွက် ဖြစ်ဟန်တူပေသည်။ (နောင်သောအခါမှ ကြောက်စရာအကောင်းဆုံး လူသတ်သမားလောရင့်၏လူများဖြစ်ကြောင်းသိရသည်။) ချီတို့၏ရဲဘော်တစ်စုကိုကွပ်မျက်သတ်ဖြတ်ခဲ့သော သူ၏လူတွေကို အလုည့်ကျ အလဲအလှယ်လုပ်နေခြင်းဖြစ်သည်။ ချီတို့သည် သူတို့နှင့် ရင်မဆိုင်လိုသေး၍ ကွေ့ရှောင်ချီတက်ခဲ့ကြသည်။

ပယ်လယ်ထဲသို့ ဒလဟောစီးဆင်းနေသော နာမည်ကြီး မြစ်တစ်မြစ်ဆီသို့ ရောက်လာကြသည်။ အားရဝမ်းသာဖြင့် ရေတွေအဝသောက်ကြသည်။ ရေဘူးများမှာ ရေအပြည့်ဖြည့်ကြပြီး ခရီးဆက်ရပြန်သည်။ အရှက်တက်ချိန်မှာ သစ်ပင်များအုံ့ဆိုင်းနေသော တောင်ကုန်းကလေးတစ်ခုပေါ်သို့ ချီတို့တစ်တွေ ရောက်သွားကြသည်။ ပြန်လည်ခုခံမှုကောင်းပြီး ပုန်းကွယ်၍ ကောင်းမည့်နေရာမှာ လူစုခွဲပြီး စခန်းချကြသည်။ လေယာဉ်ပျံတွေ ပျံဝဲနေတာကို တစ်နေကုန် စောင့်ကြည့်ကြသည်။ လေယာဉ်ပေါ်မှ အသံချဲ့စက်ဖြင့် ကြေညာနေသည်။ ချီတို့တစ်တွေကို လက်နက်ချခိုင်းနေသော အသံများသာ ဖြစ်လေသည်။ ညဘက်တွင် ခြေဦးတည့်ရာ ခရီးဆက်ရင်း အိမ်တစ်လုံးအနီးသို့ ရောက်သွားကြသည်။ အိမ်အတွင်းမှ တူရိယာအသံတွေ ကြားနေရသည်။ အိမ်တွင်းသို့ ဝင်သင့်၊ မဝင်သင့် ချီတို့တစ်တွေ ဆုံးဖြတ်ကြရင်း ဝင်သင့်သည့်ဘက်ကအားသာ၍အိမ်ထဲသို့ဝင်ကြရာလမ်းခုလတ်တွင်တူရိယာသံရပ်သွားပြီး အာဏာပိုင်စစ်သားတွေကို ဂုဏ်ပြုသော စကားသံတစ်ရပ် ပေါ်လာ၍ ချီတို့အားလုံးပြန်လှည့်နောက်ဆုတ် ရှောင်တိမ်းရတော့သည်။ အမှောင်ထဲမှာပင် ခရီးဆက်ကြရပြန်သည်။ ကြာသောအခါ ပင်ပန်းလွန်း၍ ခရီးမဆက်နိုင်ကြတော့။ ဖြူကာ့စ် – ဂေါ်ဒါစ်နယ်၏ လမ်းမအနီးမှ လယ်သမားအိမ်တစ်အိမ်၏

တံခါးကို ခေါက်ရလေတော့သည်။ လယ်သမားက ချီတို့ကို လှိုက်လှဲစွာ ဆီးကြို ဧည့်ခံလေသည်။ ထိုအိမ်မှာ ပျော်ပွဲရွှင်ပွဲကျင်းပရာနေရာ ဖြစ်လာသည်။ ချီတို့တစ်တွေအားရပါးရစားသောက်ကြရ၏။အရက်တက်လာသည့်တိုင်ခရီး မဆက်နိုင်သေး။နံနက်ခင်းမှာလယ်သမားတွေထပ်မံရောက်ရှိလာ၍ကျေးဇူး စကားဆိုကြ၊ နှုတ်ဆက်ကြ အသိမိတ်ဆွေဖွဲ့ကြ၊ ကျွေးမွေးဧည့်ခံကြလေ သည်။ အချို့က လက်ဆောင်ပစ္စည်းပင် ယူလာကြသေးသည်။

ချီတို့အတွက် နတ်ပြည်ပမာ ဖြစ်ခဲ့သော ဤအိမ်ကလေးမှာ ငရဲပြည် ပမာဖြစ်လာပြန်လေသည်။အယ်လ်မေဒါမှာဝမ်းဖောဝမ်းရောင်ဖြစ်လာသည်။ ရဲဘော်အချို့လည်း အော့အန်ကုန်သည်။ ပက်ဘာလိုဟာတာဒိုဆိုလျှင် မတ် တတ်ပင် မရပ်နိုင်တော့။ လယ်သမားတို့က သူတို့ရထားသော သတင်းအရ ဖီဒယ်လ်ကတ်စထရိုအသက်ရှင်နေသေးသည်။ဖီဒယ်လ်နှင့်ကရက်ဆင်စီယို ပီရက်တို့ကို တွေ့နိုင်လောက်သော နေရာကို ချီတို့အဖွဲ့အား ခေါ်ဆောင်သွား မည်။ လက်နက်နှင့် ယူနီဖောင်းတွေ ထားရစ်ခဲ့ခိုင်း၏။ အယ်လ်မေဒါနှင့်ချီက တော်မီဂန်းနှစ်လက်သာယူဆောင်ပြီး ကျန်လက်နက်တွေ လယ်တဲတွင် အာမခံပစ္စည်းအဖြစ် ထားရစ်ခဲ့ကြသည်။ လယ်သမားများနှင့်အတူ အဖွဲ့နှစ်ဖွဲ့ ခွဲပြီး သွားကြ၏။ တစ်စုတွင် သုံးဦးပါဝင်ပြီး တစ်စုတွင် လေးဦးပါဝင်လေသည်။


လယ်တောအိမ်ရှင်၏မိတ်ဆွေများ သစ္စာဖောက်မှုကြောင့် ရန်သူများ ရောက်လာပြီး ပက်ဘာလိုဟာတာဒိုအား ဖမ်းဆီးလျက် လက်နက်များကို သိမ်း ဆည်းလိုက်လေသည်။ ချီတို့သည် ဥပုသ်တော်အသင်း ဂိုဏ်းချုပ်အာဂျီလီယို ရိုဆာဘယ်နှင့်အတူ ရှိနေကြသည်။ သူသည် သတင်းဆိုးကို ကြားသိသည်နှင့် ဒေသအနေအထားကို ကျွမ်းကျင်သူပီပီ သူပုန်များကို လိုလားသော (ချီတို့ တော်လှန်ရေးအဖွဲ့ကို လိုလားသော) အခြားလယ်သမားတစ်ဦးနှင့် ချက်ချင်း အဆက်အသွယ်လုပ်ပေးသည်။

ပို၍လုံခြုံသောနေရာကို ချီတို့တစ်တွေ ဆက်လက်ထွက်ခွာကြသည်။ ထိုလယ်သမားမှာ ယနေ့ အိုရီယင်တေပြည်နယ်တွင် တပ်မတော်၏တပ်မှူး (ချီတို့ပါတီ၏ နိုင်ငံလုံးဆိုင်ရာ ခေါင်းဆောင်ပိုင်းတွင် ပါဝင်နေသော) ဂယ်လာ

မို ဂါစီယာ ဖြစ်လေသည်။ ကာလိုမာ့စ်နှင့် ပီရချိုအပါအဝင် အခြားရဲဘော်များလည်း ချီတို့တပ်ထဲသို့ ဝင်လာကြသည်။ လယ်တဲများစွာကို ဖြတ်သန်းတိုင်းခရီးဦးကြိုပြုလေသည်။ တစ်ခုသောနံနက်ခင်းမှာ မွန်ဂိုပီရက်ပိုင်ဆိုင်သောယာတဲသို့ ရောက်လာကြသည်။ ပင်လယ်မှမသေဘဲ လွတ်မြောက်ကျန်ခဲ့သည့်ရဲဘော်အားလုံးကို တွေ့ရှိရတော့သည်။ ၎င်းတို့မှာ ဖီဒယ်လ်ကက်စထရို၊ လူနီဗာဆိုဆန်ချေဇ်၊ ဖော်စတီနိုပီရက်ဇ်၊ ရောလ်ကက်စထရို၊ စီရိုရီဒွန်ဒို၊ အက်ဖီဂျီနိုအမီဂျဲရပ်၊ ရေနီရော့ဒရစ်နှင့် အာမင်ဒိုရော့ဒရစ် စသူတို့ ဖြစ်ကြသည်။ ရက်အနည်းငယ်အကြာမှာ မိုရန်၊ ဂျူလီတိုဒိုက်ဇ်၊ ကာလစ္စတိုစီယာ၊ ကာလစ္စတိုမိုရေးနှင့် ဘာမူဒက်ဇ် စသူတို့လည်း ရောက်ရှိလာကြသည်။

ယူနီဖောင်းလည်းမရှိ၊ လက်နက်လည်း နတ္ထိ၊ တော်မီဂန်းနှစ်လက်သာ ခြွင်းချက်အဖြစ် ပါလာသည်။ လူအားလုံး ပြုတ်ပြုတ်ပြုန်းမသွားတာပင် ကံကောင်းဟု ယူဆကြရသည်။ ဖီဒယ်လ်ကတ်စထရိုက လယ်သမားတဲမှာ လက်နက်သိမ်းခံရသော ကိစ္စနှင့်ပတ်သက်ပြီး -

"ခင်ဗျားတို့လုပ်လာတဲ့ အမှားကြွေးတွေ ခင်ဗျာတို့ ပြန်မဆပ်ရသေးဘူး။ ဘာကြောင့်လဲဆိုတော့ ဒီလိုအခြေအနေ၊ ဒီလိုပတ်ဝန်းကျင်မျိုးမှာ လက်နက်တွေ ထားပစ်ခဲ့တဲ့အတွက် ပေးရမယ့်တန်ဖိုးက ခင်ဗျားတို့အသက်ပဲ … စစ်တပ်နဲ့ ရင်ဆိုင်တိုးရင် ခင်ဗျားတို့အသက်ကို ကယ်တင်မှာ ခင်ဗျားတို့ လက်နက်ပဲ … လက်နက်စွန့်ခဲ့တာ မိုက်မဲတဲ့ပြစ်မှုကို ကျူးလွန်လိုက်တာပဲ" ဟု ဆိုလိုက်သော စကားက ချီတို့တစ်တွေရဲ့ နှလုံးသားကို စွဲဖောက်ထွင်းထုပြီးသား ဖြစ်သွား၏။ တော်လှန်ရေးကာလတစ်လျှောက် မမေ့နိုင်လောက်သောစကားရပ် ဖြစ်သွားခဲ့ရသည်။



# တိုက်ပွဲထဲက တိုက်ပွဲ

ချီတို့အဖွဲ့၏ ပထမဦးဆုံးအောင်ပွဲမှာ လာပလာတာမြစ်ဝမှ စစ်စခန်းလေးတစ်ခုကို ဝင်ရောက်တိုက်ခိုက်နိုင်ခြင်း ဖြစ်သည်။ ထိုအောင်ပွဲသည် ဝေးလံသောအရပ်ထိ ဂယက်ရိုက်ခတ်သွားခဲ့သည်။ ဤတိုက်ပွဲသည် သူပုန်တပ်မတော် တည်ရှိနေပြီဟု လူတိုင်းကို သတိမူမိသွားစေသည်။ အလက်ဂျရီယာဒီပီယို၌ ရှောင်တခင်အတိုက်ခံရပြီး နောက်တစ်လကျော်ကျော်အကြာမှာ ချီတို့သည် မက်ဒါလီနာမြစ်တွင် ရပ်နားလိုက်ကြသည်။ မက်ဒါလီနာမြစ်နှင့် လာပလာတာမြစ်ကို ဆီယာရာတောင်တန်းတစ်ခုက ခွဲခြားထားရာ မြစ်ကလေး နှစ်သွယ်အဖြစ် တည်ရှိနေသည်။ ထိုဒေသ၌ ဇီဒယ်လ်၏အမိန့်အရ ချီတို့လူတွေသင်တန်းဖွင့်စေ၏။သေနတ်ပစ်လေ့ကျင့်ပေးသည်။တချို့လူတွေမှာ ယခုမှပင် သေနတ်ကိုင်ဖူးသူများ ဖြစ်ကြသည်။ ရက်ပေါင်းများစွာ ညစ်ပတ်စုတ်ပေနေသမျှ ရေချိုးသန့်စင်ကြ၊ အဝတ်အစားတွေ လျှော်ဖွပ်ကြ၊ ချက်ပြုတ်စားသောက်ကြနှင့် စခန်းချထားကြသည်။

ချီတို့ထံမှာ ပစ်ခတ်နိုင်သော လက်နက် (၂၃) လက်သာ ရှိ၏။ တယ်လီစကုပ်ပါသည့် ရိုင်ဖယ်ကိုးလက်၊ မောင်းပြန်ပစ်နိုင်သော သေနတ် (၅) လက်၊ မောင်းတင်ပစ်ရသော ရိုင်ဖယ်လေးလက်၊ သွန်ပဆင်စက်ကလေးနှစ်လက်၊ မောင်းပြန်ပစ္စတိုနှစ်လက်နှင့် (၁၆) ဂိတ်ပြောင်းတိုတစ်လက် စသည်တို့ ဖြစ်

ကြသည်။ အယ်လီယာအမည်ရှိ ဒေသခံလယ်သမားတစ်ဦး ဖောက်လုပ်ထားသော တောတွင်းလူသွားလမ်းအတိုင်း လျှောက်ဖြစ်ကြသည်။ အယ်လီယာသည် ချီတို့ သူပုန်တပ်ဖွဲ့အတွက် အားအထားရဆုံး စံပြလယ်သမားတစ်ဦးဟု ရဲဘော်ယူတီမီယိုက ပြောပြ၍သိရသည်။ ယူတီမီယိုမှာ အဖမ်းခံရပြီးနောက် ဗီဒယ်လ်ကို လုပ်ကြံပေးလျှင် ပီဆို ၁၀၀၀၀ နှင့် စစ်တပ်မှ ရာထူးတစ်နေရာပေးမည်ဟု လာဘ်ထိုးခံခဲ့ရလေသည်။ ယူတီမီယိုသဘောတူပြီးမှ မလုပ်ရဲတော့သော်လည်း ဗီဒယ်လ်တို့ စခန်းချရာနေရာကို ဖော်ပြခဲ့၍ ရန်သူတို့အတွက် အသုံးဝင်သောလူ ဖြစ်ခဲ့ရသည်။

ထိုအချိန်ကား ယူတီမီယိုသည် ချီတို့တပ်ဖွဲ့အား သစ္စာရှိစွာ အလုပ်အကျွေးပြုသူသာတည်း။ တိုင်းပြည်အတွက်မြေရှင်ကြီးများကိုလည်းကောင်း၊ မြေရှင်တို့၏ ကျေးလက်ကာကွယ်ရေးများကို လည်းကောင်း၊ ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် လယ်သမားများစွာထဲမှာ တစ်ဦးအပါအဝင် ဖြစ်နေသည်။ ချီတို့ ခရီးဆက်လာရင်းနှင့်လယ်သမားနှစ်ယောက်ကိုဖမ်းဆီးရမိခဲ့သည်။ ချီတို့အဖွဲ့ကို လမ်းပြပေးသောသူနှင့် ဆွေမျိုးတော်စပ်သူများဖြစ်ကြောင်း သိရသည်။ တစ်ဦးကို ပြန်လွှတ်လိုက်ပြီး ကျန်တစ်ဦးကို ကြိုတင်သတိထားသည့် သဘောဖြင့် ဆက်၍ထိန်းသိမ်းထားလိုက်သည်။

ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ဆောက်လက်စ လာပလာတာ စစ်တန်းလျား၏ သွပ်မိုးများကို တွေ့ကြရသည်။ လူအချို့နှင့် မပြည့်စုံသော အဝတ်အစားတွေကို တွေ့ရ၏။ ရန်သူ၏ ယူနီဖောင်းဖြစ်ကြောင်း သိကြရသည်။ ညနေခြောက်နာရီ နေဝင်ခါနီးတွင် သင်္ဘောတစ်စီး ဆိုက်ရောက်လာပြီ၊ တချို့က ဆင်းလာကြသည်။ တချို့က သင်္ဘောနှင့် ဆက်လိုက်သွားကြသည်။ (၁၆) ရက်နေ့ အရက်တက်ချိန်မှစ၍ စစ်တန်းလျားကို အမြဲတမ်းစောင့်ကြည့်ကြသည်။ ကမ်းခြေစောင့်တပ်သားများမှာ ညဘက်အနားယူကြသည်မို့ ချီတို့အဖွဲ့မှ ကင်းထောက်စေလွှတ်ကြည့်ရာ မည်သည့်နေရာမှ စစ်သားမတွေ့ဟု အကြောင်းပြန်သည်။ ညအမှောင်သန်းလာသည်နှင့် လာပလာတာမြစ်ကို ဖြတ်ကူးပြီး လမ်းကြောင်း၌ နေရာယူထားကြသည်။ ငါးမိနစ်ခန့်တွင် လယ်

သမားနှစ်ယောက်ဖြစ်လာသဖြင့် ချီတို့တစ်တွေ ဖမ်းဆီးထားလိုက်ကြသည်။ ထိုနှစ်ဦးအနက် တစ်ဦးမှာ သတင်းပေးဖြစ်ရာ သူ့ထံမှ သတင်းတွေ စစ်မေးရရှိလေသည်။

ရရှိသောသတင်းမှာ စစ်တန်းလျားထဲတွင် စစ်သား (၁၅) ယောက်ခန့်ရှိသည်။ ထို့အပြင် သူပုန်တို့အတွက် နာမည်အဆိုးဆုံး အကြီးအကဲသုံးဦးအနက်တစ်ဦးဖြစ်သောအိုဆိုရီယိုဆိုသူလည်းပါဝင်သည်။သူသည်ဤလမ်းမှ မကြာမီဖြတ်သွားလိမ့်မည်ဟူသော သတင်းပါ ရရှိလေသည်။ အိုဆိုရီယိုကဲ့သို့ အကြီးအကဲဆိုသူများမှာ လူဆိုးလူမိုက်များ၏ အကူအညီဖြင့် ဖွင့်လှစ်လုပ်ကိုင်နေသည့် လာပီတီ၏စိုက်ခင်းလုပ်ငန်းကြီးတွင် အလုပ်လုပ်နေသူများဖြစ်သည်။

မကြာခင်မှာပင် အိုဆိုရီယို ရောက်လာသည်။ လားတစ်ကောင်ကို စီးလာပြီး အရက်အလွန်အကျွံသောက်လာသဖြင့် မူးဝေယိုင်ထိုးနေသည်။ အဖော်နီဂရိုးလေးတစ်ယောက် ပါလာသည်။ ချီတို့အဖွဲ့မှ ယူနီဇာဆိုက အစိုးရ၏ ကျေးလက်ကာကွယ်ရေးအမည်ကိုသုံးကာ ရပ်တန့်ခိုင်းလိုက်၏။

"ခြင်ပါ"ဟု လျှို့ဝှက်စကားကို အိုဆိုရီယို ပြန်အော်ပြောသည်။ အမူးလွန်နေသော အိုဆိုရီယိုကို ဗီဒယ်လ်က တစ်ပတ်ရိုက်လိုက်၊ အကြောင်ရိုက်လိုက်နှင့် သိလိုရာမေးခွန်းတွေ မေးမြန်းသည်။ အိုဆိုရီယိုကလည်း အရက်မူး၊ ကျွဲခိုးပေါ်ဆိုသလို အကုန်ပြန်ဖြေသည်။

"ကျုပ်ဟာ တပ်မတော်က ကာနယ်ပဲ၊ သူပုန်တွေကို ဘာကြောင့် အပြုတ်မဖြုတ်နိုင်သေးတာလဲ။ အဲဒါကို စုံစမ်းဖို့လာခဲ့တာ တောတောင်ထဲမှ သူပုန်လိုက်ရှာနေရလို့ဒီလိုမှတ်ဆိတ်တွေမရိတ်သင်နိုင်တာပဲ။တပ်မတော်ရဲ့ လုပ်ပုံကိုင်ပုံတွေက အလကားပဲ" ဟု ဗီးဒယ်လ်က ဟန်ဆောင်လုပ်ကြံပြောလိုက်၏။ တစ်နည်းအားဖြင့် သူပုန်တွေ ထက်မြက်နေပုံကို လှည့်ပတ်ပြောလိုက်ခြင်း ဖြစ်သည်။ အိုဆိုရီယိုက ဗီဒယ်လ်ကို အစိုးရတပ်က ကာနယ်ဟု အဟုတ်ထင်သွားပြီး ရှိသေလေးစားသွားဟန်ဖြင့် -

"ကာနယ့်စကားတွေ သိပ်မှန်ပါတယ်။ အစောင့်တွေက တန်းလျားထဲ စားလိုက် သောက်လိုက်နဲ့ အရေးမပါတဲ့ အရွှေ့အပြောင်းတွေသာ လုပ်နေကြတာပါ။ သူပုန်တွေကို ဖိဖိစီးစီးဖြို့ခွင်းရင် ရပါတယ်" ဟု ပြန်ပြောသည်။ ဤဒေသတွင်းမှ မိတ်ဆွေ၊ ရန်သူ ဘယ်လိုခွဲခြားသလဲဆိုတာ ဗီဒယ်လ်က ဟန်မပျက် ဆက်ပြီးမေးမြန်း၏။ အိုဆိုရီယို မူးမူးနှင့် ပြောသည့်အမည်တွေကို ပြောင်းပြန်ယူလိုက်လျှင် သူ့လူကိုယ့်ဘက်သား ခွဲခြား၍ ရသွားလေသည်။

"ဟော့ ... ဗီဒယ်လ်ကက်စထရိုကို ဖမ်းမိရင် ဘာလုပ်မလဲကွ" ဟု ဗီဒယ်လ်က ခပ်တည်တည်နှင့် မေးလိုက်ပြန်သည်။ အိုဆိုရီယိုက -

"ဗီဒယ်လ်ကို ဖမ်းမိရင် ခေါင်းဖြတ်ပြီး သတ်ပစ်မယ်"ဟု ပြန်ဖြေသည်။ ကရက်ဆင်စီယိုကို ဖမ်းမိလျှင်လည်း ဗီးဒယ်လ်လို လုပ်ပစ်မည်ဟု ထပ်ပြောပြန်သည်။ သူပုန်စီးသော ဖိနပ်ရှည်ကို စီးထားသော အိုဆိုနီယိုက "ဒီဖိနပ်က သူပုန်ကောင်ကိုသတ်ပြီး ယူထားတဲ့ဖိနပ်ပေါ့" ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်သေးသည်။ ထိုအချက်တွေက သူ့သေမိန့်ဖြစ်နေတာကို အိုဆိုရီယို မသိလိုက်။ ဗီဒယ်လ်က အိုဆိုရီယိုကို စစ်တန်းလျားသို့ သူတို့အဖွဲ့ကို ခေါ်ဆောင်သွားခိုင်းသည်။ သို့ဖြင့် အိုဆိုရီယိုကို ထိပ်ကတင်လျက် စစ်တန်းလျားဆီ ရောက်လာကြသည်။ တန်းများအနီး နေရာတစ်နေရာသို့ အရောက်မှာ ရဲဘော်လူးဝစ္စကရက်စပိုအား ထောက်လှမ်းရန် လွှတ်လိုက်သည်။ သူ ပြန်ရောက်လာပြီး အခြေအနေကို တင်ပြသည်။

ချီတို့အဖွဲ့ ခရီးဆက်အံ့ဆဲဆဲမှာ မြင်းစီးသမားအစောင့်သုံးဦးကိုတွေ့၍ အသာပုန်းအောင်းနေလိုက်ကြသည်။ မြင်းစီးသမားသုံးဦးရှေ့မှာ အကျဉ်းသားတစ်ယောက်ကို လားတစ်ကောင်ပမာ မောင်းခေါ်လာကြသည်။

"ငါလည်း မင်းတို့လို လူတစ်ယောက်ပါကွ မညှဉ်းဆဲပါနဲ့" ဟု မြင်းစီးသမားတွေကို အော်ဟစ်ပြောသံ ကြားလိုက်ရသည်။ ကော်ပိုရယ်ဘာဆိုလ်ဆိုသော အစောင့်က "တိတ်ဆိတ်နေစမ်း၊ ကြာပွတ်နဲ့ တီးလိုက်ရမလား" ဟု ခြိမ်းပောက်လိုက်သည်။ သူတို့ ဖမ်းခေါ်လာသည်မှာ လယ်သမားတစ်ဦးဖြစ်ပြီး နောက်တစ်နေ့၌ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ပစ်လိုက်ကြသည်။

လက်နက်လေး (၂၂) လက်ဖြင့် တိုက်ခိုက်ရန် ချီတို့ ပြင်ဆင်ရတော့သည်။ ကျည်ဆန်နည်းနေ၍ ဖြုန်းတီးတာမျိုး လုံးဝလုပ်မရပေ။ ရဲဘော်လက်ဖတင်နင်ဂျူလိယိုဒိုက်ယာကကင်၊ ကမီလို၊ ဘီနက်တက်ဇ်၊ ကာလစ္စတိုမိုရေးတို့ မောင်းပြန်ရိုင်ဖယ်များဖြင့် လက်ယာဘက်စူးစူးဆီမှနေ၍ အိုဗာစီယာ၏အိမ်ကို ဝိုင်းထားကြသည်။ (အိုဗာစီယာအိမ်အနီးမှာ ကင်းစခန်းရှိသည်။)

ဗီဒယ်လ်၊ ယူနီဗာဆို၊ လူးဝစ်ကရက်စပို၊ ကာလစ္စတိုဂါစီယာ၊ မာရျာဒို (ယခုမေရျာ)နှင့် ချီတို့က အလယ်ဗဟိုမှ ဝင်တိုက်ကြမည်။ ရောလ်ကတ်စထရိုနှင့် သူ့လူများ၊ အယ်လ်မေဒါနှင့် သူ့လူများက စစ်တန်းလျားကို လက်ဝဲဘက်မှနေ၍ ဝင်တိုက်ကြမည်။ ညတွင် လထိန်ထိန်သာနေပြီး ဗီဒယ်လ်က စက်သေနတ်ကို နှစ်ချက်ဆွဲပြီး ပစ်ခတ်လိုက်ပြီး တိုက်ပွဲခေါ်သံပေးလိုက်သည်နှင့် သေနတ်မျိုးစုံ ပစ်ခတ်သံတွေ ဆူညံပွက်လောရိုက်စွာ ထွက်ပေါ်လာသည်။ ချီတို့ဘက်က ဝိုင်းထားပြီးပြီမို့ စစ်သားတွေကို လက်နက်ချခိုင်းသည်။ သို့သော် တုံ့ပြန်မလာ။ သေနတ်သံစထွက်ပေါ်လာကတည်းက အိုဆိုရီယိုကို ပစ်သတ်လိုက်ပြီး ဖြစ်သည်။

နံနက် (၂) နာရီ မိနစ် (၄၀) တွင် တိုက်ပွဲစခဲ့၏။ အစောင့်တွေက ချီတို့ ထင်ထားတာထက်ပင် ခုခံပြန်ပစ်ကြသည်။ စစ်တန်းလျားအတွင်း၌ (M.1) သေနတ်ကိုင် ဆာဂျင်တစ်ယောက်ရှိသည်။ ချီတို့က သူ့ကို လက်နက်ချဖို့ အော်ဟစ်ပြောတိုင်း သေနတ်ဖြင့် ပြန်ပြန်ပစ်နေသည်။ ထို့ကြောင့် ချီတို့က ဘရာဇီးနိုင်ငံသုံး လက်ပစ်ဗုံးဖြင့် တန်းလျားထဲကို ပစ်သွင်းရန် အမိန့်ပေးရတော့သည်။ လူးဝစ်ကရက်စပိုနှင့် ချီတို့ လက်ပစ်ဗုံးပစ်ထည့်သော်လည်း ဗုံးက မပေါက်။ ရောလ်ကတ်စထရိုက ဒိုင်းနမိုက်ပစ်သွင်းပြန်သည်။ ထိုဒိုင်းနမိုက်လည်း မကွဲ။

အားလုံး ဒေါသထွက်သွားပြီး အဆောက်အအုံအနီးကို တွားတက်သွားကြသည်။ မီးတင်ရှို့ဖို့ သုံးကြိမ်ကြိုးစားရာ နောက်ဆုံးအကြိမ် ချီနှင့် လူးဝစ်ကရက်စပိုတို့ မီးရှို့လိုက်မှ မီးလောင်တော့သည်။ အနီးဘေးမှာ အုန်းသီးဂိုဒေါင်ရှိနေကြောင်း မီးရောင်ဖြင့် တွေ့လိုက်ရသည်။ မီးလောင်သည်နှင့်

စစ်သားများ ဆုတ်ခွာထွက်ပြေးကြတော့၏။ ဦးတည်ရာ ထွက်ပြေးလာသော စစ်သားတစ်ယောက်မှာ လူးဝစ်ကရက်စပို၏ ရိုင်ဖယ်တည့်တည့်ကို ဝင်တိုးမိ၏။ လူးဝစ်က သေနတ်နှင့် ဆောင့်ထိုးပြီး လှဲသိပ်ကာ စစ်သားနဲ့ သေနတ်ကို သိမ်းယူလိုက်သည်။ ပြီးနောက် တန်းလျားနှင့် အိမ်ဘက်ဆီကို ပစ်ခတ်တော့၏။ ကမီလိုက သစ်ပင်တစ်ပင်ကို အကာအကွယ်ယူရင်း ပြေးလွှားနေသော ရန်သူဆာဂျင်ကို ကျည်ကုန်သည်အထိ ပစ်ခတ်တော့၏။

ရန်သူစစ်သားများမှာ ချီတို့အဖွဲ့ ပိုင်းဝန်းပစ်ခတ်မှုကြောင့် အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်ကုန်၏။ ကမီလိုအိမ်ထဲ ပြေးဝင်သွားသည်၊ ရန်သူတွေ လက်နက်ချကြောင်း အော်ဟစ်၏။ တိုက်ပွဲပြီးဆုံးပြီ။ တိုက်ပွဲမှလက်နက်တွေကို ရေတွက် ကြည့်ရာ စပရင်းဖီးလ်ရိုင်ဖယ် ရှစ်လက်၊ သွန်ပဆင်စက်ကလေးတစ်လက်နှင့် ကျည်ဆန်ထောင်ပေါင်းများစွာ ရရှိသည်။

ချီတို့ဘက်မှ ကျည်ဆန်ငါးရာခန့် အသုံးပြုခဲ့ရသည်။ ကျည်ခါးပတ်၊ ဓာတ်ဆီ၊ ဓားများ၊ အဝတ်အစားများနှင့် ရိက္ခာတွေပါ ရရှိလိုက်သည်။ ရန်သူဘက်မှနှစ်ယောက်ကျ၊ငါးယောက်ဒဏ်ရာရပြီးသုံးယောက်မှာအဖမ်းခံသည်။ တချို့မှာ ထွက်ပြေးလွတ်မြောက်သွားကြသည်။ ချီတို့ဘက်မှ ဒဏ်ရာရရှိမှု လုံးဝမရှိချေ။ ချီသည် ဒဏ်ရာရ ရန်သူစစ်သားတွေကို ဆေးထည့်ကုသပေးသည်။ အဆောက်အအုံများကို မီးတင်ရှို့ပစ်သည်။ ဒဏ်ရာပြင်းထန်၍ ရန်သူစစ်သားသုံးဦးစလုံး သေဆုံးသွားကြသည်။

ရန်သူစစ်တပ်က ဒဏ်ရာရသော ချီတို့သုံ့ပန်းတွေကို သတ်ပစ်သည်။ ချီတို့ကမူ ရန်သူသုံ့ပန်းတွေကို မသတ်ဘဲ ဆေးကုပေးသည်။ ထိုခြားနားချက်ကို ရန်သူသုံ့ပန်းများ ကောင်းစွာသဘောပေါက်ပြီးနောက် စည်းရုံးရေးကောင်းသောချီတို့ဘက်ကိုကူးပြောင်းဝင်ရောက်လာကြသည်။ ချီတို့အောင်ပွဲခံရခြင်းမှာ စည်းရုံးရေးကောင်းသောကြောင့် ဖြစ်သည်။ အရပ်သားတွေကိုလည်း ပညာပေးဟောပြောပြီး ပြန်လွှတ်လိုက်သည်။ (၁၇) ရက်နေ့ နံနက် (၄း၃၀) တွင် ပယ်လ်မာမိုချာသို့ ခရီးဆက်ကြ၏။ အရက်တက်ချိန်မှာ ပယ်လ်မာမိုချာသို့ ဆိုက်ရောက်သည်။ ထိုဒေသမှာ ကြေကွဲဖွယ်ရာ မြင်ကွင်းကို ဘွားခနဲ

တွေ့လိုက်ရသည်။ လေတပ်က ဗုံးကြဲလိမ့်မည်ဆိုသော သတင်းကြောင့် ရွာလုံးကျွတ်၊ နယ်လုံးကျွတ် ကမ်းခြေဘက်ဆီသို့ ပြေးလွှားပြောင်းရွှေ့နေကြသော မြင်ကွင်းကြောင့်ဖြစ်သည်။

ရွာသားများထွက်မပြေးကြရန် ရန်သူစစ်တပ်က မဟုတ်မမှန် သတင်းလွှင့်ဖြန့်ခြင်းသာဖြစ်ကြောင်း လိုက်လံတားဆီးသော်လည်း မရတော့။ တိုက်ပွဲတွင် လယ်သမားများပါဝင်လာကြခြင်း မရှိသေးသော်လည်း လူထက်လက်နက်က များနေသော အနေအထားဖြင့် ချီတို့ ဆက်လက်စစ်တိုက်ရလေသည်။ အောင်မြင်မှု ဗွေဆော်ဦးရခဲ့သော တိုက်ပွဲကို လာပလာတာတိုက်ပွဲဟု ချီတို့ ခေါ်ဝေါ်ကြလေသည်။



# သစ္စာဖောက်လည်း မကြောက်ဘဲတိုက်သည်

အင်မာနိ (ငရဲချောင်း) အယ်လ်အာရိယိုဒဲလ်သည် ပယ်လ်မာမိုချာ နယ်အတွင်း စီးဆင်းနေသော ရေတိမ်မြစ်ကျဉ်း ဖြစ်သည်။ ပယ်လ်မာမိုချာမှ နေ၍မြစ်အတိုင်း လိုက်လျှောက်သွားသော ချီတို့သည် နယ်စွန်ရှိ တောင်ကုန်း များထိသို့ တက်မိကြသည်။ လယ်တဲလေးနှစ်တဲကို တွေ့ရသည်။ ထိုတဲများကို အသုံးမပြုဘဲ စခန်းချဖြစ်ကြသည်။ ဗီဒယ်လ်က နောက်မှ စစ်တပ်လိုက်လာ မည်ကို ခန့်မှန်းမိသည်။ ချုံခိုတိုက်ပွဲတစ်ပွဲ တိုက်ရန်စီစဉ်ဖြစ်သည်။ လာပလာ တာတိုက်ပွဲတွင် ကော်ပိုရယ်ဆောင်းသော ဦးထုပ်တစ်လုံးကို ချီတို့ ရရှိခဲ့ရာ ဂုဏ်ယူစွာဖြင့် ချီ ဆောင်းထားမိသည်။ ထိုဦးထုပ်ကြောင့်ပင် ကိုယ့်အချင်းချင်း လူမှားပြီး အပစ်ခံရသေးသည်။ နောက်မှ ပစ်မိသော ရဲဘော်က သူမှားကြောင်း သိသွားသည်။ မည်သို့ပင်ဖြစ်စေ မည်သူမျှအသက်နဲ့ရင်းစတမ်းစစ်မတိုက်ကြ ပါ။ မဖြစ်သာ၍ တရားသောစစ်ကို တိုက်ခိုက်နေရသည်။ ချီတို့တပ်ဖွဲ့လို တစ်ဖက်ရန်သူတပ်များလည်း စိုးရိမ်ပူပန်ခြင်းဖြင့် တိုက်ပွဲကို တထိတ်ထိတ် စိတ်ငံ့လင့်မှုတွေ ရှိနေကြသည်။

(၂၂) ရက်နေ့ အရုဏ်တက်ချိန်တွင် ပယ်လ်မာမိုချာ မြစ်ဘက်ဆီမှ သေနတ်သံအချို့ ကြားရသည်။ ချီတို့တစ်တွေ မနက်စာရော နေ့လယ်စာပါ မစားရသေး။ ကြက်ဥတချို့တွေ့ရှိ၍ချီနှင့်ထရက်စပိုတို့ခွဲဝေယူလိုက်ကြသည်။

မွန်းတည့်ချိန်တွင် လယ်တဲတစ်ခု၌ လူရိပ်လူယောင်မြင်သဖြင့် တဲများအနီးသို့ မသွားရ အမိန့်ထုတ်ထားတာကို မနာခံသော ရဲဘော်ဖြစ်လိမ့်မည် ထင်မိခဲ့၏။ သို့ငြား ရန်သူစစ်သားတစ်ယောက် ဖြစ်နေသည်။ နောက်ထပ် (၄) ယောက် ပေါ်ထွက်လာပြီး လေးယောက်ပြန်ထွက်သွားကာ သုံးယောက်ကျန်ရစ်ခဲ့ပြန်သည်။ ဗီဒယ်လ်က သေသေချာချာချိန်ပြီး ရန်သူစစ်သားတစ်ယောက်ကို ပစ်ချလိုက်သည်။ "အား"ခနဲ တစ်ခွန်းသာအော်နိုင်ပြီး ရန်သူစစ်သား ခွေခနဲ လဲကျသေဆုံးသွားသည်။ ကျည်ကွယ်ရာတဲအတွင်း ပုန်းနေသော စစ်သား တစ်ဦးကို ချီတို့ သတိထားမိသည်။ ချီတို့ချိန်ပြီး လှမ်းပစ်၍ ရန်သူစစ်သား ရင်ညွန့်ဆီ ထိမှန်လဲကျသွားလေသည်။ ချီတို့ အမြင့်ပိုင်းမှနေ၍ ပစ်ခတ်ရခြင်း ဖြစ်သည်။လုံ့စွပ်တပ်ထားသောရန်သူ့ရိုင်ဖယ်လည်းလွတ်ကျနေ၏။ကာရက်ပိုက ကာပစ်ပေးထားချိန် ချီသည် တဲဆီသို့ပြေးသွားကာ ရန်သူ့ရိုင်ဖယ်နှင့် ကျည်ဆန်များ၊ အခြားပစ္စည်းများကို ယူဆောင်လာခဲ့သည်။ တိုက်ပွဲမှာ ပြင်းထန်လာသည်။

ချီတို့ဘက်မှ ကျည်ဆန်ကိုးရာခန့် ပစ်ခတ်ခဲ့ပြီး ရန်သူ့ကျည်ဆန် ခုနစ်ဆယ်နှင့် ရိုင်ဖယ်တစ်လက် ရလိုက်လေသည်။ အကောင်းစားရိုင်ဖယ်ဖြစ်နေ၍ မေဂျာအက်ဖ်ဂျီနီယိုကို ပေးအပ်လိုက်သည်။ အဆိုပါတိုက်ပွဲကြောင့် စိတ်အားတက်ကြွမှုတွေ ပိုဖြစ်လာရသည်။ ရန်သူမလိုက်နိုင်စေရန် အရောက်အပေါက် မလွယ်ကူသော နေရာဆီသို့ တစ်နေ့တာ ချီတက်လာနိုင်စေသည်။ ဘာတစ္စတာတပ်များနှင့် မျဉ်းပြိုင်ပမာ ချီတက်နေကြခြင်းဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက်မသိကြဘဲ ချီတက်မိနေကြခြင်းပင်။ တစ်ကြိမ်တွင် ချီတို့အိပ်သည့် လယ်တဲနှင့် ရန်သူတို့ စခန်းချရာမှာ မြစ်ငယ်တစ်သွယ်၊ လမ်းချိုးအကွေ့ အကောက်လေးသာ ခြားနေခဲ့သည်။

ရန်သူတိုက်ကင်းအဖွဲ့ကို ဦးစီးသူမှာ လက်ဖတင်နင်မိုရာစကီဆိုသူ ဖြစ်ပြီး ဆီယာရာတောင်တန်းဒေသတစ်ခုတွင် အလွန်တရာ နာမည်ဆိုးသူ ဖြစ်သည်။ တိုက်ပွဲမဖြစ်မီ နာရီအနည်းငယ်အတွင်း ချီတို့ သေနတ်သံတစ်ချက် ကြားရသည်။ ချီတို့ ပုန်းလျှိုးနေရာကို လိုက်ပြရန် ငြင်းဆိုသည့် ပေါတီအနွယ်

လယ်သမားတစ်ဦးအား ရန်သူစစ်တပ်က ပစ်သတ်လိုက်ခြင်း ဖြစ်သည်။ ထို သေနတ်သံကြောင့် ချီတို့လည်း တိုက်ပွဲသတိဝင်ပြီး အသင့်ပြင်မိလျက်သား ဖြစ်သွားသည်။ ချီတို့ထက် အင်အားသာလွန်သည့် ချီတက်လာသော စစ် ကြောင်းတစ်ကြောင်းကို ချီတို့ အနိုင်ယူခဲ့ကြပြန်သည်။

တပ်ဦးကိုချေမှုန်းဖျက်ဆီးနိုင်လျှင်စစ်တပ်အဖို့ကစဥ့်ကလျားဖြစ်သွား ပေလိမ့်မည်။ထိုအချက်ကိုချီတို့ကောင်းစွာသဘောပေါက်ကြသည်။မိုရာစကီ ၏တပ်များကို အောင်နိုင်လိုက်ပြီးနောက် ချီတို့တစ်တွေ လာပလာတာ မြစ် ကမ်းတစ်လျှောက် ချီတက်ခဲ့ကြလေသည်။ မက်ဒါလီနာမြစ်ကို ဖြတ်ကူးပြီး ရောက်ဖူးသောနေရာဖြစ်သည့် ကာရာကာ့စ်ဒေသသို့ ပြန်လည်ရောက်ရှိလာ ကြသည်။ ယခင်အခေါက်တွေမှာ ဌာနေလူအားလုံး ချီတို့ကို ထောက်ခံအား ပေးကြပြီး ယခုအခါ၌မူ ရန်သူစစ်တပ်က နယ်တစ်နယ်လုံး ညှဥ်းပန်းနှိပ်စက် သွား၍ ဌာနေ လူများ၊ လယ်သမားများ မရှိကြတော့။ လူမရှိသောတဲများနှင့် တိရစ္ဆာန်အချို့သာ ကျန်ရစ်ခဲ့သည်။ ကျန်သောတိရစ္ဆာန်များကို ချီတို့အဖွဲ့က ရိက္ခာပြုလုပ်ကြသည်။ တဲများမှာ စခန်းချခြင်းကိုရှောင်ပြီး ကာရာကာ့စ် တောင်ကုန်းထိပ်နားမှာ ရေတံခွန်ငယ်တစ်ခုအနီးတွင် စခန်းချကြသည်။

ဗီဒယ်လ်က တပ်သားတွေကို စည်းကမ်းရှိကြရန် မိန့်ခွန်းအတိုချုပ် ပြောပြီး ယင်းစည်းကမ်းကို ဂရုမစိုက်လျှင် အမိန့်မနာခံခြင်း၊ ထွက်ပြေးခြင်းနှင့် အရှုံးပေးဝါဒစသည့် သေဒဏ်ပေးနိုင်သော ပြစ်မှုသုံးရပ်ကို ကြေညာသည်။ တပ်သစ်တည်စပြုနေ၍ စစ်ပွဲအတွေ့အကြုံမှ ပေါ်ထွက်လာသော စိတ်ဓာတ် ညီညွတ်မှု မရှိသေး။ ဇန်နဝါရီလ (၃၀) ရက်နေ့ နံနက်တွင် ယူမီတီယိုက မမာနေသောသူ့မိခင်ထံသွားပါရစေဟုခွင့်တောင်းရာဗီဒယ်လ်ကခွင့်ပြုလိုက် ၏။ယူတီမီယိုပြန်ရောက်လာပြီးပယ်လ်မာမိုချာ၌သူရောက်နေစဥ်အစိုးရတပ် များ ဗီဒယ်လ်တို့နောက်ကို လိုက်နေကြောင်း ကြားသိခဲ့ရသည့်သတင်းကို ပြန်ပြောပြသေးသည်။ အမှန်တော့ ယူတီမီယိုကို အစိုးရတပ်က ဖမ်းမိသွားပြီး သူတို့သူလျှိုအနေဖြင့် ဗီဒယ်လ်တို့တပ်ထဲ ပြန်ဝင်လာခြင်းဖြစ်သည်။ ဗီဒယ်လ် ကို အနီးကပ်လုပ်ကြံသတ်ဖြတ်ရန် ယူတီမီယိုအား စစ်တပ်က မက်လုံးပေးပြီး

အနီးကပ်ပို့လွှတ်ထားခြင်း ဖြစ်သည်။ ဇန်နဝါရီလ (၃၀) ရက်နေ့ နံနက်ခင်း ချီတို့တစ်တွေ အိပ်ရာမှထထချင်း လေယာဉ်ပျံသံတွေ ကြားလိုက်ရသည်။ ချုံပုတ်ထဲမှာရှိနေကြ၍ ဘယ်ဘက်ကလာသည်ကို မမြင်ကြရ။ ချီတို့အောက် ခြေဘက် မီတာ (၂၀၀) ခန့်အကွာတွင် ရှေ့တန်းကင်းစခန်းလေး ရှိ၏။ ဗုံးကျဲ လေယာဉ်တစ်စင်း ထိုးဆင်းပျံဝဲကာ စက်သေနတ် ပစ်ခတ်သံ၊ ဗုံးချသံများ ဆက်တိုက်ထွက်ပေါ်လာသည်။

ချီတို့တစ်တွေမှာ အနီးကပ် ရန်သူစစ်တပ် ဝင်တိုက်ခံရပြီမှတ်နေပြီး ချုံတွေထဲကို တိုးဝင်ကာ အထင်နှင့် မြင်မြင်ရာ ပြန်လည်ပစ်ခတ်မိကြသည်။ ချီနှင့် စပိန်ပြည်တွင်းစစ်မှ စစ်ပြန်ရဲဘော်အချို့သာ ကျန်ရစ်ခဲ့သည်။ ရှေ့တန်း ကင်းစခန်းကို စောင့်ခေါ်သော်လည်း ပေါ်မလာကြ။ ဆုတ်သွားသော အဖွဲ့၏ လမ်းကြောင်းအတိုင်း ချီတို့ ဆုတ်လာကြသည်။ ရသမျှဝန်ထုပ်ဝန်ပိုးတွေ သယ်လာရသည်က တစ်ကြောင်း၊ လမ်းမပေါက်တစ်ပေါက် ဖြစ်နေသော-ကြောင့် တစ်ကြောင်း၊ တပ်ဆုတ်ခရီးမှာ ခက်ခဲပင်ပန်းလွန်းလှသည်။ ဘေး ကင်းလောက်သည့် နေရာရောက်မှ ခေတ္တနား ရန်ဆုံးဖြတ်လိုက်ရသည်။ တအောင့်ခန့်အကြာ အသံဗလံတွေ ကြားရသည်။ ရှေ့တန်းကင်းစခန်းမှ ဂီလာမိုဂါစီယာနှင့် ဆာဂျီယိုအကူနာတို့ ဖြစ်နေတာ တွေ့ရသည်။ စခန်းချခဲ့ရာ နေရာကို ပြန်ကြည့်သောအခါ အပျက်အစီးတွေ ဖရိုဖရဲပြန့်ကျဲနေတော့၏။ ချီတို့သာ ရှောင်တိမ်းတာမမြန်လျှင် သေနေလောက်ပေပြီ။ မိုရန်က ရဲဘော် တစ်ဦးကိုခေါ်၍ ကင်းထောက်ထွက်သွားသည်။ အတန်ကြာမှ ပြန်ရောက်လာ ပြီး လေယာဉ်လေးငါးစီးကို အဝေးမှတွေ့ရကြောင်း၊ ခြေလျင်တပ်၏ အရိပ် အယောင်ကို မတွေ့ဟု ပြောလာသည်။ ချီတို့ငါးဦးလည်း ဝန်ထုပ်ဝန်ပိုးတွေ သယ်၍ ခရီးဆက်ကြပြန်သည်။ ညရောက်သောအခါ စခန်းချရပ်နားရင်း ကွဲသွားသောရဲဘော်များနှင့်ပြန်တွေ့ရန် စောင့်ဆိုင်းနေမိသည်။ စောင့်နေရင်း ရန်သူနှင့် ရင်ဆိုင်တိုးမှာကိုလည်း စိုးရိမ်နေရပြန်သည်။ (၃၁) ရက်နေ့တွင် တောင်ကုန်းထိပ်တစ်ခု၌ ချီတို့ နေရာယူဖြစ်ကြသည်။ အေဂျီမြစ်ကမ်းပါးများ အနီးရှိတောင်ခြေသို့ ချီနှင့် ဂါစီယာတို့ဆင်းကာ စုံစမ်းထောက်လှမ်းကြသည်။

ထိုအလုပ်၌ ဂါစီယာ၏မိတ်ဆွေတစ်ဦးနှင့် တွေ့သည်။ ထိုမိတ်ဆွေက ချီတို့ကို စားစရာတွေ ထုတ်ကျွေးသည်။ တွေ့သမျှလူတိုင်းမှာ ကြောက်ရွံ့တုန်လှုပ်ဟန် ရှိနေကြသည်။ "လူတွေရဲ့ စားစရာရိက္ခာတွေကို အစိုးရကင်းတပ်တွေက ယူသွားကြကြောင်း၊ မယူနိုင်သည့်ပစ္စည်းများကို မီးရှို့ခဲ့ကြောင်း၊ လားတွေကို သိမ်းယူကာ လားငယ်တွေကို သတ်ပစ်ခဲ့ကြသည်ဟု" ဂါစီယာ၏မိတ်ဆွေက ပြောပြသည်။ အစိုးရစစ်တပ် မေဂျာကက်ဆီလပ် ဦးဆောင်သည့် တပ်တွေက စီရိုဖရီယာ၏ ဈေးဆိုင်ကို မီးရှို့ဖျက်ဆီးပြီး သူ့မိန်းမကို အကျဉ်းသားအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ပြောပြသည်။

ပင်ပန်းနွမ်းနယ်မှုနှင့် ဟာလာဟင်းလင်းဖြစ်သည့် စခန်းငယ်လေးမှာ နားနေကြသည့် ဖေဖော်ဝါရီလ (၁) ရက်နေ့၊ နံနက် (၁၁) နာရီအချိန်တွင် တောင်ကုန်းတစ်ဖက်ဆီမှသေနတ်သံတစ်ချက်ကြားရပြီးတစ်စုံတစ်ယောက် က အော်ဟစ်အကူအညီတောင်းနေသံကိုပါ ကြားကြရသည်။ ဆာကျီယို အကူနာမှာ အတော်ကြီးကို စိတ်ဓာတ်ချောက်ချားလျက် ရှိသည်။ သူသည် ရိုင်ဖယ်နှင့် ကျည်ခါးပတ်ကိုထားခဲ့ပြီး မြက်ဦးထုပ်တစ်လုံး၊ နို့ဆီတစ်ဘူး၊ ဝက်အူချောင်းသုံး ချောင်းကို ယူဆောင်ကာ ကင်းစခန်းမှ တိတ်တဆိတ် ထွက်သွားသည်။ နာရီအနည်းငယ်အကြာတွင် အသံဗလံအချို့ ကြားရပြန် သည်။ ဆာကျီယိုတပ်ပြေးက ချီတို့အပေါ် သစ္စာဖောက်၊ မဖောက် မသိရသေး။ ကရက်ဆင်စီယိုနှင့် ချီတို့ ရဲဘော်တွေ စခန်းဘက်သို့ လာနေကြသံဖြစ်သည်။ ရိုဘာတိုပီဆင့် ဦးဆောင်သော လူသစ်အချို့လည်း ပါလာသေးသည်။ ချီတို့ တပ်ဘက်မှ ထွက်ပြေးသွားသူများမှာ ဆာကျီယိုအကူနာ၊ ကလက်တိုမိုရေး၊ ကလက်တိုဂါစီယာ၊ မင်ညူရက်အကူနာ စသည့်ရဲဘော်များ ဖြစ်လေသည်။ အေဂျီတောင်ကြားသို့ ချီတို့ဆင်းသက်ခဲ့ကြရာလမ်းရှိ မင်ဇာလိုနီရွာက ရိက္ခာ ပစ္စည်းများနှင့် အဝတ်အထည်များ ဝေငှပေးလာသည်။ ထိုရွာမှ လုံမငယ်များ က သူတို့၏အမှတ်အသား ဇာပန်းထိုးပေးလိုက်သော အဝတ်အစားများကို လဲလှယ်ဝတ်ဆင်ရသောအခါ၌ ချီတို့ များစွာစိတ်လှုပ်ရှားမိကြသည်။ ချီတို့

ရလိုက်သည်မှာ ခွဲစိတ်ကုသရေးကိရိယာ၊ ခရီးဆောင်သေတ္တာတစ်လုံးတို့ ပါဝင်သည်။

ဂရန်မာရွက်လှေပေါ်မှ ဆင်းလာသော (၂) လပြည့်မှာ ဖေဖော်ဝါရီ (၅) ရက်နေ့တွင် ပြည့်ပြီဖြစ်သည်။ ထိုနေ့တွင် ရဲဘော်များအားလုံး ပြန်လည်စုစည်းမိကြပြီး မင်ဇာလိုနီကျေးရွာမှ ပါလာသည့် လူသစ်ဆယ်ယောက်လည်း အင်အားတိုးလာ၍ ပို၍အင်အားတောင့်တင်းခိုင်မာကာ စိတ်ဓာတ်တွေလည်း ပို၍ တက်ကြွလာကြသည်။ လေကြောင်းရန်ကာကွယ်ရေးအတွက် မီးဖိုပြီး ထမင်းချက်တာမျိုးကို တော်လှန်ရေးကာလပြီးဆုံးသည်အထိ မလုပ်ကြရန် ဆုံးဖြတ်ကြသည်။ သို့ရာတွင် သစ္စာဖောက်ယူတီမီယိုဂါယာကိုယ်တိုင် ကက်စီလာ့စ်နှင့်အတူ ရန်သူ့လေယာဉ်ပေါ်တွင် ပါလာလျက် ချီတို့စခန်းအား ပြသခဲ့သည်။ မိခင်ကျန်းမာရေးအကြောင်းပြုပြီး ပြန်သွားသော ယူတီမီယိုသည် ရန်သူ နှင့်ပူးပေါင်းပြီး ချီတို့တပ်ကို ပြန်လုပ်ကြံခြင်းဖြစ်သည်။

ဖီဒယ်လ်နှင့် ချီတို့တပ်အတွက် သစ္စာဖောက်ယူတီမီယိုသည် လွတ်မြောက်ရေးစစ်ပွဲ ဖြစ်ပေါ်တိုးတက်မှုတွင် အလွန်အရေးပါသော ရန်သူမိစ္ဆာအခန်းကဏ္ဍမှ ပါဝင်ခဲ့လေသတည်း။



# အတိုက်ခံရသော သစ္စာဖောက်

လေကြောင်းရန်မှ တိုက်ခိုက်ခံလိုက်ရပြီးနောက် ချီတို့သည် အေဂျီမြစ်ကိုဖြတ်ကူးကာကျွမ်းဝင်ပြီးသောနယ်မြေဟောင်းဆီပြန်လာကြရာမင်ဒိုဇာ၏အိမ်အထိ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြသည်။ လမ်းမရှိတာကို ခုတ်ထွင်ပြီးလာရသည့်အတွက် ခရီးမတွင်လှချေ။ ကရက်စပိုက ဝက်အူချောင်းလေးချောင်းပါသော သံဘူးတစ်ဘူးယူလာရာ ဗီဒယ်လ်၊ ချီနှင့် ရဲဘော်တစ်ယောက်တို့ ရိက္ခာဝေစုခွဲယူကြရသည်။ ဝက်အူချောင်းကို အရသာခံစားရင်းခရီးဆက်ကြသည်။ အဘိုးကြီးမင်ဒိုဇာအိမ် ရောက်သောအခါ ကျွေးမွေးပြုစုပါသည်။ သူ့မှာ ချီတို့ရဲဘော်တွေနှင့် ခင်မင်ရင်းနှီးမှုဖြစ်သွားလေသည်။

ငှက်ဖျားရောဂါ စွဲကပ်ခံရသော ချီကို ရဲဘော်တွေက လက်တွဲကူညီသောကြောင့်သာ ခရီးဆုံးထိ လိုက်ပါနိုင်ခြင်းဖြစ်သည်။ နို့မို့ကား မလွယ်။ ခရီးမှာ ကြမ်းတမ်းခက်ခဲလှပေသည်။ လွန်ခဲ့သော ရက်အနည်းငယ်က ယူတီမီယို စခန်းမှာ ရှိနေစဉ်အခါမှာ ယူတီမီယိုသည် အကောက်ဉာဏ်ဖြင့် ဗီဒယ်လ်နှင့် စောင်တစ်ထည်တည်းခြုံ၍ အိပ်နေကြစဉ် လုပ်ကြံရန် ကြိုးစားသေးသည်။ အစောင့်များ စဉ်ဆက်မပြတ်ရှိနေ၍ အခွင့်မသာခဲ့ချေ။ စီရိုဖရီယာက သိပ်မဝေးသော သူ့အိမ်ကို ပြန်သွားပြီး ကြက်ဥနှင့် စားစရာများယူခဲ့၍ ကြက်စွပ်ပြုတ်ကလေးကို နံနက်စာအဖြစ် စားသုံးနိုင်ခဲ့ကြသည်။

ဒီနေ့ လိုမာဘရိုကို ရန်သူလေကြောင်းက တိုက်လိမ့်မယ်ဟု ယူတီမီယို ကြိုပြောခဲ့သည်။ ပြောတဲ့အတိုင်း ဖြစ်လာ၍ သူ့ဟောချက်ကို ဂုဏ်ယူဝင့်ကြွား နေသည်။ ၁၉၅၇ ခု၊ ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် ဆီရိုဖရီယာနှင့် လူးဝစ် ကရက်စပိုတို့ ခါတိုင်းကဲ့သို့ သတင်းထောက်လှမ်းရန်နှင့် ရိက္ခာရှာရန်အတွက် ထွက်သွားကြသည်။ နံနက် (၁၀) နာရီတွင် ချီတို့တပ်သို့ လူသစ်အဖြစ် မကြာ မီက ဝင်လာသော လက်အာဒါက အနီးတစ်ဝိုက်မှ လူတစ်ယောက်ကို ဖမ်းဆီး ခေါ်ဆောင်လာသည်။ ဆယ်လက်စတီနို၏အိမ်တွင် ရန်သူစစ်သား တစ်ရာ လေးဆယ် ရောက်နေသည်ဟု သူက သတင်းပေးသည်။ နောက်တစ်နေ့ ဒီဒေသတစ်ဝိုက်ကို ဗုံးကြဲလိမ့်မည်ဟု အကျဉ်းသားက အစစ်ခံသည်။ စစ်သား တွေ နေရာရွှေ့သွားသော်လည်း ဘယ်အရပ်သို့ ရွှေ့သွားမှန်း မသိဟုလည်း ဆိုပြန်သည်။ ဗီဒယ်လ်က လုံးဝမသင်္ကာဖြစ်လာသည်။ ယူတီမီယို၏ ထူးဆန်း သော အပြုအမူများကို ချီတို့ သတိထားမိလာကြသည်။

နေ့လယ် (၁) နာရီခွဲတွင် ဗီဒယ်လ်က စခန်းကိုဖျက်ရန် ဆုံးဖြတ်လိုက် ပြီး တောင်ကုန်းထက် တက်လာမည့်ကင်းထောက်များ ပြန်ရောက်အလာကို စောင့်နေကြသည်။ သိပ်မကြာမီ ဖရီယာနှင့် ကရက်စပိုတို့ ပြန်ရောက်လာကြ သည်။ ထူးခြားဖြစ်စဉ်မရှိဟု သတင်းပို့သည်။ လှုပ်ရှားမှုအရိပ်တွေ့ကြောင်း ရဲဘော်ရိုဒွန်ဒို ပြောလာသည်။ တိတ်တိတ်နေရန် အချက်ပြလိုက်ပြီး ရိုင်ဖယ် မောင်းကို တင်ထားလိုက်သည်။ သေနတ်သံတစ်ချက် ကြားလိုက်ရပြီး နောက် သေနတ်သံတွေ ဆက်တိုက်ထွက်ပေါ်လာသည်။ ပေါက်ကွဲပစ်ခတ်သံ များဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွားသည်။ ချီတို့၏ စခန်းဟောင်းကို စုပြုံတိုက်ခိုက်နေခြင်း ဖြစ်သည်။ ချီတို့လည်း ယာယီစခန်းသစ်ကို ဖျက်သိမ်း ကာ လူစုခွဲ၍ ကိုယ်ယောင်ဖျောက်လိုက်ကြသည်။ ဂျူလီယိုအကိုစတာ တစ် ယောက်သာ စခန်းသစ်တောင်ကုန်းထိပ်တွင် ကျဆုံးခဲ့သည်။

ချီတို့လည်း ကျောပိုးအိတ်ပင် မသယ်နိုင်ဘဲ ရှောင်တိမ်းခဲ့ရသည်။ စောင်တစ်ထည်သာ အမိအရ ဆွဲလာနိုင်သည်။ အယ်မေဒါ၊ ဂျူလီယိုဒိုင်ယက်၊ ယူနီကာဆို၊ ကမီလို၊ အယ်ကာမိုဂယ်လာမိုဂါစီယာ၊ ဆီရိုဖရီယာ၊ မိုတိုလာ၊

ပီဆင့်၊လက်အရာတာနှင့် ယာယိစသော ရဲဘော်အချို့နှင့် တွေ့ရသည်။ တိုက်ပွဲဖြစ်နေရာမှ အခြေအနေကို မသိရသေးသော်လည်း ခြေရာခံလိုက်မည့်လမ်းကြောင်းကို ဖျက်ခဲ့ရသည်။ သို့ပြား မသေသပ်၍ နောက်က ရန်သူလိုက်လာနိုင်သည်။ ညနေ (၅) နာရီ (၁၅) မိနစ်အချိန်တွင် တောအုပ်၏အဆုံး ကမ်းပါးစောက်များ ပြည့်လျှမ်းနေသော နေရာတစ်ခုသို့ ရောက်လာသည်။ ဖရီယာ၏ မသေချာသော လမ်းပြမှုဖြင့် ခရီးဆက်ကြရပြန်သည်။ လီမိုနက်ခေါ် နေရာတစ်ခုသို့ ရောက်လာကြသည်။

အယ်လိုမွန်ဘက်သို့ ခရီးဆက်ရန် အယ်လ်မေဒါက အမိန့်ပေးသည်။ ထိုနေရာကို သစ္စာဖောက် ယူတီမီယို သိထားကြောင်း ရဲဘော်တချို့က တင်ပြငြင်းဆန်သော်လည်း အယ်မေဒါရဲ့အမိန့်သည် ဗီဒယ်လ်၏ ဆုံးဖြတ်ချက်ဖြစ်ကြောင်း နားလည်ကြရသည်။ သုံးရက်မျှ လှုချင်းကွဲကွာကြပြီးနောက် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် အယ်လိုမွန်နှင့် မနီးမဝေး ကရိဒက်အမည်ရှိ ဒေသ၌ ဗီဒယ်လ်နှင့် ချီတို့တွေ့ကြရသည်။ ထိုအခါကျမှ ယူမီတီယို တကယ့်သစ္စာဖောက်ဖြစ်ကြောင်း သိရတော့သည်။ ၁၉၅၇ ခု၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပြန်လည်ပေါင်းစည်းထားသော တပ်မတော်ဖြစ်သော်လည်း ရဲဘော်အချို့မှာ ဖရိုဖရဲ ပြိုကွဲနေကြသေးသည်။ အာမင်ဒိုသည် တပ်ပြေးဖြစ်နေ၏။ သူနှင့် သွန်ပဆင်စက်ကလေးတစ်လက် ပါသွားသည်။ ချီတို့သည် အယ်လီမွန်ဒေသကို စွန့်ခွာ၍ နေရာသစ်သို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်လိုက်ကြသည်။ လမ်းတွင် လယ်သမားများနှင့် အဆက်အသွယ်ရယူကာ အကူအညီ ရရှိရေးအတွက် လိုအပ်သော အခြေခံစခန်းများ တည်ဆောက်ကြသည်။ လွင်ပြင်ဒေသများဆီသို့ ဦးတည်ချီတက်ကြရာ လမွန်ထရီယာအမည်ရှိ ကျေးရွာကိုဖြတ်သန်းလာပြီးနောက် စမ်းချောင်းဘေးရှိ တောအုပ်ကလေးတွင် စခန်းချဖြစ်ကြသည်။ အယ်ပီဖာနီယိုက ချီတို့အတွက် စားနပ်ရိက္ခာတွေ ပို့ပေးသည်။ သူ့သားတွေအားလုံး တော်လှန်ရေး၌ ဝင်ရောက်တိုက်ခိုက်နေသည်ဟု ပြောလေသည်။

ဖူလိုင် (၂၆) လူပ်ရှားမှုအဖွဲ့နှင့် အဆက်အသွယ်ရရှိရန် ကြိုးစားကြသည်။ အဖွဲ့နှစ်ဖွဲ့ကွဲနေပြီး ခြားနားသော ပရိယာယ်၊ ခြားနားသော သေနင်္ဗျူဟာများရှိနေကြသည်။ညီညွတ်ရေးဖြစ်စေချင်သော်လည်းလေးနက်သော ကွဲလွဲမှုများ မပေါ်ပေါက်သေးချေ။ ခံယူချက်ခြင်း ကွဲပြားလျက်ရှိသည်ကို ချီတို့သိထားကြသည်။

လယ်ကွင်းထဲရှိမြို့ဆင်ခြေဖုံးဒေသ လှုပ်ရှားမှု၏အရေးအပါဆုံး ပုဂ္ဂိုလ်သုံးယောက်နှင့် ချီတို့ တွေ့ဆုံဖြစ်ကြသည်။ ဗီလ်မာအက်စပင်၊ ဟေဒီစန္တာမာရီယာနှင့် ချက်ရဲဘော်စီလီယာဆန်ချေတို့ ဖြစ်ကြသည်။ နောင်အခါ၌ ဗီလ်မာအက်စပင်သည် ကျူဘားအမျိုးသမီးအဖွဲ့ချုပ်၏ ဥက္ကဋ္ဌလည်းဖြစ်၊ ရောလ်၏ဇနီးလည်းဖြစ်လာသူဖြစ်သည်။ဟေဒီမှာကာစာဒီလာအမေရိကအဖွဲ့၏ဥက္ကဋ္ဌလည်းဖြစ် အာမင်ဒိုဟတ်၏ ဇနီးလည်း ဖြစ်လာသူသာတည်း။ ချီတို့စခန်းသို့နောက်ထပ်ရောက်လာသူတစ်ဦးမှာ ဖော်စတီနီရက် ဖြစ်သည်။ (ဂရန်မာရွက်လှေကလေးမှ မိတ်ဆွေဟောင်းဖြစ်ပြီး မကြာမီမှာ အဖမ်းခံသွားရသူဖြစ်သည်။)

စင်တီယာဂိုမှ ခေါင်းဆောင်ကြီးဖြစ်သော ဖရန့်ပေး(စ်)နှင့် ချီတို့ တစ်ကြိမ်သာ တွေ့ခွင့်ရလိုက်သည်။ သူ့ကိုတွေ့သောအခါ မလေးစားဘဲ မနေနိုင်အောင် ဖြစ်ရသည်။ သူ လုပ်ဆောင်နေသော အရေးတော်ကို ပိုင်ပိုင်နားလည်နေသော လူဖြစ်မှန်း သူ့မျက်စိအစုံက လေးနက်စွာ ဖော်ပြနေလေသည်။ ထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။ မေ့ပျောက်နိုင်စွမ်းမရှိသော ဖရန့်ဟု ခေါ်နေကြသလို ချီအဖို့လည်း ထို့နယ်ခံစားရလေသည်။

ဖရန့်သာအသက်မတိုခဲ့လျှင် ဆိုရှယ်လစ်တော်လှန်ရေး၏ဘုံလုပ်ငန်းတာဝန်များကို လုံးဝဥဿုံ ထမ်းဆောင်နေမည့် ရဲဘော်တစ်ဦးဖြစ်သည်။ သူက အမိန့်နှင့်စည်းကမ်းအရာတွင် သင်ခန်းစာတစ်ခု ပေးခဲ့လေသည်။ ညစ်ထေးနေသော ရိုင်ဖယ်တွေကို တိုက်ချွတ်ရန်၊ ကျည်ဆန်ကို ရေတွက်ပြီး အပျောက်မရှ မရှိအောင် ထုပ်ပိုးထားရန်တို့ ဖြစ်သည်။

နိုင်ငံခြားသတင်းစာဆရာ နာမည်ကျော် ဟားဘတ်မက်သရူးရောက်လာသည်။ ကင်မရာတစ်လုံးဖြင့် ဓာတ်ပုံတွေ ရိုက်ယူသွားသည်။ ထိုဓာတ်ပုံများ နောင်တစ်ချိန်တွင် အလွန်အမင်း ပျံ့နှံ့သွားပြီး ဘာတစ္စတာ အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦး၏ မိုက်မဲသောမိန့်ခွန်းများတွင် ပြင်းထန်သော ဝိဝါဒကွဲခဲ့ချင်းသာ အဖတ်တင်သည့် ဓာတ်ပုံများဖြစ်ခဲ့လေသည်။ ထိုစဉ်က စကားပြန်လုပ်ပေးခဲ့သူမှာ ပါဇီဖြစ်သည်။ ပါဇီသည် ပြောက်ကျားတပ်ဖွဲ့သို့ ဝင်ရောက်ကာ ကာလအတန်ကြာ အတူနေသွားခဲ့လေသည်။ တော်လှန်ရေးကို ထောက်ခံသော သတင်းစာဆရာ ဖြစ်သည်။ လက်နက်များကို ပြည်သူများအား ဖိနှိပ်မှု မပြုဘဲ တိုက်တစ်တိုက်လုံး ကာကွယ်ရေး၌သာ အသုံးပြုရန် တိုက်တွန်းခဲ့လေသည်။ မက်သယူး ပြန်သွားသောအခါ စခန်းရွှေ့ဖို့ ပြင်ဆင်ကြသည်။

ယူတီမီယိုကို တွေ့အောင်ရှာ၍ ဖမ်းဆီးခေါ်ဆောင်လာရန် အယ်လ်မေဒါအား တာဝန်ပေးအပ်လိုက်သည်။ ဂျူလီယို၊ ဆီတိုဖရီယာ၊ ကမီလိုစသည့် ရဲဘော်များပါဝင်သောအစုကလေးများကင်းလှည့်ကြသည်။ တစ်နေ့မှာ ဆီယိုဖရီယာကယူတီမီယိုကိုဖမ်းဆီးခေါ်ဆောင်လာသည်။ သစ္စာဖောက်ယူတီမီယိုထံမှ ပွိုင့် ၄၅ ပစ္စတိုတစ်လက်၊ လက်ပစ်ဗုံးသုံးလုံးနှင့် အစိုးရတပ်က ထုတ်ပေးသော လုံခြုံရေးထောက်ခံစာတစ်စောင်ကို ရှာဖွေသိမ်းဆည်းရမိသည်။

ဖီဒယ်က ယူတီမီယို သစ္စာဖောက်မှုတွေကို ပြင်းထန်စွာ စွဲချက်တင်ရာ ယူတီမီယိုက သူ့အပြစ်ကို ဝန်ခံပြီး သူ့ကိုပစ်သတ်ရန် တောင်းဆိုလေသည်။

ယူတီမီယို၏နိဂုံးက ကြေကွဲဖွယ်ရာဖြင့် အဆုံးသတ်ရတော့မည်။ သူ့သားသမီးတွေကို ပြုစုစောင့်ရှောက်ပေးရန်သာ မှာကြားထားခဲ့၏။ တိုက်ဆိုင်စွာပင် လေမုန်တိုင်းကျလာပြီး လျှပ်ပန်းအလက်၊ မိုးထစ်ချုန်းသံကြီးအကြားမှာထွက်ပေါ်သွားသောသေနတ်သံနှင့်အတူ ယူတီမီယိုလဲကျသေဆုံးသွားလေပြီ။ ယူတီမီယိုအလောင်းကို သေချာစွာမြှုပ်နှံပြီး ဖာဂျာဒိုက အနီးရှိ သစ်ပင်မှ သစ်ကိုင်းချိုးကာ မြေပုံပေါ်မှာ ထိုးစိုက်ပေးလိုက်သည်။

ချီတို့အဖွဲ့မှ ထွက်ပြေးသွားသော မိုရန်ကို တပ်ပြေးဟုယူဆထားသည်။ ချီတို့တစ်တွေ ထွက်ခွာခါနီးမှာ သေနတ်သံတစ်ချက်ကြား၍ ပြေးသွားကြည့်

ရာ ခြေထောက်တွင် သေနတ်ဒဏ်ရာဖြင့် လဲနေသော မိုရန်ကို တွေ့ရလေသည်။ မိုရန်မှာ သူ့ကိုယ်သူ တမင်ကြိုတင်ကြံစည် ပစ်သတ်ခဲ့ခြင်း ဖြစ်သည်။

ဖရန့်စ်ပေးစ်က လာမည့်မတ်လဆန်းလောက်တွင် လူသစ်တချို့ ပို့ပေးမည်။ ဂျီဘာရိုအနီးတစ်ဝိုက်မှ အက်ပီဖာနီယို၏အိမ်တွင် လူချင်းဆုံကြမည်ဟု သတိပေးလေသည်။

# တပ်မတော်၏ဒဏ္ဍာရီ

အက်ပီဖာနီယို၏အိမ်မှ ထွက်လာပြီးနောက်ပိုင်း နေ့ရက်များတွင် ချီတို့တစ်ဦးချင်းအနေဖြင့် စစ်ကာလ၏ နာကြည်းဖွယ်ရာ အကောင်းဆုံးနေ့ရက်များ ဖြစ်နေတော့သည်။ မူလတပ်မတော်မှလာသူ (၁၇) ယောက်၊ ဂီလ်၊ ဆိုတိုလွှန်လိုနှင့် ရောလ်ဒိုက်ယက်ဇ် စသည့်ရဲဘော်သစ် သုံးယောက် ပါဝင်ကြလေသည်။ ထိုရဲဘော်သုံးဦးမှာ "ဂရန်မာ" ရှက်လှေတွင် ပါလာကြသူများဖြစ်ပြီး လုံခြုံရာတွင် ကာလအတန်ကြာအောင် ပုန်းနေရပြီးမှ ချီတို့ရှိရာသို့ လိုက်လာခြင်း ဖြစ်သည်။ လူသစ်တွေရောက်လာကြသလို ထွက်ပြေးသူများလည်း ရှိနေကြပြန်သည်။ တိုက်ပွဲမှာ အလွန်ကြမ်းတမ်းခက်ခဲသည်။

အခါမလပ် စက်သေနတ်သံတွေ ကြားနေရသည်။ ကျေးလက်ကာကွယ်ရေးတပ်များ မည်းမည်းမြင်ရာ သူပုန်အထင်နှင့် ရမ်းပစ်ခတ်နေခြင်းဖြစ်သည်။ ရည်ရွယ်ချက်မရှိ ခြေဦးတည့်ရာ သွားနေခြင်းဖြစ်သည်။ မာဂျဂါအရပ်တွင် တစ်နေလုံးနားနေပြီး ညရောက်တော့မှ အဲမီလီယာနို အမည်ရှိ လယ်သမားတစ်ဦးအိမ်သို့ ဝင်ခဲ့ကြသည်။ ဆီယာရာတွင် မိုးရာသီဖြစ်သည့်အတွက် ညစဉ်ညတိုင်း ချီတို့ရွှံ့ရွှံ့စိုနေကြရသည်။ စစ်သားများ ခြေချင်းလိမ်နေသောအရပ်မို့ အထူးသတိထားနေရသည်။

ချိုမှာလည်း ပန်းနာပြန်ထသည်မှာ ပြင်းထန်လှသည်။ လယ်တဲအနီး ကော်ဖီပင်များအကြားတွင် အိပ်စက်ရင်း ကိုယ့်တပ်ကိုယ် ပြန်စုကြသည်။ ရေဒီယိုမှ တစ်လအတွင်း သတင်းများကို ကြေညာသံကြားလိုက်ရသည်။ အကြမ်းဖက်သမားတို့၏ အပြုအမူများ၊ မက်သယူးနှင့် ဗီဒယ်လ်တို့ တွေ့ဆုံမှုများအကြောင်းကို ပြောဆိုပြီးနောက် ကာကွယ်ရေးဝန်ကြီးက သူ၏နာမည်ကျော် မိန့်ခွန်းများကို ပြောကြားနေလေသည်။ သတင်းထောက် မက်သရူးနှင့် ဗီဒယ်လ် တွေ့ဆုံမေးမြန်းမှုများမှာ လိမ်လည်မှုသာဖြစ်ကြောင်း၊ မက်သရူး ရိုက်ယူလာသော သူပုန်ဓာတ်ပုံများကို ပုံနှိပ်ဖော်ပြလျှင် အရေးယူမည်ဟု ကာကွယ်ရေးဝန်ကြီးက ကြေညာလေသည်။ အဲမဲလီယာနို၏ သားဖြစ်သူ "ဟမ်း" က ချိုတို့ကို ချက်ပြုတ်ကျွေးမွေးကာ သွားရမည့်လမ်းကို ညွှန်ပြသည်။ ဖေဖော်ဝါရီလ (၂၈) ရက်တွင် သူ ပေါ်မလာတော့ပေ။ ထို့ကြောင့် ဗီဒယ်လ်က ရှေ့ဘာဖြစ်မည်ကို မသိ၍ သတိရှိသောအနေဖြင့် ဆုတ်ခွာလျှင် လမ်းမပေါ်ကို ဆီး၍မြင်နိုင်သည့်နေရာမှာ နေရာယူထားကြရန် အမိန့်ပေးသည်။

ညနေ (၄) နာရီခန့်တွင် လူးဝစ်ကရက်စပိုနှင့် ယူနီဘာဆိုတိုက လမ်းမဆီသို့ စောင့်ကြည့်နေခိုက် စစ်သားအမြောက်အမြား တက်လာနေကြတာကို တွေ့မြင်ရ၏။ လာ့ဗီးဂါစ်မှ လာရာလမ်းအား သိမ်းပိုက်စိုးမိုးရန် ပြင်ဆင်နေကြောင်း တွေ့ရသည်။ စစ်တပ်အပိုင်းမခံရမီ ချိုတို့ အခြားတစ်ဖက်သို့ ဖြတ်ကူးခဲ့ကြသည်။ ကြို့တွေ့၍ ကြို့ရှောင်နိုင်ခြင်း ဖြစ်သော်လည်း မော်တာသံတွေ၊ စက်သေနတ်သံတွေ ကြားလိုက်ကြရသည်။ ချိုတို့တပ်ရှိရာကို ရန်သူဘာတစ္စတာတပ်တွေ သိနေပြီဆိုတာ အသံပေးလိုက်သလို ဖြစ်သွားသည်။

တောင်ကုန်းထိပ်မှ တစ်ဖက်ကမ်းကို ချိုပန်းနာရောဂါထသည့်ကြားက မနည်းကူးရသည်၊ ကရက်စပိုက ကူညီထမ်းပိုးပေးမှ လိုရာကိုရောက်၏။ လယ်တဲတစ်ခုရောက်လာရာ ဤနေရာမှာ ပါဂါတိုရီယိုဖြစ်ကြောင်း ကြားသိရသည်။ ဗီဒယ်လ်က အစိုးရစစ်တပ်မှ မေဂျာဝွန်ဇာလေးအဖြစ် ဟန်ဆောင်၍ သူပုန်တွေကို လိုက်ရှာနေဟန် အယောင်ဆောင်သည်။ လယ်သမားက သူ့တဲမှာ တည်းခွင့်ပေးသော်လည်း အေးတိအေးစက်ဖြင့် ကြည့်နေသည်။ ချိုမှာ

ရောဂါထနေ၍ဘာမှဝင်မပြောနိုင်။ လယ်သမားပြန်သွားမှအိမ်ရှင်ကိုဗီဒယ်လ်က သူ ဘယ်သူဘယ်ဝါအမှန်ဆိုတာ ပြောပြလိုက်၏။ လယ်သမားက ကူညီရန်အသင့်ရှိကြောင်း ပြန်ပြောသည်။

ရေဒီယိုကြေညာချက်၌ အကျဉ်းချခြင်းခံရသော အာဗင်ဒိုဝက်ကိုလည်း တော်လှန်ရေးလှုပ်ရှားမှု၏ ဒုတိယဦးစီးသူပုန်ခေါင်းဆောင်အဖြစ် တရားစွဲဆိုလေသည်။ ထိုနေ့မှာ ဖေဖော်ဝါရီလ (၂၈) ရက်နေ့ ဖြစ်သည်။ ဆီယာရာဒေသ တိုက်ပွဲကာလ နေ့ရက်များတွင် အခါးသီးဆုံးသော ရက်ပေါင်း (၁၀) ရက်နှင့် ရင်ဆိုင်ရတော့သည်။ ချီသည် ရှိင်ဖယ်ကို တောင်ဝှေးပမာ မှေးလိုက်ရင်း ခရီးဆက်ရ၏။ တစ်ရက်သာသာ သွားရသည့်အိမ်ဆီကို (၁၁) ရက်မှ ရောက်ရှိသွားရသည်။

အိမ်သူအိမ်သားတွေက ဖြစ်ပုံပျက်ပုံ အလုံးစုံကို ပြန်လည်ပြောပြသည်။ အယ်လ်တိုဒီမီရီနိုင် အရပ်တွင် စစ်တပ်ကတိုက်တော့မည်ထင်ကာ ဗီဒယ်လ်၏ (၁၈) ဦးသော ရဲဘော်များမှာ ချက်ချင်းနစ်စု ကွဲသွား၏။ ဗီဒယ်လ်နှင့် ရဲဘော် (၁၂) ယောက် ပါသွားသည်။ ဆီယိုဖရီယာနှင့် ခြောက်ယောက် ပါသွားသည်။ ဆီယိုအစုမှ ရန်သူတပ်၏ ချောင်းမြောင်း တိုက်ခိုက်ခြင်း ခံရသော်လည်း တစ်ယောက်မှ ထိခိုက်ဒဏ်ရာရမှုမရှိဘဲ အနီးတစ်ဝိုက်မှာ ပြန်ဆုံနိုင်ကြသည်။ ရဲဘော်ယာယိနှင့် ချီတို့တွေ့ကြရာ သူ့ထံမှ သတင်းစုံ ကြားကြရသည်။ လူသစ်ငါးယောက် ရောက်ရှိလာနိုင်ရေးအတွက် လိုအပ်သော ပြင်ဆင်မှုတွေ ချီတို့ ပြုလုပ်ကြရပြန်လေသည်။

မတ်လ (၁၃) ရက်နေ့၌ ရန်သူ ဘာတစ္စတာ၏အသက်ကို လုပ်ကြံရန် ကြိုးပမ်းကြောင်း ရေဒီယိုမှ သတင်းကြေညာသည်။ လုပ်ကြံသူအမည်များကိုပါ ကြေညာသည်။ ကျောင်းသားခေါင်းဆောင် ဂျိုစ်အင်တိုနီနီနှင့် မီနီလိုမိုရာတို့လို လုပ်ကြံရန်ကြိုးပမ်းမှုတွင် မပါဝင်သူများပင် အသတ်ခံကြရသည်။ အမြင်မှန်ပါတီမှ တပ်သားကောင်းတစ်ယောက်ဖြစ်သူ နာဗာရိုလည်း သတ်ဖြတ်ခံရလျက် သူ့အလောင်းကို ကြေးရတက်တို့ရပ်ကွက်မှာ ရှာဖွေတွေ့ရှိရသည်ဆိုသော သတင်းကိုလည်း ကြားသိရသည်။ နောင်သောအခါတွင်

ကျူဘားနိုင်ငံအား စက်ဆုပ်စရာ ကွန်မြူနစ်လက်အောက် မှ လွတ်မြောက်စေရန်ဟုဆိုကာ အရေးမလှဖြစ်ခဲ့သော "ဝက်ပင်လယ်အော်" ကျူးကျော်ဝင်ရောက်မှုတွင် နာဗာရိုကို သတ်ခဲ့သော လူသတ်သမားများနှင့် သေဆုံးသူနာဗာရို၏သားများ လက်တွဲပါဝင်ခဲ့သည်မှာကား အလွန်မှတ်သားဖွယ်ကောင်းလှပေသည်။

(၁၆) ရက်နေ့ စစ်ကူများရောက်လာကြသည်။ သူတို့တစ်တွေ ပင်ပန်းနွမ်းနယ်နေကြ၍ တစ်နေ့တာလုံး အနားယူရသည်။ ရောက်လာသူငါးဆယ်၌သုံးဆယ်သာ လက်နက်ကိုင်ဆောင်ထားကြသည်။ စစ်ကူအသစ်များမှာချို့ယွင်းချက်တွေ ရှိနေကြ၏။ ကပ္ပတိန်ဂျော်ရီဆိုတပ် ဦးဆောင်လာသောတပ်သားငါးဆယ်ကို ဆယ်ဦးတစ်ဖွဲ့စီ ခွဲပစ်လိုက်သည်။ ထိုအဖွဲ့များကိုဦးဆောင်သူများမှာ ရဲဘော်ဒိုမင်ဂို၊ ရဲဘော်လာတိုး၊ ပက်ဒရင်ဆိုတို၊ ရဲဘော်စီပီနာ၊ လက်ဖတင်နင်ဟာမိုတို့ ဖြစ်ကြသည်။ ထိုတပ်တွေကို ဦးစီးရန် ချီအားအမိန့်ပေးထားရာ သူတို့က ဖီဒယ်လ်ကလွဲ၍ အခြားမည်သူ့လက်မှ မလွှဲအပ်နိုင်ဟု ပြန်ပြောကြသည်။ ချီတွင် နိုင်ငံခြားသားဖြစ်သည်ဟူသော စိတ်ကြောင့်အားငယ်ပြီး ဘာမှ လွန်ကျုံစွာမပြောမိရန် အထူးဂရုစိုက်နေရသည်။ ချီတို့တပ်သားဟောင်းနှင့် တပ်သားသစ်များမှာ စည်းကမ်းရှိမှု၊ ကျစ်လျစ်မှု၊ စစ်ဆင်ရေးအတွက် အဆင်သင့်ရှိနေမှုမှာ များစွာကွာခြားနေသည်။

နောင်ကြာသောအခါ ကပ္ပတိန်ဆိုတပ်အား မီယာမီသို့ အထူးတာဝန်ဖြင့် စေလွှတ်ရာ ဖီလစ်ပါဒို့နှင့် တွေ့သွားပြီး တော်လှန်ရေးကို သစ္စာဖောက်ခဲ့လေသည်။ နောင်မှ ကပ္ပတိန်ဆိုတပ်က သူ့အပြစ်များကို ပြင်ပါပြီဟုဆိုကာဝန်ချသောအခါ ရောလ်ကတ်စထရိုက ပြန်လာခွင့်ပြုခဲ့၏။ သို့ရာတွင် တော်လှန်ရေးကို ထပ်မံသစ္စာဖောက်ပြန်သဖြင့် အနှစ် (၂၀) ထောင်ဒဏ်ပေးခြင်းခံခဲ့ရသည်။ သူသည် အစောင့်တစ်ဦးကိုဖြားယောင်းကာ ထိုအစောင့်နှင့်အတူသစ္စာဖောက်တို့ခိုလှုံရာ အမေရိကန်ပြည်ထောင်စုသို့ ထွက်ပြေးသွားလေသည်။ ချီတို့သည် တပ်သားသစ်များကို အကောင်းဆုံးဖြစ်အောင် လေ့ကျင့်

သင်ကြားပေးကြသည်။ တပ်ကို ပြင်ဆင်ပြီးနောက် သွေးနှင့်ရင်းသော တိုက်ပွဲကို စတင်စိုင်းပြင်းကြသည်။

ရှေ့တန်းကင်းအဖွဲ့တွင် ကမီလို ဦးဆောင်သော လေးယောက်အဖွဲ့ကို ဖွဲ့ပေးသည်။ ထို့နောက် လိုက်ရမည့်တပ်စုကို ရောလ်ကာတ်စထရိုက ဦးဆောင်လျက် ယင်းတပ်စုတွင် တပ်စိတ်သုံးစိတ်ပါဝင်သည်။ တပ်စိတ်များကို ဦးစီးသော လက်ဖတင်နင်သုံးယောက်မှာ ဂျူလီတိုဒိုင်ယက်၊ ရာမီရိုဗယ်လ်ဒက်နှင့် နာနီဒိုင်ယက်တို့ ဖြစ်သည်။

နောက်ထပ် တပ်စုတစ်စုကို အယ်လ်မေဒါက ကွပ်ကဲပြီး သူ့လက်အောက်တွင် လက်ဖတင်နင်ဟာမို၊ လက်ဖတင်နင် ဂီလာမိုဒိုမင်ဂွဲစ်နှင့် လက်ဖတင်နင်ပီနာတို့ ဖြစ်ကြသည်။ လက်ဖတင်နင်အက်ဖီဂျီနီယို ဦးစီးသော ရဲဘော်သုံးဦးမှာ နောက်တန်းကင်းတပ်အဖြစ် လိုက်ပါရသည်။

တပ်ဖွဲ့စည်းပုံအရ တပ်စိတ်လိုက် ချက်ပြုတ်စားသောက်ကြပြီး ရိက္ခာ၊ ဆေးဝါးနှင့် လက်နက်များကိုလည်း တပ်စိတ်အလိုက် ဝေငှပေးသည်။ လာဒီရီချာအယ်လိုမွန်နှင့် အယ်ယူဗီရိုတို့အကြားရှိ ကားလမ်းမှာ ချီတို့အတွက် လနှင့်ချီကြာအောင် သတိကြီးစွာထားပြီး ခြေကျင်လျှောက်ကြရသည်။ ၁၉၅၇ ခုနှစ်၊ ဧပြီလလယ်တွင် ချီတို့သည် အလုပ်သင်တပ်မတော်နှင့်အတူ အယ်လ်ဘာကီနိုအနီးရှိ ပယ်လ်မာမိုချာဒေသသို့ ပြန်လာခဲ့ကြသည်။ ထိုဒေသရှိ လယ်သမားများက နယ်မြေကျွမ်းကျင်မှုနှင့် သတင်းရေးရာတွေမှာ ချီတို့ကို ကူညီကြလေသည်။

လယ်သမားတစ်ဦးထံမှ ရေဒီယိုကြီးတစ်လုံးကို ဖီဒယ်လ်က ငှားလိုက်သည်။ ထိုရေဒီယိုကြီးမှာ ရဲဘော်များ ကျောပေါ်တွင်လိုက်ပါပြီး မြို့တော်ဟားဗားနားမှလွှင့်သော သတင်းများကို တိုက်ရိုက်ကြားနိုင်ကြလေသည်။ ဧပြီလ ၂၃ ရက်တွင် သတင်းစာဆရာ ဘော့တက်ဘာနှင့် ဓာတ်ပုံသတင်းထောက်တစ်ယောက် ချီတို့စခန်းသို့ ရောက်လာသည်။ မာဒီနန်က စကားပြန်အဖြစ် ဆောင်ရွက်ပေးသည်။ ထိုအဖွဲ့နှင့်အတူ ရဲဘော်စီလီယာဆန်ချေဇ်နှင့် ဟေတီစင်တာမာရီယာ၊ မေရှာအဂ္ဂလီစီယာနှင့် မာဝယ်လိုတို့ လိုက်ပါလာကြ

သည်။ မြောက်အမေရိကန်သားများကို ချီတို့ရဲ့အင်အား ပြဿဖြစ်ရင်း မမေး ထိုက်သော မေးခွန်းများကို ရှောင်ကွင်းရန် ကြိုးစားကြရသည်။

ရဲဘော်နိုက်ကရာဂွါက နန်းတော်ကို ဝင်ရောက်တိုက်ခိုက်ရာတွင် ကြွင်းကျန်နေသော လက်နက်များ၊ စင်တီယာရိဒ် ရှိနေသေးကြောင်း သတင်း ပေးလာသည်။ သူ့အဆိုအရ စက်သေနတ် (၁၀) လက်၊ ဂျွန်ဆင်ရိုင်ဖယ် (၁၁) လက်နှင့် ကာဘိုင်ပြောင်းတို့ ခြောက်လက်ရှိသည်။ မီရန်ဒါက သကြားစက် ဒေသကို စစ်မျက်နှာသစ်ဖွင့်ချင်၏။ ဗီဒယ်လ်က ကန့်ကွက်ကာ ဒုတိယစစ် မျက်နှာအတွက် လက်နက်အနည်းငယ်သာ ယူဆောင်ခွင့်ပြုပြီး ရသမျှလက် နက်ကို ချီတို့အတွက် အားဖြည့်ရန် ယူဆောင်လာရမည်ဟု အမိန့်ပေးသည်။

ချီတို့ ချီတက်ကြရပြန်သည်။ နယ်မြေအတွင်းရှိ ကျေးလက်ကာကွယ် ရေးတပ်များနှင့် ဝေးအောင် ရှောင်ခြင်းဖြစ်သည်။ အယ်လ်တာကီနိုတောင် ပေါ်သို့ တက်ရင်း တောင်ထိပ်နားရောက်လာသည်။ ဘော့တက်ဘားနှင့် သတင်းစဉ် ရုပ်ရှင်ရိုက်ကူးမှုမှာလည်း ပြီးဆုံးသွားပြီ။ ထိုရုပ်ရှင်ကို အမေရိကန် ပြည်ထောင်စုတွင် ပြသသည်ဟုဆို၏။ ဗီဒယ်လ်ကို ရန်သူစစ်တပ်က သတ် ချင်နေ၍ လုပ်ကြံရေးသမားများကို မက်လုံးပေးကာ အမျိုးမျိုးစေလွှတ်နေကြ သည်။ ဗီဒယ်လ်အတွက် လုံခြုံရေးတင်းကျပ်ထားရသည်။

ချီတို့နောက်က ရန်သူစစ်တပ် တပ်ခွဲတစ်ခွဲ ကပ်လိုက်နေ၍ ထိုတပ် ကို ချောင်းမြောင်းပစ်ခတ်ရန် ဂီလာမိုနှင့် ရဲဘော်တစ်စုကို စေလွှတ်လိုက် သည်။ ပန်းနာရောဂါကြောင့် ချီ နောက်ဆုံးမှ လိုက်ရသည်။ သွန်ပဆင် လက် နက်ကိုလည်း မထမ်းရတော့ပေ။ ၁၉၅၇ ခုနှစ်၊ မေလအတွင်း သတင်းယူ ရိုက် ကူးမှု လုပ်ငန်းပြီးဆုံးသွားသော ဘော့တက်ဘာနှင့်အတူ မြောက်အမေရိက သား လူငယ်နှစ်ယောက် ပြန်လိုက်သွားရာ ဂွမ်တာနာမိုသို့ ကောင်းမွန်စွာ ရောက်ရှိသွားကြသည်။ ချီတို့တပ်က မစ္စထရာတောင်တန်း၏ တောင်ခါးပန်း များအတိုင်း တဖြည်းဖြည်း ချီတက်ကြ၏။ အဆက်အသွယ်ယူပြီး ဒေသသစ် များကို ရှာဖွေရသည်။ တော်လှန်ရေး မီးတောက်မီးလျှံကြားမှ ချီတို့ရဲ့ တပ်မ တော်၏ ဒဏ္ဍာရီကို တောင်တန်းတစ်ခွင် ပြံပြံစင်အောင် ဖြန့်ချိအုပ်လွှမ်းပစ်

လိုက်သည်။ လယ်သမားတွေမှာ ယခင်ကလောက် ရန်သူအစိုးရစစ်တပ်ကို မကြောက်ရွံ့ကြတော့ဘဲ ချီတို့ သူပုန်တပ်တွေကို လာရောက်နှုတ်ဆက် ဆီးကြိုကြသည်။ ချီတို့တပ်တွေကလည်း သူတို့အပေါ် ပို၍ ယုံကြည်စိတ်ချ လာသည်။ အင်အားတောင့်တင်း ခိုင်မာလာပြီဖြစ်သဖြင့် မည်သည့်ရန်သူ စစ်တပ်ကိုမဆို ခုခံတွန်းလှန်နိုင်ပြီဟု ယုံကြည်မိကြသည်။ အောင်ပွဲခံဖို့နီးကပ် လာသည့်သဘောပင်။ အာဏာသိမ်းပြီး ကြီးစိုးနေသော ဘာတစ္စတာ၏ စစ်တပ်ကို ကျူဘားမှ မောင်းထုတ်နိုင်ကြတော့မည်လေ။



# ပေါင်းစည်းတော်လှန်ရေးသို့

ချီတို့ အရှေ့ရှူးစူးသို့ ခရီးဆက်ခဲ့ကြသည်။ မေလ (၁၅) ရက်လုံးလုံး ဆက်လက်ချီတက်ဖြစ်သည်။ စင်တီယာဂိုမှ ပို့ပေးသော လက်နက်များကို လိုမာဘာရီတွင် ဝှက်ထားမည်ထင်ရသော လက်နက်များကို သွားရောက်ယူဆောင်ကြရန် အတင်းချီတက်ဖြစ်ခြင်းပင်။ လူတိုင်း နားပါးပါး၊ မျက်စိလျင်လျင်ဖြင့် ရိက္ခာကို ချွေတာသုံးစွဲပြီး သွားနေသည့်ကြားက မျက်စိလည်နေ၍ သံလိုက်အိမ်မြှောင်ကို အသုံးပြုရတော့သည်။ ထပ်ပြီး လမ်းမှားနေ၍ နီးရာ လယ်သမားတို့အား ဝင်ရောက်မေးမြန်းရာ လယ်သမားများက သူပုန်တို့စခန်းချရာဒေသကို ညွှန်ပြကြသည်။ လမ်းညွှန်အိမ်မြှောင်ထက် လမ်းပြကိုအားကိုးခြင်းသာ ပိုမိုခရီးတွင်စေကြောင်း ချီတို့လက်တွေ့မှာ သဘောပေါက်လာကြသည်။ စစ်ကြောင်းသို့ပြန်ရောက်သောအခါ ရဲဘော်တွေက လှိုက်လှဲစွာ ခရီးဦးကြိုပြုကြသည်။ ချီတို့ စိတ်လှုပ်ရှားစွာ တက်ကြွမိသည်။ ပြည်သူ့ခုံရုံးတင်ထားသော သတင်းပေး သုံးယောက်ထဲမှ တစ်ယောက်ကို သေဒဏ်ပေးလိုက်သည်။ ခုံရုံး၏ သဘာပတိက ကမီလို ဖြစ်သည်။

ဆရာဝန်ဖြစ်သော ချီမှာ ကျေးရွာတိုင်းတွင် လူနာကြည့်ဌာနများ ဖွင့်လှစ်ပေးရသည်။ ဆေးဝါးမပြည့်စုံ၍ အလွန်အခက်အခဲ တွေ့ရလေသည်။ ဆီယာရာ၌ တွေ့ရသောရောဂါများမှာ အရွယ်မတိုင်မီ အိုမင်းခြင်း၊ သွားမရှိ

သည့် ဗိုက်ပူနံကား မိန်းမနှင့် ကလေးသူငယ်များ၊ ပိုးမွှားအကိုက်ခံရသူများ၊ အရိုးပျော့ရောဂါသည်ကလေးများ စသည်တို့ဖြစ်ကြသေည်။ ချီတို့ တတ်စွမ်းသမျှ ကုသခြင်း၊ ပညာပေးခြင်းများ ပြုလုပ်ကြရသည်။

ချီတို့ ပြောက်ကျားတပ်များနှင့် လယ်သမားလူတန်းစားများမှာ တစ်သွေးတည်း၊ တစ်သားတည်းပမာ ပေါင်းစည်းမိလာကြသည်။ ဂီလာမိုဂါစီယာအား ကပ္ပတိန်အဖြစ် ရာထူးပေးလျက် ချီတို့တပ်ထဲဝင်လာသော လယ်သမားရဲဘော်အားလုံးကို အုပ်ချုပ်စေသည်။ နောက်နေ့တွင် ဗီဒယ်လ်ထံမှ ဆက်သွယ်ရေး ညွှန်ကြားချက်များနှင့်အတူ ဟောဒီစင်တာမာရီယာ ပြန်လည်ထွက်ခွာသွားသည်။ နောက်နေ့တွင် နိုက်ကရာဂွါကို ဖမ်းသွားပြီဟူသော သတင်းရောက်လာသည်။ ချီတို့ထဲ လက်နက်များ ယူဆောင်လာမည့် ကွပ်ကဲသူမှာ နိုက်ကရာဂွါ ဖြစ်သည်။ ချီတို့ဆက်လုပ်ဖို့ အခက်တွေ့ပြီ။ ပီနိုဒယ်လ်အင်္ဂါအနီးသို့ ချီတက်ရောက်ရှိကြသည်။ စွန့်ပစ်ထားသော သစ်ခုတ်စခန်းနှင့် လူမနေသော တဲနှစ်လုံးကို တွေ့ကြရသည်။ အနီးရှိကားလမ်းတွင် ချီတို့ ကင်းတပ်များက စစ်တပ်မှ ကော်ပိုရယ်တစ်ဦးကို ဖမ်းဆီးရမိခဲ့၏။

ဖမ်းမိသော ကော်ပိုရယ်မှာ ရာဇဝတ်မှုကျူးလွန်ရာတွင် အလွန်နာမည်ကြီးသူဖြစ်၍ ရဲဘော်များက သူ့ကို ကွက်မျက်လိုကြသည်။ ဗီဒယ်လ်က ငြင်းဆိုလိုက်၏။ သူ့ကို ဖမ်းချုပ်ထားလိုက်သည်။ ချီတို့ ရဲဘော်များက ချိန်းထားသော နေရာမှာ လက်နက်များ ရောက်မရောက် သွားကြည့်ကြသည်။ လက်နက်များ ရောက်မလာကြသေး။ စားနပ်ရိက္ခာများဝယ်ကာ ပြန်လာလိုက်ကြသည်။ လာလမ်းအတိုင်းပြန်လာကြရာ လွင်တီးခေါင်တွေကို သတိထားပြီး ဖြတ်ကျော်ရသည်။ ချီတို့ရှေ့နားမှ သေနတ်တစ်ချက် ကြားလိုက်ရသည်။

ကင်းထောက်ရဲဘော် ပီယာလိုက အကြောင်းပြန်သည်။ ရန်သူ ကာကွယ်ရေးတပ်နှင့် ပစ်ခတ်ခဲ့ရကြောင်း၊ လမ်းမှာ အလောင်းတစ်လောင်း တွေ့ရကြောင်း၊ ကာကွယ်ရေးတပ်သည် သူတို့အင်အားစုများရှိရာ ပီနိုဒယ်လ်အင်္ဂါဘက်ဆီသို့ ဦးတည်ဆုတ်ခွာသွားကြောင်း သတင်းပို့သည်။ ချီတို့တစ်တွေ သတိထားပြီးချီတက်လာရာအလောင်းတွေ့သောနေရာကိုရောက်လာသည်။

မည်သူမည်ဝါမှန်း မသိ။ နောက်မှ ဂီလာမိုဒိုမင်ဂေ့ဇ် ဖြစ်နေသည်။ ရှေ့သို့ ကြိုတင်သွားသော လက်ဖတင်နှင့် ဂီလာမိုဒိုမင်ဂေ့ဇ်ဖြစ်နေခြင်းပင်။

ရန်သူကျေးလက် ကာကွယ်ရေးတပ်များက သူတို့ရဲ့ ကော်ပိုရယ်ကို လိုက်ရှာနေကြခြင်း ဖြစ်လိမ့်မည်။ သူတို့ကော်ပိုရယ်ကို ချီတို့က ဖမ်းမိထားပြီးပြီ။ ပီနိဒယ်လ်အဂ္ဂါရှိ သစ်ခုတ်စခန်းတွင် ချီတို့သည် ဖမ်းမိထားသော အကျဉ်းခံ ကော်ပိုရယ် စီးလာသောမြင်းကို သတ်စားကြသည်။ ကြမ်းတမ်းသော မြေပြင်မှာ မြင်းက အသုံးမဝင်ပေ။ ချီတို့အတွက် ရိက္ခာလည်း နည်းနေသောကြောင့် သတ်စားကြခြင်း ဖြစ်သည်။ မြင်းသားစွတ်ပြုတ်ဖြင့် ချီတို့တပ်တွေ အာဟာရဖြည့်တင်းကြသည်။

ရေဒီယိုမှ ဂရန်မာရှက်လေ့နှင့် ရောက်လာသော သူပုန်များအား ပြစ်ဒဏ်အသီးသီးပေးကြောင်း ရေဒီယိုမှ ကြေညာလေသည်။ တရားသူကြီးတစ်ဦးက ထိုပြစ်ဒဏ်စီရင်ချက်ကို ကန့်ကွက်မဲပေးကြောင်း၊ ထပ်မံကြားရသည်။ ထိုတရားသူကြီးမှာ နောင်သောအခါ၌ သမ္မတနိုင်ငံ ယာယီသမ္မတအဖြစ် ရွေးချယ်ခြင်းခံရသော ယူရူတီယာပင် ဖြစ်လေသည်။ စင်သီယာဂိုမှ ဆက်သားတစ်ဦး ရောက်လာသည်။ သူ့အမည်မှာ အင်ဒရီဖြစ်ပြီး လက်နက်များနှင့်ပတ်သက်၍ သတင်းအတိအကျ ယူဆောင်လာသည်။ ဘာဘွန်ညီအစ်ကိုပိုင် ပင်လယ်ကမ်းစပ်တစ်နေရာရှိ သစ်ခွဲစခန်းတစ်ခုတွင် လက်နက်များ သွားရောက်ယူဆောင်ရန် သတင်းပေးသည်။ ထိုစဉ်အခါက လူများစွာတို့သည် နောက်တက်လာမည့် သူပုန်ဘဝမှ အစိုးရအဖွဲ့အာဏာရလာလျှင် ဆုလာဘ်နှင့်လုပ်ပိုင်ခွင့်များရလာစေရန်ကြိုတင်မျက်နှာလိုမျက်နှာရလုပ်ပြီး ကူညီကြ၊ဟန်ဆောင်ကာအခွင့်အရေးရှာကြသူများဟာလည်းတော်လှန်ရေး ယုံကြည်မှု ဘာဆိုဘာမှမရှိ။ တော်လှန်ရေးကိုပင် စီးပွားရေးတွက်တွက်ကာ ကြိုတင်ရင်းနှီးမြှုပ်နှံ ကူညီကြခြင်းပင်။ ဘာဘွန်ညီအစ်ကိုမှာ ထိုထဲ၌ ပါဝင်သူများ ဖြစ်လေသည်။ ထိုထဲ၌ ပါဝင်သော မြောက်အမေရိကသား သတင်းစာဆရာ ဟန်ဂေရီအမျိုးအနွယ်ဖြစ်သော အင်ဒရူးစိန်ဂျော့ ရောက်ရှိလာပြန်သည်။

ယန်းကီးသတင်းစာဆရာတစ်ယောက်၏ မျက်နှာကို ဖော်ပြသော အက်ဖ်ဘီအိုင်သူလျှိုတစ်ဦး ဖြစ်သည်။ သူသည် ပြင်သစ်စကားပြောတတ်သော ချီနှင့် ပြောဆိုဖြစ်ကြသည်။ ဒုတိယအကြိမ်တွေ့ဆုံစဉ် သူသည် သူလျှိုတစ်ယောက်ဖြစ်မှန်း ပို၍ပေါ်လွင်လာပြီး ချီကိုလည်း အလွန်အန္တရာယ်များသူဟု တွေးတွက်ထင်သွားခဲ့သည်။

ချီတို့သည် ပီနိဒယ်လ်အဂ္ဂါ တောင်စောင်းအတိုင်း ပီလာဒီရိုးမြစ်ဆီသို့ ချီတက်လာကြသည်။ ကြမ်းတမ်းခက်ထန်သော ဒေသကို အထုပ်အပိုးကိုယ်စီဖြင့်ဖြတ်ကျော်ကြသည်။ ထိုဒေသတွင်ရပ်နားကာလက်နက်များကိုရွှေ့ပြောင်းခြင်း၊ ရိက္ခာစုဆောင်းခြင်းများ ပြုလုပ်ကြသည်။ လယ်သမားစုဝေးရာ ရွာသိမ်၊ ရွာငယ်များကို ဖြတ်သန်းလျက် တော်လှန်ရေးအခြေခံစခန်းတစ်ခု တည်ဆောက်ပြီး အစိုးရတပ်များ လှုပ်ရှားမှုကို သတင်းပေးရန် ချီတို့တပ်အပေါ် လိုလားသူများကို ချန်ထားရစ်ခဲ့သည်။ တောတောင်များ၊ အကာအကွယ်အောက်တွင် အိပ်စက်ကြရသည်။ နေ့ဘက်တွင် သစ်ရိပ်အောက်၌ခိုကာ သတိကြီးစွာထား၍ နေထိုင်ဖြစ်ကြသည်။

အဆိုးဆုံးမှာ မှတ်များကိုက်ခံရ၍ အဖုအပိန့်မှုစဖြစ်သော အနာပေါက်ခြင်းများ ဖြစ်သည်။ ဘောတက်ကရိုက် ယူသွားသော ရုပ်ရှင်ကို အမေရိကန်၌ပြသရာ အထူးအောင်မြင်သည်ဟု ပြန်ကြားရသည်။ အင်ဒရူးစိန်ဂျော့ကမူ ဝမ်းမြောက်ဟန်မပြ။ နောက်တစ်နေ့တွင် စင်တီယာဂိုမှ ကျူးဘားသို့ ရွက်လှေဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ရဲဘော်တစ်ယောက် ထွက်ပြေးသွားသောကြောင့် လက်နက်ရသည့် သတင်းပေါက်ကြားမှာ စိုးရိမ်ဖြစ်ကြသည်။ ထိုရဲဘော်ကိုရှာဖွေရန် ကင်းထောက်များ စေလွှတ်လိုက်သည်။ စင်တီယာဂိုသို့ သင်္ဘောတစ်စင်းဖြင့် ထိုရဲဘော်ပါသွားကြောင်းကိုသာ သတင်းရသည်။ နောင်အခါမှ ခက်ခဲပင်ပန်းသောဒဏ်ကို မခံနိုင်၍ ထိုရဲဘော် ထွက်ပြေးသွားမှန်း သိကြရသည်။ ထိုညတွင် လက်နက်များ ရောက်လာ၍ ချီတို့အဖွဲ့တွေ အတိုင်းမသိ ပျော်ကြ၏။ စက်သေနတ်သုံးလက်၊ မောင်းပြန်ရိုင်ဖယ် သုံးလက်၊ အမ်ဝမ်းကာဘိုင်

ကိုးလက်၊ ဝျွန်ဆင်မောင်းပြန်ရိုင် ဖယ်ကိုးလက်၊ ကျည်ဆန်ခြောက်ထောင်တို့ ဖြစ်သည်။ လက်နက်အားလုံးကို ရဲဘော်များ၏ သက်တမ်းနှင့် အရည်အချင်း လိုက် ခွဲခြားကာ အားလုံးဝေပေးလိုက်သည်။ ချီအတွက် ပေါင်းနွမ်းသော မောင်းပြန်ရိုင်ဖယ်တစ်လက် ရရှိခဲ့၏။ စစ်ဦးစီးဌာနတွင် တာဝန်ရှိသူဖြစ်နေ သော ချီမှာ အဆင့်သစ်သို့ ဝင်ရောက်ပြီဟု မှတ်ယူရပေသည်။ ချီတို့ဌာန အတွက် ရဲဘော်လေးယောက် ပေးထားသည်။ တိုက်ခိုက်ရေး တိုးမြှင့်ရန် ချီ၏ ကြိုးပမ်းချက်မှာ မပြီးဆုံးနိုင်သေး။

မေလ (၂၃) ရက်နေ့တွင် ဖီဒယ်လ်က အမိန့်တာဝန်သစ်များ ထုတ် ဆင့်လေသည်။ ထိုအထဲတွင် လူအင်အား (၁၂၇) ယောက်သို့ လျှော့ချလျက် အများစုကို သာမန်လက်နက်ပေးကာ လူပေါင်း (၈၀) ခန့်ကို လက်နက် ကောင်းများ တပ်ဆင်ပေးသော အစီအစဉ်လည်း ပါရှိသည်။

ကရူဆီကိုကတိုက်ခိုက်ရေး၌ကျွမ်းကျင်သလိုကဗျာစပ်ရာတွင်လည်း ဝါသနာထုံသည်။ "တောင်တန်းပေါ်က သိန်းငှက်အိုဲ" ကဗျာကို သူရေးခဲ့သည်။ ကဗျာဆရာ စစ်သူကြီးဟု ခေါ်တွင်ရမည်။ သစ်တောစခန်းတွင် ချီတို့ကို အများ ဆုံးကူညီသူမှာ အင်ရီကေဂလိုပက်ဖြစ်သည်။ ဒေသတစ်ခုလုံးအန္တရာယ်ကင်း စွာ သွားလာနိုင်ရန် သူ ဖန်တီးသေး၏။ အစိုးရစစ်ကားတန်းကို ချုံခိုတိုက် ခိုက်ဖို့အကြိမ်ကြိမ်ကြံစည်ခဲ့သော်လည်းမပြုလုပ်ဖြစ်ကြပေ။ ထိုအတွေ့အကြုံ က ကြီးမားသော အရှိန်ကောင်းကို ရစေခဲ့သည်။ အယ်လ်ယူဗီရိုစစ်ပွဲကား သာဓကဖြစ်သည်။

မေလ (၂၅) ရက်နေ့တွင် ကလစ္စတိုဆန်ချေဇ် ဦးဆောင်သော တပ် တစ်တပ်သည် သင်္ဘောဖြင့် ရောက်လာသည်။ မာယာရီ၌ ဆင်းသက်သည်။ ရက်အတန်ကြာသောအခါ ယင်းတိုက်ပွဲ၌ အရေးနိမ့်ကြောင်း ကြားရသည်။ ဖီဒယ်လ်ဦးဆောင်သော ဆွေးနွေးပွဲတွင် ချီက အစိုးရစစ်ကားများကို ချောင်း မြောင်းတိုက်ခိုက်လျက် စစ်ကားတစ်စီး ရယူရန် အကြံပေးသည်။ ဖီဒယ်လ်က တော့ အယ်လ်ယူဗီရိုကို တိုက်ရန်စီစဉ်ထားသည်။ ထရပ်ကားတစ်စီး တိုက်ယူ လျှင် သာမန်သတင်းသာဖြစ်ပြီး စစ်စခန်းတစ်ခုကို တိုက်ယူနိုင်မှ တစ်နိုင်ငံလုံး

အုန်းအုန်းကျွက်ကျွက် ဖြစ်လိမ့်မည်ဟု ဗီဒယ်လ်က ဆုံးဖြတ်ပြီး စစ်ကားတိုက်ယူမည့် အရေးကို စွန့်လွှတ်လိုက်ကြသည်။

အယ်လ်ယူဗီရိုတိုက်ခိုက်ရမည့် နေရာကို ဆုံးဖြတ်ပြီးသည်နှင့် တိုက်ရမည့် ပုံစံ၊ ရန်သူစစ်သားအရေအတွက်၊ အစောင့်ကင်းစခန်းအနေအထားများ၊ ဆက်သွယ်ရေးစနစ်များ၊ အသုံးပြုနေသော ဝင်ထွက်လမ်းများ၊ ဆက်သွယ်နေထိုင်ရာအရပ်သားများအခြေအနေစသည်ဖြင့်အသေးစိတ်စုံစမ်းကြသည်။ ရဲဘော်ကာလ်ဒီရိုက အလွန်အံ့သြလေးစားဖွယ် ကောင်းလောက်အောင် ထောက်လှမ်းစုံစမ်းပေးခဲ့သည်။

ရန်သူသတင်းပေးနှစ်ယောက်ကို ချီတို့ဖမ်းမိခဲ့သဖြင့် စစ်ဆေးရာ ရန်သူတွေက ချီတို့တပ်အနေအထားကို စုံစမ်းရန် ကာစီလာ့စ်က စေလွှတ်လိုက်ကြောင်း ဖြောင့်ချက်ပေးသည်။ ရန်သူစစ်တပ်ကလည်း သူပုန်တပ်ကို စောင့်ကြည့်ကာ ပြင်ဆင်နေကြောင်း အတိအကျ ပေါ်လွင်လာသည်။ သတင်းပေးနှစ်ယောက်က သူတို့ကို မသတ်ရန် တောင်းပန်အသနားခံကြသည်။ ချီတို့အဖွဲ့က မသတ်ချင်သော်လည်း အန္တရာယ်ကြီးသော သတင်းပေးများမို့ သူလျှိုနှစ်ယောက်လုံးကို နောက်တစ်နေ့တွင် ကွပ်မျက်လိုက်ရတော့သည်။

မတ်လ (၂၇) ရက်တွင် စစ်ဦးစီးဌာန အရာရှိအားလုံးကို ဗီဒယ်လ်က တွေ့ဆုံလျက် လာမည့် (၄၈) နာရီအတွင်း ချီတို့သူပုန်တပ်တွေ အစိုးရစစ်တပ်ကို တိုက်ရမည်ဟု ကြေညာသည်။ တပ်အားလုံး အသင့်ပြင်ရန် အမိန့်ပေးသည်။ ကာလ်ဒီရိုက လမ်းပြအဖြစ် လိုက်ရသည်။ ထိုညတွင် (၁၆) ကီလိုမီတာခန့် ခရီးကို ချီတက်ကြသည်။ အန္တရာယ်စက်ကွင်းထဲသို့ ရောက်လာပြီမို့ (၈) နာရီခန့်ကြာအောင် သတိကြီးစွာထားပြီး လျှောက်ရသည်။ အမိန့်သစ်တစ်ရပ် ရောက်လာပြန်သည်။ ကင်းစခန်းများကို သိမ်းပိုက်၊ စစ်တန်းလျားကို ကျည်ဆန်များဖြင့် ဆန်ကာဖောက်ပေါက်အောင် ပစ်ခတ်တိုက်ခိုက်မိန့်ပင်ဖြစ်သည်။

စစ်တန်းလျားများအနီးတွင် ပြန့်ကျဲနေသော သစ်တုံးများမှ အပင်အကာအကွယ်မရှိကြောင်း ချီတို့ သိထားကြသည်။ အခိုင်အခန့်တည်ဆောက်

ထားသည်မှာ ကင်းစခန်းများဖြစ်သည်။ ကင်းစခန်းတစ်ခုလျှင် အစောင့်သုံး ယောက်ရှိပြီး တန်းလျားအပြင်ဘက် အရေးကြီးသော နေရာတွေမှာ တည်ရှိသည်။ တန်းလျားကို စီးမိုးမြင်ရသော တောင်ကုန်းငယ်တစ်ခုပေါ်တွင် ချီတို့၏ ကွပ်ကဲရေးစစ်ဦးစီးဌာန တည်ရှိသည်။ သစ်တောချုံပုတ်များကြားမှ စခန်းနား ရောက်အောင် ချဉ်းကပ်သွားရသည်။ အပြင်ဘက်အဆောက်အအုံမှာ အုပ် ချုပ်ရေးမှူး၏ဇနီး အပါအဝင် မိန်းမများ၊ ကလေးများ ရှိနေခြင်းကြောင့် ပစ်ခတ် ခြင်းမပြုရန် ညွှန်ကြားထားပြီး ဖြစ်သည်။ သုံးဖက်သုံးတန်မှ ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ရန် လိုသည်။ ကမ်းခြေကျောဘက်မှ ရန်သူတွေ ဖောက်ထွက်၍ မရနိုင်ပေ။

ကမ်းခြေအတိုင်း ပီလာဒီယိုဘက်မှလာသော လမ်းတွင် ကင်းစခန်းရှိ သည်။ ထိုကင်းကိုတိုက်ရန် ဆိုတပ်နှင့် ဂါစီယာတို့ဦးဆောင်သော တပ်စုကို တာဝန်ပေးလိုက်၏။ တောင်တန်းမျက်နှာစာရှိ ကင်းစခန်းကို အယ်လ်မေဒါ ဦးစီးသောတပ်က ချေမှုန်းသုတ်သင်ရန် တာဝန်ယူရသည်။ ဖီဒယ်လ်က တောင်ကုန်းထိပ်ဦးစီးစခန်း၌ ရှိနေကာ ရောလ်ကတ်စထရိုက ရှေ့တပ်မှ တက် တိုက်ရန် ဖြစ်သည်။ ၎င်းတို့အကြားတွင် တပ်စွဲရမည်။ ချီနှင့် ရောလ်အကြား တွင်ကမီလိုနှင့်အမေဂျီရပ်စ်တို့၏တပ်စုကရှေ့တန်းတိုက်စစ်ဖွင့်ရန်ဖြစ်သည်။ သို့ပြား မှောင်နေပြီဖြစ်၍ တွက်ချက်မှုများကာ ချီ၏ လက်ယာဘက်ကနေ စတင်ပစ်ခတ်ရမည့်အစား လက်ဝဲဘက်ကနေ စတင်ပစ်ခတ်တိုက်ခိုက်တော့ သည်။ ချီဗရီကိုသွား ကားလမ်းမတစ်လျှောက်တွင် ကရက်ဆင်စီယို ဦးစီးသော တပ်စုက စောင့်ဆိုင်းလျက် ရန်သူစစ်ခံတပ်က စစ်ကူလာလျှင် ဆီးကြိုတိုက် ခိုက်ရန် တာဝန်ယူရသည်။

တိုက်ပွဲမှာ ခဏကြာပြီးဆုံးလိမ့်မည်ဟု ထင်ထားသော်လည်း မျှော် မှန်းထားသောအဓိကနေရာများကို သိမ်းမယူနိုင်သည့်အတွက်တိုက်ခိုက်ရေး တပ်တွေ ဖရိုဖရဲဖြစ်နေ၍ တိုက်စစ်က မထိရောက်။ ဖီဒယ်လ်က တယ်လီ စကုပ်တပ် သူရှိုင်ဖယ်ဖြင့် စတင်ပစ်ခတ်ပြီး ပြန်လည်ပစ်ခတ်လာမှုကို ကြည့် ကာ စစ်တန်းလျားနေရာကို အမှတ်အသားပြုသည်။

ချီ မှန်ပြောင်းဖြင့် လှမ်းကြည့်၍ ရန်သူတွေကို အတိုင်းသား မြင်နေရသည်။ ဝေးကွာလွန်း၍ ရဲဘော်တွေကို ပို၍ချဉ်းကပ်ခိုင်းပြီး ပစ်အားမြှင့်ခိုင်းလိုက်သည်။အယ်လ်မေဒါသည်တန်းလျားငယ်တစ်ခုကိုကာကွယ်ထားသောကင်းစခန်းရှိရာသို့တစ်ဟုန်ထိုးပစ်တက်တက်သွားသည်။ချီ၏လက်ဝဲဘက်၌လည်ပင်းတွင် လက်ကိုင်ပဝါချည်ကာ ပစ်တက်နေသော ကမီလိုကို တွေ့ရ၏။ အပြန်အလှန် ပစ်ခတ်မှုတွေကြားက ချီတို့လည်း သတိကြီးစွာ ချီတက်တိုက်ခိုက်ကြသည်။ အခြားတပ်များမှ ကွဲထွက်လာသော ရဲဘော်များသည် လူနည်းသော ရန်သူများကို ဝင်တိုက်ကြ၏။ ရန်သူ၏ ခုခံမှုမှာ ပြင်းထန်လှသည်။ ရှင်းနေသော ကွင်းပြင်သို့အရောက်မှာ ရန်သူ၏ သဲသဲမဲမဲ ပစ်ခတ်မှုကြောင့် ရှေ့သို့ တစ်ဟုန်ထိုး တက်ကြရသည်။ ရန်သူ့ကျည်ဆန်ကြားမှပင် ဒလမန်းကြမ်းချီတက်ကြသည်။

ချီဘေးမှာ ထိခိုက်သူတွေ ပေါ်ထွက်လာသည်။ ရန်သူလော၊ မိတ်ဆွေလောခွဲခြားရပင်ခက်နေ၏။လက်နက်ချရန်အော်ပြောသော်လည်းမရ။ရှေ့တိုးသွားကြည့်မှ ရဲဘော်လီယက် ဖြစ်နေသည်။ ဒဏ်ရာအလွန်ပြင်းထန်မှန်း ချီစစ်ဆေးတွေ့ရှိရသည်။ ချီတွင်ပါလာသော စက္ကူတစ်ရွက်ဖြင့် သူ့ဒဏ်ရာကိုအုပ်ဆိုင်းထားပြီး အဂ္ဂလီစီယာကို အစောင့်ထားခဲ့ကာ ဆက်လက်တိုက်ခိုက်ရသည်။ အကူနာလည်း ကျည်သင့်ပြန်သည်။ ချီတို့ ဆက်မတက်တော့ဘဲ ရှေ့နားရှိ ကတုတ်ကျင်းဆီသို့ ပစ်ခတ်ကြသည်။ ကတုတ်ကျင်းထဲက ရန်သူများ ကျဆုံးသောအခါ ကုန်လှောင်ရုံကို ဦးစွာသိမ်းပိုက်လိုက်သည်နှင့် တိုက်ပွဲမှာ ရပ်စဲသွားသည်။ ရန်သူတွေအားလုံး လက်နက်ချကြသည်။

တိုက်ပွဲမှာ နှစ်နာရီနှင့် လေးဆယ့်ငါးမိနစ်ကြာမြင့်သည်။ ချီ၏ လက်ဝဲဘက်မှ ရဲဘော်များက နောက်ဆုံးခုခံနေသော စစ်သားများကို ဖမ်းဆီးခေါ်ဆောင်လာကြသည်။ ကတုတ်ကျင်းထဲမှ စစ်သားတစ်ယောက် သေနတ်ကို ခေါင်းပေါ်မြှောက်ပြီး ထွက်လာသည်။ လေးဘက်လေးတန်မှ လက်နက်ချကြောင်းအော်ဟစ်သံတွေထွက်ပေါ်လာသည်။ချီတို့တပ်တွေတန်းလျားဘက်သို့ လျင်မြန်စွာတက်အလာ ပစ်ခတ်သံနှစ်ချက်ကြားလိုက်ရပြီး ချီတို့ဘက်မှ

လက်ဖတင်နင်နာဒိုဒိုက်ယက်ဇ် ကျဆုံးသွားသည်။

ကုန်လှောင်ရုံ၌ စစ်သားနှစ်ယောက်၊ စခန်းဆရာဝန်တစ်ယောက်နှင့် လက်ထောက်တစ်ယောက်ကို ဖမ်းဆီးရမိသည်။ လူနာများကို ချီတစ်ဦးတည်း ကုမနိုင်သောကြောင့် ဖမ်းမိထားသော စစ်တပ်ဆရာဝန်ကပါ ကုသခိုင်းရ၏။ ထိုဆရာဝန်က အကျဉ်းသားဘဝဖြင့် အသတ်ခံရမည်ကို ကြောက်နေသဖြင့် ဆေးကုတာတွေကိုပင် မေ့ကုန်ပြီ။ အလုပ်သင်ဆရာဝန်ပါဟု ပြောလာလေသည်။ လက်ဆေးခြင်းသာ လုပ်နိုင်သော ဆရာဝန်ဖြစ်နေ၏။

သွေးချောင်းအစီးဆုံးဖြစ်သော ဤတိုက်ပွဲကို အတွေ့အကြုံချင်း ဖလှယ်ကြသည့် လမ်းပြရဲဘော်မင်ဒိုဇာမှာ သူ့ရဲ့အဆောင် လက်ဖွဲ့ကောင်းကို ယုံကြည်ပြီး ရဲဝံ့စွာတိုက်၏။ တိုက်ရင်းနှင့် ကျည်သင့်ကာ ကျဆုံးသွားသည်။ ရဲဘော်ဆိုတပ်က ဘေးမှပတ်ဝင်တိုက်သော်လည်း မအောင်မြင်။ သူကိုယ်တိုင် ပင်လယ်ထဲသို့ ခုန်ချထွက်ပြေးသွားသည်။ အသုံးဝင်မှုမရှိသော သူ့ကို လိုက်ရှာမနေကြတော့။ ဗီဂါအမည်ရှိ လယ်သမားလည်း ကျဆုံးပြီး မာနယ်မှာ ဒဏ်ရာရသွားသည်။ သစ်တုံးများ ကာရံထားသော တပ်ကင်းစခန်းက အပြင်းအထန်ပစ်ခတ်၍ ချီတို့တပ်ကလေးမှာ ကစဉ့်ကလျားပြိုကွဲရလေသည်။ ဆီလိုရို၊ မာစီရို၊ ဟာဇီ၊ လီဗာ၊ ပီနာနှင့် အယ်လ်မေဒါတို့ ဒဏ်ရာရကြပြီး ရဲဘော်မိုးလ် ကျဆုံးခဲ့သည်။

အရပ်သူအရပ်သားများ ထိခိုက်ခြင်းမရှိကြ။ နောက်ဆုံး စစ်တမ်းထုတ်ကြည့်ရာ ချီတို့ဘက်မှ ခြောက်ယောက်ကျဆုံးသည်။ ရန်သူဘက်က (၁၉) ယောက်ဒဏ်ရာရပြီး (၁၄) ယောက် ကျဆုံးသည်။ လက်ဖတင်နင် တစ်ဦးအပါအဝင် (၁၄) ယောက်အဖမ်းခံရသည်။ ချီတို့သူပုန်တပ်မှာအင်အားရှစ်ဆယ်ခန့်ရှိပြီး ရန်သူစစ်တပ်မှာ အင်အားငါးဆယ့်သုံးယောက်တို့ ရင်ဆိုင်တိုက်ရခြင်းဖြစ်သည်။ နှစ်ဖက်စလုံး သတ္တိ၊ ဇွဲတွေ ပြခဲ့ကြသည်ဟု အသိအမှတ်ပြုရပေလိမ့်မည်။ ရန်သူ၏အင်အားကြီးတပ်မများနှင့် ဝေးကွာသော ဤလိုစခန်းမျိုးများမှာ အတိုက်ခံရသည်ချည်းသာ ဖြစ်ခဲ့ရသည်။

ချီတို့ဘက်မှ တိုက်ပွဲစတင်သံ ပစ်ခတ်မှုက စင်တီယာဂိုနှင့် အဆက်အသွယ်ပြုနေသော တယ်လီဖုန်းကို အဆက်အသွယ် ဖြတ်တောက်ပစ်လိုက်လေသည်။ တပ်တွေ စုစည်းနေစဉ် လေယာဉ်သံကို ကြားရသော်လည်း တပ်တွေ တောင်ကုန်းပေါ်ရောက်သည်အထိ လေယာဉ်များ ပေါ်မလာကြပေ။ ချီက ဆေးကုသခြင်းတွေ ဆက်လုပ်ပေးရသည်။ ကျည်ဆန်တွေ ခွဲထုတ်ပေးရသည်။ ကုသရင်းနှင့် သေဆုံးသူများ ရှိလာလေသည်။ ဘာဘွန်၏ ထရပ်ကားတစ်စီးဖြင့် နိုအောင်းရာ တောင်တန်းဒေသအထိ အရောက်ပြန်ကြရသည်။ ဒဏ်ရာရသူတွေနှင့်အတူ ချီပါ နောက်ချန်နေခဲ့ရသည်။ အောင်ပွဲခံတပ်များ ချီတက်သွားသည်ကို နှုတ်ဆက်ပြီး ဝမ်းနည်းဝမ်းသာ ဖြစ်ကြရသည်။ ချီနှင့်အတူ အဂ္ဂလီဆီယာ၊ အိုနာတီ၊ လမ်းပြတောရက်နှင့် ဗီလိုအကူနာတို့ နေရစ်ခဲ့ကြလေသည်။

နောက်တစ်နေ့တွင် လေယာဉ်များ ပျံဝဲနေသဖြင့် ချီတို့တစ်တွေ ခြေရာလက်ရာ အစဖျောက်ကြရသည်။ တရပ်ကားသွားလမ်းမှာ ကားသွားယူနေသော လိုပက်ကို စောင့်နေကြရသည်။ နံနက်လင်းသည်နှင့် ဆက်သားတစ်ယောက် ရောက်လာပြီး ရဲဘော်လိုပက်မှာ အကူအညီမပေးနိုင်၊ သူ့ကိုယ်ရေးကိုယ်တာဆောင်ရွက်နေရကြောင်းလူအချို့နှင့်ကားလွှတ်ပေးမည့်အကြောင်းမှာကြားတာတွေ ပြန်ပြောပြသည်။ ရှုပ်ထွေးနေသော အခြေအနေတွေ ဖြစ်နေ၍ဒဏ်ရာရသူများရွှေ့ပြောင်းကြရသည်။ဒဏ်ရာပြင်းသူတွေကိုပုခက်ဖြင့်သယ်ကြရသည်။ အစိုးရတပ်များ ရောက်မလာခင် အမြန်ရွှေ့ကြရသည်။ လျှိုငယ်လေးတွေထဲ ဆင်းသက်ကြရသည်။ လူသွားလမ်းကျဉ်းမှ အစွရေးအမည်ရှိ လယ်သမားတဲဆီ ရောက်သွားကြသည်။

အစွရေးမိသားစုက ကူညီပေးရှာသည်။ ထမ်းပိုးရသော အလေးချိန်တွေ လျှော့ချသောအားဖြင့် ပစ္စည်းအချို့နှင့် လက်နက်ကောင်းအချို့ကို ထားခဲ့ကြရသည်။ ခြေရာလက်ရာတွေကို ပြန်ဖျက်ရသေးသည်။ အခြားသော တောင်စောင်းဘက်ဆီမှ ထူးဆန်းသော အသံတချို့ကို ကြားလိုက်ရသည်။ ရဲဘော်တချို့က လူနာတွေကို ကာကွယ်ပြီး အသက်အသေခံ တိုက်ကြဖို့ ပြော

၏။ ချီတို့က ရန်သူနှင့်ဝေးနိုင်သမျှ ဝေးရာရောက်ပြီး မလွတ်သာမှ ပြန်တိုက်ဖို့ ဆုံးဖြတ်ပြီး ရှေ့သို့ ဆက်ချီတက်ကြသည်။ စကားပြောသံများကြား၍ တော်မီဂန်းကို မောင်းတင်ပြီး စောင့်ဖမ်းရာ အယ်လ်ယူပီရိုတွင် ဖမ်းမိစဉ်က ဗီဒယ်လ် ပြန်လွှတ်ပေးလိုက်သည့် အကျဉ်းသားများဖြစ်နေသည်။ သူတို့သည် တောထဲမှထွက်ရန် လမ်းစရှာဖွေနေကြသည်။ တချို့မှာ ဖိနပ်ပင်မပါ။ ကော်ပိုရယ်ကြီးတစ်ဦးလည်းပါပြီး ဗီဒယ်လ် လက်မှတ်ထိုးပေးလိုက်သော လုံခြုံရေးလက်မှတ် ပါနေသည်။ ပြန်လွှတ်လိုက်ရသည်။ သည်တောထဲ နောက်တစ်ဖန် ပြန်မလာရန် သတိပေးလိုက်ရသည်။

ထိုညအဖွဲ့ လယ်တဲတစ်ခုတွင် တည်းခိုပြီး အရုဏ်တက်ချိန်မှာ တောထဲသို့ ရွှေ့ပြောင်းကြသည်။ တဲရှင်ကို ကြက်ပေါက်လေးများ ယူလာရန် မှာလိုက်သော်လည်းတဲရှင်မှာစစ်တပ်ကဖမ်းမိသွား၍ချီတို့ရှိရာကိုလမ်းပြအဖြစ် လိုက်ပို့ရလေသည်။ ချီတို့ စခန်းချရာအနီးမှ ဖြတ်သွားဖြတ်လာ ရှာဖွေကြတာကို နောင်မှသိရလေသည်။ သစ်သီးသစ်ရွက် စားနပ်ရိက္ခာများဖြင့်သာ အသက်ဆက်ရသည်။ ခရီးရှည်ချီတက်ကျင့်ရပြီးနေ၍ ယခုခရီးမှာ တိုတောင်းလှသော်လည်း အလွန်ပင်ပန်း နွမ်းနယ်လှပေသည်။

မိုးကြီးသဲသဲမဲမဲ ရွာသွန်းနေသဖြင့် ပါဒို၏ အိမ်ရောက်အောင် မနည်း ချီတက်ကြရသည်။ ခရီးတိုလေးကိုပင် (၁၂) နာရီကြာအောင် လာရသည်။ ထိုနေရာမှာ အသုံးအဝင်ဆုံးလူမှာ ရဲဘော်တောရက်ဖြစ်သည်။ လမ်းကျွမ်းကျင်သည်။ ဒေသခံတွေနှင့် ရင်းနှီးသည့် မာနယ်အား စင်တီနာရီပို့၍ ဆေးကုသမှုခံယူရန် သူပင် ဆောင်ရွက်ပေးသည်။ ကောလာဟလ သတင်းတွေလည်း ရောက်ရောက်လာတတ်သည်။ ၁၉၅၇ ခုနှစ်၊ ဖွန်လတစ်လလုံး ဒဏ်ရာရရဲဘော်များကို ပြုစုစောင့်ရှောက်ရင်း ဗီဒယ်လ်၏ စစ်ကြောင်းရှိရာ ပြန်ရမည့်တပ်ဖွဲ့များကိုစုဆောင်းခြင်းဖြင့် အချိန်ကုန်နေလေသည်။ တပ်ထဲသို့ လူသစ်လေးဆယ်ခန့် ဝင်လာသလို ထွက်ပြေးသူကလည်း မပြတ်လပ်ပေ။ တပ်တွင် ပုံမှန်ဦးရေ အစိတ်သုံးဆယ်ထက် မပိုချေ။

ကျွန်းတစ်ကျွန်းလုံး အကြမ်းဖက်မှုများ ပေါ်ပေါက်နေသည်ကို ရေဒီယို က သတိပေးလျက် ရှိသည်။ တောင်အောက်သို့အဆင်း လာအိုတီလာတောင် ကုန်းသို့အရောက်တွင်ဘီနီတိုမိုရာဆိုသူ၏အိမ်သို့ရောက်ကြသည်။ရန်သူနှင့် နီးသော နေရာရောက်နေပြီး စားနပ်ရိက္ခာမရှိဘဲ ခရီးဆက်လျှောက်ရသည်။ မလိုက်လိုသော တပ်သားများက ထွက်သွားကြသည်။ ဘီနီတိုမိုနာ၏အိမ်မှ ထွက်လာပြီး မြစ်ဝှမ်းဒေသတွင် စခန်းချကြသည်။ စခန်းချရာနေရာမှာ "သေမင်းတမန်မြစ်" ဟု အမည်ပေးလိုက်သော မြစ်အနီးမှာ ဖြစ်နေသည်။

ချီတို့တပ်တွင် အမာခံလူ (၂၈) ယောက်သာ ရှိတော့သည်။ နောက် တစ်နေ့ ခရီးအစမှာ လူသစ် (၂) ယောက် ရောက်လာကြသည်။ ချီတက်စဉ် ကာလအတွင်း လူသစ်များကို လက်နက်ကိုင်တွယ်ပုံနည်း၊ ပစ်ခတ်နည်းများ၊ မောင်းတင်မောင်းဖြုတ်နည်းများကိုသင်ကြားပေးသွားကြရသည်။ချီတို့တပ်ဖွဲ့ ကို မြင်သည်နှင့် ထွက်ပြေးရန် ကြိုးစားနေသော လယ်သမားနှစ်ယောက်ကို အဝေးဆီမှ လှမ်းမြင်ရသည်။ ချီတို့ အတင်းပြေးလိုက်သွားရာ နီဂရိုးမနှစ်ဦး ဖြစ်နေသည်။ ဥပုသ်တော်အသင်းဝင်များ ဖြစ်ကြသည်။ သူတို့ ဘာသာရေး ယုံကြည်ချက်အရ အကြမ်းဖက်မှုများကို ဆန့်ကျင်ကြသော်လည်း ချီတို့ကိုမူ စစ်ကာလတစ်လျှောက်လုံး အပြည့်အဝ ထောက်ခံကူညီကြလေသည်။

သူတို့နေရာတွင် အစာဝအောင် စားကာ နှစ်နှစ်ခြိုက်ခြိုက် အနားယူကြ သည်။ခြေကုန်သုတ်ခရီးကိုနှင်ပြီးလယ်သမားတဲလေးတွင်ခိုအောင်းနားနေရ ပြန်သည်။ စိတ်ဓာတ်ကျသော စစ်သားတစ်ယောက် ထွက်ပြေးသွား၏။ ထွက် ပြေးသူကိုလိုက်ရှာဖို့ထွက်သွားသော စစ်သားနှစ်ယောက်လည်းပျောက်သွား ပြန်သည်။ စစ်သားတွေ စိတ်ဓာတ်ကျဆင်းနေကြသည်။ လယ်သမားတွေက စစ်တပ်က အထပ်ထပ်ဝိုင်းထားပြီဟု လုပ်ကြံသတင်းလွှင့်ကြသည်။ ကပ္ပတိန် အဆင့်တိုးမြှင့်ထားသော မက်ဆီကာဒို ဦးဆောင်လျက် တပ်ကထွက်ပြေးရန် ကြိုးပမ်းကြသေးသည်။ ယခုမူ သူသည် တော်လှန်ရေး၏ သစ္စာဖောက်အဖြစ် နေထိုင်လျက်ရှိသည်။ ချီတို့သည် အယ်လ်တာကီဒိုတောင်တန်း၏ အနောက် ဘက်ဆင်ခြေလျှောမှ ပါလ်မာမိုချာနယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်မိကြ

သည်။ ချီက "သွားနတ်ဆရာ" လုပ်ငန်းဖြင့် လယ်သမားများနှင့် တိုက်ရိုက်အဆက်အသွယ် ရရှိခဲ့သည်။ ထိုမှာ အင်အားဖြည့်တင်းပြီး အယ်လ်အင်ဖာဒိုရောက်အောင် ခြေကုန်သုတ်ကြရာ ဇွန်လ (၁၅) ရက်နေ့တွင် ယင်းဒေသသို့ရောက်ရှိကြသည်။ ရန်သူတပ်များ ပါလ်မာမိုများသို့ ဖောက်ထွင်းဝင်ရောက်လာကြသော်လည်း ဗီဒယ်လ်၏တပ်များက လေးဘက်လေးတန်မှ ဝိုင်းထားကြောင်းသိရသဖြင့် အယ်လ်တာကီဒိုတောင်တန်းကို အခမ္ဘဖြတ်ကျော်ကာဆုတ်ခွာသွားကြောင်း သိရလေသည်။ ချီတို့ရောက်သွားချိန် လယ်တဲအနီး၌တူးထားသော ကတုတ်ကျင်းတွေကို တွေ့ရလေသည်။ ချီတို့ သူပုန်တပ်တွေအင်အားကြီးမားလာကြောင်း ပေါ်လွင်လာပေပြီ။ ထို့ကြောင့် ရန်သူတပ်တွေဆီယာရာသို့ ပြောက်ကျားသာ တိုးဝင်ရဲတော့၏။ ဆိုးဝါးကြမ်းကြုတ် ရက်စက်ဆုံးသော ရန်သူကာနယ်မှာ မို့စ်ကွီရာ ဖြစ်သည်။ စစ်တပ်၏အထွေထွေထိုးစစ်မှာ မရှုမလှ အရေးနိမ့်ခဲ့သူဖြစ်သည်။ ဆီယာရာဒေသမှ လယ်သမားတွေကိုသူ့စစ်တပ်ဖြင့် လုယက်တိုက်ခိုက်ပြီး သူ့ကိုယ်သူ ကြွယ်ဝချမ်းသာအောင်အမြဲလုပ်ကာ နာမည်ဆိုးဖြင့် တစ်ဟုန်ထိုးကျော်ကြားလာသူကြီး ဖြစ်သည်။

# လူထုမြေပုံပေါ်မှာ ရိုးသားပွင့်ဖူးနေသောပန်း

ချီတို့တပ်တွင် လူ (၂၀၀) နီးပါးရှိကာ လက်နက်သစ်တွေပါ ရရှိနေ၍ တစ်ဖန် ပြန်လည်ဆုံစည်းရသည်မှာ ပျော်ရွှင်ကြည်နူးစရာကောင်းပြီး စိတ်ဓာတ်တွေ တက်ကြွနေကြသည်။ ဆီယာရာဒေသအတွင်းရှိ ကျေးရွာပြည်သူတွေနှင့် ရင်းနှီးရဲတင်းစွာ ဆက်ဆံနိုင်နေကြပြီ ဖြစ်သည်။ ကျူးဘားနိုင်ငံတွင် နာမည်ကြီးနေကြသူများမှာ ဖီလစ်ပါဗိုနှင့် ရောလ်ချီဘာတို့ ဖြစ်ကြသည်။ သူတို့ချင်းမှာကွဲပြားကြ၏။ရောလ်ချီဘာမှာသူ့အစ်ကိုအက်ဒီချီဘာအမည်ကို မှီခိုနေရသူ ဖြစ်သည်။ အက်ဒီချီဗာမှာ ကျူးဘားခေတ်တစ်ခေတ်၏ အထိမ်းအမှတ်ပြုသွားသူတစ်ဦး ဖြစ်သည်။ ရောလ်မှာကား သူ့အစ်ကိုလောက် ထူးချွန်မှုမရှိ။ အမြော်အမြင်လည်းနည်း၊ လိမ္မာပါးနပ်မှုလည်း လျော့ရဲသူ ဖြစ်သည်။ သူ့ပါတီတွင် သူ ပြိုင်ဘက်ကင်းနေရခြင်းမှာ အကြွင်းမဲ့ အထက်မကျ၊ အောက်မကျဖြစ်နေသောကြောင့် ဖြစ်သည်။

ဖီလစ်ပါဗိုမှာ သူနှင့်မတူချေ။ အလွန်တော်သော ဘောဂဗေဒသမားတစ်ယောက် ဖြစ်သည်။ အများရဲ့ရိုသေလေးစားမှုကို ခံရသူလည်းဖြစ်သည်။ အမျိုးသားဘဏ်၏ ဥက္ကဋ္ဌအဖြစ် ရိုးသားစွာ အသိအမှတ်ပြုခံထားရသူ တစ်ဦးဖြစ်သည်။ တစ်နိုင်ငံလုံး အကျင့်ပျက်လာဘ်စားနေချိန်မှာ ငွေတိုက်ကို လက်မနိုက်သော လူဖြစ်သည်။ ကိုယ်ကျင့်တရား မှည့်တစ်ပေါက်ပင် မစွန်းသောလူ

အဖြစ် နေထိုင်နိုင်သည်မှာ အံ့ဩဖွယ်ရာကောင်းလေသည်။ မီယာမီရှိ ဇူလိုင် ၂၆ လှုပ်ရှားမှုအဖွဲ့၏ ကိုယ်စားလှယ်အဖြစ် သူ့ကိုယ်သူ ကြေညာကာ သမ္မတနိုင်ငံ၏ ယာယီသမ္မတအဖြစ်လည်း သူ့ကိုယ်သူ လျာထားခဲ့လေသည်။ ယာယီအစိုးရခေါင်းပိုင်းတွင်ဖရီယိုအတွက်ညာလက်ရုံးအဖြစ်အာမခံချက်ပေးခဲ့လေသည်။

ထိုပါတီဂူအောင်းရသော့ကြီးနှစ်ပါးနှင့် ၎င်းတို့ သဘောထားနှစ်ရပ်ဖြင့် ပြည်သူလူထုတစ်ရပ်လုံး ပုန်ကန်ထကြွရေး လှုံ့ဆော်ရန်ကား ခက်ခဲလှပေသည်။ ကြေညာချက်တွင် အတိုက်အခံ နိုင်ငံရေးပါတီအားလုံး၊ အရပ်သားအဖွဲ့အစည်းအားလုံး၊ တော်လှန်ရေးအင်အားစုအားလုံးပါဝင်သည့်အရပ်သားများ၏ ကျယ်ပြန့်သော တော်လှန်ရေးတပ်ပေါင်းစုအဖွဲ့ဖွဲ့စည်းရန် တိုက်တွန်းဖော်ပြထားသည်။ ဘုံတိုက်ပွဲအတွက် တော်လှန်ရေး တပ်ပေါင်းစု ဖွဲ့စည်းရန်၊ ယာယီအစိုးရအဖွဲ့ကို ဦးစီးရေးအတွက် ပုဂ္ဂိုလ်တစ်ဦးကို ရွေးချယ်ရန် စသည့် အချက်များပါဝင်သည်။

နိုင်ငံရေးပါတီများနှင့် စေ့စပ်မှုများ ပြုလုပ်ကြသော်လည်း တော်လှန်ရေး ကြီးထွားလာမှုက ၎င်းစေ့စပ်မှုများကို ပျက်ပြားစေခဲ့သည်။ ရှိတို့တပ်၏ စစ်အင်အား၊ ဗီဒယ်လ်အပေါ်ပြည်သူတို့၏ ယုံကြည်မှုကို နိုင်ငံရေးပါတီများက မိတ်ဆွေဖွဲ့ပြီး သူတို့ကိုယ်ကျိုးစီးပွားတွက်သာ အသုံးချလိုကြပြီး နယ်ချဲ့စနစ်ဆက်လက်အုပ်ချုပ်ရန်သာ သူတို့ကြိုးပမ်းနေကြသည်။ ကျူဘားအာဏာရအသိုင်းအဝိုင်းအတွင်း အထင်ရှားဆုံး လူတစ်စုက တော်လှန်ရေးတပ်ရှိရာ ဆီရာယာမစ္စထရာသို့ ရောက်လာကြသည်။ လွတ်လပ်ရေးကို ကာကွယ်ရန် ပြောက်ကျားတို့၏ အကြီးအကဲနှင့် ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးကြသည်။ သူတို့သည် ကိုယ်ဖဲကိုယ်အနိုင်ချိုးကာ မီယာမီသို့ ရောက်သွားကြသည်။ နိုင်ငံရေးကစားမှုကိုသာ နိုင်ငံရေးသမားများ လုပ်နိုင်ကြပြီး သူတို့၏ဆန္ဒကျင်ဘက်မှာလက်နက်ကိုင်ဆောင်ထားသောပြည်သူဖြစ်သည် ဆိုတာကို သဘောမပေါက်ကြချေ။

ပြောက်ကျားခေါင်းဆောင် ဗီဒယ်လ်ကာတ်စထရိုက သူတို့၏ လုပ်ကြံမှုကို လျင်မြန်စွာ တားဆီးနိုင်ခဲ့ခြင်း၊ ရဲရဲတောက် အဖြေပေးနိုင်ခဲ့ခြင်းကြောင့် သဘော တူညီချက်၏ အဖြေများကို မီယာမီမှနေ၍ သူတို့က လှုသီရှင်ကြား လုပ်သည့်အခါ ရန်သူမှာ လေငန်းဖမ်းသူပမာ တစ်ပိုင်းသေနေလေပြီ။ ပြောက်ကျားတို့ကို ဂိုဏ်းခွဲရေးသမားအဖြစ် စွပ်စွဲခဲ့သည်။ သူတို့၏ နည်းပရိယာယ် အတိုင်း ကာရာကာ့စ်စာချုပ်တည်းဟူသော ထောင်ချောက်အသစ်ကို ထပ်၍ ဆင်ခဲ့ပြန်သည်။

ပြောက်ကျားတပ်၏ ကြေညာချက်မှာ ၁၉၅၇ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့စွဲဖြစ်ပြီး ၎င်းအား သတင်းစာများက ဖော်ပြကြသည်။ ပြည်သူကို ဖိနှိပ်နေသော စစ်တပ်အား စစ်တလင်း၌ အနိုင်တိုက်နိုင်ရေးသာ ပြောက်ကျားတို့ တာဝန် ဖြစ်သည်။ ထိုကာလတွင် ချီဦးဆောင်သော စစ်ကြောင်းတစ်ကြောင်းကို ဖွဲ့စည်းလိုက်ရာ ချီမှာ ကပ္ပတိန်ဖြစ်လာသည်။ ဗယ်လ်ဒက်ကလည်း ကပ္ပတိန်ဖြစ်လာကာ သူ့တပ်စုက ချီ၏စစ်ကြောင်းထဲကို ရောက်လာသည်။ ရီဒွန်ဒိုလည်း ကပ္ပတိန်ဖြစ်လာလျှင် တပ်စုတစ်စုကို ကိုင်တွယ်ရသည်။ စစ်ကြောင်းတွင် တပ်စု (၃) စု ပါဝင်သည်။ ပထမတပ်စုကို ဆာဒီနာက ဦးဆောင်သည်။ လူပေါင်း (၇၅) ဦး ပါဝင်သော အပယ်ခံလယ်သမားများ တပ်စုကို အဝတ်အစားအမျိုးမျိုးဖြင့် ဖွဲ့စည်းသည်။ ဤရဲဘော်များအတွက် ချီတို့ ဂုဏ်ယူမိသည်။ ချီသည် ဗီဒယ်လ်၏ ရာထူးတိုးပေးမှုအရ ပြောက်ကျားတပ်မတော် ဒုတိယစစ်ကြောင်း၏ မေဂျာတစ်ယောက် ဖြစ်လာသည်။ ရာထူးအမှတ်အသားဖြစ်သော ကြယ်ပွင့်လေးတစ်ပွင့်နှင့် လက်ပတ်နာရီတစ်လုံးကို စီလီယာက မင်ဖာနီဟိုရှာမှ မှာယူပေးပါသည်။ မေဂျာဖြစ်သော ချီ၏ ပထမတာဝန်မှာ မို့စ်ကွီရာကို ပိုင်းရန်ဖြစ်သော်လည်း အဆိုးတကာ့အထိပ်ခေါင် မို့စ်ကွီရာမှာ ဤဒေသမှ ထွက်ခွာသွားနှင့်ပြီ ဖြစ်လေသည်။ ဗီဒယ်လ်က ချီအား အစစအရာရာ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပေးထားသည်။

လွင်ပြင်ဒေသရှိ ရဲဘော်များ အရေးနိမ့်နေသည့်အတွက် ချီတို့တပ်ကူပေး၍အင်အားတိုးမြှင့်ပြသရန် လိုအပ်နေလေပြီ။ မိရန်ဒါ သကြားစက်ဒေသ၌

စစ်မျက်နှာသစ်ဖွင့်ရန်စီစဉ်ထားသောလက်နက်သစ်တွေပုလိပ်ကဖမ်းမိသွားသည်။ ဖော်စတီနိုပီရက် အပါအဝင် ထူးချွန်သည့်ရဲဘော်များစွာကိုလည်းပုလိပ်ကဖမ်းမိသွားသည်။ ချီတို့တပ်တွေ လူစုခွဲခြင်းကိုဗီဒယ်လ်က ကန့်ကွက်လေ့ ရှိသည်။ ပြောက်ကျားတပ်မတော် တိုးချဲ့ရေးကို ပထမခြေလှမ်းအဖြစ်ဆီယာရာမစ္စထရာကို အခိုင်အမာစခန်းအဖြစ် ပြုလုပ်ရန် ချီဆုံးဖြတ်ချက်ချလိုက်လေသည်။

ရဲဘော်အချို့ကို ရာထူးအဆင့် တိုးမြှင့်ပေးလိုက်သည်။ ဒေသကျွမ်းကျင်၍ ကြံ့ခိုင်တောင့်တင်းသော အစ္စရေးကို ချီ့အနားတွင် အမြဲနေစေလျက်အထူးတာဝန်များကို ထမ်းဆောင်စေသည်။ အစ္စထရာဒါပယ်လ်မာကို ညအချိန်၌ဝင်တိုက်ဖို့ကြီးမားသောရည်ရွယ်ချက်ကို ချမှတ်လိုက်သည်။ ထိုအနီးအနားရှိ ယာရာနှင့် ဗီဂီတာ ရွာကလေးများတွင် တပ်စွဲနေသော ရန်သူတပ်များကို တိုက်ခိုက်လျက် ၎င်းလမ်းများမှပင် တောင်တန်းများဆီသို့ ပြန်လည်ခိုအောင်းမည်။ တစ်ခါတိုက်ရုံဖြင့် ရန်သူ့စစ်စခန်းသုံးခုလောက်ကို သိမ်းပိုက်နိုင်မည်။ တိုက်ရာတွင်လည်း ရှောင်တခင်နည်းကို အသုံးပြုရမည်။ ထိုအစီအစဉ်များကို ဗီဒယ်လ် သဘောတူ၊ မတူ မေးမြန်းလိုက်သည်။ အဖြေ တစ်စုံတစ်ရာ မရခဲ့ပေ။

ဇူလိုင်လ ၂၇ ရက်နေ့တွင် အက်စထရာဒါပယ်လ်မာကို ရောလ်ကတ်စထရို ဦးဆောင်သော လူ ၂၀၀ ခန့်က ဝိုင်းဝန်းတိုက်ခိုက်ကြောင်း ရေဒီယိုမှတစ်ဆင့် ကြားသိရလေသည်။ ဘိုဟီးမီးယားမဂ္ဂဇင်းတွင် အက်စထရာဒါပယ်လ်မာ၌ ချီတို့တပ်များက တိုက်ခိုက်ပုံ၊ စစ်တန်းလျား မီးလောင်ပျက်စီးသွားပုံတို့ကို ဖော်ပြထားသည်။ တောင်တန်းများပေါ်မှာ ဆင်းလာသည့်ဗီဒယ်လ်နှင့် အခြားသော တော်လှန်ရေးခေါင်းဆောင်များ၏ အမည်များကိုလည်း ဖော်ပြထားသည်။ အမှန်အားဖြင့် လူ ၂၀၀ ထက်လျော့နည်းသောအင်အားဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ မေဂျာဂီလာမိုဂါစီယာက ဦးစီးခြင်းဖြစ်သည်။

နောက်တစ်နေ့တွင် ရန်သူစစ်တပ်က ချီတို့ပြောက်ကျားများအား ခြေရာခံလိုက်ရင်း လိုရင်ဇိုအမည်ရှိ ရဲဘော်တစ်ယောက်ကို ဖမ်းမိသွားသည် ကာစီလာ့စ်အား ရှောင်တခင်တိုက်ခိုက်ရန် ဆုံးဖြတ်ကြသည်။ အစီအစဉ်တွေ ရေးဆွဲပြီး ရွာ၏ဗဟိုလမ်းအတိုင်း လျှောက်ဝင်လာစဉ် ကျေးလက်ကာကွယ် ရေးတပ်သားတစ်ဦးနှင့် ပက်ပင်းတိုး၏။ ပစ်ခတ်မည်ပြုစဉ် အနီးနားအိမ်ထဲ ဝင်ပြေးသွားသည်။ ထိုလူ့လက်ထဲမှာ ဂရန်းအမျိုးအစားသေနတ်ကို ကိုင်ထား သည်။ ချီက "ရပ်"ဟုအော်ပြီး တော်မီဂန်းနှင့်ပစ်ချရန် ခလုတ်ဆွဲလိုက်ရာ ကျည်မထွက်ဖြစ်သွားသည်။ ချီနှင့်ပါလာသော အစွရေးက ပွိုင့် ၂၂ ဖြင့် ပစ် ခတ်၏။ ကျည်ကား မထွက်ပြန်။ ရန်သူစစ်သားက လှမ်းပစ်၍ ချီတို့လည်း အနောက်ဘက်လမ်းထိပ်သို့ ခြေကုန်သုတ်ပြေးရလေသည်။ ရန်သူပစ်ခတ်သံ က ချီတို့ရဲဘော်များကို တိုက်ဖို့ အချက်ပေးလိုက်သလို ဖြစ်နေ၏။ ချီ သေနတ် ကို အမြန်ပြန်ပြင်ရသည်။ လေးဘက်လေးတန်မှ သေနတ်သံများ ထွက်ပေါ် လာသည်။ ရန်သူစစ်သားတွေ ဝိုင်းလာရာက ပြန်လှည့်ပြေးကုန်၏။ တိုက်ပွဲက ခဏလေးသာ။ ရန်သူလည်း လက်နက်ချလိုက်လေသည်။ ပစ်ခတ်သံ ကြား ကတည်းက ရာမီရီတို့နှင့် သူ့ရဲဘော်များက စစ်တန်းလျား၏ အနောက်ဘက်မှ ဝိုင်းပတ်ဝင်ရောက်ကာ သစ်သားတံခါးတစ်ခုမှ ပစ်ခတ် ကြသည်။

စစ်တန်းလျားအတွင်းရန်သူအစောင့် (၁၂) ယောက်ရှိရာ (၆) ယောက် မှာ ဒဏ်ရာရထားကြ၏။ ချီတို့ဘက်မှ တစ်ယောက်ကျဆုံးပြီး ရဲဘော် သုံးယောက် ဒဏ်ရာအနည်းငယ်စီ ရကြသည်။ ချီတို့သည် အသုံးဝင်မည့် ပစ္စည်းမှန်သမျှကို ယူကာ စစ်တန်းလျားကို မီးတင်ရှို့လိုက်ကြသည်။ ဆာဂျင် တစ်ယောက်နှင့် အိုရန်အမည်ရှိ သတင်းပေးတစ်ယောက်ကို ဖမ်းဆီးခေါ် ဆောင်ကာ ထရပ်ကားများဖြင့် ထွက်လာကြသည်။ နံနက်လင်းပြီဖြစ်သဖြင့် လမ်းခရီးတစ်လျှောက်မှ ရွာသူရွာသားများက ဘီယာ၊ အအေး အဖျော် ယမကာများ တိုက်ကျွေးကြသည်။ ဗဟိုလမ်းမကြီးအနီးရှိ သစ်သားတံတား ငယ်တစ်ခုကိုဖောက်ခွဲထားသည်။ နောက်ထပ်တွေ့ရသောချောင်းကူးတံတား ငယ်ကို ကူးဖြတ်ပြီးမှ ဖောက်ခွဲပစ်လိုက်သည်။ ခရစ္စတီနိုနာရန်ဂျိုဆိုသော

လူသစ်မှာ အဖိုးတန်သူတစ်ယောက်ဖြစ်ပြီး နောင်သောအခါ မေဂျာအထိ ရာထူးတိုးပြီး တော်လှန်ရေးအောင်မြင်ပြီးသည့်အချိန်၌ အသတ်ခံခဲ့ရသည်။

မီနီရွာသို့ရောက်သောအခါအစည်းအဝေးတစ်ရပ်ပြုလုပ်သည်။ ရွာသူရွာသားများက အကျဉ်းသားတွေကို လွှတ်ပေးခိုင်းသည်။ ရွာသူရွာသားတွေ၏ လုံခြုံရေးကို အကျဉ်းသားနှစ်ဦးက အာမခံမှ ပြန်လွှတ်ပေးလိုက်သည်။ ဆီယာရာသို့ ချီတက်ရင်း တိုက်ပွဲ၌ ကျဆုံးခဲ့သော ရဲဘော်အလောင်းကို မြှုပ်နှံလိုက်ကြသည်။ အယ်လ်တိုဒီကာလီဖိုးနီးယားသို့ အရောက်တွင် တရပ်ကားများကို ထားရစ်ခဲ့ပြီး လက်နက်သစ်တွေ ဝေခြမ်းပေးလိုက်သည်။ ရန်သူကင်းစခန်းမှ ဘရောင်းနင်း မောင်းပြန်သေနတ်ကို ရရှိခဲ့သည်။ သွန်မဆင်သေနတ်ကို စွန့်ပစ်လိုက်သည်။ အကောင်းဆုံးလက်နက်တွေကို အတော်ဆုံးတပ်သားများထံ ပေးအပ်လိုက်သည်။ တောင်ကုန်းများပေါ်သို့ ပြန်ရောက်သောအခါ အရေးပေါ်အမိန့်ထုတ်သင့်ကြောင်း၊ သတင်းများကို စိစစ်ဖြတ်တောက်မှု ပြုလုပ်နေကြောင်း သတင်းများကို ကြားသိရသည်။ ဖရန့်ပေးစ်လည်း စင်တီယာဂိုလမ်းမတစ်ခုတွင် အသတ်ခံရကြောင်း ကြားသိရသည်။

စင်တီယာဂို၊ ဟာဗားနားသာမက ကျူးဘားတစ်ပြည်လုံးရှိ ပြည်သူများ ဩဂုတ်လတစ်လလုံး သပိတ်မှောက် ဆန္ဒပြကြသည်။ ဘာတစ္စတာ၏ လူဆိုးလူမိုက်များက ရက်စက်ကြမ်းကြုတ်သော လူသတ်မှုများကို တစ်နိုင်ငံလုံး လိုက်လံပြုလုပ်လျက်ရှိရာ ကျူးဘားပြည်သူအားလုံး စစ်ပွဲကြီးတစ်ပွဲဆင်နွှဲရန် ပြင်ဆင်ကြရတော့သည်။ ဖရန့်ပေးစ်သေဆုံးခြင်းကြောင့် ပေါ်ပေါက်လာသော ဂယက်လှိုင်းက တိုက်ပွဲသို့ အင်အားသစ်များ ပါဝင်ပေါင်းစည်လာပုံနှင့် ပြည်သူတို့၏ တိုက်ပွဲဝင်စိတ်ဓာတ် ကြီးထွားလာပုံကို ဖော်ပြနေခြင်း ဖြစ်သည်။

စတုတ္ထစစ်ကြောင်း၏ တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်နေသော ချီသည် ရိက္ခာရှာဖွေရေးအတွက် ဆီယာရာမစ္စထရာတောင်ခြေမှ စင်ပက်ပလိုဒီယို ကျေးရွာကလေးအား ဝင်ရောက်စီးနင်းရန် တောင်ခြေသို့ ဆင်းလာကြသည်။ ရွာတွင်းရောက်သည်နှင့် ချီတို့ အရင်ဦးဆုံး ရောက်သွားသောအိမ်မှာ မုန့်ဖိုပိုင်ရှင်မိသားစုပိုင်သောအိမ်ဖြစ်သည်။ မုန့်ဖိုပိုင်ရှင်လိုင်ဒီယာမှာ အသက်


(၄၅) နှစ်ခန့် ရှိ၏။ သူ့သားမှာ ချီတို့တပ်သား ဖြစ်နေသည်။ လိုင်ဒီယာမှာ တော်လှန်ရေးအတွက် ပေးဆပ်စွန့်လွှတ်ရဲသော စံနမူနာပြုထိုက်သည့် အာဂ အမျိုးသမီးဖြစ်သည်။ တော်လှန်ရေးအတွက် ဆက်သားတာဝန်ထမ်းဆောင်ခဲ့သည်။ ချီတို့တပ်အတွက် လိုအပ်တာတွေဖြည့်ဆည်းဆောင်ရွက်ပေးပါသည်။ မီနာဒယ်ဖရိယိုဖုံသို့ ချီတို့တပ် ရွှေ့ပြောင်းရသောအခါ လိုင်ဒီယာလည်း လိုက်လာသည်။ ကျူဘားလူမျိုးများမှာ မိန်းမသားတစ်ယောက်၏ အမိန့်ပေးမှုမျိုးကို နာခံရိုးထုံးစံ မရှိပေ။ လိုင်ဒီယာအမိန့်ပေးတာမျိုးကို မကျေနပ်ကြ။ လိုင်ဒီယာ ဦးစီးကွပ်ကဲသောစခန်းမှာ ယိုနှင့် ဘာယာမိုရွာအကြားတွင် တည်ရှိသည်။ ချီတို့စခန်းများအနက် အိုင်ဒီယာ၏စခန်းမှာ ရန်သူနှင့် အနီးကပ်ဆုံးဖြစ်နေသည်။ လိုင်ဒီယာစခန်းကို ရန်သူတို့က အကြိမ်ကြိမ် ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ ထိုစစ်စခန်းကို ချီက သူ့ဆီလာပေါင်းရန် ပြောသော်လည်း မရ။ လိုင်ဒီယာက ခုခံချနေ၏။ ယခုလို စစ်မျက်နှာသစ်ကို ချီထွက်တော့မှပင် လိုင်ဒီယာ လိုက်ပါလို့ လာတော့သည်။

လိုင်ဒီယာ၏စခန်းမှ ရဲဘော်လေးဂယ်လင်မှာ ရန်သူဝင်စီးခံရ၍ သူ့ကိုယ်သူ သတ်သေသွားခဲ့သည်။ လိုင်ဒီယာ စိတ်မကောင်းဖြစ်ခဲ့ရသည်။ ရဲဘော်ဂယ်လင်ကို ပစ်ခတ်ကယ်လိုက်လျှင် ကျန်သောရဲဘော်တွေနေရာကို စစ်တပ်က သိပြီး ချေမှုန်းတာ ခံလိုက်ရမည်။ ဂယ်လင်တစ်ဦးတည်း အသက်ကိုသာ ပေးဆပ်စေပြီး မကယ်လိုက်ရဖြစ်သွားခြင်းကြောင့်သာတည်း။ အစိုးရစစ်တပ်မှ အကြီးအကျယ် ထိုးစစ်ဆင်နေစဉ်အတွင်း လိုင်ဒီယာသည် ချီတို့တပ်စခန်းသို့ ဝင်ချည်ထွက်ချည်၊ ဆင်းချည်တက်ချည်ဖြင့် ချီတို့တပ်အတွက် အလွန်အရေးပါသော စာရွက်စာတမ်းတွေကို ယူဆောင်ကာ ပြင်ပကမ္ဘာနှင့် ချီတို့ကို ဆက်သွယ်ပေးလျက်ရှိသည်။ လိုင်ဒီယာနှင့်အတူ သေအတူ၊ ရှင်မကွာ လိုက်ပါတာဝန် ထမ်းဆောင်နေသော အမျိုးသမီးတစ်ဦးလည်း ရှိသေးသည်။ သူမမှာ ကလိုဒိုမီရာတည်း။ တပ်သားတိုင်း ကောင်းစွာ အမှတ်ရစေနိုင်စွမ်းသော အမျိုးသမီးဖြစ်သည်။ လာ့စ်ဗီလာ့စ်မှ ချီပြန်ရောက်ရောက်ချင်း ချီနှင့် ဆက်သွယ်ရန် လိုင်ဒီယာကို အကြောင်းကြားထားသည်။ အကြောင်းမှာ

လိုင်ဒီယာသည် ချီနှင့် ဟာဗားနား၊ ချီနှင့် ဆီယာရို စစ်ဦးစီးဌာနချုပ်အကြား တစ်ခုတည်းသော အဓိကအဆက်အသွယ်ဖြစ်သောကြောင့် ဖြစ်သည်။ ချီ ပြန်ရောက်သောအခါ လိုင်ဒီရာထားခဲ့သော စာတစ်စောင်ကို ရရှိသည်။ သူမ နောက်တစ်ကြိမ်ပြန်လာလျှင် ခွေးလေးတစ်ကောင်ပါလာမည်ဟု ရေးထားသည်။ သို့ပြား ထိုခရီးကို လိုင်ဒီယာနှင့် ကလိုဒိုမီရာတို့ မထွက်ဖြစ်ချေ။ လူတစ်ယောက် လိုင်ဒီယာတို့ရှိရာကို သတင်းပေးခဲ့သည်။ ရန်သူစစ်တပ်က ဝင်တိုက်သောအခါရဲဘော်များကအသေခံတိုက်သွားကြသည်။လိုင်ဒီယာနှင့် ကလိုမီဒီရာတို့ပါ ကျဆုံးသွားသည်။

ထိုရက်များအတွင်း မီးဟုန်းဟုန်းတောက်လောင်ကာ တိုက်ခိုက်ခဲ့ကြသော၊ စွန့်စားခဲ့ကြသော ချီတို့၏သူပုန်တပ်မတော်အတွင်း၌မူ ဘေးအန္တရာယ်ပေါင်းများစွာကြားက သက်စွန့်ဆံဖျားကျွန်းတစ်ကျွန်းလုံးဆက်သွယ်ရေးတွေပြုလုပ်ပေးခဲ့ကြသည်။ ချီတို့ ရဲဘော်များအတွက် လိုင်ဒီယာတို့ ကျဆုံးမှုကို ကြေကွဲဝမ်းနည်းပြီး လက်စားချေတိုက်ပွဲများကို ဆင်နွှဲဖို့အားသစ်လောင်းဖြစ်ကြသည်။ လူထုသချိုင်းမြေပေါ်မှာ ရိုးသားသော ပန်းပွင့်များပမာ လိုင်ဒီယာနှင့် သူ့ရဲကောင်းများ ကျဆုံးသွားခြင်းကို အလေးပြုသောအားဖြင့် ချီ မှတ်တမ်းထဲတွင် စာပန်းချီချယ်မှုန်းမိလေသည်။

"အို ... ချစ်သော လိုင်ဒီယာရယ် ... မင်းဟာ လူထုမြေပုံပေါ်မှာ ရိုးသားပွင့်ဖူးနေသောပန်းလေးပါကွယ်" တော်လှန်မှတ်တမ်းမှာ ထာဝရမညှိုးနွမ်းသောပန်းဆိုသည်မှာလိုင်ဒီယာသာဖြစ်တော့လေသည်။ သူ့ရဲကောင်းအမည်သည် ထာဝရမသေဆုံးပါလေသတည်း။



# အဖနိုင်ငံတော်အတွက် သေရခြင်းသည် အသက်ရှင်ခြင်းပင်ဖြစ်သည်

ကျွန်ုပ်တို့တပ်စုသည် ... ကျူဘား၏ လွတ်မြောက်နယ်မြေဖြစ်သော ဆီယာရာမစ္စထရာ အတွင်း ချဉ်းနင်းဝင်ရောက်လာသော ရန်သူ့တပ်မှန်သမျှ တိုက်ထုတ်ရန် ချီတို့ တပ်တွေ စိတ်စောနေကြသည်။ ဩဂုတ်လ ၂၉ ရက်နေ့ညတွင် အယ်လ် ဟွန်ဘာရီတို့ လမ်းအတိုင်း စစ်တပ်များ ချီတက်ရန် ပြင်ဆင်နေသည်ဟု လယ် သမားတစ်ယောက်က အကြောင်းကြားလေသည်။ မှားယွင်းသော သတင်း တွေကြောင့် ငြီးငွေ့နေပြီဖြစ်၍ ထိုလယ်သမားကို ဖမ်းဆီးကာ သေချာစစ်မေး ရသည်။ လယ်သမားက ကျိန်တွယ်ပြီး ဂျူလီယိုဇာပါတီရို၏ ယာခင်းသို့ပင် ရောက်နေကြောင်း ပြောသည်။

ထိုညမှာပင် ချီတို့တပ်တွေ နေရာယူလိုက်ကြသည်။ ဆာဒီနာ၏တပ်စု က ရေညှိပင်ခြောက်များအတွင်း၌ အရှေ့ဘက်တပ်ဆွယ်အဖြစ် နေရာယူကာ စစ်တပ်က ရပ်တန့်သည်နှင့် ပစ်ခတ်ရန် –

ရာမီရို၏တပ်က အနောက်ဘက်တပ်စွယ်အဖြစ် နေရာယူလျက် အလန့်တကြားဖြစ်စေရေးအတွက် "အသံလှိုင်းတိုက်ပွဲ" ဆင်နွှဲရန် စီစဉ်ထား သည်။ သူ့တပ်မှာ လက်နက်ကောင်းများ မရှိသော်လည်း ရန်သူက အလွန်

ထူထပ်သော ချုံနွယ်ပိတ်ပေါင်းများကို မနည်းဖြတ်လာရမည်ဖြစ်၍ အန္တရာယ်သိပ်မရှိလှချေ။

တောင်ကုန်းနံဘေးတွင် ပတ်ခွေနေသော လူသွားလမ်းမှာ ရန်သူလာလျှင်လာလိုနှင့်သူ့ရဲဘော်များကိုယ်ရောင်ဖျောက်နေပြီးစီရိကနံဘေးကနေ၍တိုက်ရမည်။ ချီနှင့် လက်နက်ကောင်း တပ်ဆင်ထားသူများကို ရန်သူကိုစတိုက်မည်။ အကောင်းဆုံးတပ်ဖွဲ့အား လက်ဖတင်နင်ရောလ်မာကေဒါကဦးဆောင်လျက် မှန်တိုင်းတပ်အသွင် တိုက်ရန်ဖြစ်သည်။

တောင်စောင်းအတိုင်း ခက်ခက်ခဲခဲ တက်လာသော ရန်သူ၏ ပထမစစ်ကြောင်းကို စောင့်ကြည့်နေသည်။ ရန်သူတပ်တွေက သူတို့အင်အားအပေါ်အားကိုးအားထားဖြင့် စကားသံတွေ အော်ဟစ်ပြောဆိုသံတွေနှင့် ချီတက်လာကြသည်။ ရှေ့ကင်း တစ်ယောက် … နှစ်ယောက် … သုံးယောက် ဖြတ်သွားကြပြီ။

လူတစ်ဒါဇင်ခန့် ဖြတ်သန်းခွင့်ပေးရန် အချိန်မစောင့်နိုင်တော့။ အော်ဟစ်သံတစ်သံကြောင့် ရန်သူစစ်သားက ခေါင်းထောင်ကြည့်လိုက်သည်။ ထိုဆဋ္ဌမမြောက်စစ်သားကို ချီ ကိုယ်တိုင်ပစ်ချလိုက်သည်။ ထိုစစ်သား လဲကျသွားသည်။ စုပြုံပစ်ခတ်သံတွေ ပေါ်ထွက်လာသည်။ ချီက မောင်းပြန်ရိုင်ဖယ်ဖြင့် ပစ်ခတ်စဉ် စစ်သားခြောက်ယောက် လူသွားလမ်းပေါ်မှာ ပျောက်ကွယ်သွားကြလေပြီ။ ရောမာကေဒါတပ်ဖွဲ့က သူခွင်ထဲဝင်လာသော ရန်သူစစ်သားတွေကို ပစ်မိန့်ပေးလိုက်သည်။ ရန်သူတပ်မှာ ဘက်ပေါင်းစုံမှ ပစ်ခတ်တိုက်ခိုက်ခြင်း ခံရလေတော့သည်။ ချီတို့ဘက်က ပိုပြီးပစ်တက် တက်တိုက်၏။ တပ်ခွဲတစ်ခွဲစာ ရန်သူတပ်သားများမှာ အဖက်ဖက်မှ ဝိုင်းဝန်းထိုးနက်ခြင်းခံရပြီးနောက် ကစဉ့်ကလျား ပြိုကွဲကုန်ကြတော့သည်။

ရန်သူတပ်ကျန်အချို့က ဘဇူကာဖြင့် ပြန်ပစ်သည်။ ချီတို့ဘက်မှ စက်သေနတ်သာ ပါသော်လည်း ပစ်ခတ်မရ။ ရာမီရှိ၏တောင်ပံမှ အစွရေးနှင့်အစ်ဂလီစီယာတို့က လက်နက်ပေါင်းစုတ်ကလေးများနှင့် ပစ်ခတ်ရင်းရှေ့သို့ အတင်းတက်ကြရသည်။ ရန်သူတပ်များကြားတွင် ပိုမိုရှုပ်ထွေးနေ

လေပြီ။ ချီက တပ်စုနှစ်စု ဆုတ်ခွာရန် အမိန့်ပေးလိုက်ပြီ။ ချီတို့ပါ ဆုတ်ခွာကာ နောက်ချန် တပ်စုသာဆက်၍ ပစ်ခတ်နေစေလိုက်သည်။ လီဟာကျဆုံး ကြောင်း သတင်းရောက်လာသည်။ ချီတို့ ဆုတ်ခွာရာလမ်းတွင် ဖီဒယ်လ် စေလွှတ်လိုက်သော တပ်စုနှင့် ဆုံရသည်။ မူလစစ်မြေပြင်နှင့် မီတာ (၁၀၀၀) ခန့် ဆုတ်ခွာလာပြီး နောက်ထပ်ချုံခိုတိုက်ခိုက်ရေးအတွက် စီမံကိန်းချကြရ ပြန်သည်။

ရန်သူစစ်သားများသည် တိုက်ပွဲဖြစ်ပွားရာ တောင်ကုန်းထိပ်ပေါ် ရောက်လာကြပြီး လီဟာ၏အလောင်းကို လက်စားချေပြီး မီးရှို့ပြလေသည်။ စိတ်မထိန်းနိုင်သော ချီတို့က တာဝေးပစ် ပစ်နေရပြီ။ ရန်သူတပ်က ဘဇူကာ ဖြင့် တရစပ်ပစ်ခတ်ခြင်းကို လိုမ့်ခံနေရသည်။ ရန်သူမေဂျာဆိုတာ၏ စစ် ကြောင်းကို ရပ်တန့်ဆုတ်ခွာအောင် ပြုလုပ်နိုင်ခဲ့ခြင်းအတွက် ချီတို့အောင်ပွဲ အနည်းငယ် ရလိုက်လေသည်။ ချီတို့ဘက်မှ တိကျအောင် မပစ်ခတ်နိုင်ခြင်း၊ အသင့်ပြင်ဆင်မှု မဖြစ်ခြင်းတွေကြောင့် အားနည်းချက် ဖြစ်ပေါ်သွားသည်။ ရန်သူလက်နက်တစ်လက်နှင့် ကိုယ့်ဘက်က လူတစ်ယောက်အသက်ကို လဲခဲ့ရသည်။ ရန်သူက ခေတ်မီစစ်ဆင်ရေးလက်နက်များ ကိုင်ဆောင်ထား နိုင်၍ ချီတို့ဘက်မှ ပရမ်းပတာ ပစ်ခတ်နိုင်တာမျိုးသာ ဖြစ်သွားသည်။

ထိုတိုက်ပွဲအပြီး ရဲဘော်အချို့ကို သူတို့၏ ရဲစွမ်းသတ္တိအတွက် ရာထူးတိုးမြှင့်ပေးလိုက်သည်။ ရန်သူများ ဆုတ်ခွာသွားသည့်ညပြီး၍ နောက် တစ်နေ့မှာ ဖီဒယ်လ်က လာကေဗာ့စ်အရပ်တွင် ဘာတစ္စတာ၏ တပ်များနှင့် အဘယ်ပုံ တိုက်ခိုက်ခဲ့ရသည်ကို ပြောပြလေသည်။ အလာကွန်း၊ ပက်စတာ၊ ယာယို၊ ကာစတီလိုနှင့် အစိုးရတပ်မှ လက်ဖတင်နင်တစ်ယောက်၏ သား ဖြစ်ပြီး သတ္တိ၊ ဇွတ္တိနှင့် ပြည့်စုံသည့် အော်လီဗာစသည့် ရဲဘော်များ ကျဆုံးခဲ့ ရပုံတွေ ကြားသိကြရသည်။

ဖီဒယ်လ် အောင်ပွဲခံခဲ့သော တိုက်ပွဲမှာ ချုံခိုတိုက်ခိုက်ခြင်း မဟုတ်။ သေချာကျနစွာ တပ်စွဲထားသောစစ်တပ်ကို ဝင်ရောက်တိုက်ခိုက်ရသော တိုက်ပွဲမျိုး ဖြစ်သည်။ ချီတို့ တိုက်ပွဲထက် ပိုအရေးပါသည်။ ရန်သူတပ်ကို

မဖျက်ဆီးနိုင်စေကာမူ အများအပြား ကျဆုံးဒဏ်ရာရစေလျက် နောက်တစ်နေ့တွင် စခန်းမှ ဆုတ်ခွာသွားကြလေသည်။ နောက်တစ်နေ့ အစိုးရစစ်တပ်က ထုတ်ပြန်သော ပြန်တမ်း၌ ဗီဒယ်လ်တို့ဘက်က ခြောက်ယောက်ကျဆုံးသည်ဟု ဆိုထားသည်။

မေဂျာဆိုဆာ၏စစ်သားများက လယ်တဲတွေကို မီးတင်ရှို့ခဲ့လေသည်။ ချီကစစ်ဆင်ရေးအပိုင်း၊ ချေမှုန်းရေးအပိုင်းတွေကို ဝေဖန်ဆွေးနွေး ထောက်ပြခဲ့သည်။ အစိုးရတပ်များ ဆီယာရာမှ ပြန်ဆုတ်ခွာရသော အချိန်မှာ ချီတို့တပ်တွေ အားပြန်ဖြည့်စေ၏။ ဘာတစ္စတာ၏ စစ်အကြီးအကဲများအနက် အရက်စက်ဆုံး၊ အကြမ်းကြုတ်ဆုံး၊ လူအသတ်ဆုံးနှင့်အရဲရင့်ဆုံးဖြစ်သောဆန်ချေ့မို့စ်စကွဲရာသာလျှင် မိုက်ရူးရဲစွာ စွန့်စားသူပမာ ထိုးဖောက်ဝင်ရောက်လာပါတော့သည်။ ဩဂုတ်လ ၂၉ ရက်တွင် ဗီဒယ်လ်နှင့် တွေ့ဆုံပြီးသောအခါ ချီတို့သည် ပီနီဒယ်လ်အင်္ဂါ သစ်စက်သို့ရောက်ရန် ချီတက်ကြသည်။ ၎င်းသစ်စက်တွင် အခိုက်အတန့်အားဖြင့် ရန်သူများ ရှိမည်မဟုတ်။ အကယ်၍ရှိခဲ့လျှင်လည်း အစောင့်စစ်သား အနည်းငယ်သာ ရှိလိမ့်မယ်ဟု ချီတို့ သတင်းရထားကြပြီးလေပြီ။

ချီတို့သည် စင်ပက်ဘာလိုစီယိုအထိ ဆင်းလာခဲ့ကြသည်။ ဒေသခံပြည်သူတွေက လက်ကမ်းကြိုကြသည်။ ရန်သူစစ်သားမရှိသော ရွာငယ်လေးတစ်ရွာကို သိမ်းပိုက်ထားကြပြီး ဒေသခံလူများနှင့် အဆက်အသွယ်ယူကာ အစည်းအဝေးများ ကျင်းပကြသည်။ ကုန်သည်များထံမှ ပစ္စည်းများကို အာမခံချက် အကြွေးစနစ်ဖြင့် ဝယ်ယူပြီး သယ်ယူပို့ဆောင်ရန် စီစဉ်ရတော့သည်။ လမ်းတစ်လျှောက်တွင် နက်စောက်သော ချိုင့်ဝှမ်းများ တောင်ဆင်းတောင်တက်လမ်းများ ပေါ်များလှသည်။ လမ်းတစ်ဝက်မှာပင် ကားမသွားနိုင်တော့သည့်အတွက် ပစ္စည်းများကို ကားပေါ်မှချကာ ကားများ၊ လူများဖြင့်တစ်ဖန်သယ်ပို့ရပြန်သည်။ ထိုရက်များအတွင်း ကမောက်ကမအဖြစ်တွေတသီတတန်းကြီး ပေါ်ပေါက်ခဲ့သေးသည်။ အရက်အလွန်အကျွံ သောက်သော ရဲဘော်တစ်ဦးကို တပ်မှ ထုတ်ပစ်ရသည်။ တစ်ဖန် တပ်စုမှူးကလည်း

ဇီဒယ်လ်၏ထောက်ခံစာဖြင့် တပ်မှထွက်ကာ မီယာမီသို့ ထွက်သွားပြန်သည်။

ပီနီဒယ်လ်အဂ္ဂါသို့ စက်တင်ဘာလ (၁၀) ရက်နေ့တွင် ချီတို့ ရောက်ရှိကြသည်။ ချီတို့သည် ရွာကလေးကို သိမ်းပိုက်လိုက်ပြီး ရွာသူရွာသားများအား စုဝေးလျက် ဇီဒယ်လ်က သူ့အကြံအစည်ကို ထုတ်ဖော်ပြောဆိုသည်။ ချီတို့သည် စစ်ရေးအပြင်အဆင်ကို အနည်းငယ် ပြောင်းပြန်ဖြစ်အောင် စီစဉ်ကြသည်။ ဇီဒယ်လ်က စစ်ကြောင်းအားလုံး၏ ရှေ့မှောက်တွင် စင်တီယာဂိုဘက်သို့ ဆက်လက်ချီတက်သွားစဉ် ချီတို့က ညာဘက်၌ ပြန်လှန်လျက် ရန်သူကို ချုံခိုတိုက်ခိုက်ရန် စောင့်ဆိုင်းကြသည်။ စစ်ကားအားလုံးကို ချိန်တွယ်ပြီးသားဖြစ်စေမည့် အနေအထားအတိုင်း ရဲဘော်အားလုံးကို နေရာယူစေသည်။ ယိုမှ ဟာဒီအထိ သွားနိုင်သော လမ်းတွင်လည်းကောင်း၊ ထရပ်ကားများ မသွားနိုင်သော မစ္စထရာတောင်တက်လမ်းကြောင်းတွင် လည်းကောင်း၊ အသီးသီး နေရာယူထားကြသည်။ ဟာဒီသို့သွားလမ်းမှာ ဆုတ်ခွာရန် သင့်လျော်သော လမ်းကောင်း ဖြစ်သည်။ ရဲဘော်အနည်းငယ်သာ ချထားလျက် အမဲလိုက်ရိုင်ဖယ်တွေ ပေးထားသည့် ဟာဒီဘက်လမ်းဆီသို့ လာနိုင်သောနေရာတွင် နောက်တန်းကင်းအဖြစ် အမီဂျဲရပ်စ်၏တပ်ဖွဲ့ကို ချထားပြီး လာလိုဆာဒီနာတပ်ဖွဲ့က ဇာပါတို ဒေသအတွင်းရှိ သစ်သယ်လမ်းများကို စောင့်ကြပ်လျက်ရှိသည်။

အငိုက်ဖမ်းပြီး စုပြုံပစ်ခတ်နိုင်ရေးအတွက် ဟာဒီဘက်မှလာသော တောင်တက်လမ်းအတိုင်း တောအုပ်အတွင်းမှနေ၍ ချီတို့က ရန်သူကို စောင့်ဆိုင်းနေကြသည်။ ချီကို ရွေးချယ်ထားသော နေရာသည် ထရပ်ကားများ တက်လာလျှင် အဝေးမှ လှမ်းမြင်နိုင်သော နေရာဖြစ်သည်။ လမ်းအကွေ့သို့ ရောက်သည်နှင့်တစ်ပြိုင်နက်ပထမဆုံးထရပ်ကားကိုချီတို့ကနံဘေးတစ်ဖက်တစ်ချက်မှ စတင်ပစ်ခတ်ပြီးနောက်၊ အခြားကားများ ရပ်တန့်သွားစေရန် ကျန်သော ရဲဘော်အားလုံးက ပစ်ခတ်တိုက်ခိုက်စေရန် စီစဉ်ထားသည်။

ချီတို့ (၇) ရက်တိုင်တိုင် ဖွဲကောင်းကောင်းဖြင့် ချုံခို၍ စောင့်ဆိုင်းနေကြ၏။ သတ္တမမြောက်နေ့တွင်ရန်သူချီတက်လာရပြီဆိုသောသတင်းရောက်လာ

သည်။ ကြောက်ခမန်းလိလိ မတ်စောက်သော တောင်တက်လမ်းအတိုင်း တက်လာနေသည့် ထရပ်ကားစက်သံများကို ကြားနေရသည်။ တိုက်ပွဲမစမီ မိနစ် (၂၀) အလိုတွင် မိုးကြီးသည်းထန်စွာ ရွာချလိုက်လေရာ ချီတို့တပ်တွေ ရွှဲရွှဲစိုကုန်သည်။ ရန်သူတပ်များသည် အတိုက်ခံရမည့်အရေးထက် မိုးရွာသည့် အရေးကို ပိုမိုသောကရောက်သည့်အလား ရှေ့သို့တက်လာကြသည်။ ချီတို့ ဘက်က တော်မီဂန်းဖြင့် စ၍ပစ်သည်။ မည်သူ့ကိုမှ မထိ။ အော်ဟစ်သံများ ဆူပွက်သွားပြီး ရှေ့ဆုံးထရပ်ကားမှ စစ်သားများသည် ချီတို့ ပစ်ခတ်မှုကို ကြောက်လန့်ပြီး လမ်းပေါ်သို့ ခုန်ချကာ တောင်ခါးပန်းနောက်သို့ ပြေးဝင်သွား ကြသည်။ သူတို့ပြန်ပစ်သောအခါ ချီတို့ဘက်က စစ်သားကဗျာဆရာကောင်း ကြီး ကရှုဆီ ထိမှန်ကျဆုံးသွားသည်။

ထရပ်ကားအောက် ဝင်ပုန်းနေသော စစ်သားကို ခေါင်းဖော်ခွင့်မရ အောင် မပစ်နေကြသည်။ တိုက်ပွဲသို့ ချီရောက်သောအခါ မည်သူကပေးသော အမိန့်မှန်းမသိ တပ်က နောက်ပြန်ဆုတ်နေ၍ ချီက မူလနေရာပြန်တက်ရန် အမိန့်ပေးလိုက်ရသည်။ ဆီဒီနာအမီဂျဲရပ်စ်တို့၏ တပ်သားများလည်း ချီတို့ထံ ဝင်ကူတိုက်ပေးနေသည်။ တာတန်အမည်ရှိသော ရဲဘော်မှာ လမ်းပေါ်ရောက် နေ၏။ ချီတို့လမ်းပေါ်တက်လာသောအခါ တာတန်က အော်ခေါ်၍ ထရပ်ကား နားအတင်းကပ်သွား၏။ ထရပ်ကားအောက်မှရန်သူကပြန်လည်ပစ်ခတ်နေ၍ ကားအနားကပ်ခွင့်မရ။

စစ်ထရပ်ကား ငါးစီးဖြစ်ပြီး တပ်ခွဲတစ်ခွဲကို လိုက်လံပို့ဆောင်ခြင်း ဖြစ် သည်။ အင်နီတိုယိုလိုပက် ဦးဆောင်သောတပ်စုက တိုက်ပွဲစတင်ချိန်မှစ၍ ရန်သူတစ်ဦးတလေမှ ဖြတ်သန်းခွင့်မပေးဘဲ အမိန့်အတိုင်း အတိအကျ ဆောင်ရွက်နေသည်။ ရန်သူတပ်သားတစ်စုက အပြင်းအထန် ခုခံတိုက်ခိုက် ကာ ချီတို့ရှေ့တိုးမှုကို ဟန့်တားနေ၏။ လာလိုနှင့် အက်စဖီဂျီနီယိုတို့က ချီတို့ကို အားဖြည့်ရန် ရောက်ရှိလာသည်။ သူတို့သည် ထရပ်ကားများကို အပြင်းအထန် ဝင်တိုက်ရာ ရန်သူခုခံမှု ပျက်ပြားပြီး ခြေဦးတည့်ရာ ထွက်ပြေးကုန်ကြသည်။

စစ်ပစ္စည်း အပြည့်တင်ထားသော ကျန်ထရပ်ကားနှစ်စီးမှ စစ်သားများလည်း ပစ္စည်းများစွန့်ကာ ထွက်ပြေးကြကုန်သည်။

ဂီလ်ဘာတို - ကာဒီရို၏ ကျေးဇူးကြောင့် ရန်သူစီမံကိန်းအချို့ကို ချီတို့ သိကြရ၏။ အခြားဒေသတစ်ခုတွင် ထောက်လှမ်းရေး တာဝန်ထမ်းဆောင်နေစဉ် ရန်သူ၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။ အကျဉ်းသားအဖြစ် နေထိုင်ရပြီး ရန်သူ သွားလေရာရာ ခေါ်သွားသဖြင့် ယခုတိုက်ပွဲ၌လည်း ထရပ်ကားတစ်စီးအတွင်း ကာဒီရိုပါလာခြင်းဖြစ်ရာ သေနတ်သံကြားသည်နှင့် အခြားစစ်သားများနည်းတူ ကားပေါ်မှ ခုန်ချကာ ခြေဦးတည့်ရာ မပြေးဘဲ ချီတို့ဘက်ကို ပြေးလာကာ တပ်တွင်းသို့ သူပြန်ရောက်ကြောင်း သတင်းပို့သည်။

ပထမထရပ်ကားကို ချီတို့လူတွေ ပိုင်းလိုက်စဉ် သေဆုံးသူနှစ်ဦး၊ သေအံ့ဆဲဆဲတစ်ဦးကို တွေ့ရသည်။ သေအံ့ဆဲဆဲလူကို ချီတို့၏ရဲဘော်တစ်ဦး ကသေွးအေးအေးဖြင့်ပစ်သတ်လိုက်သည်။ ထိုသို့မပြုလုပ်ရန် ချီပြင်းပြင်းထန် ထန် အပြစ်တင်မိသည်။ ထရပ်ကားအောက်တွင် ဒဏ်ရာဖြင့် လဲနေသော အခြားစစ်သားတစ်ယောက်က ချီ၏တားမြစ်ချက်ကို ကြားသွားပြီး သူ့အား ခွင့်လွှတ်ပါရန် တောင်းပန်သည်။ ရန်သူစစ်သားခြေထောက်မှာ ကျိုးနေသည်။ သူ့ကို ဆွဲထုတ်ပြီး တိုက်ပွဲပြီးသွားသောအခါ သစ်စက်သို့ပို့ပြီး ကုသပေးခဲ့သည်။

အခြားထရပ်ကားများနှင့် လက်နက်ပစ္စည်းများကို သိမ်းပိုက်ရရှိလိုက်သည်။ တိုက်ပွဲစာရင်းချုပ်လိုက်သောအခါ မောင်းပြန် (၁) လက်၊ ဂရန်းအမျိုးအစား သေနတ် (၅) လက်၊ စက်ကလေး (၁) လက်နှင့် ကျည်ဆန်များကို ရရှိလိုက်သည်။ အက်ဖီဂျီဒိုက ဤတိုက်ပွဲတွင် အဆုံးအဖြတ်ပေးသွားသော တပ်မှာ သူ့တပ်ဖြစ်သည်။ ထို့ကြောင့် လက်နက်အချို့ကို သူပိုင်ဆိုင်ခွင့်ရှိသည် ဟုပြောလာသည်။ ချီကလည်း အလိုက်သင့် ဝေခြမ်းရေး လုပ်ပေးလိုက်သည်။ ချီတို့ ရဲဘော်တွေ ပြန်လည်စုရုံးနေစဉ် လေယာဉ်အချို့ ပျံဝဲလျက်ရှိသည်။ ဗီဒယ်လ်အား တိုက်ပွဲအကြောင်း သတင်းပို့ရန် ရန်သူများ လာနေသည်ကို သတိပေးရန် ကာဒီရိုနှင့် အခြားရဲဘော်တစ်ယောက်ကို စေလွှတ်ပြီး စီရိုကို

လည်း သူ့နေရာမှ ပြန်ဆုတ်ခဲ့ရန် ဗွန်ဂိုမာတီနက်အားလွှတ်၍ အကြောင်းကြားလိုက်သည်။

ဘီ ၂၆ လေယာဉ်များ သစ်စက်တစ်ဝိုက်တွင် ဝဲပျံကာ ပစ်မှတ်လိုက်ရှာနေစဉ် ချီတို့မှာ သစ်စက်အဆောက်အအုံအတွင်း နံနက်စာ စားနေကြသည်။ အတန်ကြာ ဝဲပျံပြီးသောအခါ လေယာဉ်များ ထွက်ခွာသွားကြသည်။ ချီတို့သည် စိတ်အေးလက်အေး အနားယူဖြစ်ကြသည်။ သစ်စက်မှ ထွက်အဲ့ဆဲဆဲတွင် ဆိုက်မေးရီးယားဘက်မှလာသော လမ်းပေါ်၌ စစ်သားအပြည့်တင်ဆောင်လာသော ထရပ်ကားလေးစီးကို ချီတို့ တွေ့ကြရသည်။ အချိန်နှောင်းနေပြီ။ ချီတို့ရဲဘော်တွေ ပို၍လုံခြုံသောနေရာကို ရောက်နေပြီဖြစ်သည်။ လေထဲသို့ သေနတ် (၂) ချက်ဖောက်ပြီး ဆုတ်ခွာရန် အချက်ပြလိုက်သည်နှင့် တိတ်ဆိတ်စွာ ထွက်ခွာခဲ့ကြသည်။

ကျူးဘားတစ်နိုင်ငံလုံး ဟိုးလေးတကျော် ဖြစ်သွားသော ဤတိုက်ပွဲတွင် ရန်သူဘက်မှ သုံးယောက်ကျဆုံး၍ တစ်ယောက်ဒဏ်ရာရသည်။ တစ်ယောက်ကို ဖမ်းမိသည်။ ဖမ်းမိသူမှာ ကော်ပိုရယ်အလက်ဇန်းဒရီ ဖြစ်သည်။ စစ်ပြီးသည်အထိ ထမင်းချက်အဖြစ် ချီတို့နှင့်အတူ လိုက်နေခဲ့သည်။

ချီတို့သည် ပီနိဒယ်လ်အင်္ဂါမှ လမ်းခွဲ၍ ထွက်သွားကြ၏။ မီကိုဘာဒီတွင် ပြန်ဆုံကြကာ ရဲဘော်ဖီဒယ်လ်တို့ ရောက်သည်အထိ စောင့်ဆိုင်းကြရန် စီစဉ်ထားသည်။

ဖီဒယ်လ်၏တပ်အချို့ပြန်ရောက်လာကြသည်။ ပီနိဒယ်လ်အင်္ဂါတိုက်ပွဲအပြီးတွင် ပြောက်ကျားတပ် တိုးတက်ရေးအတွက် ဆောင်ရွက်ကြသည်။ ဘိုတီလာဒေသတစ်ဝိုက်တွင် လွန်ခဲ့သော (၂) လခန့်က ရိုင်ဖယ်တစ်လက်ယူ၍ ထွက်ပြေးသွားသော ကာဘိုဆိုသူကို ကွပ်မျက်လိုက်သည်။ ဖီဒယ်လ်သည် ချီဗီရီကို တိုက်ခိုက်ပြီး နောက်ဆို နာဒါဒေသတစ်ခွင် ပြံပြံစင်အောင်လှည့်လည်ကာ ချီတို့ဒေသဘက်ကို ပြန်ရောက်နေကြောင်း ချီတို့ကြားသိကြသည်။ ဖီဒယ်လ်နှင့် အမြန်ဆုံး ဆုံစည်းရန် ပီလာဒီရိုဘက်သို့ ချီတက်ကြသည်။ ကမ်းခြေဒေသတွင် ဘာလန်စာအမည်ရှိကုန်သည် တစ်ဦးရှိရာ သူသည်

အစိုးရပိုင်းနှင့် အဆက်အသွယ်ရှိသည်။ ချီတို့တစ်တွေကို ရန်လိုမုန်းထားခြင်း မပြသ။ သူ့ထံမှ လားတစ်ကောင်ကို သိမ်းယူလာပြီး ပီလာဒီရှိအနီးရှိ ဗီနာလီ မြစ်ကို ရောက်လာခဲ့သည်။

အယ်ဇာပါတိုဒေသ အနီးတစ်ဝိုက်၌ ဗီဒယ်လ်ရောက်နေကြောင်း သတင်းရရှိလေသည်။ ချီက ဗီဒယ်လ်နှင့်သွား၍ စကားစမြည် ပြောဆိုဖြစ်သည်။ ဆယ်မိနစ်ခန့်မှာ ရာမီရိုရောက်လာကာ စည်းကမ်းမဲ့သော ရဲဘော်တစ်ယောက်ကို လာလိုဆီဒီနာက တားမြစ်ဆုံးမရင်း ခြောက်လုံးပြူးဖြင့် ရဲဘော်ခေါင်းကို ပစ်တော့မည်ဟု ခြိမ်းခြောက်ရာက ကျည်ထွက်သွား၍ ၎င်းရဲဘော် သေဆုံးသွားကြောင်း သတင်းလာပို့သည်။ ချီက စခန်းကို ချက်ချင်းပြန်လာပြီး တရားခံလာလိုကို အစောင့်အကြပ်ဖြင့် ထားလိုက်သည်။ ရဲဘော်များ လာလိုအပေါ် မကျေနပ်ချက်တွေ ကြီးထွားလျက်ရှိကြသည်။ အပြစ်ပေးရန် တောင်းဆိုကြသည်။ နောက်ဆုံးတွင် ဗီဒယ်လ်ရောက်လာပြီး အာဏာရှင်ဘာတစ္စတာကိုသာ အပြစ်ဖို့သည်။

လာလိုကိုသေဒဏ်ပေးရေး၊ မပေးရေးကိုမဲခွဲဆုံးဖြတ်ရာ သေဒဏ်ပေးစေလိုသူက (၇၀) ယောက်၊ အခြားပြစ်မှု ပေးစေလိုမှုက (၇၆) ယောက်ဖြင့် လာလိုအသက်ချမ်းသာရာရသွားသည်။ သို့သော်မကျေနပ်သောလူတစ်စုက ပြောက်ကျားတပ်ဖွဲ့မှ နုတ်ထွက်ရန် ဆုံးဖြတ်ကြောင်း ကြေညာတော့သည်။ အန်တိုနီယိုလိုပက်နှင့် သူ့တပ်သားများကပါ မကျေနပ်၍ သူ့ပုန်တပ်မတော်မှ ခွဲထွက်သွားပြန်သည်။ မသမာသူအချို့လည်း ခွဲထွက်ကြပြန်သည်။ ရှိဘာတိုမှအပ အခြားလူအမည်များကို ချီ မမှတ်မိတော့ချေ။ ကပ္ပတိန် ဆာဒီနာ၏နေရာတွင် အစားထိုးရန် ဗီဒယ်လ်က အကောင်းဆုံးတပ်သားဖြစ်သော ကမီလိုအား ချီကို ပေးအပ်သည်။ ချီတို့စစ်ကြောင်း၏ ရှေ့တန်းကင်းအဖွဲ့တွင် ကမီလိုမှာ ကပ္ပတိန်ဖြစ်လာသည်။ တော်လှန်ရေးဗန်းပြပြီးဓားပြမှုကျူးလွန်နေသူတွေကို နှိမ်နင်းရန် ချီတို့ခရီးဆက်ရပြန်သည်။ ကမီလိုက ဓားပြတွေကို ဖမ်းဆီးရေးရုံးတင်စစ်ဆေးရေးဆောင်ရွက်ရန် တစ်ပာုန်ထိုး ချီတက်ဆောင်ရွက်ရတော့သည်။ ပြင်သစ်တော်လှန်ရေးသမားများ နာဇီတွေကို အောင်မြင်အောင်

တိုက်ခိုက်နိုင်ခြင်းမှာ တိုက်ခိုက်ရေး အကျင့်စာရိတ္တကောင်းမွန်မှုကြောင့် ဖြစ်ကြောင်း ချီက ရှေ့ဆောင်လမ်းပြပေးသည်။

ယူဂိုဆလပ်များသည် သူတို့ထက် အင်အားအဆ ငါးဆယ်ကြီးသူတွေကို ပြောက်ကျားတိုက်စစ်ဖြင့် ပြန်လည်အောင်ပွဲခံခြင်းမှာ တိုက်ခိုက်ရေး အကျင့်စာရိတ္တကောင်းသောကြောင့် ဖြစ်သည်။ ဆီယာရာမှာ သူပုန်တပ်တွေ စွာနေ၍အစိုးရတပ်တွေ အနားမကပ်ရဲ။ ဆီယာရာနယ်မြေမှန်သမျှ သူပုန်တပ်တွေ လှုပ်ရှားလွတ်လပ်နေနိုင်ကြသည်။ ဓားပြတွေကို ဖြိုခွင်းနိုင်ရန် အုပ်ချုပ်ရေးစနစ်ကို ချီတို့ မဖွဲ့စည်းနိုင်ကြသေး။ ဆီယာရာ၏ နိုင်ငံရေးအခြေအနေမှာ အနယ်မထိုင်သေး။ သို့ပြား ရန်သူတပ်တွေက ဆီယာရာသို့ ချီတက်ရန် ပြင်ဆင်နေကြသည့် သတင်းတွေရရှိထားသည်။ ပြူစီတိုတွင် မို့စ်ကွီရာ ရှေ့တန်းစစ်ဌာနချုပ် ဖွင့်လှစ်လိုက်လေရာ ဆီယာရာသို့ ဝင်ရောက်တိုက်ခိုက်ရေးမှာ အလွန်သိသာ ထင်ရှားလာသည်။

အရစ္စတီဒီယိုသည် သူပုန်တပ်သားအဖြစ် ဝင်လာသည်။ သူ ကိုင်ခွင့်ရသော ခြောက်လုံးပြူးကို ရောင်းပစ်လိုက်သည်။ ပြီးတော့ စစ်တပ်နှင့် သွားရောက်ဆက်သွယ်သည်။ ထို့ကြောင့် အရစ္စတီဒီယိုကို ဖမ်းဆီးကွပ်မျက်ခဲ့ရသည်။ ဗီဒယ်လ်၏တပ်များနှင့် ဆုံစည်းရန်၊ အယ်ချီနို - ချန်၏ ဓားပြဂိုဏ်းများကို ဖမ်းမိရန် ချီတို့သည် လိုတိုကိုဒေသသို့ ထွက်လာခဲ့သည်။ ရှေ့တန်းကင်းအဖွဲ့ဖြစ်သော ကမီလိုက အကျဉ်းသားအချို့ကို လက်ရဖမ်းဆီးထားသည်။ မြေလှန်မီးရှို့စစ်ဆင်ရေး လုပ်ရသည်မှာ (၁၀) ရက်ခန့် ကြာမြင့်၏။ ယင်းဒေသ၏လယ်တဲတစ်တဲတွင်ဓားပြခေါင်းဆောင်ချန်ကိုစစ်ဆေးကာသေဒဏ်ပေးခဲ့သည်။ အခြားလယ်သမားတစ်ယောက်ကိုလည်း မိန်းကလေးတစ်ဦးကို အဓမ္မပြုကျင့်မှုဖြင့် သေဒဏ်ပေးခဲ့ရပြန်သည်။ ချန်၏နောက်လိုက်များကို စစ်ဆေးကြသည်။ သူတို့သည် မြို့ကြီးပြကြီးမှလာသော လူငယ်များ၊ လယ်သမားများ ဖြစ်ကြသည်။

၎င်းတို့အားလုံးကို လွှတ်ပစ်သော်လည်း သုံးဦးကိုကား မှတ်လောက်သားလောက်ဖြစ်အောင် တစ်ခုခုလုပ်မည်ဟု ဆုံးဖြတ်လိုက်သည်။ နောက်

ဆုံး၍ကွပ်မျက်ပစ်ယောင်ဆောင်ပြီးထိုလူငယ်သုံးယောက်ကိုခြောက်လှန့်ပစ်လိုက်သည်။ သုံးယောက်လုံး မျက်လုံးကို အဝတ်စည်းပြီး ပစ်သတ်ရန် တန်းစီခိုင်းသည်။ ပြီးတော့ မိုးပေါ်ထောင်ပစ်လိုက်သည်။ လူငယ်သုံးယောက်မှာ သေပြီထင်ရာမှပြန်ရှင်ရ၍ကျေးဇူးအတင်ကြီးတင်ကြ၏။သူတို့အများအတွက်လည်း ကြောက်လန့်တကြား ဝန်ချတောင်းပန်သည်။ ထိုဖြစ်စဉ်ကို မျက်မြင်ကိုယ်တွေ့မြင်ခဲ့သော စီအိုင်အေသူလျှို အင်ဒရူးစိန့်ဂျော့က လွတ်စ်မဂ္ဂဇင်းအတွင်း ယင်းအကြောင်းကို သတင်းဆောင်းပါးတစ်စောင်ရေးခဲ့ရာ အမေရိကန်ပြည်တွင် ဟိုးလေးတစ်ကျော်ဖြစ်ကာ ဆုတစ်ဆုပင် ရခဲ့လေသည်။ နောက်နှစ်ရက်အကြာတွင် အခြားစားပြများကို ချီတို့ ဖမ်းဆီးရမိပြန်သည်။ ဖမ်းမိသူတွေမှာ သူပုန်တပ်သားဟောင်း ခင်မင်ကျွမ်းဝင်ပြီးသားတွေမို့ အထူးတလည် နာကြည်းစရာကောင်းလှပေသည်။ နောက်ဆုံး ကွပ်မျက်ရသူမှာ စရိုက်စုံလှသော အယ်မစ္စထရို ဖြစ်၏။ ခိုးဆိုးတိုက်ခိုက်မှုကို ကျူးလွန်သည့်အပြင် အဆိုးဆုံးမှာ သူ့ကိုယ်သူ ဒေါက်တာချေဂွေဗားရား ဟန်ဆောင်လျက် လယ်သူမလေးတစ်ဦးကို အဓမ္မပြုကျင့်ရန် ကြိုးပမ်းခဲ့သည်။ ဤနည်းဖြင့် တော်လှန်ရေးအင်အားစုများကို သန့်စင်ပစ်ရလေသည်။

အက်ချ်ဗီရီယာသည် သူပုန်တပ်မတော်၏ အရာရှိများဖြစ်ကြသော ညီနှစ်ယောက်ကဲ့သို့ တော်လှန်ရေးသူရဲကောင်းတစ်ယောက် ဖြစ်လာနိုင်သည်။ ပြစ်မှုတစ်ရပ်ကို သူ ကျူးလွန်လိုက်သည်မှာ ကံဆိုးသွားလေပြီ။ အားလုံးမှာ ဘာတစ္စတာ အာဏာရှင်စနစ်၏ အမွေအနှစ်ဆိုးများ ဖြစ်သည်။ နယ်မြေငြိမ်းချမ်းရေးနှင့် အကျင့်စာရိတ္တကောင်းမွန်ရေးများ တည်ဆောက်ပေးခဲ့ပြီး ချီတို့ တပ်စုသုံးစုခွဲ၍ ဟွန်ဂရီတိုသို့ ပြန်လည်ထွက်ခွာကြသည်။ ဟွန်ဂရီတိုသို့ ချီတို့ ပြန်လည်အခြေစိုက်မိသောကာလမှာ ၁၉၅၇ ခုနှစ်၊ အောက်တိုဘာလဖြစ်သည်။ ရေအားလျှပ်စစ်စီမံကိန်းအတွက် တပ်ထဲကို နောက်ဝင်လာသည့် ပညာတတ်လူငယ်လေးတွေရဲ့အင်အားကို ရယူရသည်။ ချီတို့သည် မာန်ဂီသတင်းစာနှင့် ကျူဘားလွတ်မြောက်ရေး သတင်းစာတို့ကို

စတင်ထုတ်ဝေသည့် သတင်းစာ အယ်ဒီတာများမှာ အထက်ပါ ပညာတတ် ကျောင်းသားနှစ်ဦး ဖြစ်လေသည်။

မြစ်ကမ်းနံဘေးနေ ပြည်သူများနှင့် "အမေကြီးချာနာ" ဟုခေါ်ဝေါ်သော သတိရှိရှိ ရဲရင့်သည့် မိတ်ဆွေတစ်ဦး၏ အကာအကွယ်ပေးမှု၊ ကူညီမှုကြောင့် တည်ငြိမ်ခိုင်မြဲသော ဘဝကို စတင်ဖွဲ့စည်းရန် အစပြုနိုင်ခဲ့လေသည်။ လယ်တဲ မုန့်ဖိုကလေးကိုလည်း တည်ဆောက်နိုင်ခဲ့သည်။

ဖူလိုင်လ၌ အထိမ်းအမှတ် အလံကြီးချုပ်လုပ်ကာ အလွန်ဝေးသော အရပ်မှပင် လှမ်းမြင်နိုင်သည့် တောင်ကုန်းထိပ်တွင် စိုက်ထူလိုက်ကြသည်။ နယ်မြေအနှံ့ ခရီးဆန့်ပြီး ပြောက်ကျားသူပုန်တပ်၏ အာဏာတည်မြဲအောင် စွမ်းဆောင်ဖြစ်စေသည်။ တစ်ဖက်ရန်သူ မို့စ်ကွီနာဝင်တိုက်ခြင်းကိုရင်ဆိုင်နိုင်ရန် လမ်းကြောင်းဟူသမျှမှာ ကတုတ်ကျင်းများ၊ အကာအကွယ်များ တည်ဆောက်၍ အခိုင်အမာပြင်ဆင်ထားကြလေသည်။ တိုက်ရဲရင်တိုက်၊ ကျောက်ဆောင်နံရံကို ခေါင်းနဲ့ဝင်တိုက်သလိုသာ ဖြစ်သွားပေလိမ့်မည်။



# ကျူဘားကွန်မြူနစ်ပါတီ

ခုခံကာကွယ်ရေး အနေအထားသာ ရှိနေသော တပ်အင်အားကို ဆထက်ထမ်းပိုးတိုး၍ ပြင်ဆင်မှုများ ပြုလုပ်နေရသည်။ ဟွန်ဘာရီတိုသည် မာဗာတီနှင့် ကီလိုမီတာ အနည်းငယ်သာ ဝေး၏။ စင်တာအနာတောင်ကို တက်လျှင် ဂါယာဘိုအမည်ရှိသော တောင်ကုန်းကိုဖြတ်ကာ မီနာဗရီယိုမှလာသော လမ်းအတိုင်းသွားလျှင်လည်း မာဗာဒီသို့ရောက်နိုင်သည်။

အချက်အချာ နေရာတိုင်းကို ကာကွယ်ထိန်းချုပ်ထားနိုင်သည်။ တောအုပ်များဖြတ်၍ ရန်သူ အလစ်လာရောက်တိုက်ခိုက်ခြင်းကို ကာကွယ်ရန် အမြဲတမ်းအစောင့်များချထားရသည်။ ချီတို့၏အဓိကပစ္စည်းကိရိယာအများစုကို လာမီဆာဒေသရှိ ပိုလိုတောရက်၏ နေအိမ်သို့ ရွှေ့ပြောင်းထားသည်။ ဒဏ်ရာရသူတွေပါ ထိုအိမ်သို့ ရွှေ့ပြောင်းထားသည်။ စင်တာအနားတွင် မို့စ်ကွီရာတပ်တွေ တပ်စွဲနေသည်။ ကာလီဖိုးနီးလမ်းမအတိုင်း ချီတက်နေသော ရန်သူတပ်များကလည်း ရှိနေသေးသည်။ မို့စ်ကွီရာ၏တပ်များသည် အသုံးပြုနေကြလမ်းအတိုင်း ဟွန်ဂရီတိုဘက်ကို ချီတက်လာနေကြရာ ချုံခိုတိုက်ခိုက်မည့် ရဲဘော်များကို အသင့်ရှိစေလျက် မိုင်းတွေကိုလည်း စစ်ဆေးကြရသည်။ ဤမိုင်းများမှာ ချီတို့တပ်ဖွဲ့တီထွင်ပြုလုပ်သော မိုင်းများဖြစ်သည်။ မာဗာရီတိုက်ပွဲတွင် အသုံးပြုခဲ့သော်လည်း အရာမရောက်ချေ။ ယခုလည်း သိပ်အရာရောက်မည်မဟုတ်။

ပစ်သံခတ်သံများကို စတင်ကြားရသည်။ စစ်ဦးစီးစခန်းကို ဆက်သား တစ်ဦး ရောက်လာသည်။ မိုင်းတွေမပေါက်၊ ရန်သူ့တပ်အင်အားကလည်း ကြီးမားလာသည့်အတွက် ချီတို့တပ်တွေ နောက်ပြန်ဆုတ်နေရသည်။ အယ်တိုဒီကွန်ရာဒို ကုန်းမြင့်ဒေသများဆီသို့ ချီတို့ ပြန်ဆုတ်ကြသည်။ လယ်သမားတစ်ဦးနေထိုင်ခဲ့သော ကုန်းဖြစ်သည်။ ကွန်နာဒိုအမည်ရှိ ထိုလယ်သမားမှာ ချီတို့တပ်ကို အကူအညီများစွာပေးခဲ့သူပင်။ သူ့အိမ်မှာ သစ်ပင်ကြီးများ အုပ်မိုးနေပြီး မတ်စောက်သောကမ်းပါးကြီးများ ဝန်းရံထား၏။ လူသွားလမ်းကလေး သုံးခုပါရှိသည်။ ခံစစ်နေရာကောင်း ဖြစ်သည်။

တဲအတွင်းမီးဖို၌ စံနက်တံပါသော ဗုံး (၂) လုံးကို မြှုပ်ထားလိုက်သည်။ ချီတို့တပ်ဆုတ်ခဲ့ရလျှင် ရန်သူသည် တဲအတွင်းဝင်လာကာ မီးဖိုကိုအသုံးပြုပေလိမ့်မည်။ ကျောက်မီးသွေး မီးခဲဖြစ်သည်နှင့် ဗုံးပေါက်ကွဲလိမ့်မည်။ ရန်သူတိုက်ခိုက်ရေးအတွက်ပြင်ဆင်ရပြန်သည်။ (၂၄) နာရီကင်းချကာ သုံးရက်လုံးလုံးချီတို့စိတ်ရှည်လက်ရှည်စောင့်ဆိုင်းလျက်ရှိကြသည်။ ဒေသကအမြင့်ပိုင်းရာသီကလည်း အေးလွန်းသဖြင့် ညအခါများမှာ စွတ်စိုချမ်းအေးနေသည်။ လေဟာပြင်ထဲ၌ တိုက်ခိုက်ရေးအနေအထားဖြင့် တစ်ညလုံးလုံးနေထိုင်ရသော ဒုက္ခမျိုးကို ချီတို့ ခံနိုင်ရည်စွမ်း မရှိကြပါ။ ရန်သူစစ်သားများအတွက် စာတမ်းတစ်စောင်ကိုချီတို့၏ကျောက်ပုံနှိပ်စက်တွင်ရိုက်ကြသည်။ ရန်သူလာမည့် လမ်းတစ်လျှောက်မှာ သစ်ပင်များတွင် ထိုစာရွက်များ ကပ်ထားကြမည်။

ဒီဇင်ဘာ (၈) ရက်နေ့ နံနက်တွင် တစ်ဖက်သော တောင်ကုန်းဆီသို့ စစ်သားများဆင်းလာသံကို ချီတို့ကြားကြရသည်။ ချီတို့၏အောက်ဘက်မီတာနှစ်ရာသုံးရာခန့်အကွာသို့ ရောက်လာကြခိုက် ရဲဘော်တစ်ယောက် စာတမ်းတွေ သွားချထားရန် ခိုင်းစေလိုက်သည်။ ထိုအခိုက် ရန်သူတွေ အော်ဟစ်ပြောဆိုနေသံများ ထွက်ပေါ်လာသည်။ စစ်ဗိုလ်လုပ်သူက တိုင်းထွာဆဲရေးပြီး သူ့စစ်သားတွေကို အတင်းတက်ခိုင်းနေသည်။ စစ်သားအချို့က မတတ်နိုင်ကြောင်း ပြန်လည်ပြောရာ အပြင်းအထန် ဆူပူငြင်းခုံကြသည်။ ပြီးနောက် အသံတိတ်သွားပြီး စစ်သားများရှေ့သို့ တက်လာနေကြသည်။ စာရွက်ချထားခိုင်းသော လူငယ်ကို ပြန်သိမ်းခိုင်းလိုက်သည်။

စစ်သားများ တက်လာရာလမ်းဆီသို့ ချီ၏သေနတ်ကို ချိန်ရွယ်ထားပြီး ကမီလို၏ သေနတ်သံကိုသာ ချီတို့နားစွင့်နေကြသည်။ စစ်သားတစ်ယောက် တက်လာသည်။ မသင်္ကာသလိုကြည့်ရင်း လျှောက်လာသည်။ ပစ်ခတ်သံတွေ ဆူညံသွားသည်။ အီဗရာဟင်က စပစ်လိုက်ခြင်း ဖြစ်သည်။ နှစ်ဖက်စလုံး ရမ်းပစ်နေကြ၏။ ခြောက်မိနစ်ခန့်အကြာမှာပင် မော်တာသံတွေ ကြားရသည်။ ချီတို့ အနောက်ဘက် ခပ်လှမ်းလှမ်းမှာ ကျရောက်ပေါက်ကွဲသည်။ ချီမှာ ကွယ်ကာရပ်နေသော သစ်ပင်မှ လွတ်ထွက်နေသော ဘယ်ဘက်ခြေထောက် ကို ကျည်သင့်၍ ပူစနဲ့နာကျင်သွားသည်။ မြေပေါ်သို့ လှိမ့်ချလိုက်မိသည်။ ပစ်မရသော ရိုင်ဖယ်လည်း လွတ်ကျသွားသည်။ ခြောက်လုံးပြူးမှာလည်း ခန္ဓာကိုယ်အောက်၌ဖိနေ၏။ ရန်သူရှေ့မှောက်မှ အပစ်ခံနေရ၍ကိုယ်ကိုကွေးပြီး ခြောက်လုံးပြူးကို ထုတ်ပစ်၍မရ။

ဖြစ်ချင်ရာဖြစ်၊ ခန္ဓာကိုယ်ကို တစ်ပတ်လှိမ့်ကာ ခြောက်လုံးပြူးကို ကောက်ယူလိုက်သည်။ ရဲဘော်စတင်ဖလာလည်း အနားရောက်လာသည်။ သူ့ရိုင်ဖယ်ပစ်မရတော့၍ဆုတ်လာရသည်။ သူ့ရိုင်ဖယ်ကို ချီက ဆွဲယူစစ်ဆေး ကြည့်သည်။ စတင်ဖလာမှာ ချီ့ဘေး၌ပြားမှောက်အောင် ဝပ်နေသည်။ ရိုင်ဖယ် မှာ ခလုတ်တိုင် လွဲနေ၍ ပစ်မရခြင်းသာဖြစ်၏။ ချီက ခလုတ်ကို ပြန်တည့်ကာ သူ့ထံပြန်ပေးရင်း "ဟဲ့ နွား မင်းအသုံးမကျလို့ ပစ်မရတာ ရော့ ... ပြန်ပစ်ကြည့်" ဟု ပြစ်တင်ပြောလိုက်သည်။

စတင်ဖလာသည်ရိုင်ဖယ်နှင့်ထရပ်ပြီးပစ်ခတ်နေသောကျည်ဆန်များ ကြားက သစ်ပင်အကွယ်ကိုယူ၍ ပြန်၍ပစ်ခတ်၏။ သူ့သတ္တိကိုပြနေစဉ် ကျည်တစ်တောင့်က သူ့ဘယ်ဘက်လက်မောင်းမှ ဖောက်ဝင်ပြီး ပခုံးသားကို ဖောက်ထွင်းသွားသည်။ ချီရော စတင်ဖလာပါ ဒဏ်ရာရနေကြပြီ။ ကျည်ဆန် ကြားကနေ ပြန်ဆုတ်ဖို့လည်း မဖြစ်နိုင်။ အနီးနားရှိ သစ်ပင်တစ်ပင်သို့ တွား သွားကြသည်။ စတင်ဖလာမှာ မေ့မြောနေ၏။ ချီက ရှိသမျှခွန်အားကိုစုစည်းပြီး အခြားရဲဘော်များရှိရာ အရောက်သွား၍ အကူအညီတောင်းရသည်။ ချီတို့ ဒဏ်ရာရသူနှစ်ယောက်ကို ပိုလိုတောရက် အိမ်သို့ ရဲဘော်များ ခေါ်ဆောင်

သွားပေးသည်။ ချီ လမ်းဆက်မလျှောက်နိုင်၍ မြင်းပေါ်တင်ပေးကြသည်။ စတင်ဖလာကို စစ်မြေပြင်သုံး ထမ်းစင်ဖြင့် တင်ဆောင်သွားကြသည်။

အပစ်အခတ်များ ရပ်သွားသည်။ ကွန်ရာဒိုတောင်ကုန်းကို ရန်သူ သိမ်းသွားပြီဟု ထင်မိသည်။ ချီတို့ရှေ့မှ ကင်းများကို စေလွှတ်ကာ လယ်သမားများနှင့် ၎င်းတို့မိသားစုများကိုပါ ဆုတ်ခွာဖို့ စီစဉ်ပေးရသည်။ ဖြစ်စဉ်အခြေအနေကို ဗီဒယ်လ်နှင့် သွားရောက်ပူးပေါင်းရန် စေလွှတ်လိုက်သည်။ အရေးနိမ့်လာ၍ တပ်သားများကြားမှာ ကြောက်ရွံ့စိတ်တွေ လွှမ်းမိုးနေကြသည်။

တိုက်ပွဲဖြစ်ပွားပြီး နောက်တစ်နေ့တွင် တည်ငြိမ်လာပြီး ရန်သူ့အခြေအနေကို သိရစေရန် ကင်းထောက်လီအင်ကို စေလွှတ်လိုက်သည်။ ရန်သူက ရသမျှပစ္စည်းတွေယူကာ ယင်းဒေသမှ ဆုတ်ခွာနေကြသည်။ ကွန်နာဒို၏ အိမ်တွင် စစ်သားများ အရိပ်အယောင်ကို မတွေ့ရဟုဆိုသည်။ မြှုပ်ထားခဲ့သော ဗုံးမှာလည်း မပေါက်ကွဲပေ။ လီအင် ယူလာပြသည်။

တပ်ကို စစ်ဆေးသောအခါ ရဲဘော်ပါဒို၏သေနတ် ပျောက်ဆုံးနေသည်။ ပါဒိုမှာ အခြားသေနတ်တစ်လက်ရထား၍ မူလသေနတ်ကို ထားခဲ့ပြီး သေနတ်သစ်ကိုသာ ယူလာခဲ့သည်။ ပြစ်မှုမြောက်၍ ပြစ်ဒဏ်ခတ်သောအားဖြင့် ပါဒိုကို လက်နက်သေး ကိုင်ဆောင်၍ မူလသေနတ်ကိုရအောင် ပြန်ယူရန် (သို့) ရန်သူ သေနတ်တစ်လက်ကို ယူလာရန် အမိန့်ပေးလိုက်သည်။ ရဲဘော်ပါဒို ထွက်သွားပြီး နာရီအနည်းငယ်အကြာမှာ မူလသေနတ်နှင့် ပြန်ရောက်လာသည်။

ရန်သူမှာ တက်သိမ်းပြီး ပြန်ဆုတ်သွား၍ သိမ်းသောနေရာမှာမရှိကြတော့။ ထိုတိုက်ပွဲဖြစ်ရာ နေရာမှာ နစ်ဖက်တပ်တွေ တပ်ဆုတ်ပြီး ခွာနေကြသကဲ့သို့ ဖြစ်နေသည်။ ဆေးတပ်သား ရဲဘော်က ချီ၏ဒဏ်ရာကို မုတ်ဆိတ်ရိတ်ဓားပါးဖြင့် ခွဲစိတ်က အမ်ဘစ်အမျိုးအစား ရိုင်ဖယ်ကျည်ဆန်ထိပ်ဖူးအား ထုတ်ယူပေးသည်။ ထိုမှစ၍ ဒဏ်ရာသက်သာ ပျောက်ကင်းလာသည်။ အကြမ်းခံစစ်သားများဖြစ်သော ချီတို့နှင့် အစိုးရတပ်၏ နှိပ်စက်ခံ လယ်သမားများအကြား မယုံသင်္ကာမှုတွေ ဖြစ်ပေါ်လာသည်။ ပြောက်ကျားတွေကို ကူညီ

လျှင် အစိုးရတပ်၏ လက်စားချေမှုကို ခံရမှာကြောက်သောကြောင့် မကူညီကြတော့။ ပြောက်ကျားများကလည်း လယ်သမားများ သစ္စာဖောက်ကြမည်ကို စိုးရိမ်နေသည်။ သို့သော်ငြား တရားမျှတရေးအတွက် အနစ်နာခံ တိုက်ပွဲဝင်နေကြသော ချီတို့အပေါ် လယ်သမားလူထုသည် သဘောထား အမြင်မှန်ရင့်သန်လာကြပြီမို့ ကောင်းမွန်သော မူလဆက်ဆံရေးအတိုင်း ပြန်လည်ဆက်သွယ်လာကြသည်။

အာဏာရှင် ဘာတစ္စတာအစိုးရကမူ သောကပရိဒေဝမီး အကြီးအကျယ် တောက်လောင်၍ ရာဇဝမာန်ရှခြင်းနှင့်အတူ ထောင်သောင်းများစွာသော လယ်သမားမိသားစုတွေကို မြို့ကြီးပြကြီးများသို့ ပြောင်းရွှေ့စေလျက် ကျေးလက်တောရွာများကို မြေလှန်ထားပစ်ဖို့ လုပ်ဆောင်လေသည်။

လယ်သမားလူထု၏ တက်လူငယ်များက မြို့ကြီးပြကြီးမှာ ကျွန်ခံနေရတာထက်စာရင် လွတ်လပ်ရေးရဖို့ စစ်တိုက်ကြရမည်ကို လိုလားနစ်သက်လာသည်။ မွေးရပ်ချက်မြှုပ်ဇာတိကို စွန့်ပြီး မြို့ကြီးပြကြီးကို မသွားလိုကြ။ အစိုးရအမိန့်ကြောင့် ရွှေ့ပြောင်းရသော မိန်းမ၊ ကလေး၊ သက်ကြီးရွယ်အိုတွေ တင်ဆောင်ထားသော လှည်းတန်းရှည်ကြီးများမှာ တစ်မျှော်တစ်ခေါ်ပင်။

သမိုင်းတွင်သော အကြီးမားဆုံး ရာဇဝတ်မှုကြီးကို ဘာတစ္စတာ ကျူးလွန်လိုက်ခြင်းဖြစ်သည်။ ပထမအကြိမ်ကျူးလွန်သူမှာ စပိန်ကိုလိုနီ ဂျင်နရယ်ဝေလာ ဖြစ်လေသည်။ ပြန်လည်နေရာချထားခြင်းခံရသော လယ်သမားများကား ငတ်မွတ်ခေါင်းပါးခြင်း၊ ဆင်းရဲမွဲတေခြင်း၊ ရောဂါထူပြောခြင်း စသည့် ဒုက္ခအဖုံဖုံဖြင့် ရင်ဆိုင်တိုးခဲ့ရသည်။ အစာရေစာ ငတ်မွတ်ခြင်း၊ ရောဂါထူပြောခြင်းတို့ကြောင့် သေကြရသည်။ ကျူဘားပြည်နယ်တစ်ရပ်လုံးက မကျေမနပ်ကန့်ကွက်ကြသည်။ တစ်ကမ္ဘာလုံးက ဝိုင်းဝန်းရှုတ်ချကြသည်။ သူပုန်တွေကိုလည်း နိုင်အောင်မတိုက်နိုင်သောကြောင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ရသည်။

လယ်သမားတွေလည်း မွေးရပ်ဇာတိမြေသို့ ပြန်လာကြလေပြီ။ လယ်သမားသည် အစိုးရစစ်တပ်၏ ပုံးကြဲခြင်း၊ အိမ်တွေတဲတွေ မီးရှို့ခံရခြင်း၊ အစ

လိုက်အပြုံလိုက် သတ်ဖြတ်ခံရခြင်းဒဏ်တွေ မခံစားနိုင်ကြတော့၍ သေလျှင် မြေကြီး၊ ရှင်လျှင် ရွှေထီး ရရာလက်နက်စွဲကိုင် တိုက်ပွဲဝင်မည်။ ပုန်ကန်မည် ဟူသော စိတ်ဆန္ဒဖြင့် ပြန်လာကြခြင်းဖြစ်သည်။

ပြောက်ကျားတပ်များနှင့် လယ်သမားများ လက်တွဲလာကြပြီး ဒိုးတူ ပေါင်ဖက် တိုက်ပွဲထွက်ဖို့ ဆုံးဖြတ်လိုက်ကြသည်။ ချီတို့တပ်တွေ ဆီယာရာ မစ္စတာထရာတွင် အရေးမနိမ့်သော အင်အားစုတစ်ရပ် ဖြစ်လျက်ရှိသည်။ အာဏာရှင်အစိုးရက ရိက္ခာမပို့ရဟု တားမြစ်ပိတ်ပင်သောအခါ ကျွဲ၊ နွား၊ တိရစ္ဆာန်တွေကို ခွဲဝေကြသည်။ မြေတွေကို စုပေါင်းထွန်ယက်ကြသည်။ နွားစားကျက်တွေကို ပူးပေါင်းရှာဖွေကြသည်။ ဘုံတိုက်ပွဲပုံစံ ဖော်ဆောင်ကြ သည်။

၁၉၅၈ ခုနှစ်၊ နှစ်ဦးပိုင်းတွင် ချီတို့ တိုက်ခိုက်ခဲ့သည်မှာ တစ်နှစ်ကျော် ကြာမြင့်ခဲ့လေပြီ။ ပြောက်ကျားသူပုန်တပ်၏ စစ်ရေးမှာ ခိုင်မာတောင့်တင်းမှု ရလာသည်။ နိုင်ငံရေးမှာလည်း လယ်သမားအင်အားစုတွေနှင့် လက်တွဲလာ နိုင်သည်။ ၁၉၅၇ ခုနှစ်၊ မတ်လ (၁၃) ရက်တွင် ကျောင်းသားအဖွဲ့ချုပ်က ဘာတစ္စတာ၏ သမ္မတနန်းတော်ကို တိုက်ခိုက်ခဲ့သည်။ ယူနီဗာစတီ ကျောင်း သားများ အဖွဲ့ချုပ်ဥက္ကဋ္ဌလည်းဖြစ် ကြီးမြတ်သော တပ်သားကောင်းလည်း ဖြစ်သော မင်ဖန်နီတာအက်ချီဘာရီယာ ဦးဆောင်သော လက်ရွေးစင်တပ်သား များ ကျဆုံးရသည့် ဇူလိုင် ၂၆ လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံလုံးဆိုင်ရာနှင့် ဒေသဆိုင် ရာခေါင်းဆောင်များ ပါဝင်အားဖြည့်ကြသည်။ ထိုအဖွဲ့သည် လက်နက်မကိုင် သော မဟာမိတ်များ ဖြစ်လာကြသည်။ တစ်နိုင်ငံလုံး အထွေထွေအုံကြွမှု ကြီးပေါ်ထွက်လာရေးအတွက် ကြိုးပမ်းနိုင်ကြသည်။

အတွေးအခေါ် ပျံ့နှံ့ရေးအတွက် ကျူဘားသတင်းစာ ထုတ်ဝေနိုင်ခဲ့ သည်။ မြို့မှပို့ပေးသော ကျောက်ပုံနှိပ်စက်ဖြင့် ထုတ်ဝေခြင်းဖြစ်သည်။ ဒုတိယ နှစ်အကူးတွင် ချီတို့မှ ရေဒီယိုအသံလွှင့်စက်ကလေးတစ်ခု ရှိနေပြီဖြစ်ရာ ၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပထမဆုံးအကြိမ်အဖြစ် အသံလွှင့်ရာ အောင် မြင်ခဲ့သည်။ တဖြည်းဖြည်း စက်မှုအတတ်ပညာပိုင်းကို တိုးတက်အောင်

ကြိုးပမ်းခဲ့ရာ ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျူးဘားနိုင်ငံ၏ အကောင်းဆုံး အသံလွှင့်ဌာန ဖြစ်လာခဲ့သည်။

သတင်းလုပ်ငန်း ပိုမိုလျင်မြန်လာသည်။ ရန်သူ့သာမက လူစိမ်းတစ်ဦး ဝင်လာပါက လယ်သမားတွေက ချက်ချင်းအကြောင်းကြား၏။ ချက်ချင်း ဖမ်းဆီးနိုင်ပြီး စစ်ဆေးအရေးယူလာနိုင်သည်။ ဆီယာရာအတွက် ဥပဒေဟူ၍ ရေးဆွဲရခြင်း မရှိသေးချေ။ နိုင်ငံရေးတိုက်ပွဲမှာ ရှုပ်ထွေးပြီး ပဋိပက္ခပြင်းထန်ခဲ့ သည်။ ဘာတစ္စတာ အာဏာရှင်စနစ်ကို လိမ်လည်ကောက်ကျစ် ရွေးကောက် ထားသော ကွန်ဂရက်တစ်ရပ်က ထောက်ခံလျက်ရှိရာ လိမ်ညာမဲများဖြင့်သာ အနိုင်ယူနေခဲ့သည်။ တိုက်ပွဲစနစ်အားဖြင့် အာဏာရှင်အစိုးရ၏ လက်ထဲရှိ မြို့ကြီးများကို ကျေးလက်မှဝိုင်းဝန်းရန်၊ အုပ်ချုပ်ရေးကို အစိတ်စိတ်အမွှာမွှာ ဖြစ်စေရန် ပြုဗွမ်းနိုင်သည်ဟု ယုံကြည်ထားကြသည်။

နောက်နှစ် ဧပြီလ (၉) ရက်နေ့တွင် လူထုတစ်ရပ်လုံး ပါဝင်နိုင်ရေး၊ နိုင်ငံရေး ကြိုတင်ပြင်ဆင်မှုဖြင့် အထွေထွေသပိတ်မှောက်ကြသည်။ ယင်း သပိတ်မှာ စည်းလုံးညီညွတ်မှုမကောင်း၍ ပြိုကွဲခဲ့ရသည်။ လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံလုံးဆိုင်ရာ ကော်မတီတွင် ပြင်ဆင်ရေး၊ အဆင့်မြင့်နိုင်ငံလုံးဆိုင်ရာ ကော်မရှင်၌ ဖီဒယ်လ်ကတ်စထရို၊ ရောလ်ကတ်စထရို၊ မော်စတီနိုပိရက်၊ ပီဒရိုမီရက်၊ နီကိုလိုပက်၊ အာမင်ဒိုဟတ်၊ ပီပီဆောရတ်၊ ပီဒရိုအဂီလီရာ၊ လူးဝစ်ဘိုနီတို၊ ဂျီဆက်မွန်တာနေး၊ မဲလ်ဘာဟာနန်ဒက်နှင့် ဟောဒီစန္တာ မာရီယာတို့ ဖြစ်ကြသည်။

ကျောင်းသားအဖွဲ့ချုပ် ဖော်မြူလာဆိုရှယ်လစ်ပါတီ ပူးပေါင်းကာ ညီညွတ်သော ကျူးဘားဆိုရှယ်လစ် တော်လှန်ရေးပါတီအဖြစ် ဖွဲ့စည်းလိုက်ပြီး ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလတွင် ၎င်းပါတီသည် ကျူးဘားကွန်မြူနစ်ပါတီ ဖြစ်လာသည်။ ဖီဒယ်လ်ခေါင်းဆောင်မှုအောက်၌ ချီတို့အားလုံး အညီအညွတ် ရှိခဲ့ကြသည်။ ဖီဒယ်လ်ခေါင်းဆောင်မှုဖြင့် ကျူးဘားကွန်မြူနစ်ပါတီဖြစ်ပေါ်လာ ခဲ့လေပြီဖြစ်သည်။



# ဘယ်သူမှလက်နက်မချရ

ဇူလိုင် (၂၆) ရက် လှုပ်ရှားမှုအဖွဲ့၏ အမည်ကိုယူလျက် ဖီလစ်ပါဇိုက ယာယီသမ္မတ ရာထူးအပါအဝင် မီယာမီစာချုပ်က ပေးအပ်လိုက်သည့် အခွင့်အရေးအားလုံးကို သူတစ်ယောက်တည်း အုပ်စိုးချုပ်ကိုင်လာသည့် အချိန်တွင် အဖွဲ့တစ်ခုလုံးက ဖီလစ်ပါဇိုကို ပြတ်ပြတ်သားသား ဆန့်ကျင်လာကြသည်။ ဖီဒယ်လ်အား ပြတ်ပြတ်သားသား ထောက်ခံလာကြသည်။ သမိုင်းဝင်စာတမ်းတစ်စောင်ကို ဒီဇင်ဘာ (၁၄) ရက်၊ ၁၉၅၇ တွင် ဖီဒယ်လ် ကတ်စထရိုက ရေးသားခဲ့သည်။ လိပ်မူထားသူများမှာ တော်လှန်ရေးပါတီ၊ ကျူဘားပြည်သူ့ပါတီ၊ အော်တင်တီကို့စ် အဖွဲ့ချုပ်၊ ယူနီဗာစတီ ကျောင်းသား များအဖွဲ့ချုပ်၊ တော်လှန်သော ဒီမိုကရက်တစ်ပါတီ၊ တော်လှန်သော အလုပ်သမားအဖွဲ့ချုပ်တို့၏ ခေါင်းဆောင်များသို့ဟု ရေးသားထားသည်။

သတင်းစိစစ်ဖြတ်တောက်မှု လျှော့ချလိုက်ခြင်းကို အခွင့်ကောင်းယူလျက် ပုံတင်ထပ်မျှ ထိုးနက်တိုက်ခိုက်ရန် လိုအပ်သည်ဟု ဖီဒယ်လ်က ယူဆသည့်အတိုင်း ချီတို့ပြင်ဆင်ကြရသည်။ သစ်ခုတ်စခန်းတွင် ရန်သူတပ်ခွဲတစ်ခွဲလုံးရှိနေသည်။ ဖီဒယ်လ်ကိုယ်တိုင် ဦးစီးကွပ်ကဲပြီး တိုက်မည်။ သစ်ခုတ်စခန်းကို လှမ်းမြင်ရသော တောင်ကုန်းပေါ်တွင် နေရာယူထားသည်။

စ,ပစ်ပြီးသည်နှင့်တစ်ပြိုင်နက် ရဲဘော်ကွီလာ၏မော်တာက ခြောက်ချက်တိတိ ပစ်ခတ်ကာ ရန်သူ့စခန်းကို ဝိုင်းဝန်းစီးနင်းရန် ဖြစ်သည်။ လက်ဖတင်နင် အကူနာဦးစီးသော ချုံခိုတပ်သားများက ယူဘီရိုဘက်မှ စစ်ကူလာမည့်တပ်များကို ဆီးတိုက်မည်။ လာအိုဆာဒီနာနှင့် ရဲဘော်များကမူ ယိုဘက်မှလာသောလမ်းတွင် အသင့်စောင့်နေကြသည်။

ဖေဖော်ဝါရီလ (၁၆) ရက်နေ့တွင် စတင်တိုက်ခိုက်ကြသည်။ မော်တာသံ (၆) ချက် ကြားလိုက်ရသည်။ စတင်ပစ်ခတ်တိုက်ခိုက်ပြီး မိနစ်အနည်းငယ်အတွင်း ကမီလိုသည် ကင်းစခန်းတစ်ခုကို လက်ရသိမ်းပိုက်လိုက်ပြီးနောက် သေနတ် (၁၁) လက်နှင့် သံ့ပန်း (၃) ယောက် ရရှိသွားသည်။ ရန်သူ (၇) ယောက် ကျဆုံးသွားသည်။ စစ်တန်းလျားအတွင်း ခုခံတိုက်ခိုက်မှုများပြင်းထန်လွန်းသဖြင့် ချီတို့ထိုးနက်မှုကို ဟန့်တားထားနိုင်လေသည်။

လက်ဖတင်နင်နိဒါ၊ လက်ဖတင်နင်ကာပိုနှင့် တပ်သားလီအင်တို့ ကျဆုံးပြီး ကမီလိုလည်း ပေါင်မှာဒဏ်ရာရသွားသည်။ ရဲဘော်ဗီရီလက်ကမူ သူပိုင်သော စက်သေနတ်ကို စွန့်ပစ်ကာ ပြန်ဆုတ်လာသည်။ ကမီလိုသည် ဒဏ်ရာရသည့်ကြားမှ စက်သေနတ်ပြန်ရရေးကို တက်သွားပြန်သည်။ အရက်တက်စ အလင်းရောင်အောက်တွင် အပြင်းအထန် ပစ်ခတ်နေသော ကျည်ဆန်များအကြားသို့ ရောက်သွားသည့် ကမီလိုမှာ နောက်တစ်ကြိမ် ဒဏ်ရာ ထပ်ရပြန်သည်။ ကျည်က ဝမ်းဗိုက်ဖောက်သွားသော်လည်း အရေးကြီးသော ကလီစာကို မထိချေ။ ကမီလိုကို ရဲဘော်များ ပြန်သယ်လာနိုင်သော်လည်း လက်နက်ကို ရှာမတွေ့တော့။ ဒဏ်ရာရ လူးဝစ်ဂါစီယာလည်း ကျဆုံးသွားသည်။

စစ်တန်းလျားနားရောက်အောင် ချဉ်းကပ်သွားနိုင်သောရဲဘော်များမှာ "စပွတ်နစ်" ဗုံးများဖြင့် လှမ်းပစ်ကြသည်။ ထိုဗုံးပေါက်ကွဲမှုကြောင့် စစ်သားများ ရှုပ်ထွေးကုန်ကြသည်။ စစ်သားများက တောင့်ခံနေပြီး ဝိုင်ယာလက်ဖြင့် စစ်ကူတောင်းနေသည်။ အတန်ငယ်နေမြင့်လာသောအခါ တိုက်ပွဲမှာ ငြိမ်သက်သလို ဖြစ်သွားသည်။ သေနတ်သံအချို့ဦးစီးကွပ်ကဲစခန်းမှ ကြားလိုက်

ရသည်။ ရန်သူတပ်စိတ်ကလေးများ ချီတက်လာကြတာကို ချီတို့တပ်များက လုံးဝချေမှုန်းပစ်လိုက်သည်။ ရန်သူ (၁၁) ယောက် ကျဆုံးပြီး (၅) ယောက် ဒဏ်ရာရသွားသည်။ ရိုင်ဖယ် (၁၂) လက် ရလိုက်သည်။ ရောလ်ကတ်စထရိုမှ လမ်းမှ ဆီးကြိုတိုက်ခိုက်ရန် အသင့်ပြင်ထားသည်။ နောက်ထပ် စစ်ကူဆင်းလာသည်။ ထိုစစ်ကူအင်အားဒဏ်ကို ရောလ် မရှုမလှခံလိုက်ရသည်။

ရှည်လျားသော လမ်းအတိုင်း ရောလ် ဆုတ်ခွာလာရသည်။ ဘီ ၂၆ လေယာဉ်များက ချီတို့တပ်စွဲထားသော နေရာများကို ပစ်ခတ်တိုက်ခိုက်နေသည်။ စိတ်အနှောင့်အယှက်ဖြစ်ရုံကလွဲ၍ ထိခိုက်ဒဏ်ရာရခြင်းမရှိကြ။ ပစ်ချက်တွေက တလွဲတချော်။ ဗီဒယ်လ်မှာ တိုက်ပွဲနှင့်ပတ်သက်ပြီး အလွန်စိတ်စောနေသည်။ သူရဲကောင်းများအတွက် စိတ်ပူနေသည်။

နောက်တစ်နေ့နံနက်တွင် လေကြောင်းမှ တရစပ်တိုက်ခိုက်နေ၏။ သူပုန်တပ်အားလုံး ဆုတ်မိန့်ပေးပြီး ဆုတ်လာလိုက်သည်။ ကတုတ်ကျင်းများမှ ထွက်ခွာရင်း ပစ်ခတ်ကာ မစ္စထရာလမ်းအတိုင်း ချီတို့တပ်တွေ ဆုတ်ကြရသည်။ တရားဝင်ထုတ်ပြန်ချက်အရ ရန်သူဘက်က ၂၅ ယောက် ကျဆုံးပြီး ရိုင်ဖယ် ၃၃ လက်၊ စက်သေနတ် ၅ လက်နှင့် စက်ပစ္စည်းများစွာကို ချီတို့သိမ်းပိုက်ရရှိလိုက်သည်။ နောက်အတန်ကြာသောအခါ လူသတ်သမားဆိုဆာဘာလန်ကိုက အိုရိုဒီဂီစာ၌ လူတွေ အစုလိုက်အပြုံလိုက် သတ်ဖြတ်ပါတော့၏။ ပီနီဒယ်လ်အဂ္ဂါကို ချီတို့ ရှင်းလင်းခဲ့လျက် မစ္စထရာအနောက်ပိုင်းတစ်ပိုင်းလုံးကို လွတ်မြောက်စေခဲ့သည်။ တော်လှန်ရေးတိုက်ပွဲ၏ အရေးပါသော အဖြစ်တစ်ရပ် ပေါ်ပေါက်လာသည်။ မေဂျာအဲလ်မေဒါ ဦးစီးသော တတိယစစ်ကြောင်းက စင်တီယာဂိုဒေသသို့ ရှေ့ရှုချီတက်သွားပြီး မေဂျာရောလ်ကတ်စထရို ဦးစီးသော ဖရန့်ပေးစ် ဆဌမစစ်ကြောင်းက အရှေ့ဘက်လွင်ပြင်များကို ဖြတ်သန်းလျက် မင်းဂိုတာရာဂ္ဂါနယ်သို့ ချဉ်းနင်းထိုးဖောက်ကာ ဖရန့်ပေးစ်အမည်ရှိ ဒုတိယမြောက် အရှေ့ပိုင်း၏ စစ်မျက်နှာသစ်တစ်ရပ်ဖွင့်ခဲ့ခြင်းဖြစ်သည်။

ပြောက်ကျားတပ်သား၊ သူပုန်တပ်မတော်ရဲ့ ရဲဘော်က ပီလိုမှာ ရှီတို့တစ်တွေရဲ့ ပျော်မွေ့ခြင်း၊ အောင်မြင်ခြင်း၌ ရဲဘော်ရဲဘက်ကောင်းကြီး ဖြစ်ခဲ့သည်။ တိုက်ပွဲတိုင်းတွင် သူမတူအောင် ရှုပ်ရှုပ်ချွံချွံ တိုက်တတ်သူမှာ ကမီလိုဖြစ်သည်။ အကြောက်အလန့်မရှိ၊ မထင်မှတ်တာတွေ ပြုလုပ်ပြီး ရဲစွမ်းသတ္တိကိုပြသည့် ကမီလိုမှာ ပြောက်ကျားသူပုန်တပ်မတော်အတွက် ဘယ်သောအခါမှ မေ့လို့မရနိုင်သည့် သူရဲကောင်းတစ်ယောက်ဖြစ်သည်။ ရန်သူစစ်သားတွေကို မမောတမ်း၊ မနားတမ်း လိုက်လံရှာဖွေပြီး သုတ်သင်တတ်သည်။ စစ်ပွဲကို စိတ်ရောကိုယ်ပါ အသက်ပါရင်း၍ တိုက်တတ်သူမှာ ကမီလိုဖြစ်သည်။ ရန်သူစက်သေနတ်ဆီကို လှွားခနဲခုန်ဝင်ကာ ဒဏ်ရာအနာတရနှင့် တိုက်ခိုက်ရဲသော ကမီလို၊ အာဏာရှင် ဘာတစ္စတာကို ဆဲရေးတိုင်းထွာပြီး တရမန်းကြမ်း တိုက်တတ်သူ ဖြစ်သည်။

ဘာယာမိုဒေသရှိ ရန်သူတပ်များအလယ်ကို အတင်းထိုးဖောက်၍ ကြောက်ခမန်းလိလိ တိုက်ခဲ့သူမှာလည်း ကမီလိုပဲ ဖြစ်သည်။ နိုင်ငံရေးသဘောထားနှင့်ပြဿနာများတွင်လည်းပြည်သူလူထုဘက်ကသူ့ယုံကြည်မှုကို အလံထူပြရဲသူ ဖြစ်သည်။ ပျော်တတ်၊ နိမ့်ချတတ်၊ ရယ်မောနောက်ပြောင်တတ်ပြီး အသားဟင်းကောင်း ချက်ပြီးလျှင် အတင်းလိုက်ကျွေးတတ်သော ကမီလိုမှာ မစေ့စပ်စတမ်း သစ္စာရှိသော အရာနှစ်ခုရှိသည်။ ထိုနှစ်ခုမှာ ဖီဒယ်လ်နှင့် ပြည်သူတို့အပေါ် အကန့်အသတ်မရှိ သစ္စာရှိခြင်း၊ သူ့အသက်ကိုစွန့်လှူထားခြင်းပင်ဖြစ်လေသည်။ ကမီလိုသည် သူမောင်းသောလေယာဉ်ကြောင့် သေဆုံးရခြင်း ဖြစ်သည်။ ကမီလိုကို လူတိုင်းက သိရှိမြတ်နိုးချိန်ကြမှ သေခဲ့ရခြင်း ဖြစ်သည်။ ကမီလိုကဲ့သို့ လူစားမျိုး ကျူးဘားတွင် အများကြီးလိုအပ်သည်ဟု ဖီဒယ်လ်က ပြောခဲ့သည်။

ကျူးဘားလူထု နှလုံးသားမှ ပေါက်ဖွားလာသော လုံးဝဥဿုံ တော်လှန်ရေးသမား၊ တော်လှန်ရေး အတတ်ပညာရှင် ကမီလိုကဲ့သို့သော လူစားမျိုးမည်သည့်အခါကမျှ မရှိခဲ့ဖူးသည်ကို ရှီတို့ စွဲစွဲမြဲမြဲ မှတ်ထားရပါလိမ့်မည်။ အထူးသဖြင့် ကျူးဘားပြည်သူတွေကို ဆိုလိုသည်။

ပြည်သူတို့၏ ပြန်လည်မွေးဖွားလိုသော ဆန္ဒတရားတို့ ပေါက်ဖွားရှင်သန်ရာသည် ကမ်ဳလိုဆိုသော ပုံရိပ်လွှာလည်း ပါဝင်နေမည်မှာ အသေအချာသာတည်း။



# နောက်ဆုံးသွေးတစ်စက်အထိ

တော်လှန်ရေး အထွေထွေသပိတ်ကြီးအတွက် လျှပ်ရှားမှုအဖွဲ့အားလုံး အားကြိုးမာန်တက် ပြင်ဆင်နေကြသည်။ အမျိုးသားအလုပ်သမား တပ်ပေါင်းစု အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းပြီး ဇူလိုင် ၂၆ လှုပ်ရှားမှုအဖွဲ့က အဝေးမှ ကြိုးကိုင်ထိန်းချုပ်ထားသည်။ ဂိုဏ်းဂဏစိတ် ပြင်းထန်၍ ပြန်ပြိုကွဲသွားပြန်သည်။

၁၉၅၈ ခုနှစ်၊ ဧပြီလ (၉) ရက်နေ့မှာ အထွေထွေသပိတ်မှောက်သည့်နေ့ဖြစ်သည်။ ထိုနေ့မတိုင်မီ ဖီဒယ်လ်က ကြေညာစာတမ်းတစ်ရပ် ထုတ်ပြန်ခဲ့သည်။ ယင်းစာတမ်းတွင် တော်လှန်ရေးလမ်း မလိုက်သူများကို ပြင်းထန်စွာ သတိပေးထားပြီး၊ အလုပ်သမားများကိုလည်း အမျိုးသားတပ်ပေါင်းစု အတွင်း၌ဖြစ်စေ၊ အပြင်၌ဖြစ်စေ စုစည်းညီညွတ်ကြရန် နှိုးဆော်ထားသည်။

ချီတို့တပ်တွေကလည်း နေရာအနှံ့ စစ်ကြောင်းတွေ ဖြန့်ကြက်ထားကြ၏။ ဧပြီလ (၉) ရက်နေ့ ရောက်လာသော်လည်း အရာမထင်ချေ။ ဇူလိုင် ၂၆ လှုပ်ရှားမှုအဖွဲ့က ကြိုတင်အသိပေးခြင်းမရှိဘဲ လက်နက်ကိုင်တိုက်ပွဲများနှင့်အတူ ရှောင်တခင် စတင်လေရာ ချီတို့မျှော်လင့်ခဲ့သည့်အတိုင်း အလုပ်သမားတွေက ပါဝင်ရန် ငြင်းဆန်ကြသည်။ တစ်နိုင်ငံလုံးရှိ စံပြရဲဘော်များသာ အချည်းနှီးသေဆုံးရသည်။ ဧပြီ (၉) ရက်နေ့သည် လက်ရှိအစိုးရကို ခဏတာ

ငြိမ်းချောက်ခြင်းပင် မရှိဘဲ အရေးနိမ့်ခဲ့ရသည်မှာ နာကြည်းဖွယ်ရာဖြစ်၏။

အစိုးရစစ်တပ်တွေက အိုရီယင်တေးသို့ ထပ်မံစေလွှတ်သဖြင့် ချီတို့တပ်တွေ ခုခံကာကွယ်ရင်း တောနက်ထဲသို့ ဆုတ်ဝင်ခဲ့ကြရသည်။ အစိုးရကတပ်ရင်းကြီးတွေ တစ်ရင်းပြီးတစ်ရင်း စေလွှတ်ခဲ့ရာ စစ်မြေပြင်၌ အစိုးရတပ်သား တစ်သောင်းအထိ ရှိနေလေပြီ။ ချီတို့ရဲ့စခန်းဖြစ်သော လာ့စ်မာဒီဒက်ရွာကလေးကို မေလ (၂၅) ရက်နေ့တွင် ထိုးစစ်ဆင် တိုက်လာလေသည်။

ချီတို့တပ်တွေ အစစအရာရာ ချို့တဲ့လာသည်။ လက်နက်ကောင်းတစ်သောင်းနှင့် လက်နက်ပေါင်းနှစ်ရာတို့ တိုက်ရသည့်ပွဲက ကွာခြားလွန်းလှသည်။ ဘာတစ္စတာ တပ်သားများသည် တိုက်ပွဲတိုက်ရသည်ကို စိတ်မပါကြ။ ဝတ်ကျေတန်းကျေ ကရော်ကမည်သာ တိုက်ကြခြင်းကြောင့်သာ ချီတို့တပ်တွေ ခံသာနေခြင်း ဖြစ်သည်။

ချီတို့တပ်သားတွေ ခြသေ့်လို လိုက်ကြ၏။ ချီတို့ ရဲဘော်တစ်ယောက်သည် ရန်သူဆယ်ယောက်၊ ဆယ့်ငါးယောက်လောက်ကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်၏။ ရန်သူ့တင့်ကားတွေ၊ မော်တာတွေ၊ လေယာဉ်ပျံတွေ စုပြုံသုံးစွဲကာ ရွာကလေးကို သိမ်းပိုက်ရန် ကြိုးစားရာ ကပ္ပတိန်ဗာဒီစီယာက ဦးဆောင်ကာ ကာကွယ်ခဲ့သည်။ ဖီဒယ်လ်ထံသို့ သစ္စာဖောက် ကင်တီလိုထံမှ စာတစ်စောင် ရောက်ရှိလာသည်။

"ထိုးစစ်ကို ထောင့်စေ့အောင် ဆင်နွှဲမယ်၊ ဒါပေမဲ့ နောက်ဆုံးပေါ်ထွက်လာမယ့်အဖြေကို စောင့်ဆိုင်းရင်း ဖီးဒယ်လ်ရဲ့အသက်ကို ချမ်းသာပေးထားမယ်" ဟု ရေးသားထား၏။ ရန်သူတပ်များက နှစ်လခွဲလုံးလုံး မြေလှန်မီးရှို့ထိုးစစ်ဆင်လာကြသော်လည်း ကျဆုံးသူ၊ ဒဏ်ရာရသူ၊ အဖမ်းခံရသူနှင့် ထွက်ပြေးသူများလည်း ထောင်ချီရှိခဲ့လေသည်။ ရန်သူစစ်သားပေါင်း (၄၅၀) ဖမ်းဆီးခဲ့ရာ သုံ့ပန်းများကို ကြက်ခြေနီလက်သို့ လွှဲပေးခဲ့သည်။ ဆီရာယာမစ္စထရာတွင် ဆင်နွှဲသော နာမည်ကျော်ထိုးစစ်ကြောင့် ဘာတစ္စတာရဲ့စစ်တပ်မှာ ခါးရိုးကျိုးခဲ့ရသော်လည်း ဇာတ်မသိမ်းနိုင်သေးချေ။

ချီတို့ဘက်ကလည်း နောက်ဆုံးသေနင်္ဂဗျူဟာတစ်ရပ် ချမှတ်လိုက်

သည်။ စင်တီယာဂို၊ ကျူဘား၊ လာ့စ်ဗီလာ့စ်နှင့် ပီနာဒယ်လီယို စသော သုံးနေရာကို ထိုးစစ်ဆင်တိုက်ခိုက်မည်။ လာ့စ်ဗီလာ့စ်သို့ ချီ သွားတိုက်ရမည်။ ပီနာဒယ်လီသို့ ကမီလို သွားတိုက်မည်။

ဆီယာရာစီနင်းဝင်းရောက်လာသော တပ်ရင်းများကို ချေမှုန်းလိုက်ပြီးနောက် ချီတို့တပ်သည် လာ့စ်ဗီလာ့စ်သို့ ချီတက်ရသည်။ ကျူဘားကျွန်းတစ်ကျွန်းလုံး၏ အစွန်းနှစ်ဖက်ကြားရှိ လမ်းဟူသမျှကို စနစ်တကျ ဖြတ်တောက်ပစ်ရန် ချီ တာဝန်ဖြစ်သည်။

ခရိုင်အသီးသီးက တွေ့ကြုံသမျှ နိုင်ငံရေးအင်အားစုများနှင့် အဆက်အသွယ်ယူရန်လည်း ညွှန်ကြားချက် ရှိထားသည်။ ချီရဲ့ ပင်မတာဝန်ကြီးမှာ ဒေသတွင် စစ်အစိုးရ ဖွဲ့စည်းတည်ထောင်ရန် အခွင့်အာဏာကိုပါ ရရှိရေးတို့ဖြစ်လေသည်။

၁၉၅၈ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်နေ့တွင် ထရပ်ကားများဖြင့် ထွက်ခွာရန်စီစဉ်ထားသော်လည်းရန်သူလေယာဉ်တစ်စီးကချီတို့လမ်းကြောင်းအနီးရှိ လေယာဉ်ကွင်း၌ ဆင်းသက်ခဲ့ရာ အမြောက်ဆန်တွေ လေယာဉ်ကွင်းထဲ၌ အဆက်မပြတ် ကျရောက်ပေါက်ကွဲလျက်ရှိသည်။ ည (၁၀) နာရီမှ နံနက် (၅) နာရီထိ ဆက်တိုက်ပစ်နေသဖြင့် လေယာဉ်ကို မီးတင်ရှို့လိုက်ကြသည်။ ကွင်းတစ်ဖက်ရှိ စစ်သားများက ချီတို့အတွက် ဓာတ်ဆီသယ်ပို့သော ဆက်သားနှင့် ဓာတ်ဆီတွေကို ဖမ်းဆီးထားလိုက်သည်။

ဩဂုတ်လ (၃) ရက်တွင် တချို့က ထရပ်ကား၊ တချို့က မြင်း စသဖြင့် ရနိုင်ရာ ယာဉ်များဖြင့် ချီတက်ရတော့သည်။ မင်ဇာလိုနီနှင့် ဘာယာမို လမ်းဆုံသို့ အရောက်တွင် လေပြင်းမုန်တိုင်းကြီး ကျသည့်အတွက် ကာလီတီရာလမ်းမှအပ အခြားမည်သည့်လမ်းကိုမှ ဖြတ်သန်း၍မရတော့ပေ။ ထို့ကြောင့် ထရပ်ကားကို စွန့်လွှတ်ပြီး မြင်းနှင့် တချို့ ခြေကျင်၊ တချို့ ဆက်လက်ချီတက်ရသည်။ ချီတို့တပ်တွင် ဘဇူကာ (၁) လက်၊ ကျည် (၄၀) နှင့် အခြားခဲယမ်းမီးကျောက်များ၊ ခရီးရှည်အတွက် လိုအပ်သောရိက္ခာများ အစုံအစေ့ပါလာသဖြင့် ထမ်းပိုးရသည့်တာဝန်မှာ လေးလံလွန်းလှသည်။

အိုရီယင်တေးပြည်နယ်မှာပင် ရေလျှံနေသော မြစ်ချောင်း၊ အင်း၊ အိုင်တွေကို ဖြတ်သန်းရသည်။ ကျည်တွေ သေနတ်တွေ ရေမစိုအောင် အထူးဂရုစိုက်ရသည်။ ခရီးပန်းသော မြင်းများကို အစားထိုးရန် မြင်းသစ်များကို ရှာဖွေရသည်။ ထိုပြည်နယ်ကို လွန်သည်နှင့် လူဦးရေထူထပ်သော နေရာတွေကို ရှောင်ကွင်းချီတက်ကြရသည်။ ချောင်းရေကိုသောက်ပြီး ရိက္ခာကို ချွေတာစားသုံးကြရသည်။ ကာမဂေးနှင့် အိုရီယင်တေး ပြည်နယ်တို့ကို ခွဲခြားထားသော ဂျိုဘာဘိုမြစ်ကို ဖြတ်ကူးခဲ့ကြသည်။ ရဲဘော်တွေ ပင်ပန်းဆင်းရဲလွန်း၍ တချို့ဆိုလျှင်ဖိနပ်ပင်မပါကြတော့ချေ။ ရန်သူကနောက်ကနေထပ်ကြပ်မကွာလိုက်လာနေသည်။

နောက်နစ်ရက်အကြာမှာ လာဂူနာဂရမ်ဒီသို့ ချီ တို့ရောက်ရှိလာကြ၏။ ကမီလိုနှင့် သူ့စစ်ကြောင်းလည်း ရောက်ရှိလာခဲ့သည်။ သူတို့မှာ ချီတို့တပ်ထက်ပင် ပုံပျက်ပန်းပျက်နိုင်သေးတော့၏။ ခြင်ပေါက်သောဒေသမှာ ခြင်ဒုက္ခကြောင့် အနားယူ၍ မရကြချေ။ ကာထရိုကွန်ပါနီရိုတွင် ချီတို့တပ် ကင်းအဖွဲ့နှင့် ရန်သူကင်းစခန်းတို့ ရင်ဆိုင်တိုးမိကြသည်။ ချီတို့ထက် လူအင်အားသာလွန်သော ကင်းတပ်ကို အနိုင်တိုက်လိုက်နိုင်၏။ ရန်သူလေယာဉ်များနာရီနှင့်ကြာအောင် လာရောက်တိုက်ခိုက်နေ၍ ဆုတ်ခွာသွားကြသည်။ ဗုံးထိမှန်၍ ရဲဘော်အချို့ ဒဏ်ရာရကြသည်။ မေဂျာဆီလ်ဗာမှာ ပခုံးရိုးကျိုးကျေကျက်သားနှင့်ပင် တိုက်ပွဲများကို ဆက်လက်ဆင်နွှဲလေသည်။ အာဂသတ္တိသာတည်း။

လယ်သမားတွေလာရောက်ကူညီကြသဖြင့်ချီတို့တပ်တွေအသက်ရှူချောင်ရသည်။ လမ်းပြတွေ ရောက်လာသည်။ ရိက္ခာရှာပေးကြသည်။ လူထုတစ်ရပ်လုံး ကူညီသည်မဟုတ်သော်လည်း တစ်ဦးချင်း ကူညီသူတွေ အဆက်မပြတ် ပေါ်ထွက်လာသည်။ တစ်ဦးတလေ သစ္စာဖောက်ပါသော်လည်း အများစုက အမှန်အကန်များဖြစ်နေ၍ ဒုက္ခမရောက်ခဲ့ကြချေ။

ချီတို့ ရေဒီယိုလေးမှ သတင်းတစ်ရပ် ကြေညာသည်။ ဂျင်နရယ်တာဘာနီလာက ချီဂွေဗားရားဦးဆောင်သော လူဆိုးတစ်စုကို ချေမှုန်းသုတ်သင်

လိုက်ပြီဖြစ်ကြောင်း လိမ်ညာသော အသေအပျောက်စာရင်းကိုပင် လုပ်ကြံဖတ်ပြသွားလေသည်။ ချီတို့အဖို့ ဟာသသတင်းဖြစ်သွားသည်။

တစ်နေ့ထက်တစ်နေ့ ချီတို့တစ်တွေ ခြေနာရောဂါကူးစက်တာက ဆိုးဝါးလာပြီး ရိက္ခာနပ်မမှန်၍ အားအင်ဆုတ်ယုတ်လာသည်။ ဘာရောဂါသကြားစက်အနီး အပိုင်းခံရစဉ် သောက်စရာရေ တစ်ပေါက်မရှိ။ ရန်သူလေယာဉ်တွေကဗုံးကြဲလိုက်၊ပစ်ခတ်သွားလိုက်နှင့်ရန်သူအပိုင်းခံရသည့်ကြားကအတင်း ဖောက်ထွက်လာရသည်။ နားခိုချိန်လေးမှာ မိုးက ဆက်တိုက်ရွာသွန်းဖြိုး၏။ အားမာန်တင်းပြီး ရှေ့သို့ ဖွဲ့နဘဲနှင့် ချီတက်ကြရသည်။ ဆဲလိုက်၊ ဆိုလိုက်၊ ကြိမ်းမောင်းလိုက်၊ ချော့လိုက်၊ ခြောက်လိုက်နှင့် ခရီးဆက်ခဲ့ရာ ချီတို့တပ်တွေ လာ့စ်ဗီလာ့စ်နယ်ကို အနောက်ဘက် မိုးကုပ်စက်ဝိုင်း၌ အားတက်ဖွယ် တွေ့လိုက်ရတော့သည်။

ရန်သူတပ်များ၏ ဝိုင်းဝန်းပိတ်ဆို့မှုကို ဂျူကာရိုမြစ်ကို ဖြတ်ကူးလိုက်ခြင်းဖြင့် ဖောက်ထွက်လာနိုင်ကြလေသည်။ နောက်နှစ်ရက်အကြာမှာ စပီရီတပ် တောင်တန်း၏ အလယ်ဗဟို လုံခြုံရာသို့ ရောက်လာကြပြီး စစ်တိုက်ရန်အားသစ်လောင်းရသည်။ နိုဝင်ဘာလ (၃) ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲကိုဟန့်တားရန် အချိန်အနည်းငယ်သာ ကျန်ရှိတော့သည်။ ၁၆ ရက်နေ့မှ ရည်စူးပစ်မှတ်ကို ရောက်သောကြောင့် ဖြစ်သည်။

ရွေးကောက်ပွဲ အစည်းအဝေးများ မလုပ်နိုင်အောင် အနီးအနားကျေးရွာကလေးတွေကို ချီတို့တပ်တွေ ဦးစွာပထမ တိုက်ခိုက်ရမည်။ အလယ်ပိုင်း လွင်ပြင်ကိုပါ တစ်ပြိုင်နက်တိုက်ဖို့ စီစဉ်ထားသည်။ နိုဝင်ဘာလ (၃) ရက်နေ့တွင် တပ်အားလုံးဖြန့်ကာ နေရာအနှံ့အပြား တိုက်ခိုက်ခဲ့ရာ မဲရုံများတွင်မဲပေးသူတွေ ရောက်မလာရဲကြတော့။ ကမီလိုကလည်း ပြည်နယ်မြောက်ပိုင်းတစ်ခုလုံးကို လှုပ်ရှားမှုနှောက်ပြီး အတုအယောင် ရွေးကောက်ပွဲကြီးရပ်ဆိုင်းသွားအောင် လုပ်ပစ်နေသည်။

လမ်းပန်းအဆက်အသွယ်တွေ ပြတ်တောက်အောင် ဖိတိုက်နေရသည်။ လာ့စ်ဗီလာ့စ်တစ်နယ်လုံး အခြေအနေတွေ အလွန်ဆိုးဝါးသွားသည်။

ချီတို့တပ်ချီတက်ရာ လမ်းတစ်လျှောက် မြို့ခံ၊ နယ်ခံတွေကို ရွေးချယ်ခေါ်ဆောင်သွားပြီး ဖျက်ဆီးရေးနည်းတွေ အပူတပြင်း လက်တွေ့သင်ကြားပေးကြ၏။ ထို့ကြောင့် ဆင်ခြေဖုံးဒေသ တိုက်ပွဲများ ဖြစ်ပေါ်လာကုန်ကြသည်။

၁၉၅၈ ခုနှစ်၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း လမ်းအားလုံးကို ချီတို့တပ်တွေ ပိတ်ဆို့ထားလိုက်ပြီဖြစ်သည်။ ဗဟိုလမ်းမကြီးကို ကပ္ပတိန်ဆီလ်ဗာက လုံးလုံးလျားလျား ဖြတ်တောက်ပိတ်ဆို့ထားလိုက်သည်။ ဗဟိုမီးရထားလမ်းကိုလည်း နေရာများစွာက ဖြတ်တောက်ထားပြီး ပြည်နယ်၏ မြောက်ဘက်သို့ အသွားအလာလမ်းဟူသမျှကို ကမီလို၏တပ်များက ပိတ်ဆို့ထားလိုက်ကြသည်။ အိုရီယင်တေးပြည်နယ်၌သာလျှင် အစိုးရက ပင်လယ်နှင့် လေကြောင်းမှ ပေးပို့သော အကူအညီတွေ ရရှိနေကြသည်။ ရန်သူတွေ ပြိုကွဲနေလေပြီ။

ဒီဇင်ဘာ (၁၆) ရက် နောက်ပိုင်းတွင် လမ်းဟူသမျှ ပိတ်ခြင်း၊ တံတားဟူသမျှ ချိုးပိတ်ခြင်း စသော အကြောင်းများကြောင့် ရန်သူတို့မှာ ကျပ်တည်းသထက် ကျပ်တည်းလာကုန်ကြ၏။ ထိုနေ့အရုဏ်တက်ချိန်တွင် ဖလ်ကွန်မြစ်ပေါ်ရှိ တံတားကို ချီတို့က ဖောက်ခွဲပစ်လိုက်သည်။ ဟာဗားနားမြို့တော်နှင့် စန္တာဘာလာရာ အရှေ့ဘက်မြို့အားလုံး အဆက်အသွယ် ပြတ်သွားသည်။ ကျေးရွာငယ်ကလေးတွေကို ပြောက်ကျားတပ်တွေ ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ ဖိုမင်တိုရွာတိုက်ပွဲ၌ ရန်သူက လက်နက်ချသဖြင့် သေနတ်အလက်ပေါင်း (၁၈၀) ကျော်ကို ချီတို့တပ်တွေ ရလိုက်ကြလေသည်။

ရန်သူကို အသက်ရှူပေါက် မပေးသောအားဖြင့် ဗဟိုလမ်းမကြီးကို တိုက်ခိုက်ရန် ချီတို့ ဆုံးဖြတ်လိုက်ကြသည်။ ဒီဇင်ဘာ (၂၁) ရက်တွင် ကာဘေဂန်နှင့် ဂါယိုစခန်းတို့မှ ရန်သူတပ်များကို တစ်ပြိုင်နက် တိုက်ခိုက်ရာ ကာဘေဂန်စခန်းမှ စစ်သား ၉၀ က လက်နက်ချသည်။ ဂါယိုစခန်းလည်း အညံ့ခံသည်။ ရန်သူတပ်တွေမှာ စခန်းနှစ်ခုကို စစ်ကူလုံးဝမပို့ပေးနိုင်ကြချေ။

ကမီလိုသည် မြောက်ပိုင်းမှ ရွာမှန်သမျှကို ဆက်တိုက်တိုက်ခိုက်ရင်း ရန်သူတို့၏ နောက်ဆုံးခြေကုပ်စခန်းဖြစ်သော ယာဂါရေးကို ဝိုင်းဝန်းရန် ကြိုး

စားသည်။ (၁၁) ရက်တိုင်တိုင် ထိုစခန်းကို သဲကြီးမဲကြီးတိုက်ခိုက်၏။ ချီတို့တပ်များသည် ပြည်နယ်မြို့တော်ဖြစ်သော စန္တာကလာရာကို ဆက်လက်ချီတက်ကြသည်။ ကာဘောဂန်တွင်အောင်ပွဲခံခဲ့သောချီတို့တပ်များက မြောက်ဘက် ကမ်းရိုးတန်းမှ ရီမီဒီယိုနှင့် ဘောဘောရီယန်တို့ကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။ အက်စတင်ဘရေ စစ်မျက်နှာတွင် မြို့စောင့်တပ်ငယ်မှန်သမျှကို မောင်းထုတ်နိုင်ခဲ့သည်။ ပြည်နယ်၏ မြောက်ပိုင်းတစ်ပိုင်းလုံးမှာ ကမီလို၏လက်တွင်း ရောက်ရှိနေပြီဖြစ်လေသည်။

စန္တာကလာရာ မြို့တော်တွင် လူဦးရေ ၁၅၀၀၀ ရှိသည်။ အရေးပါသော ဆက်သွယ်ရေးနှင့် မီးရထားလမ်းဆုံမြို့ ဖြစ်သည်။ ယင်းမြို့ပတ်လည်တွင် တောင်ခေါင်းတုံးလေးများရှိပြီး ထိုတောင်ခေါင်းတုံးလေးများပေါ်တွင် ရန်သူတွေ တပ်စွဲထားသည်။ ကာမာဂျူအာနာတွင် ရန်သူတို့ အစုအခံမရှိ ဆုတ်ခွာသွားလေပြီ။ ချီတို့တပ်တွေ စန္တာကလာရာမြို့ကို တိုက်ခိုက်ဖို့ အသင့်ပြင်ကြတော့၏။ ရန်သူတင့်ကား (၁၀) စီးကျော်ကျော်ကို တိုက်ခိုက်ရန် လူနေထူထပ်သော နေရာသို့ မျှားခေါ်ပြီး ကားပေါ်တက်၊ အံဖုံးဖွင့်ပြီး အထဲကို ဗုံးပစ်ထည့်မှ တိုက်နိုင်လိမ့်မည်။ သို့မဟုတ် ရန်သူတင့်ကားရဲ့ ဆုံလည်နေရာ၊ ချိန်ဘီးပြုတ်သွားအောင် ဗုံးခွဲတိုက်နိုင်မှ ဖြစ်လိမ့်မည်။

ကျောင်းသားအဖွဲ့ချုပ်တပ်များကအမှတ်(၃၁) ရန်သူစစ်တန်းလျားကို သိမ်းပိုက်ရန် တရမန်းကြမ်းတိုက်နေစဉ် ချီတို့တပ်တွေက စန္တာကလာရာတစ်မြို့လုံးရှိအခိုင်အမာစခန်းအားလုံးကိုတစ်ပြိုင်နက်တည်းဝိုင်းဝန်းထားရန်ကြိုးစားကြသည်။ ဒီဇင်ဘာလ (၂၉) ရက်နေ့တွင်အလုံးအရင်းနှင့်စတင်တိုက်ခိုက်ကြသည်။ ယူနီဗာစတီကို စစ်ဆင်ရေးစခန်းအဖြစ် အသုံးချဖွင့်လှစ်ကာ ထိုမှတစ်ဆင့် မြို့တော်အလယ်ဗဟိုကို ရွှေ့ပြောင်းခဲ့သည်။ ချီတို့တပ်မှ အသေခံများက တင့်ကားတပ်တွေကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ကြလေသည်။ ယာယီသင်္ချိုင်း၊ ဆေးရုံများ၊ မြို့ထဲလမ်းများမှာ သေပျောက်သူတွေ များပြားပြည့်နက်လာသည်။

ကာပီရိုတောင်ကုန်းက ခုခံနေသေးရာ ယင်းတိုက်ခိုက်မှုမှာ (၃၀)ရက် နေ့တစ်နေ့တာလုံး တိုက်ပွဲဖြစ်နေသည်။ မြို့တော်၏ အရေးပါသော အစိတ် အပိုင်းအချို့ကိုချီ၏တပ်ဖွဲ့တွေသိမ်းပိုက်ထားပြီဖြစ်သည်။ကာပီရိုတောင်ကုန်း မှသံချပ်ကာရထားတစ်စီး ဆုတ်ခွာဖို့ရထားလမ်းဆုံနေရာကို ဆင်းလာသည်။ ဖောက်ခွဲဖို့ကြိုတင်ပြုလုပ်ထားသည့်အတိုင်းဖောက်ခွဲပစ်လိုက်သည်။ဖောက် ခွဲမှု တိကျသွား၍ ခေါင်းတွဲနှင့် ရထားတစ်စင်းလုံး တိမ်းမှောက်သွားကြသည်။

ရထားတွဲထဲမှ ရန်သူက အဝေးပစ်လက်နက်များဖြင့် ပစ်ခတ်ကြသည်။ ချီတို့ဘက်ကလည်း မိုလိုတော့ကော့ တေးဗုံးကလေးများ၊ ဓာတ်ဆီပုလင်း မီးစာရှို့ထားတာတွေနှင့် ပစ်ပေါက်တိုက်ခိုက်ကြသည်။ မီးလောင်စပြုသော ရထားမှာ မီးလောင်စွဲပြီး မီးတောက်မီးလျှံကြားမှာ မီးဖိုကြီးများ ဖိုထားသဖွယ် ဖြစ်နေတော့သည်။ တွဲပေါင်း (၂၁) တွဲပါသော ရထားတစ်စီးလုံးရှိ လက်ကျန် စစ်သားတွေ လက်နက်ချအညံ့ခံကြလေသည်။ လေယာဉ်ပစ်အမြောက်များ၊ စက်သေနတ်များ၊ ကျည်ဆန်ဗုံးပေါလအောဖြစ်အောင်ကို ရရှိလိုက်ကြလေ သည်။

မြို့တော် အနောက်မြောက်ခြမ်းတစ်ခုလုံး ချီတို့တပ်တွေ လက်ထဲ ရောက်ရှိသွားလေပြီ။ လျှပ်စစ်ဓာတ်အားပေးရုံအပါအဝင် ဖြစ်သည်။ ချီက လာ့စ်ဗီလာ့စ် လက်နက်ကိုင်တပ်များ၏ ဦးစီးချုပ်အဖြစ် အသံလွှင့်ကြေညာ သည်၊ စန္တာကလာရာ တစ်မြို့လုံးကို သိမ်းပိုက်ပြီဟုလည်း ကြေညာလိုက် သည်၊ အသေခံတပ်ဖွဲ့ခေါင်းဆောင် ရိုဘာတိုရော့ဒရစ် ကျဆုံးသည့် ကြေကွဲ ဖွယ်သတင်းကိုပါ ကျူဘားပြည်သူများသို့ အသိပေးလိုက်ရသည်။ အသေခံ တပ်ဖွဲ့မှာ ရဲဘော်တစ်ယောက်ကျဆုံးတိုင်း လူသစ်ရွေးပြီး ပြန်ခန့်ရ၏။ လူသစ် ရွေးမခံရ၍ မျက်ရည်ကျကြသော ရဲဘော်တွေ ဒုနဲ့ဒေး ဖြစ်နေ၏။ တပ်သား လူငယ်များ၏ရဲစွမ်းသတ္တိထူးတွေသာတည်း။

တင့်ကားတစ်စီးဖြင့် ကာကွယ်နေသော ပုလိပ်ဌာနတစ်ခုကိုလည်း ချေမှုန်းသိမ်းပိုက်လိုက်သည်။ စစ်တန်းလျားအမှတ် (၃၁) လည်း လက်နက်ချ လေပြီ။ အကျဉ်းထောင်၊ ရုံး၊ ပြည်နယ်အစိုးရ ဌာနချုပ်များ၊ ကင်းစခန်းများ ချီ

တို့တပ်တွေလက်ထဲ ကျရောက်လာလေသည်။ တိုက်ပွဲပြီးချိန်ထိ အညှောက်ပေါက်ချိန်နေသောဂရင်းဟိုတယ်ဆယ်ထပ်မှပစ်ခတ်နေသည့်ရန်သူ့စစ်သားတွေကိုလည်း အမှုန့်ချေပစ်လိုက်လေပြီ။ အာဏာရှင်ကြီး ဘာတစ္စတာ၏ အကြီးဆုံးခံတပ်ဖြစ်သော လီယွန်စီရိုစခန်းသာ ကျန်ရှိတော့သည်။

၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် လီယွန်စီရိုစခန်းတစ်ခုလုံး လဲပြိုတော့မည့်အရေးတွေ တွေ့မြင်နေရ၏။ ကျူးဘားအလယ်ပိုင်းမှာ အခိုင်အမာယူထားသောထိုစခန်းသို့ချီကကပ္ပတိန်ဂျီမီနက်နှင့်ရှော့ဒရစ်ဗီဂါတို့အား စေလွှတ်၍ အာဏာပိုင်တွေ လက်နက်ချရန် ဆွေးနွေးခိုင်းလိုက်သည်။ မျှော်လင့်မထားသော အံ့ဩကုန်နိုင်ဖွယ်ရာ သတင်းတွေ ပေါ်ထွက်လာသည်။ အာဏာရှင်ကြီး ဘာတစ္စတာ ထွက်ပြေးသွားပြီ။ လက်နက်ကိုင်ဦးစီးအဖွဲ့ပြိုလဲပြိုကွဲသွားပြီ ဟူသတည်း။

"ဟားဗားနားသို့ ချီတက်ကြလော့"

ဗီဒယ်လ်ကတ်စထရို၏ အမိန့်ပေးဟစ်ကြွေးသံအောက်မှာ တစ်သွေးတစ်သံ၊ တစ်မိန့်တည်းဖြစ်ကာ လိုက်နာချီတက်ကြကုန်သည်။

ခက်မယ့်သာ ခက်၊ လွယ်ချင်တော့လည်း လွတ်လွယ်လိုက်တာဆိုသလို အာဏာရှင်အစိုးရတွေ ခွေးပြေးဝက်ပြေး ပြေးကုန်ပြီဖြစ်၍ အစိုးရစစ်ဌာနချုပ်ကြီးကို လက်ဝယ်ပိုင်ပိုင် သိမ်းပိုက် အောင်လံထူလိုက်ကြလေသည်။ ကမီလိုက ကိုလံဘီယာစစ်စခန်းကို သိမ်းပိုက်၏။ ချီတို့၏ ပထမစစ်ကြောင်းက ကဘာနာခံတပ်ကို အနိုင်တိုက်ပစ်၏။

ရက်အနည်းငယ်အတွင်း ဗီဒယ်လ်ကတ်စထရိုအား ယာယီအစိုးရ၏ ဝန်ကြီးချုပ်အဖြစ် တင်မြှောက်လိုက်ကြသည်။ ကျူးဘားတော်လှန်ရေးသည်ကား ပြီးဆုံးခဲ့လေပြီ။ မပြီးဆုံးသေးသည်မှာ လက်တင်အမေရိကတိုက်၏ နိုင်ငံငယ်လေးများ ဖြစ်သည်။

ကျူးဘားတော်လှန်ရေးအောင်ပွဲသည် အမေရိကန်ပြည်သူများအတွက် စံနမူနာယူဖွယ်ရာ ဖြစ်မလာသေးကြောင်း ချီတို့ ကောင်းကောင်းသိကြ၏။ သည့်အတွက် စိတ်မပျက်ကြပါလေ။ အရင်းရှင်စနစ်၊ အာဏာရှင် စနစ်ဆိုး

တွေကို ဆက်တိုက်ဖို့ လိုအပ်နေသေးသည်။ အမေရိကမှ ပြည်သူတွေ တစ်အုံတုံဆင်း ညီအစ်ကိုရင်းပမာ သွေးစည်းညီညွတ်လျက် နယ်ချဲ့အရင်းရှင်၊ ကိုလိုနီ၊ ဖက်ဆစ်ဝါဒမှန်သမျှ ဆက်လက်တိုက်ခိုက် တော်လှန်သွားဖို့ ချီတို့တပ်တွေရဲ့ပြောက်ကျားသူပုန်သွေးတွေ နောက်ဆုံးတစ်စက် ကျန်သည်အထိ တိုက်ခိုက် ချီတက်မည်သာတည်း။

အာနက်စတိုချေဂွေဗားရားက သူမိဘများထံ ပေးပို့သောစာထဲတွင် ၂၀ ရာစုခေတ်ရဲ့ ကံစေစားရာ စစ်သားလေးလို့ ဖော်ညွှန်းသုံးစွဲခဲ့သည်မှာ သူ့ကိုယ်သူသာမက စီလီယာ၊ ရိုဘာတို၊ ဂျူအင်မာတင်၊ ပိုတိုတင်တီထရစ်၊ ကမီလို၊ ဗီဒယ်လ်၊ ရောလ် စသည့် လက်တွဲဖော်များသို့ပါ ရည်ညွှန်းရော့လေသလားမသိ။ မိတ်ဆွေသင်္ဂဟများထံသို့ စာ (၂၆) စောင်လည်း ရေးသားပေးပို့ခဲ့သည်မှာတော့ အသေအချာ ဖြစ်လေသည်။



# ကိုယ်ပျောက်သွားတဲ့သူရဲကောင်း

ကျူးဘားတော်လှန်ရေး အောင်ပွဲခံပြီးသည့်နောက် ချေဂွေဗားရား (ချီ) တစ်ယောက်ကျူးဘားတော်လှန်ရေးအစိုးရအမျိုးသားဘဏ်ကြီး၏ဒါရိုက်တာ အဖြစ် ခန့်အပ်ခံရလေသည်။ ထိုသို့ ဖြစ်လာရခြင်းမှာလည်း ဟာသဆန် နေသေးသည်။ အကြောင်းမှာ -

တစ်နေ့ ချီတို့ အစည်းအဝေးထိုင်နေကြဆဲ ဖီဒယ်လ်ကက်စထရို ရောက်လာပြီး "ဒီစာအုပ်ထဲမှာ အီကိုနောမစ် (စီးပွားရေး) ကျွမ်းကျင်သူ ရှိသလား" ဟုမေးလာ၏။ ချီ (ချေဂွေဗားရား)က "အီကိုနောမစ်ကို" "ကော်မြူနစ်" ဟု နားကြားမှားသွားသည်။ ကော်မြူနစ် (ကွန်မြူနစ်) ဝါဒကို ထဲထဲ ဝင်ဝင် လေ့လာပိုင်နိုင်သော ချီက ကွန်မြူနစ်ဝါဒ ကျွမ်းကျင်သူရှိသလားဟု ဖီဒယ်လ်က မေးတယ်ထင်ပြီး လက်ထောင်ပြလိုက်မိသည်။ သည်မှာတင် ဖီဒယ်လ်က ချီကို စီးပွားရေးခေါင်းဆောင် ခန့်လိုက်ပြီး ဘဏ်ဥက္ကဋ္ဌ ဖြစ်လာရ တော့သည်။

၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက်နေ့တွင် စက်မှုဝန်ကြီးအဖြစ် ချီကိုခန့်အပ်ပြန်သည်။ တော်လှန်ရေးသမားဆရာဝန်တစ်ယောက်နှင့်မလိုက် ဖက်သောလုပ်ငန်းတွေချည်းခန့်အပ်နေတော့သည်။ ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ တွင် ချီ(ချေဂွေဗားရား)သည် ဖီဒယ်လ်ကတ်စထရိုနှင့်အတူ နိုင်ငံတကာသို့

ခရီးထွက်ခဲ့သည်။ ပထမခရီးစဉ်မှာ အမေရိကန်နိုင်ငံ၊ နယူးယောက်၌ ကျင်းပနေသော (၁၉) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ကြသည်။ နောက်ဆက်တွဲခရီးစဉ်အဖြစ် အယ်လ်ဂျီရီးယား၊ အနောက်အာဖရိကနှင့် အီဂျစ်နိုင်ငံများသို့ ရောက်ခဲ့ကြသည်။ အပြန်ခရီးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံပီကင်း(ဘေဂျင်း)မြို့တော်သို့ဝင်ခဲ့ကြသေးသည်။ ချီတို့ ကမ္ဘာလှည့်ခရီးစဉ်မှာ အချိန်သုံးလ ကြာမြင့်ခဲ့သည်။

၁၉၅၆ ခုနှစ်၊ မတ်လဆန်းတွင် ချီနှင့် ဗီဒယ်လ်တို့ ကျူးဘားသို့ ပြန်ရောက်လာခဲ့ကြသည်။

သီတင်းတစ်ပတ်ခန့် ကြာသောအခါ ချီ (ချေဂွေဗားရား)တစ်ယောက် ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိအောင် ခြေရာပျောက်သွားတော့သည်။ အနောက်နိုင်ငံအုပ်စု (အရင်းရှင်ဝါဒီ) များသည် ချေဂွေဗားရားကို စောင့်ကြည့်နေကြသည်။ ကျူးဘားခေါင်းဆောင်များထဲတွင် ချေဂွေဗားရားကို ဗီဒယ်လ်ကတ်စထရိုထက်ပို၍ ကြောက်စရာကောင်းသောသူဟု သတ်မှတ်ချက် ပေးထားကြသည်။ ပျောက်ချင်းမလှ ပျောက်သွားသော ချေဂွေဗားရားကို စောင့်ကြည့်နေသော အနောက်နိုင်ငံအုပ်စုတွေ ကျီးကန်းတောင်းမှောက်၊ အသည်းအသန် မြေလှန်ပြီး လိုက်ရှာကြပြန်သည်။ အရူးမီးပိုင်းသလို စုံစမ်းလိုက်ရှာကြသည်။ ချီ (ချေဂွေဗားရား) သည်ကား အစအနပင် ရှာမရတော့။

"ပြောက်ကျားစစ်ဆင်ရေး" ဟူသော စာအုပ်ကို စပိန်ဘာသာဖြင့် ၁၉၆၀ ပြည့်နှစ် နွေရာသီတွင် ထုတ်ဝေခဲ့သည်။ ချေဂွေဗားရားမှာ ထိုစာအုပ်ကြောင့် မော်စီတုန်း၊ ဟိုချီမင်း ဆိုသော ကမ္ဘာကျော်ပုဂ္ဂိုလ်များနှင့် တစ်တန်းတစားတည်းထားရသောပြောက်ကျားစစ်ဆင်ရေးပါရဂူအဖြစ် လိုက်ဖ်မဂ္ဂဇင်းကြီးက ရေးသားဖော်ပြခဲ့လေသည်။

၁၉ ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ တက်ရောက်စဉ်အချိန်က စီဘီအက်စ် ရုပ်မြင်သံကြားမှနေ၍ အမေရိကန်ပြည်သူတွေကို အသိဉာဏ်ပေါက်သည့် ရဲရဲတောက် မိန့်ခွန်းကိုလည်း ချီ (ချေဂွေဗားရား) ပြောကြားခဲ့သေးသည်။

"အဖိနှိပ်ခံပြည်သူတွေ လွတ်မြောက်ရေးအတွက် စိတ်ဓာတ်ရေးရာနဲ့ ကူညီနေလို့ မပြီးသေးဘူး၊ သူတို့ကို စစ်ရေးအတွေ့အကြုံတွေ ကြွယ်ဝလာအောင် သင်ကြားပေးရမယ်။ ဒါမှလည်း လက်တင်အမေရိကနိုင်ငံတိုင်းမှာ တိုက်ပွဲတွေ ဖြစ်လာမယ်"

အထက်ပါစကားအတိုင်း ချီ(ချေဂွေဗားရား) ဆောင်ရွက်နေလေရော့သလား။ လက်တင်အမေရိကနိုင်ငံ တစ်ခုခုမှာ ပြောက်ကျားစစ်တပ်တွေ ဖွဲ့စည်းပေးပြီး စစ်သင်တန်းတွေ ကြီးကြပ်ကွပ်ကဲပေးနေရော့သလား ... စသည့် လားပေါင်းများစွာ မေးခွန်းထုတ်၍ အရင်းရှင်နိုင်ငံကြီးတွေ စားမဝင်၊ အိပ်မပျော် တင်ပါးအောက် မီးခဲခုထိုင်ထားရသည့်နှယ် ရှိနေတော့သည်။

၁၉၆၇ ခုနှစ်၊ ဩဂုတ်လတွင် ဘိုလီဗီးယားနိုင်ငံ၊ အစိုးရတပ်ဖွဲ့များ ကင်းလှည့်ရာက ပြောက်ကျားသူပုန်တပ်နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားကြသည်။ အစိုးရတပ်များ ပြောက်ကျားစခန်းကို ဝင်သိမ်းရာမှ ပစ္စည်းအချို့ကို တွေ့ရှိခဲ့ကြသည်။ ထိုပစ္စည်းများမှာ မှတ်စုစာအုပ်တစ်အုပ်၊ နိုင်ငံကူးလက်မှတ်အတုရေးထိုးထားသော နိုင်ငံကူးလက်မှတ်များ၊ ရိုက်ကူးပြီး မဆေးကူးရသေးသော ဖလင်လိပ်တစ်လိပ်တို့ ပါဝင်ကြသည်။ ဖလင်လိပ်ကို ဆေးကူးကြည့်ရာမှ ချေဂွေဗားရားဓာတ်ပုံတွေ တွေ့ရှိသွားကြသည်။ ဘိုလီဗီးယားနိုင်ငံသို့ ချေဂွေဗားရား ရောက်ရှိနေလေပြီ။ ကျူဘားတုန်းကလို ဘိုလီဗီးယားဘက်မှ ဝင်ကူတိုက်ပေးဖို့ ပြင်ဆင်နေပြီ။ အရင်းရှင်စနစ်ကို အထူးဖျက်ဆီးချေမှုန်းမည့် ချေဂွေဗားရား ပါတကား။ အနောက်အုပ်စု အရင်းရှင်တွေ ပျာယာခတ်ကုန်ပြီ။

အမှန်တကယ်လည်း ချေဂွေဗားရားသည် ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့မှစ၍ ဘိုလီဗီးယားနိုင်ငံ၊ နန်ချူဟွာဟု မြစ်ကမ်းနံဘေးမှ ယာခင်းပြင် အခြေပြုလုပ်ထားသည့် သူပုန်စခန်းမှာ လက်နက်ကိုင် ပြောက်ကျားစစ်ဆင်ရေးသင်တန်းပေးရန် ရောက်ရှိနေခဲ့လေသည်။

ချေဂွေဗားရားသည် ကျူဘားမှာ ပေးထားသော ရာထူး၊ အာဏာ၊ အရှိန်အဝါများကို စွန့်လွှတ်ကာ လက်တင်အမေရိကနိုင်ငံတစ်ခုဖြစ်သော ဘိုလီဗီးယားမှာ ဒုက္ခခံပြီး စစ်သင်တန်းလာပေးနေသည်။ လွယ်လွယ်ကူကူ

ပေးနေခြင်းမဟုတ်။ အတားအဆီးတွေ အခက်အခဲ၊ အနှောင့်အယှက်တွေကြားမှာ ဆင်းရဲဒုက္ခခံပြီး ပေးနေရခြင်းဖြစ်သည်။

ဘိုလီဗီးယား ကွန်မြူနစ်ပါတီ၏ ပထမအတွင်းရေးမှူး မာရီယိုမွန်ဂျီသည် လက်နက်ကိုင်တော်လှန်ရေးကို မလိုလားချေ။ ထို့ကြောင့် ကွန်မြူနစ်ပါတီဝင်များကို ပြောက်ကျားသူပုန်တပ်သို့ မဝင်ကြရန် တားမြစ်ပိတ်ပင်ခဲ့သည်။တားမြစ်မှုကြောင့်ပြောက်ကျားတပ်ဖွဲ့ဝင်ဦးရေမှာလေးငါးဆယ်ခန့်သာ အင်အားရှိခဲ့သည်။

ပြောက်ကျားစခန်းရှိရာ ဒေသတစ်ဝိုက်မှ လယ်သမားများမှာ စာမတတ်၊ ပေမတတ်၊ နုံထုံသူတွေများ၍ စည်းရုံးမရခြင်းပင်။ ရှိရင်းစွဲအင်အားမှာလည်း ကျဆုံးသူ၊ ထွက်ပြေးသူများကြောင့် ယုတ်လျော့ပြီး တိုက်စွမ်းအားကျဆင်းနေသည်။ ကျန်းမာရေးချို့ယွင်းမှုက အဆိုးဆုံးဖြစ်လေသည်။ ချီ (ချေဂွေဗားရား) ကိုယ်တိုင် (၂) နှစ်သားအရွယ်ကစွဲကပ်ခဲ့သောပန်းနာရောဂါ ပြန်ထနေလေသည်။ အစစအရာရာ စိတ်ဓာတ်ကျဆင်းစရာချည့်သာ။ ကျူဘားတုန်းက အခြေအနေမျိုးနှင့် ပြောင်းပြန်အချိုးကျနေလေသည်။

ချေဂွေဗားရားသည် လှုပ်ပြုလဲနေသည့်တိုင် စိတ်ဓာတ်ကို အလံထူထားနိုင်သော တော်လှန်ရေးခေတ်၏ သူရဲကောင်းအစစ်သာတည်း။ နေ့စဉ်ပြုမြဲမှတ်တမ်းရေးခြင်းကို မပျက်မကွက် ဆောင်ရွက်ခဲ့သည်။ ချေဂွေဗားရား၏ နောက်ဆုံး နေ့များသည် ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ (၈) ရက်နေ့တွင် တိုက်ပွဲ၌ ဒဏ်ရာရပြီး ချီ (ချေဂွေဗားရား)အဖမ်းခံရခြင်းမှ စတင်လေသည်။ သို့တိုင် သူရဲကောင်းတို့ရဲ့ အောင်နိုင်စိတ်ဖြင့် အောက်တိုဘာလ (၇) ရက်နေ့ထိ နေ့စဉ်မှတ်တမ်းရေးသားနိုင်ခဲ့လေသည်။

ချေဂွေဗားရား၏ နေ့စဉ်တွေ့ကြုံမှတ်တမ်းကို ရေးသားဖော်ပြရာတွင် ဇန်နဝါရီလ ၄၊၅၊ ၈၊ ၉ ရက်နှင့် ဖေဖော်ဝါရီလ ၈၊ ၉ ရက်၊ မေလ ၁၄ ရက်၊ ဧပြီလ ၄၊ ၅ ရက်၊ ဇွန်လ ၉၊ ၁၀ ရက်၊ ဇူလိုင်လ ၄၊ ၅ ရက်နေ့စွဲများနှင့် သက်ဆိုင်သော အကြောင်းအရာများ ပါဝင်ခြင်းမရှိပါ။

ချီ (ချေဂွေဗားရား) က နာမည်ဝှက်များနှင့် ရေးတတ်ရာ အမည်ဝှက်နှင့် မူရင်းအမည်များကို ပူးတွဲဖော်ပြထားပါသည်။

| | | |
|---|---|---|
| ပက်ချန်းဂိုး | - | ပေချိုး |
| တူမိန်နီ | - | တူးမား |
| ဘီဂိုတီးစ် | - | အယ်လ်လိုရို ဂျော်နီ |
| အက်စတန်းနစ္စလော | - | အယ်လ်နီဂရိုးမာရီးယိုး - မွန်ဂျီ |
| ပေပီ | - | ရီကာဒို - ချင်ချုး |
| အန်တိုနီရို | - | အိုလို |
| ဂျိုအာကွင်း | - | ဗီလို |
| အေပိုလီနာ | - | ပိုလို |
| မိုရို | - | မိုရိုဂိုရို - မူဂန်ဂါ<br>အယ်လ်မယ်ဒီကို |
| ဖဲလစ္စ | - | အယ်လ်ရူဘီယို |
| ရီနန်း | - | အိုင်ဗန် |
| ပန်ဒီဗီနီ | - | အယ်လ်ပယ်လော - ကားလော့စ် |
| ချက်ပက်ကိုး | - | လျူးဝစ် |



# ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်မှ (၃၀) ရက်အထိ ချီ၏ကြုံတွေ့မှုဖြစ်စဉ်များ

"ကိုချာခန်းအား"အရပ်မှ အတွင်းသို့ဝင်လာပြီးနောက် ပိပိပြင်ပြင် ရုပ်ဖျက်ထားသော ပက်ချန်းဂိုး (ပေချိုး)နှင့် ချီတို့ အဆက်အသွယ် ပြုလုပ်ကြသည်။ဂျစ်ကားနှစ်စီးဖြင့်(၂)ရက်လုံးလုံးခရီးနှင်ဖြစ်သည်။လယ်တောအိမ်မှာ ရပ်နားပြီး ဂျစ်ကားတစ်စီးသာ ခရီးဆက်ရသည်။ ထိုသို့ ပြုလုပ်ရခြင်းမှာ ချီတို့ အဖွဲ့ကို ကုတ်ကင်းဘိန်းချက်အဖွဲ့အဖြစ် သတင်းလွှင့်ပေးလေ့ရှိသည့် အနီးအပါးရှိ လယ်ပိုင်ရှင်တစ်ဦး၏ သင်္ကာယနမကင်းဖြစ်စေမည့် ဘေးရန်ကို စိုးရိမ်ရသောကြောင့် ဖြစ်သည်။ စကားမပီသော တူမိန်နီအား ဘိန်းချက်သူအဖြစ် သတ်မှတ်ထားရှိခဲ့ခြင်းပင်။

ဒုတိယခရီးစဉ်တွင် အိမ်အနီးရောက်ရှိခဲ့ရာ ဘီရိတီးစ်မောင်းသော ဂျစ်ကားသည် တောင်စောင်းကမ်းပါးချောက်အောက်သို့ ကျလုကျခင် ဖြစ်သွားပြီးသေကံမရောက်၊သက်မပျောက်ဖြစ်ခဲ့ရသည်။ဂျစ်ကားလမ်းချော်တာကို ပစ်ထားခဲ့ရပြီး ကီလိုမီတာနှစ်ဆယ်နီးပါး ခြေကျင်ခရီးဆက်ရသည်။ ပါတီဝင်သုံးဦးရှိသော လယ်တောအိမ်ကို ညသန်းခေါင်မှ ရောက်ရှိသွားသည်။

ဘီရိတီးအနေဖြင့်ဘိုလီဗီးယားကွန်မြူနစ်ပါတီကသူ့အပေါ်မည်သို့ပင် အရေးယူစေ၊ ချီတိုနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ပြောလာသည်။ သူသည် မွန်ဂျီအပေါ် သစ္စာရှိသူဖြစ်သည်။ သူ့အယူအဆအရ "ရိုဒိုဖိုး" ဆိုသူသာမက "ကိုးကိုး"ဆိုသူပါ ပူးပေါင်းလိုကြကြောင်း ပါတီကိုလည်း လက်နက်ကိုင်စစ်ပွဲ ဆင်နွှဲဖို့ နားချရန်လိုအပ်ကြောင်း ထပ်မံတင်ပြလာသည်။ ချီက သူတို့ကို ကျုပ်တို့အား ကူညီရန်နှင့် ဘူလ်ဂေးရီးယားနိုင်ငံသို့ ခရီးထွက်နေသော မွန်ဂျီ ပြန်မရောက်မချင်း ပါတီကို အကြောင်းကြားခြင်းမပြုရန် ပန်ကြားခဲ့သည်။ ဘီရိတီကလည်း သဘောတူလေသည်။

နိုဝင်ဘာလ (၈) ရက်မှာ လယ်တောအိမ်အနီး ချောင်းကလေးဘေးရှိ ခင်တန်းတောအုပ်ထူထူမှာ တစ်နေ့တာကုန်ဆုံးစေသည်။ ငန်းဘဲနွယ်ဝင် ငှက်တွေ နှောင့်ယှက်မှုကို ခံရသည်။ နွတ်သီးဖြင့် မဆိတ်သော်လည်း စိတ် အနှောင့်အယှက်ပေးသည်။ သိုးနှင့် နွားသွေးစုပ်သော မှက်များ၊ ခြင်ရိုင်းများ အကိုက်ခံသည့်ဒဏ်ကိုလည်း ခံကြရသည်။ ရဲဘော်ဘီဂိုးတီက လယ်ပိုင်ရှင် တစ်ဦး၏ အကူအညီဖြင့် ဂျစ်ကားကို ပြန်လည်ဆွဲယူနိုင်ခဲ့သည်။ နိုဝင်ဘာလ (၉)ရက်နေ့မှာထူးမခြားနားနေ့တစ်နေ့သာဖြစ်သည်။တူမိန်နီအပါအဝင်ချီတို့ အဖွဲ့သားများသည်နေကာပွာဆူးစမ်းချောင်းတစ်လျှောက်စူးစမ်းခဲ့ကြသည်။ မြစ်ဖျားခံရာအထိမရောက်ကြ။ဤအရပ်သည်လူအရောက်ပေါက်နည်းသော နေရာဖြစ်ကြောင်း သိသာထင်ရှားသည်။ ပုန်းခို၍လုံခြုံ၏။ မိုးတွေရွာလာ၍ လယ်တောအိမ်ထဲ ခိုနားရသည်။ သွေးစုပ်သန်းမကြီး ခြောက်ကောင်ကို ဖယ်ရှားရသေးသည်။

နိုဝင်ဘာလ (၁၀) ရက်နေ့တွင် ပက်ချန်းဂိုးနှင့် ပွန်ဘိုတို့သည် ဆယ်ရာ ဖင်းအမည်ရှိ ဘိုလီဗီယန်းလူမျိုး ရဲဘော်တစ်ဦးနှင့် ဒေသန္တရခရီး စူးစမ်းမှု ပြုလုပ်ကြသည်။ ချီတို့ရောက်ခဲ့သော နေရာထက် ပိုမိုခရီးရောက်ခဲ့၏။ ချောင်းငယ်လက်တက်နှစ်ခုဆုံရာ နေရာသို့ ဆိုက်ရောက်ခဲ့သည်။ ထိုမှ သူတို့ ပြန်လာပြီး လေပေါ်နေကြ၏။ သူတို့ ဝယ်ယူထားသော အသုံးအဆောင်များ လာပို့သည့်အာဂါရာရက်၏ကားမောင်းသမားသည်သူတို့ကိုထင်ထင်ရှားရှား

တွေ့မြင်သွားသည်။ ချီလည်း အဖွဲ့သားများကို နင်းကန်ဆူပူကြိမ်းမောင်း မာန်မဲရသည်။ နက်ဖြန်တွင် ကွင်းပြင်ရှိ ခင်တန်းတောအုပ်ဘက် ပြောင်းရွှေ့ စခန်းချဖို့ အမိန့်ပေးလိုက်ရသည်။

တူမိန်နီက လူမြင်သူမြင်ခံ၍ ရသည်။ သူသည် လယ်ယာလုပ်သား တစ်ဦးသဖွယ် အများက ထင်မြင်ကြသောကြောင့် ဖြစ်သည်။ အနီးအပါးရှိ လူများက ချီတို့ထံ နောက်ထပ်လူများ ရောက်ရှိစုစည်းမည့်အရေးကို လက်ခံ ကျေနပ်မှု ရှိမရှိ သေချာသိဖို့လိုအပ်သည်။ သူတို့နှင့် ယခုထက်ပို၍ ကျွမ်းဝင်ရင်းနှီးဖို့ ကြိုးစားရပေမည်။ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် စခန်း ပြောင်းရွှေ့ဖြစ်ပြီး ထူးခြားမှုရှိမလာ။ တစ်နေ့တာ ကုန်ဆုံးစေသည်။ အိပ်စက် နားခွင့်ရသည်။ မှက်၊ ခြင်များကြောင့် ပခက်မှာခြင်ထောင်ထောင်ရလေသည်။ တူမိန်နီသည် အာဂါနာရက်ထံ သွားလည်ပတ်ပြီး ကြက်နှင့် ကြက်ဆင်များ ဝယ်ယူလာသည်။ သူ့အနေဖြင့် ချီတို့အပေါ် သင်္ကာမကင်းသည့် အရိပ် အယောင် မတွေ့ရသေး ချေ။

နိုဝင်ဘာလ (၁၂) ရက်နေ့မှာလည်း ထူးခြားမှုကင်းမဲ့သည်။ ရဲဘော် (၆) ဦး ရောက်လာသည့်အခါ စခန်းချရမည့် မြေနေရာကို ရှာဖွေကြသည်။ သချိုင်းဂူအဝင်မှ မီတာတစ်ရာခန့်သာဝေးသော တောင်ခေါင်းတုံးတစ်ခုကို ရွေးချယ်ဖြစ်သည်။ ချီ ဆံပင်တွေရှည်လာနေပြီ မုတ်ဆိတ်မွှေးတွေလည်း ရှည်ပြီ။ မကြာမီ ပင်ကိုပုံစံ ပြန်ရောက်လာတော့သည်။

နိုဝင်ဘာလ (၁၃) ရက် တနင်္ဂနွေနေ့တွင် အာဂါနာရက်၏ စာရင်း ငှားများသည် အမဲလိုက်ရင်း ချီတို့အနားမှ ဖြတ်သွားကြသည်။ လူပျိုလူလွတ် လူငယ်များဖြစ်ပြီး လယ်ပိုင်ရှင်အပေါ် မုန်းတီးနေကြသူများဖြစ်သည်။ သူတို့ ကို စည်းရုံးစုဆောင်းလျှင် အဆင်ပြေမည်။ မြစ်ငယ်၏ ကီလိုမီတာ ၁၀၀၀- ၂၀၇ လီခန့်တွင် လူနေအိမ်ခြေတွေရှိပြီး ရေလုံလောက်စွာရရှိသည့် လျှို မြောင်များရှိကြောင်း ၎င်းတို့ထံမှ ကြားသိရသည်။

နိုဝင်ဘာလ (၁၄) ရက်တွင် ပက်ချန်းဂိုးသည် နေသားတကျမဖြစ်သေး ၍ ဆွေးနေပုံပေါက်သည်။ သူ စိတ်မလေလွင့်စေရန် ဥမင်လိုဏ်ခေါင်း တူးခိုင်း

သည်။ ပစ္စည်းများ သိုလှောင်ရန်ဖြစ်သည်။ သူတစ်ပါးအမြင်ခံ၍ မဖြစ်။ လိုဏ်ခေါင်းအတွင်း အစိုပြန်ခြင်းမရှိအောင် ကာကွယ်လုပ်ဆောင်ကြသည်။ သစ်သားဘောင်တံခါးတစ်ခုဖြင့် မျက်ကွယ်ရုပ်ဖျက်ထားသည်။ တစ်မီတာခွဲခန့် ရှိသော ရေတွင်းတူးပြီးပြီ။ ဥမင်လိုဏ်ခေါင်း ဆက်တူးနေဖြစ်၏။

နိုဝင်ဘာ (၁၅) ရက်တွင် ဥမင်ဆက်တူးသည်။ ပွန်ဘိုနှင့် ပက်ခန်းဂိုးတို့က မနက်ပိုင်း၊ တူမိန်နီနှင့် ချီတို့က ညနေပိုင်း ဥမင်တူးကြရာ ည ၆ နာရီထိုးမှ ရပ်သည်။ နှစ်မီတာကျော်အနက် ရနေပြီ။ မနက်ဖြန်လုပ်ငန်း ပြီးစီးသည်။ ညတွင် မိုးရွာသောကြောင့် စက်ထဲမှ ထွက်ရ၏။ အခြားအထွေအထူးမရှိချေ။ နိုဝင်ဘာလ (၁၆) ရက်၌ ဥမင်တူးပြီးသွားပြီ။ ဝင်ပေါက်ကိုလည်း ရုပ်ဖျောက်ထားပြီးပြီ။ လူသွားလမ်းကြောင်း ခြေရာလက်ရာဖျက်ဖို့သာ ကျန်တော့သည်။ ပစ္စည်းပစ္စယတွေကို စခန်းသစ်ရှိ အိမ်ငယ်သို့ ပြောင်းရွှေ့ထားရမည်။ သန်ဘက်ခါတွင် လာပတ်ဖ်မြို့မှ သတင်းအစဆုံး ရနိုင်လောက်၏။

နိုဝင်ဘာလ (၁၇) ရက်တွင် စည်သွတ်ဘူးများ အပါအဝင်ပစ္စည်းများ ဥမင်ထဲမှာ ထားရှိသည်။ လာပက်ဇ်မှ အကြောင်းထူး ရောက်လာခြင်းမရှိ။ အာဂါနာရက်နှင့် ကောင်ကလေးများ အိမ်ထဲတွင် အဖွဲ့ကျနေသည်။ ပစ္စည်းအချို့ကို ဝယ်ယူခဲ့ကြသည်။ ကုတ်ကင်းထုတ်လုပ်ရေးလုပ်ငန်းမှာ ပါဝင်ခွင့်ပြုရန် နားပူနားဆာလုပ်၏။ နိုဝင်ဘာလ (၁၈) ရက်နေ့တွင် လာပတ်ဖ်မြို့မှ ဘာသတင်းမှမရ၊ ပက်ချန်းဂိုးနှင့် ပွန်ဘိုတို့က ချောင်းငယ်အခြေအနေကို စူးစမ်းကြပြန်သည်။ အာဂါနာရက် ရောက်လာသည်။ လမ်းကို ကူညီပြပြင်ပေးသွားသည်။ ချီတို့ စခန်းလာချသည်ကို အာဂါနာရက် သံသယရှိပုံမရ။ ခြင်နှင့် မှက်များကို ကိုက်ခဲမှုကို ခံရသည်။ ထို့ကြောင့် အနာတွေပေါက်လာရ၍ စိတ်ရှုပ်နေသည်။ အရှက်ဦးအချိန်တွင် အချမ်းပိုကဲလှသည်။ နိုဝင်ဘာလ (၁၉) ရက်တွင် လာပတ်ဖ်မြို့မှ ဘာသတင်းမှမရ၊ ထူးခြားဖြစ်စဉ်မရှိ။ အမဲလိုက်သမားတွေ ခြေရှုပ်နေ၍ ချီတို့အဖွဲ့တွေ ရှောင်တိမ်းပုန်းကွယ်နေရသည်။

နိုဝင်ဘာလ (၂၀) ရက်နေ့ မွန်းတည့်ချိန်တွင် မားကော့စ်နှင့် ရိုလန်ဒိုရောက်ရှိလာသည်။ ယခုအခါ ချီတို့အင်အားသည် လူပေါင်း (၆၀) ကျော်

ဖြစ်လာပြီ။ သူတို့ နောက်ကျပြီးရောက်လာရကြောင်းကို ရှင်းပြသည်။ ဆန်ပေဘာလိုပက်မှ ဖြတ်သန်းလာသူများဖြစ်၍ ခရီးပိုတွင်သူတွေ ဖြစ်သည်။ နောက်အပတ်တွင် ရဲဘော်လေးဦး ထပ်ရောက်လာစရာရှိသည်။

သူတို့နှင့်အတူ ရိုဒိုဖိုးအမည်ရှိ ရဲဘော်တစ်ဦး လိုက်ပါလာသည်။ သူသည် ချီကို မြင်မြင်ချင်း အထင်ကြီးသွားသည်။ ဘီဘိုဂိုတီးစ်နှင့်စာလျှင် ချီနှင့် ပူးပေါင်းလုပ်ကိုင်လွယ်သူ ဖြစ်သည်။ ညွှန်ကြားထားသော စည်းကမ်းကို ဖောက်ဖျက်ပြီး ပေပိက ချီ ဒီမှာရှိကြောင်း ပြောကြားခဲ့သည်။ ကိုးကိုးကလည်း ထိုနည်းလည်းကောင်းပင်။ ချီသည် မနီလာထံ ထောက်ခံချက်တချို့နှင့် အတူ စာတစ်စောင်ရေးပေးခဲ့၏။ (မော်ကွန်း ၁၊၂) ပေပိထံသို့လည်း သူ့မေးမြန်းချက်များကို ဖြေကြားသည့် စာတစ်စောင်ရေးလိုက်သည်။ ရိုဒိုဖိုးသည် နံနက်စောစောဌ စခန်းသို့ပြန်လည်ရောက်ရှိလာသည်။

နိုဝင်ဘာလ (၂၁)ရက်၌ တိုးချဲ့အဖွဲ့၏ ပထမဦးဆုံးနေ့ဖြစ်သည်။ စခန်းသစ်သို့ ပြောင်းရွှေ့ရာတွင် မိုးသည်းထန်စွာရွာသွန်း၍ ရွှံ့ရွှံ့စိုကုန်သည်။ မိုးကာဖျင်မိုးထား၍ မိုးယိုသည်။ အသင့်အတင့် ကာကွယ်မှုရ၍ တော်သေးသည်။ အိပ်စက်ဖို့ နိုင်လွန်ပိတ်စ အမိုးပါသော ပခက်များရောက်လာပြီ။ လက်နက်အချို့လည်း ပါလာသည်။ မားကော့စ်တွင် ဂါရန်းသေနတ်ရှိသည်။ ရိုလန်ဒိုအား အမ် (၁) ရိုင်ဖယ်တစ်လက် ပေးထားရမည်။ ချီနှင့် အတူရှိနေသော ဂျောဂီကို တာဝန်ပေးထားသည်။ ရိုဒိုဖိုးကို စိတ်ချရသော စိုက်ပျိုးရေး ကျွမ်းကျင်သူ တစ်ဦး ရှာဖွေခေါ်ဆောင်လာရန် အမိန့်ပေးထားသည်။ ဤစခန်းမှာ ကြာကြာ နေနိုင်ရန် ကြိုးစားရဦးမည်။

နိုဝင်ဘာလ (၂၂) ရက်နေ့တွင် အသစ်တွေ့ရှိထားသော စမ်းချောင်း ငယ်ကို လေ့လာကြည့်ရန် တူးမား၊ ဂျော်ရီနှင့် ချီတို့သည် နေကာဟွာဆူး မြစ်ရိုးတစ်လျှောက် ကင်းထောက်ထွက်ခဲ့ကြသည်။ မနေ့က မိုးရွာသွန်း၍ လမ်းပျက်နေသဖြင့် လိုရာခရီးရောက်အောင် ခက်ခက်ခဲခဲသွားကြရသည်။ ထိုစမ်းချောင်း၏ ရေထွက်ပေါက်မှာ စမ်းရေအိုင်လေးသဖွယ် ဖြစ်နေသည်။ ပြင်ဆင်ပေးလိုက်ပါက ခိုအောင်းစခန်းချရာ နေရာကောင်းလေး ဖြစ်လာနိုင်

သည်။ ည (၉) နာရီကျော်မှာ စခန်းချရာဆီ ပြန်ခဲ့ကြသည်။ အခြားထူးခြားမှု ဘာမှမရှိချေ။ နိဝင်ဘာလ (၂၃) ရက်နေ့မှာတော့ လယ်တောရှိ အိမ်ကလေးကို လှမ်းမြင်နိုင်သော မျှော်စင်တစ်ခုကို အပြီးဆောက်လုပ်၏။ ဒုက္ခပေးမည့် ညည်သည်များ၊ စစ်ဆေးသူများ ရောက်လာလျှင် ကြိုတင်လှမ်းမြင်နိုင်စေရန် အတွက် ဖြစ်သည်။ ချီတို့အထဲမှ ရဲဘော်နှစ်ဦးက အနီးပတ်ဝန်းကျင်ဒေသများကို ထောက်လှမ်းစူးစမ်းကြသည်။ ကျန်သူများက သုံးနာရီတစ်ကြိမ်စီ ကင်းစောင့်ကြရသည်။ပွန်ဘိုနှင့်မားကော့စ်တို့ရေများပြည့်လျှံနေသောစမ်းချောင်းရှိရာ တောင်ပေါ်မြေပြန့်တစ်နေရာကို စူးစမ်းခဲ့ကြသည်။

နိဝင်ဘာ (၂၄) ရက်တွင် ပေချိုးနှင့် ရိုလန်ဒိုတို့သည် ချောင်းငယ် တောက်လျှောက် ကင်းထောက်ထွက်ပြန်သည်။ မနက်ဖြန်မှ ပြန်ရောက်ကြမည်။မနေ့ညပိုင်းကအာဂါနာရက်၏အလုပ်သမား(၂)ဦးလမ်းလျှောက်ထွက်ရင်း ချီတို့ထံ ရုတ်တရက် အလည်အပတ်သဘောမျိုး ဝင်လာသည်။ ထူးခြားဖြစ်စဉ် မရှိပေ။ အန်တိုနီယိုမှာ တာဝန်တစ်ရပ်ဖြင့် ခရီးထွက်နေသည်။ လယ်တောအိမ်တွင်နေထိုင်သော တူးမားကို မတွေ့ရ။ အမဲလိုက်နေကြောင်းသာ ကြားရသည်။ အလျှူးချား၏ မွေးနေ့ဖြစ်သည်။ နိဝင်ဘာလ (၂၅)ရက်၌ လူ (၂) ဦး (သို့) (၃) ဦးစီးလာသော ဂျစ်ကား လယ်တောအိမ်သို့ ဆိုက်ရောက်ကြောင်း မျှော်စင်ကင်းမှ သတင်းပို့သည်။ စုံစမ်းကြည့်ရာ ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးဌာနမှ ဝန်ထမ်းများဖြစ်ပြီး သွေးနမူနာများ ရယူကာ ပြန်လည်ထွက်သွားကြသည်။ ပေးချိုးနှင့် ရိုလန်ဒိုတို့ အတော်ကြီး ညဉ့်နက်မှ စခန်းပြန်ရောက်လာကြသည်။ သူတို့သည် စွန့်ပစ်ထားသော တဲတန်းများ နေရာရောက်သည်အထိ စမ်းချောင်းတစ်လျှောက် ကင်းထောက်ပြုနိုင်ခဲ့ကြသည်။

နိဝင်ဘာလ (၂၆) ရက်နေ့မှာ စနေနေ့ဖြစ်သည်။ ချီတို့တစ်တွေ စခန်းအပြင်သို့ လုံးဝမထွက်ကြချေ။ မြစ်ဝှမ်းအတိုင်းအတာပမာဏ မည်ရွေ့မည်မျှရှိသည်ကို တိုင်းတာတွက်ချက်ရန် ဂျော့ဂျီကို တာဝန်ပေးလိုက်သည်။ မြင်းစီးသွားရန်ဖြစ်သော်လည်းမြင်းမရှိချေ။ကီလိုမီတာ ၂၀ မှ ၂၅မီတာဝေးကွာသော

အရပ်တွင် နေထိုင်သူအသိတစ်ဦးထံမှ မြင်းတစ်ကောင် ငှားရရန် ခြေကျင် လျှောက်သွားလေသည်။ ညထိတိုင် သူပြန်မရောက်နိုင်။ လာပက်ဇ်မြို့မှ သတင်းတစ်ခွန်းတစ်စမျှ မရချေ။

နိုဝင်ဘာ (၂၇) ရက်ထိ ဂျော်ဂျီပေါ်မလာသေး။ တစ်ညလုံး ကင်းစောင့်ရန်အမိန့်ထုတ်ပြန်ထားသည်။ည(၉)နာရီတွင်လာပက်ဇ်မြို့မှထွက်လာသော ဂျစ်ကားရောက်လာသည်။ ကိုးကိုး၊ ဂျိုးအာကွင်းနှင့် အာဘန်နီ ပါလာသည်။ ပူးပေါင်းဆောင်ရွက်လိုသည့် ဘိုလီဗီးယန်းလူမျိုး ဆေးကျောင်းသားတစ်ဦးကို ခေါ်ဆောင်လာသည်။ ကိုးကိုးသည် တစ်ခေါက်ပြန်သွားပြီး ဘရော်လီယို၊ မစ်ဂွယ်နှင့် အင်တီးအမည်ရှိ ဘိုလီဗီးယန်းအမျိုးသားတစ်ဦးကို ခေါ်ဆောင်လာပြန်သည်။ သူပုန် (၁၂) ဦး ရှိလာပေပြီ။ လယ်ပိုင်ရှင်အဖြစ် ဟန်ဆောင်ထားသော ဂျော်ဂျီအပါအဝင် ဖြစ်သည်။ ကိုးကိုးနှင့် ရိုဒိုဖိုးတို့သည် ဆက်သွယ်ရေးတာဝန်ခံများအဖြစ် ဆောင်ရွက်ကြရမည်။ ရီကာဒိုက စိတ်ရှုပ်ဖွယ် သတင်းတစ်ပုဒ်ကို ပြောကြားလာသည်။

အယ်လ်ချီနိုသည် ဘိုလီဗီးယားနိုင်ငံအတွင်းသို့ ရောက်ရှိနေကြောင်း ချီကို တွေ့ဆုံပြီး လူအင်အား (၂၀) ခန့် ပေးပို့လိုကြောင်း သတင်းဖြစ်သည်။ အကြောင်းမှာ အက်စတန်နစ်စလော့ကို ဘာမျှအကြောင်းမကြားဘဲ ချီတို့တပ်ဖွဲ့သည်နိုင်ငံတကာတပ်ဖွဲ့အသွင်ဆောင်နေသကဲ့သို့ဖြစ်ခြင်းကြောင့်ဖြစ်သည်။ ကိုးကိုးသည် ဆန်တာကရု(စ်)မြို့သို့ အယ်လ်ချီနိုကို ပို့ထားပေးပြီး ထိုနေရာမှ ချီတို့ရှိရာကိုခေါ်ဆောင်လာဖို့စီစဉ်လိုက်ကြသည်။နံနက်စောစောတွင်ကိုးကိုးသည်ဂျစ်ကားတစ်စီးဖြင့်မောင်းထွက်သွားသည်။ရီကာဒိုကလည်းလာပက်ဇ်မြို့သို့ ခရီးဆက်ရန် နောက်ဂျစ်ကားတစ်စီးဖြင့် မောင်းထွက်သွားပြန်သည်။ ဂျော်ဂျီ၏အခြေအနေကို သိရှိရန် ကိုးကိုးသည် ရမ်ဘာတိုရှိရာသို့ ဝင်ရောက်ဖြတ်သန်းသွားရန် စီစဉ်ထားသည်။ ယခင်တစ်ခါ အင်တီးနှင့် စကားလက်ဆုံကျရာ၌ သူက အက်စတန်နစ်စကောသည် တော်လှန်ပုန်ကန်မှုတွင် ပါဝင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ အင်တီးသည် သူနှင့် အဆက်ဖြတ်ရန် ဆုံးဖြတ်ပြီးပြီ ဖြစ်လေသည်။

နိဝင်ဘာ (၂၈) ရက်နေ့မနက်ထိ ဂျော်ဂျီရော ကိုးကိုးပါ ပြန်ပေါ်မလာကြ။ အတော်အသင့်ကြာမှ သူတို့ပြန်ရောက်လာကြသည်။ နဘယ်သွား မရှိကြ။ သူတို့ ရမ်ဘာတိုအိမ်၌ အိပ်စက်နားနေခဲ့ခြင်းဖြစ်သည်။ တာဝန်ပေါ့လျော့ရာ ကျသည်။ မွန်းလွဲပိုင်းတွင် ဘိုလီဗီးယန်းလူမျိုး အဖွဲ့သားအားလုံး စုရုံးပြီးနောက် ပီရူးအမျိုးသား အယောက် (၂၀) ပေးပို့လာမည့်အရေးကို ချပြညှိနှိုင်းဆွေးနွေးဖြစ်ကြသည်။ သဘောတူကြသော်လည်း တော်လှန်ရေးမစတင်သေးခင်မှာ ပေးပို့ခြင်းမပြုစေရန် ဆန္ဒပြုကြလေသည်။ နိဝင်ဘာလ (၂၉) ရက်နေ့မှာတော့ ချီတို့သည် စခန်းနယ်မြေသစ်အဖြစ် အသုံးပြုရန် စမ်းချောင်းငယ်၏ အခြေအနေကို စူးစမ်းလေ့လာရန် ထပ်မံကင်းထောက်ထွက်ရပြန်သည်။ ထိုအဖွဲ့တွင် တူမိန်နီ၊ အာဘန်ဒို၊ အင်တီးနှင့် ချီကိုယ်တိုင် ပါဝင်လေသည်။ စမ်းချောင်းငယ်တစ်ဝိုက်မှာ လုံခြုံမှုရှိသော်လည်း မည်းမှောင်ထိုင်းမှိုင်းလှ၍ စခန်းသစ်နေရာကို ထပ်မံရှာဖွေရပြန်သည်။ တူမိန်နီ မတော်တဆ ချော်လဲပြီး ခြေခေါက်ရာက ခြေမျက်စိအက်သွားသည်။ မြစ်ချောင်းငယ်ကို တိုင်းတာပြီး ပြန်ကြရာ ညဦးနက်မှ စခန်းချရာပြန်ရောက်သည်။ ချီနီကို စောင့်ဆိုင်းရန် ကိုးကိုးသည် ဆန်တာကရုမြို့သို့ ထွက်သွားသည်။ နိဝင်ဘာလ (၃၀) ရက်နေ့မှာတော့ ပို၍အလှမ်းဝေးသော မြစ်ချောင်းနေရာတစ်ဝိုက်ကို ထောက်လှမ်းရန် မားကော့စ်၊ ပေးချိုး၊ မစ်ဂွယ်နှင့် ဝွန်အိုတို့ကို တာဝန်ပေးလိုက်သည်။ သူတို့အုပ်စု ထွက်သွားကြပြီး ဤစခန်းနှင့် နှစ်ရက်ကြာမျှ ဝေးကွာနေရပေဦးမည်။ မိုးက သဲသဲမဲမဲ ရွာနေသည်။ လယ်တောအိမ်တွင် အပြောင်းအလဲမရှိချေ။ လချုပ်သုံးသပ်ချက်အရ အရာရာ အဆင်ပြေတာ များ၏။ အခက်အခဲ သိပ်မရှိ။ နှောင့်နှေးကြန့်ကြာမှုရှိခြား အဖွဲ့ဝင်တစ်ယောက်မကျန် ရောက်ရှိခဲ့ပြီးဖြစ်သည်။ ရီကာဒို၏ အပေါင်းအဖော်များသည် ခက်ခဲမှုရှိလာခြား တိုက်ပွဲဝင်သွားကြမည့်သူများသာ ဖြစ်သည်။ ချီတို့ ဒီနေရာလေးမှာ နေပျော်သမျှ တာရှည်နေနိုင်ခွင့်တွေ အခြေအနေက ဖန်တီးပေးနေလေသည်။

စီမံကိန်းများအနေဖြင့် ရောက်လာဦးမည့် ရဲဘော်များကို ဆက်စောင့်ရန် ဘိုလီဗီးယန်း အမျိုးသား ရဲဘော်များ၏ အရေအတွက်ကို အနည်းဆုံး ၂၀ ဦးအထိ တိုးချဲ့ဖွဲ့စည်းပြီး တိုက်ပွဲစတင်ရန် မွန်ဂျီ၏ တုံ့ပြန်မှု မည်သို့ရှိမည်၊ ချီဗွေဟားရား၏ ဘက်တော်သားများ မည်သို့လှုပ်ရှားမည်ကို စောင့်ကြည့်ရန် လိုသည်။



# ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်မှ (၃၁) ရက်နေ့အထိ ချီ(ချေဂွေဗားရား) ၏ ကြုံတွေ့ဖြစ်စဉ်များ

ဒီဇင်ဘာ (၁) ရက်နေ့တွင် နေထွက်မှ နေဝင်အထိ ထူးခြားဖြစ်စဉ်မရှိ၊ ညကြမှ မားကော့စ်နှင့်သူ့ရဲဘော်များရောက်ရှိလာကြသည်။ တောင်ကုန်းငယ်များကို ဖြတ်သန်းလာရသဖြင့် ညွှန်ကြားခွင့်ပြုထားချိန်ထက် နောက်ကျပြီးမှ ရောက်လာကြ၏။ သန်းခေါင်ကျော် (၂) နာရီတွင် ကိုးကိုးနှင့် အခြားရဲဘော် ရောက်ရှိလာကြောင်း သတင်းရရှိသည်။ မနက်ဖြန်မှကြည့်၍ စီစဉ်ရန် အသာထားပြီး အိပ်စက်လိုက်သည်။

ဒီဇင်ဘာ (၂) ရက်နေ့တွင် ကိုးကိုးသွားခေါ်ဆောင်လာသော ချီနိုသည် နံနက်စောစောတွင် တစ်ယောက်တည်းရောက်လာသည်။ ချီနှင့် ချီနိုတို့စကားလက်ဆုံ ပြောမကုန်အောင် ဖြစ်ကြရသည်။ အဓိကဆွေးနွေးဖြစ်သည်မှာ ချီနိုကျူးဘားသို့ပြန်မည်၊ အခြေအနေကို သူကိုယ်တိုင် တင်ပြမည်ဟူ၍ဖြစ်သည်။ နှစ်လအတွင်း ပီရူးအမျိုးသား (၅) ဦးသည် ချီတို့နှင့် လာရောက်ပေါင်းဆုံမည်ဖြစ်သည်။ လောလောဆယ်အားဖြင့် (၂) ဦး ရောက်လာမည်။ ရေဒီယိုအတတ်ပညာရှင်တစ်ဦးနှင့် ဆရာဝန်တစ်ဦးတို့ ဖြစ်သည်။ ဆရာဝန်သည် ချီတို့နှင့် အချိန်အတိုင်းအတာတစ်ခုထိနေမည်ဖြစ်သည်။ သူကလက်နက်များတောင်း

ဆိုရာ ချိုက ဂျာမန်မော်ဇာသေနတ်များ၊ လက်ပစ်ဗုံးများနှင့် ဘဇူကာတစ်လက် အပြင် အမ် (၁) ရိုင်ဖယ်တစ်လက်ကိုလည်း ဝယ်ပေးဦးမည် ဖြစ်ကြောင်း ကတိပေးလိုက်သည်။

တီတီကာကာနယ်ကိုဖြတ်၍ ပူနိဒေသသို့ လက်နက်များသယ်ဆောင် ပို့ရေးအတွက် ပီရူးအမျိုးသား (၅) ဦးဖြင့် ဆက်သွယ်ရေးအဖွဲ့ဖွဲ့ရာ၌အကူအညီ ပေးရန် ဆုံးဖြတ်ချက်ချထားကြောင်း ချို ပြောပြလိုက်သည်။ ပီရူးနိုင်ငံ ပြဿနာ အချို့နှင့် ကာလစ်တိုမြို့ကို တိုက်ခိုက်သိမ်းပိုက်မည့် အကြံတွေရှိကြောင်း ချီနို ပြောပြသည်။ ချိုက စိတ်ကူးယဉ်သလို ဖြစ်နေကြောင်း၊ ပြောက်ကျားနည်းဖြင့် တိုက်ခိုက်မှုသာအရာရောက်ကြောင်း၊ထိုနယ်မြေဒေသကိုမရောက်ဖူးသေး၍ အသေအချာပြော၍ မရကြောင်းနှင့် ရယ်စရာ၊ မောစရာတွေ ဖလှယ်ရင်း အချိန်ကုန်လွန်သွားကြသည်။ ချီနိုသည် ချိုကို နှုတ်ဆက်ပြီး မျှော်လင့်ချက် အပြည့်ဖြင့်ပက်ဇ်မြို့သို့ပြန်သွားသည်။ သူနှင့်အတူအတူတကွရိုက်ထားသော ချိုဓာတ်ပုံတွေ ပါသွားသည်။ ကိုးကိုးသည် ဆန်းချဲနှင့် အဆက်အသွယ်ရရှိရန် စီစဉ်ရမည့် အမိန့်ရထားသူဖြစ်သည်။ သည့်အပြင် သမ္မတ၏ပြန်ကြားရေးဌာန မှ အကြီးအကဲဆိုသူတစ်ဦးနှင့် အဆက်အသွယ်ယူရန်လည်း ညွှန်ကြားချက် ရထားသူ ဖြစ်သည်။ ထိုအကြီးအကဲသည် အင်တီးနှင့် ယောက်ဖတော်စပ်သူ ဖြစ်၍ အကူအညီပေးလာခြင်း ဖြစ်သည်။ ရှေးကျသော ဆက်သွယ်ရေးစနစ်ပါ တကား။

ဒီဇင်ဘာ (၃) ရက်တွင် အကြောင်းထူးမရှိချေ။ ကင်းထောက်ပင် မထွက်ဖြစ်ကြ။ လယ်ယာလုပ်သားသုံးဦးသည် ငွေကြေးပေးပြီး ပို့နိုင်းသော စာနှင့် ပစ္စည်းများကို လာယူ၍ လာဂွန်နီလာမြို့သို့ ထွက်သွားကြလေသည်။ ဒီဇင်ဘာ (၄) ရက်နေ့မှာလည်း ထူးခြားဖြစ်စဉ် မရှိပေ။ တနင်္ဂနွေနေ့မို့ လူတိုင်း ငြိမ်သက်စွာ အနားယူနေကြသည်။ မကြာမီ ရောက်ရှိလာမည့် ဘိုလီဗီးယန်း ရဲဘော်များအပေါ် ထားရှိရမည့် ချိတို့သဘောထားနှင့် ပတ်သက်၍ ဆွေးနွေး ပြောဆိုဖြစ်ကြသည်။ ဒီဇင်ဘာလ (၅) ရက်နေ့တွင်လည်း ထူးခြားမှုမရှိပါ။ တစ်နေ့လုံး မိုးရွာနေသည်။ လိုရိုက ဘာမပြော ညာမပြောနှင့် သေနတ်ပစ် ဖောက်သဖြင့် လှုပ်လှုပ်ရွရွဖြစ်ကုန်ကြရသည်။

တွေ့ရှိထားခဲ့သော ချောင်းငယ်အနီးရှိ နေရာတွင် ဒုတိယဥမင်လိုဏ်ခေါင်းတူးရန် အင်တီး၊ အာဘန်နီ၊ မစ်ဂွယ်နှင့် ချီတို့စခန်းမှ ထွက်လာကြသည်။ ခြေထောက်ဒဏ်ရာ မပျောက်သေးသော တူးမားအစား မစ်ဂွယ်ကိုခေါ်လာရလေသည်။ အေပိုလီနာက ပြောက်ကျားတပ်ဖွဲ့တွင် ပါဝင်မည်ဖြစ်ကြောင်းကြေညာသည်။ သို့ပြား ကိုယ်ရေးကိုယ်တာကိစ္စကြောင့် လာပက်ဇ်မြို့သို့ သွားလိုသေးကြောင်း ခွင့်တောင်း၍ ခွင့်ပြုလိုက်ရသည်။ (၁၁) နာရီမထိုးမီ ချောင်းငယ်သို့ ရောက်သွားကြသည်။ ကျောက်မြေများဖြစ်၍ တူးရန်လည်း မလွယ်။ ဖြတ်သန်းစီးဆင်းသော ရေများလည်း ခန်းခြောက်လွယ်လေသည်။ စူးစမ်းရှာဖွေမှုကို နောက်နေ့တွင် ဆက်လုပ်ရန် တေးထားလိုက်သည်။ အင်တီးနှင့် အာဘန်နီတို့ အစားအစာရှားပါးသောကြောင့် အမဲလိုက်ကြသည်။ လာမည့် သောကြာနေ့အထိ အခြေအနေ ဒီအတိုင်းသာ ထားရှိမည်။

ဒီဇင်ဘာလ (၇) ရက်တွင် မစ်ဂွယ်နှင့် အေပိုလီနာတို့ စခန်းသစ်နေရာကို ရှာဖွေတွေ့ရှိကြသည်။ သူတို့ဘာသာ ဥမင်တူးကြသည်။ အသုံးပြုစရာကိရိယာ လုံလောက်မှုမရှိ။ အမဲလိုက်သူတွေလည်း လက်ချည်းသာ ပြန်လာရသည်။ ညနေစောင်းတွင် အာဘန်နီ ပစ်ခတ်ခဲ့သော ကြက်ဆင်တစ်ကောင်ကို စခန်းသို့ ယူဆောင်လာနိုင်သည်။ ညစာစားပြီးဖြစ်၍ မနက်စာအတွက် ချန်ထားလိုက်ကြသည်။ ချီတို့တစ်တွေ နေထိုင်ခဲ့သည်မှာ တစ်လပြည့်ပြီ ဖြစ်သည်။ လကုန်ရက်တွင်သာ လချုပ်ဖြစ်ပျက်အစုံကို မှတ်တမ်းတင်သွားမည်သာ ဖြစ်လေသည်။

ဒီဇင်ဘာလ (၈) ရက်နေ့တွင် ချီတို့သည် အင်တီးနှင့်အတူ စမ်းချောင်းငယ်ကို စီး၍ မြင်နိုင်သော တောင်ကုန်းပြန့်နေရာကို သွားရောက်ခဲ့ကြသည်။ မစ်ဂွယ်နှင့် အာဘန်နီတို့က ရေတွင်းကို ဆက်လက်တူးဖော်ကြဆဲ။ ညနေစောင်းတွင် အေပိုလီနာက မစ်ဂွယ်နေရာမှ ဝင်ရောက်လုပ်ကိုင်ပေးသည်။ မားကော့စ်၊ ပွန်ဘိုနှင့် ပေချိုးတို့ (၃) ဦး ညအတော်ကြီးမှောင်မှ စခန်းသို့ ရောက်လာကြသည်။ မာကော့စ်က ပင်ပန်းမခံနိုင်၊ နောက်ကျကျန်ရစ်တတ်သော ပေချိုးကို ရှေ့ပြေးကင်းဦးတွင် မထားရန် ချီအား ပြောသည်။ ဥမင်သို့သွား

ရာခရီးကို မြေပုံရေးဆွဲလိုက်သည်။ မြေပုံကြမ်း (၂) ပုံ ရသည်။ ချီသည် မူလ စခန်း (၁) သို့ မပြန်မီ စခန်း (၂) ၌ ရောက်နေခိုက် အရေးကြီးသော တာဝန်တွေကို ရဲဘော်တွေအား ပေးအပ်ခဲ့သည်။ သူတို့နှင့် မစ်ဂွယ်ကျန်ခဲ့ပြီး စခန်း (၁) သို့ ချီ ပြန်ရမည်ဖြစ်သည်။ ဒီဇင်ဘာ (၉) ရက်တွင် စခန်း (၁) သို့ အေးအေးဆေးဆေးပြန်ခဲ့ရာ မွန်းတည့်လုအချိန်မှာပြန်ရောက်သည်။ စခန်း (၂) မှ ရဲဘော်များ ပြန်လာသည့်တိုင် ပေချိုးမှ စခန်း (၂) ၌ စောင့်ကျန်ဖို့ အမိန့်ချထားပြီးဖြစ်သည်။ ချီတို့စခန်း (၂) နှင့် အဆက်အသွယ်လုပ်သော်လည်း ဆက်သွယ်မရ။ အခြားထူးခြားဖြစ်စဉ် မရှိချေ။

ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ချီတို့ ရဲဘော်များကိုယ်တိုင်ဖုတ်သည့် ပေါင်မုန့်များကို စားသုံးရသည်။ ထူးခြားဖြစ်စဉ်မရှိ၊ လာပက်ဇ်မြို့မှ မည်သည့် သတင်းမျှ မရရှိပေ။ ဒီဇင်ဘာ(၁၁)ရက်တွင် ထူးမခြားနားပေ။ ညရောက်မှ ကိုးကိုးသည် ပေပီနှင့်အတူ ပေါ်လာသည်။ သူခေါ်လာသည်မှာ အယ်လ်လီဂျန်းဒရိုး၊ အာတူးရိုးနှင့် ကားလော့စ် (ဘိုလီဗီးယားအမျိုးသား) တို့ကိုခေါ်လာသည်။ အခြားဂျစ်ကားတစ်စီး လမ်းမှာကျန်ရစ်ခဲ့သည်။ နောက်မကြာမီမှာပင် မိုရို၊ ဘီနစ်နို၊ ဆရာဝန်နှင့် ဘိုလီဗီယန်းကမ်ဘာလူမျိုး (၂) ဦးတို့ ရောက်လာကြသည်။ ကမ်ဘာနစ်ဦး၏ဇာတိသည် ဘိုလီဗီးယားနိုင်ငံ အရှေ့ပိုင်းဒေသ ဖြစ်သည်။ ပြောဆိုဆွေးနွေးကြရန် ညအချိန်တွေ ကုန်စေ၏။ အန်တိုနီယိုနှင့် ဖဲလစ္စတို့ ရောက်ချိန်တန်လျက် ရောက်မလာကြသေးတာကို မျှော်မောရကြောင်းတွေ ပြောဖြစ်ကြသည်။ ပေပီနှင့် ဆွေးနွေးရာတွင် ရီနန်းနှင့် တာနီယာတို့ကို ခေါ်ဆောင်လာရန် နောက်ထပ်ခရီးနှစ်ခေါက် စေလွှတ်သင့်ကြောင်း ဆုံးဖြတ်ချက် ချဖြစ်၏။

လယ်တောအိမ်နှင့် ဂိုဒေါင်ကို ရောင်းပစ်မည်။ ဆန်းချဲ့အား အကူအညီ ဒေါ်လာ ၁၀၀၀ ပေးအပ်မည်။ ထရပ်ကားအငယ်စား တစ်စီးဝယ်၍ သူ အသုံးပြုစေမည်။ ဂျစ်ကားတစ်စီးကို တာနီယာထံ ရောင်းချမည်။ ကျန်ဂျစ်ကားတစ်စီးကို အသုံးပြုကြမည်။ နောက်တစ်ကြိမ် ခရီးထွက်လျှင် လက်နက်ခဲယမ်းများ သယ်ဆောင်သွားမည်။ ရှာဖွေရေးမှ ဖမ်းမမိစေရန် ဂျစ်ကားတစ်စီးထဲတွင်

သိုသိပ်ဖုံးဖုက် သယ်ဆောင်သွားရမည်။ ချီတို့လုပ်ရပ်အပေါ် စိတ်ဝင်စားနေသော ချီနီလည်း ကျူဘားရောက်ရန် ထွက်ခွာသွားသည်။ ချီနီ ဘိုလီးဗီးယားပြန်လာသော် ဒီနေရာကို သေချာပြန်လာမည်ဟု မျှော်လင့်ရသည်။ ပေပီကလာပက်ဇ်မြို့ကို သွားရမည်။ ကမ်မီရီတွင် စားနပ်ရိက္ခာများ ရှာဖွေဝယ်ယူရန် ကိုးကိုးကို စခန်းမှာ ဆက်နေခိုင်းထားသည်။

အလွန်အန္တရာယ်များသော အဖြစ်တစ်ခု ပေါ်ပေါက်လာသည်။ မုဆိုးဖြစ်သော အယ်လ်ဗာလေဂရန်းဒီနီသည် ချီတို့အဖွဲ့မှ ရဲဘော်တစ်ဦးဦး၏ ခြေရာကို တွေ့ရှိသွားသည်။ ပွန်ဘိုကျပျောက်ခဲ့သော လက်အိတ်ကိုလည်း တွေ့ရှိသွားသည်။ လူသွားလမ်း ပုံဖျက်ထားတာကိုလည်း တွေ့ရှိထားပြီး ထိုအကြောင်းတွေကို တခြားသူတွေလည်း ပြောပြထားပြီးပုံပေါ်၏။ ချီတို့ အစစအရာရာ သတိရှိဖို့လိုလာပြီ။ သမင်ဖမ်းထောင်ချောက်များ မည်သည့်နေရာတွင်ရှိသည်ကိုပြသရန်ဗလေဂရန်းဒီနီသည်အန်တိုနီယိုအားခေါ်ဆောင်သွားစေမည်ဖြစ်သည်။ဆေးကျောင်းသားဖြစ်သောကားလော့စ်ကိုမယုံကြည့်သင့်ကြောင်း အင်တီးက ချီထံ တင်ပြသည်။ ကားလော့စ်သည် တော်လှန်ရေးတွင်ကျူဘားနိုင်ငံသားတွေ ပါဝင်လာခြင်းကို ပြောဆိုဝေဖန်ခဲ့ကြောင်း၊ ဘိုလီဗီးယန်းကွန်မြူနစ်ပါတီကတိုက်ပွဲဝင်မည်မဟုတ်သလိုသူကိုယ်၌လည်းတိုက်ပွဲမဝင်လိုကြောင်းတွေ ပြောခဲ့တာကို အင်တီးက ကြားနာမှတ်သားပြီး ချီကိုပြန်ပြောပြခြင်းဖြစ်သည်။

ဒီဇင်ဘာလ (၁၂) ရက်တွင် ချီသည် အဖွဲ့ဝင်အားလုံးနှင့် စကားပြောပြီးစစ်ပွဲ၏ သဘောသဘာဝ အစစ်အမှန်ကို ပို့ချပေးသည်။ စစ်စည်းကမ်းနှင့်စစ်မိန့်များကို တညီတညွတ်တည်း လိုက်နာရန် အထူးလိုအပ်ကြောင်း ထပ်တလဲလဲ ပြောကြားခဲ့သည်။ ဘိုလီဗီးယန်းရဲဘော်များကို ဘိုလီဗီးယန်းကွန်မြူနစ်ပါတီ၏ စည်းကမ်းကို ဖောက်ဖျက်ပြီး အခြားလမ်းစဉ်ကို ခံယူသဖြင့် ပို၍တာဝန်ကြီးကြောင်း အလေးအနက်ထားပြီး ပြောကြားရသည်။ ရာထူးတာဝန်များကို ချီ ကိုယ်တိုင် သတ်မှတ်ပေးလိုက်သည်။

ဂျိုအာကွင်း - ဒုတိယစစ်ကြောင်းမှူး

ရိုလန်ဒိုနှင့် အင်တီး - နိုင်ငံရေးမှူးများ
အယ်လီဂျန်ဒရို - စစ်ဆင်ရေးခေါင်းဆောင်
ပွန်ဘို - ချက်ပြုတ်ကျွေးမွေးရေးတာဝန်ခံ
အင်တီး - ဘဏ္ဍာရေးတာဝန်ခံ
နာတိုး - ထောက်ပံ့ရေးနှင့် လက်နက်ခဲယမ်းတာဝန်ခံ
မိုရို - ဆေးမှူး(ယာယီ) ဟူ၍ဖြစ်လေသည်။

ရိုလန်ဒိုနှင့် ဘရော်လီယိုတို့ အဖွဲ့သားများအား အယ်လ်ဗာလေဂရန်းဒီနိုနှင့် အန်တိုနီယိုတို့နှစ်ဦး သမင်ထောင်ချောက် တပ်ဆင်ရေးလုပ်ငန်း ပြီးစီးပြီး ပြန်ရောက်လာသည်အထိ ငြိမ်ငြိမ်လေး စောင့်ဆိုင်းရန် မှာကြားဖို့ ထွက်ခွာသွားသည်။ ညအခါမှ အန်တိုနီယိုတို့ ပြန်ရောက်လာကြသည်။ သူတို့သွားသော နေရာသည် ဝေးလံပုံမရ။ ရဲဘော်များက အယ်လ်ဗာလေဂရန်းဒီနိုအား အရက်မူးအောင် တိုက်လွှတ်လိုက်သည်။ ဂရန်ဒီနို မူးပြီးပြန်သွားသည်။ ကာရာနာဗီမြို့တွင် လိုအပ်သောရိက္ခာများဝယ်ယူပြီးနောက် ကိုးကိုးပြန်လည်ရောက်ရှိလာသည်။ အထုပ်အပိုးအမြောက်အမြားနှင့် ကိုးကိုးကို လာဂွန်နီလာအရပ်မှ လူအချို့တွေ့မြင်သွားခဲ့ကြသည်။

မားကော့စ်သည် မွန်ဘိုနှင့်အတူ ပြန်ရောက်ရှိလာသည်။ မားကော့စ်ထင်းခွေရာ၌ တံတောင်ဆစ်တွင် ဒဏ်ရာရလာသည်။ ဒဏ်ရာကို နှစ်ချက်ချုပ်ပေးလိုက်ရသည်။ ဒီဇင်ဘာလ (၁၃) ရက်တွင် ရိုလန်ဒို၊ ဘရော်လီယိုတို့နှင့် ပူးပေါင်းရန် ဂျိုအာကွင်း၊ ကားလော့စ်နှင့် ဆရာဝန်တို့ ထွက်ခွာသွားကြသည်။ ပွန်ဘိုလည်း သူတို့နှင့်လိုက်ပါသွားသည်။ ပွန်ဘိုကို နောက်တစ်နေ့မကူမီ ပြန်လာရန် အမိန့်ပေးထားသည်။ လူသွားလမ်းကို ပုံဖျက်ပြီး အခြားလမ်းကြောင်းကို လမ်းလွှဲဖန်ဘီးရန် သူတို့အား အမိန့်ပေးထားသည်။ ပွန်ဘို၊ မစ်ဂွယ်နှင့် ပေချိုးတို့ လမ်းလွှဲအတိုင်း လမ်းများဝင်ပြီး တဝဲလည်လည်ဖြစ်ကုန်ကြသည်အထိ လုပ်ဆောင်ချက် ပီပြင်သွားသည်။

အေပိုလီနာသည် ဗီယာချာရို သူ့နေအိမ်တွင် ရက်အနည်းငယ်မျှ နေထိုင်ရန် ခရီးထွက်ဖို့ရှိနေသည်။ သူ့မိသားစုအတွက် ပိုက်ဆံအနည်းငယ်

ပေးလိုက်သည်။ လျှို့ဝှက်ရေးကို အတန်တန်မှာကြားလိုက်၏။ ညနေစောင်းမှာ ကိုးကိုးသည် ခွင့်ဖြင့် စခန်းမှ ထွက်ခွာသွားသည်။ မနက်သုံးနာရီထိုးတွင် လေချွန်သံ၊ ခွေးဟောင်သံနှင့် အခြားအသံဗလံများ ကြားရသဖြင့် စခန်းကို တပ်လှန့်လိုက်ရသည်။ အမှန်တော့ တောထဲမှာ မျက်စိလည်နေသည့် ကိုးကိုး ပြန်ရောက်ရှိလာခြင်းသာ ဖြစ်သည်။

ဒီဇင်ဘာလ (၁၄) ရက်မှာ ထူးမခြားနားရယ်သာ။ ဟာလေဂရန်းဒီနို ရောက်လာပြန်သည်။ မနေ့က ထောင်ထားခဲ့သော ထောင်ချောက်များ စစ်ဆေးရန်ဟု ပြောသော်လည်း အရင်က သူပြောခဲ့သည့်စကားနှင့် တခြားစီ ဖြစ်နေသည်။ အန်တိုနီယိုကို တောထဲ၌ အသုံးပြုရမည့် လူသွားလမ်းကို ပြသ ပြောပြထားရ၏။ သို့မှသာ မုဆိုးဟာလေဂရန်ဒီနီကို သူလှည့်စားပြီး သံသယ ဖြစ်စရာကိစ္စတွေကို ဖုံးဖိထားနိုင်မှာဖြစ်သည်။ ဒီဇင်ဘာလ (၁၅) ရက်မှာ ထူးခြားဖြစ်စဉ်မရှိပါ။ စခန်းအမှတ် (၂) တွင် လူ (၈) ယောက် အမြဲတမ်းထားရှိဖို့ ပြင်ဆင်ကြသည်။ ဒီဇင်ဘာလ (၁၆) ရက်နေ့ နံနက်ပိုင်းတွင် ပွန်ဘို၊ အာဘန်နီ၊ တူးမား၊ အယ်လီဂျန်ဒရို၊ မိုရို၊ အာတူရို၊ အင်တီးနှင့် ချီတို့သည် လေးလံသော အထုပ်အပိုးကိုယ်စီလွယ်၍ စခန်းအမှတ် (၂) တွင် နေထိုင်ရန် ခရီးထွက်ဖြစ်ကြသည်။ စခန်း (၂) ရောက်ချိန် (၃) နာရီကြာသည်။ ရိုလန်ဒိုက ချီတို့နှင့် အတူနေခဲ့သည်။ ဂျိုအာကွင်း၊ ဘရော်လီယို၊ ကားလော့စ်နှင့် ဆရာဝန်တို့ ပြန်သွားကြသည်။ ကားလော့စ်က လမ်းလျှောက်မြန်ပြီး လုပ်ကိုင်ရာ သေသပ် ကောင်းမွန်သည်။ မိုရိုနှင့် တူးမားတို့ အဖွေအရှာကောင်း၍ မြစ်ချောင်းငယ် အတွင်း အတော်အတန် ကြီးမားသော ငါးများခိုအောင်းရာ ကလိုဏ်ပေါက် တစ်ခုကို တွေ့ရှိခဲ့သည်။ ငါး (၁၇) ကောင် ဖမ်းဆီးရမိသည်။ ထမင်းတစ်နပ် စားမြိန်စေခဲ့သည်။ မိုရိုလက်တွင် ငါးကျည်းဆူး စူးသွားသေးသည်။ ပထမဥမင် တူးဖော်ပြီး၍ ဒုတိယဥမင် တူးဖော်ရန်နေရာကို ထပ်မံရွေးချယ်ဖြစ်သည်။ မိုရိုနှင့် အင်တီးတို့ သမင်လိုက်ရန် ထွက်သွားကြသည်။

ဒီဇင်ဘာလ (၁၇) ရက်တွင် မိုရိုနှင့် အင်တီးတို့ ကြက်ဆင်တစ်ကောင် ဖမ်းမိခဲ့သည်။ တူးမား၊ ရိုလန်ဒိုနှင့် ချီတို့ ဒုတိယဥမင်ကို တူးဖော်ကြသည်။

မနက်ဖြန်မှာပြီးစီးနိုင်သည်။ အာတူရိုနှင့်ပွန်ဘိုတို့ရေဒီယိုထားရှိမည့်နေရာကို ရှာဖွေကြ၏။ စခန်းအဝင်လမ်းဆိုးနေတာကို ပြုပြင်လိုက်သည်။ ညမှာ မိုးရွာလိုက်သည်မှာ အရုဏ်ကျင်းချိန်အထိ မိုးမစဲနိုင်။ ဒီဇင်ဘာ (၁၈) ရက်မှာ မိုးမပြတ်ရွာနေဆဲ။ ဥမင်တူးခြင်းကို ဆက်လက်လုပ်ကိုင်ကြသည်။ ၂.၅ မီတာရည်စူးသည်အထိ ရောက်လုပေပြီ။ ရေဒီယိုစက်ထားနိုင်မည့်နေရာကို ထပ်မံစစ်ဆေးသည်။ နေရာသင့်၍ တကယ်ထားဖြစ် မဖြစ် လက်တွေ့လုပ်ကိုင်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

ဒီဇင်ဘာ (၁၉) ရက်မှာလည်း မိုးရွာနေဆဲပင်။ မည်သူမျှ အပြင်မထွက်ချင်ကြတော့။ နေ့လယ်ပိုင်းတွင် ဘရော်လီယိုနှင့် နာတိုးတို့ ရောက်လာသည်။ စခန်းအပြင်ထွက်ရာလမ်းတွင် မားကော့စ်နှင့် တွေ့ဆုံခဲ့၏။ ချီတို့နှင့် ပူးပေါင်းနေထိုင်မည့် ရဲဘော်တစ်ဦး မားကော့စ်နှင့်ပါလာသည်။ သုံးနာရီကျော် ချီတက်ပြီးနောက် အမှတ် (၁) စခန်းသို့ ပြန်ရောက်လာသည်။ ညသန်းခေါင်တွင် ရီကာဒိုနှင့် ကိုးကိုးတို့ ရောက်လာကြသည်။ သူတို့နှင့်အတူ အန်တိုနီယိုနှင့် အယ်လ်ရှုဘီယိုတို့ ပါလာသည်။ ထို့အတူ အေပိုလီနာသည် ချီတို့နှင့် ပူးပေါင်းနေထိုင်ရန် ရောက်ရှိလာသည်။ ချီ တစ်ညလုံး မေးစက်မပျော်နိုင်ခဲ့ချေ။

ဒီဇင်ဘာလ (၂၀) ရက်နေ့မှာတော့ အယ်လီဂျန်ဒရိုခေါင်းဆောင်သော စခန်း (၂) မှအဖွဲ့ ရောက်လာသည်။ ညှိနှိုင်းဆွေးနွေးပြီး အားလုံးကို နေရာချနေစဉ် ရောက်လာခြင်းဖြစ်သည်။ သူတို့နှင့် အထူးသတင်းပါလာသည်။ သေနတ်ထိမှန်သေဆုံးနေသော သမင်တစ်ကောင် ခြေထောက်တွင် ဖွဲ့ကြိုးချည်လျက်သားစခန်းအနီးရှိလမ်းတွင် တွေ့ခဲ့ရသည့်သတင်းပင်။ အစောပိုင်းက ထိုနေရာကို ဂျိုအာကွင်းဖြတ်သွားသော်လည်း ဘာသတင်းမှပြန်မပို့။ မုဆိုးကြီးဗာလေဂရန်းဒီနိသည် သမင်ကိုသယ်ဆောင်လာပြီး ထိုနေရာအရောက်မှာ အကြောင်းတစ်စုံတစ်ရာကြောင့် ထားရစ်ပြီး ထွက်ပြေးတိမ်းရှောင်သွားခြင်းဖြစ်နိုင်သည်ဟု ထင်မြင်တွက်ဆကြသည်။ ရဲဘော်တစ်ဦးအား စခန်းနောက်ကျောတွင် ကင်းချထားပြီး ရဲဘော်နှစ်ဦးအား ထိုမုဆိုးပြန်လာသော် ဖမ်းဆီးခေါ်ဆောင်လာရန် အမိန့်ပေးလိုက်သည်။

သမင်သေဆုံးခဲ့သည်မှာ အတန်ကြာပြီးဖြစ်သဖြင့် လောက်များပင် တွယ်နေလေပြီ။ သိပ်မကြာမီ ဂျိုအာကွင်းပြန်ရောက်လာပြီး ထိုမုဆိုးကို အနီးအနားတွင် တွေ့ခဲ့ရကြောင်း အတည်ပြုပြောကြားသည်။ ကိုးကိုးနှင့် လိုရီတို့က ထိုသမင်းမှာ လွန်ခဲ့သောရက်အနည်းငယ်က သူ ပစ်ခတ်၍ ဒဏ်ရာရရှိခဲ့သော အကောင်ဖြစ်ကြောင်း အတည်ပြုပေးသည်။ သည့်အတွက်ကြောင့် ပြဿနာ ရှင်းသွား၏။ တွေးတွက်ထားသည့်အတိုင်း မဟုတ်တော့။

ကိုးကိုး လျစ်လျူရှုသလို ဖြစ်နေသည့် ပြန်ကြားရေးဌာနမှ ပုဂ္ဂိုလ်နှင့် အဆက်အသွယ် အမြန်ဆုံးရရန် ပြုလုပ်ရန်အပြင် ထိုပုဂ္ဂိုလ်နှင့် အိုင်ဗန်းတို့အကြား ဆက်သားအဖြစ်ဆောင်ရွက်ရန် မက်ဂျားကို တာဝန်ယူခိုင်းလိုက်သည်။ ဆန်းချဲ့ တာနီယာတို့အပြင် ပါတီမှရွေးချယ်တာဝန်ပေးရန် ကျန်ရှိသေးသည်။ ပုဂ္ဂိုလ်တစ်ဦးနှင့် မက်ဂျားတို့အကြား အဆက်အသွယ်ရရှိစေမည်ဖြစ်သည်။ ထိုသူသည် ဗီလာမွန်တီအရပ်မှ ပုဂ္ဂိုလ်ဖြစ်နိုင်သည်။ ဘိုလီဗီးယား တောင်ဘက်ပိုင်းမှ ဤစခန်းသို့ မွန်ဂျီလာနေကြောင်း မနီလာထံမှ သံကြိုးစာ ရရှိသည်။ ထိုသံကြိုးစာအရ မွန်ဂျီကို သူ၏ရဲဘော်များကပင် အယုံအကြည်မရှိကြောင်း ဖော်ပြနေသဖြင့် မွန်ဂျီကို တွေ့ဆုံဖို့ရာ ချီ ဘဝင်မကျဖြစ်နေသည်။

အိုင်ဗန်သည် မှတ်ပုံတင်ကတ်ပြား စိတ်ချအသုံးဝင်နိုင်မှု မရှိခြင်းကြောင့် အသုံးမတွင်ကျယ်နိုင်ပေ။ သူ့မိတ်ဆွေများသာ တာဝန်ယူ လုပ်ကိုင်ဖို့ တာနီယာထံ စာရေးအကြောင်းကြားသင့်သည်။

ကိုးကိုး၊ ရီကာဒိုနှင့် အိုင်ဗန်တို့သည် ကမ်မီရီမြို့မှ လေယာဉ်ခရီးဖြင့် ထွက်ခွာရန် ထိုမြို့တွင် ဂျစ်ကားထားခဲ့ရန် ဆုံးဖြတ်ချက်ချမှတ်ထား၏။ သူတို့ ပြန်ရောက်ရှိလာသော် လာဝွန်နီလာမြို့သို့ တယ်လီဖုန်းဖြင့် အကြောင်းကြားရမည်။ ဂျော်ဂျီက သတင်းစုဆောင်းရန်နှင့် အကြောင်းတစ်ခုခု ဖြစ်ပွားလျှင် သူတို့ကိုရှာဖွေရန် ယနေ့ညထွက်ခွာမည်။ ၁း၀၀ နာရီတွင် လာပက်ဇ်မြို့မှ တစ်စုံတစ်ရာသော သတင်းပင် ရနိုင်မည်မထင်။ သူတို့သည် ကမ်မီရီသို့ နံနက်စောစောတွင် ထွက်ခွာသွားခဲ့ကြသည်။

ဒီဇင်ဘာလ (၂၁) ရက်တွင် စူးစမ်းရှာဖွေသူတစ်ဦး ရေးဆွဲထားသော မြေပုံကို ချီအား လိုရိုက ပေးအပ်ခြင်းမပြုသေး။ ယာကွီးဒေသသို့ သွားရမည့် လမ်းကြောင်းကို မသိရသေး။ နံနက်ပိုင်း စခန်းအပြင်ထွက်ရာလမ်းတွင် လျှပ်စစ်ဓာတ်အားပေးစက်ငယ် သွားသယ်ဆောင်သည့် ပေချိုး၊ မစ်ဂွယ်၊ ဘီနစ်နီနှင့် ကမ်ဘာတို့ကို တွေ့ဆုံမိသည်။ ညနေ (၅) နာရီတွင် လျှပ်စစ်ဓာတ်ပါမလာဘဲ ပေချိုးနှင့် ကမ်ဘာတို့ ပြန်လာကြသည်။ စက်ကို တောထဲ လုံခြုံရာ၌ ဖွက်ထားခဲ့ကြသည်။ မနက်ဖြန်မှ လူငါးဦးအင်အားနှင့် သယ်ဆောင်ကြမည်။ ရိကွာသိုလှောင် ဥမင်ဖောက်ပြီးပြီမို့ ရေဒီယိုထားရန် ဥမင်ထပ်တူးရပေဦးမည်။

ဒီဇင်ဘာ (၂၂) ရက်နေ့တွင် ရေဒီယိုထားရန် ဥမင်စတူးသည်။ လေးလံလှသော လျှပ်စစ်ဓာတ်အားပေးစက်ကို သယ်ဆောင်လာကြသည်။ ဓာတ်ဆီမရှိသဖြင့် စက်စမ်း၍မရသေး။ လမ်းခရီးအကြောင်းရှာသူက ပါးစပ်ဖြင့်သာ ပြောသဖြင့် မြေပုံမပို့ဖြစ်ကြောင်း မနက်ဖြန် သူကိုယ်တိုင် လာရောက် အကြောင်းကြားမည်ဖြစ်ကြောင်း လိုရိုက သတင်းပါးလိုက်သည်။ ဒီဇင်ဘာ (၂၃) ရက်တွင် ဂျီအာကွင်းသည် ရဲဘော် (၂) ဦးနှင့်အတူ ရောက်လာသည်။ ထွက်ပြေးသွားသော ဝက်ကို လိုက်ရှာနေရသဖြင့် လိုရို ရောက်မလာနိုင်သေးကြောင်း ပြောပြသည်။ အယ်လ်လာဝွန်းနီလေးရိုးသို့ ခရီးစဉ်နှင့်ပတ်သက်၍ ထူးခြားမှုမရှိ။ ညနေပိုင်းတွင် ဝက်သားများလာပို့သည်။ သောက်စရာ ယမကာ မပါချေ။ လိုရိုသည် ယမကာလောက်ကိုပင် ရအောင်မရှာနိုင်။ အသုံးမကျသည့် နေ့ဖြစ်သည်။

ဒီဇင်ဘာလ (၂၄) ရက်သည် နိုဧဝေနာ ပွဲတော်နေ့ဖြစ်သည်။ ခရီးထွက်အဖွဲ့ (၂) ဖွဲ့ရှိပြီး အပြန်နောက်ကျသည်။ ချီတို့တစ်တွေ လူစုံတက်စုံ စည်းဝေးပြီး တပျော်တပါး စားသောက်ကြသည်။ အချို့က အပျော်လွန်ကြသည်။ လိုရိုက ခရီးစဉ်သည် အကျိုးမရှိ၊ မရေရာမှုတွေ ရေးမှတ်ထားသည့် မှတ်စုတစ်ခုသာ အဖက်တင်လိမ့်မည်ဖြစ်ကြောင်း၊ ပြောဆိုရှင်းပြသည်။ ဒီဇင်ဘာလ (၂၅) ရက်နေ့မှ လုပ်ငန်းပြန်စသည်။ ဘိုလီဗီးယန်းဆရာဝန် အကြံ

ပေးချက်အရ ဗွေဆော်ဦးစခန်းကို (စီ - ၂၄)ဟု အမည်မှည့်ခေါ်လိုက်သည်။ လက်ယာဘက် တောင်ပေါ်မြေပြန့်နေရာ လေ့လာစူးစမ်းမှုပြုကြသည်။ အပြန်တွင် ကမ်ဘာ ဖျားနာလာသည်။ မစ်ဂွယ်နှင့် ပေချိုးတို့က သူတစ်ပါးမျက်စိလည်အောင် စခန်းဝဲဘက်တွင် လမ်းကြောင်းသုံးလေးကြောင်း ဖောက်လုပ်ခဲ့သည်။ ရေဒီယိုထားမည့် ဥမင်ကို ဆက်တူးကြသည်။ နောက်တန်းအစောင့်တပ်ဖွဲ့က ကင်းစခန်းပြုလုပ်ရေး၊ မြစ်၏ တစ်ဖက်တစ်ချက်တွင် အကဲခတ်ကင်းစခန်းပြုလုပ်ရမည့် နေရာများ ရှာဖွေကြသည်။ လက်ရှိစခန်းနေရာမှာ သင့်တင့်ကောင်းမွန်၏။

ဒီဇင်ဘာ (၂၆) ရက်တွင် မြေပုံရှိယာကွီးဟုမှတ်သားထားသော နေရာအထိ ထောက်လှမ်းဖို့ အင်တီးနှင့် ကာလော့စ်တို့ ထွက်ခွာသွားကြသည်။ ကျောက်ဖျာခံနေ၍ တူးရခက်သော ဥမင်ကို ရိုလန်ဒို၊ အယ်လီဂျန်ဒရိုနှင့် ပွန်ဘိုတို့ ဆက်တူးကြသည်။ ဥမင်သို့ရောက်အောင် ဖောက်လုပ်ထားသော လူသွားလမ်းကြောင်းမှာ အလွန်ကောင်းနေသည်။ အခြားလူများ တွေ့ရှိဖို့ ခက်ခဲသည်။ မြွေပွေးနစ်ကောင်ကို သတ်ခဲ့ရသည်။ မနေ့ကလည်း တစ်ကောင်သုတ်သင်ရပြီးပြီ။ တူးမား၊ အာတူးရိုး၊ ရူဘီယိုနှင့် အန်တိုနီယိုတို့ အမဲလိုက်ထွက်ကြသည်။ ဘရော်လီယိုနှင့် နာတိုးတို့ကို အခြားစခန်းတွင် စောင့်ကြပ်ဖို့တာဝန်ပေးလိုက်သည်။ လိုရိုမောင်းသော ဂျစ်ကားမှောက်သည့်သတင်းနှင့်အတူ သူတို့ ပြန်ရောက်လာကြသည်။ သူတို့နှင့်ပါးလိုက်သော ဖြေရှင်းချက်အစီရင်ခံစာတွင် မွန်ဂျီရောက်လာကြောင်း ရေးသားဖော်ပြထားသည်။

ဒီဇင်ဘာ (၂၇) ရက်တွင် မားကော့စ်ကိုရှာဖွေရန် ချီတို့သည် တူးမားနှင့်အတူ ခရီးထွက်ခဲ့ကြသည်။ အနောက်ဘက်စူးစူးသို့ (၂) နာရီ လမ်းလျှောက်ခဲ့ကြသည်။ လက်ဝဲဘက်မှ စီးဆင်းသော ချောင်းငယ်၏ ရေထွက်ပေါက်ကို ရောက်သည့်အထိ ဖြစ်၏။ မားကော့စ် မနေ့ကနားခိုအိပ်စက်ခဲ့သော နေရာကို ရောက်ခဲ့သည်၊ ထိုနေရာကို ချီတို့ရောက်ရှိကြောင်း မည်သူ့ကိုမျှ အကြောင်းမကြားနိုင်ချေ။ ချီတို့ ခရီးစဉ်နှင့် ပတ်သက်ပြီး သူတို့ထံ မားကော့စ် ပြောကြားခဲ့ပြီးပြီဟု ယူဆမိသည်။ ဂျစ်ကားပျက်ကို တွေ့ခဲ့သည်။ ကားအပိုပစ္စည်းများ

ဝယ်ယူရန်လိုရှိသည့်ကမ်မီရီမြို့သို့ထွက်ခွာသွားသည်။နာတိုးပြောပြချက်အရ လိုရှိကားမောင်းရင်းအိပ်ငိုက်သွားသောကြောင့်ကားမှောက်ခဲ့ရကြောင်းသိရသည်။

ဒီဇင်ဘာ (၂၈) ရက်တွင် စခန်းပြန်မည့်ဆဲဆဲ ချီအား လိုက်ရှာဖွေသည့် အာဘန်နီနှင့် အန်တိုနီယိုတို့ ရောက်လာကြသည်။ မားကော့စ်သည် မစ်ဂွယ်နှင့်အတူစခန်းသို့လူသွားလမ်းဖောက်လုပ်ရန်ထွက်ခွာသွားသည်မှာယခုတိုင် ပြန်မရောက်သေး။ စခန်းသို့ ချီပြန်ရောက်သောအခါ မားကော့စ်နှင့် မစ်ဂွယ်တို့ကို တွေ့ရသည်။ မားကော့စ်က သူ့ဖြစ်စဉ်ကို ရှင်းပြသည်။ ပြီးမှ အချို့ရဲဘော်များ ချီအပေါ် ဆက်ဆံပုံနှင့်ပတ်သက်ပြီး ဘဝင်မကျတာတွေ တိုင်ကြားသည်။ သူတို့မှာ ဂျိုအာကွင်း၊ အယ်လီဂျန်ဒရိုနှင့် ဆရာဝန်တို့ကို ရည်ညွှန်းမှန်း ရိပ်မိသည်။ အင်တီးနှင့် ကားလော့စ်တို့ ယာကွီးအမှတ်အသားရှိရာ တကယ်မရောက်ခဲ့။ သူတို့ရောက်ခဲ့သည်မှာ သူတစ်ပါးစွန့်ပစ်ထားခဲ့သော စခန်းဟောင်းမှ အိမ်လွတ်တစ်လုံးသာ ဖြစ်နေလေသည်။

ဒီဇင်ဘာ (၂၉) ရက်တွင် မားကော့စ်၊ မစ်ဂွယ်၊ အယ်လီဂျန်ဒရိုနှင့် ချီတို့သည် တောင်ခေါင်းတုံးတစ်ခုဆီသို့ သွားရောက်ခဲ့သည်။ စူးစမ်းလေ့လာမှုများပြုလုပ်ပြီး ထိုတောင်မှစခန်းကို အချိန်တစ်နာရီနှင့် မိနစ်နှစ်ဆယ်ကြာအောင် လမ်းလျှောက်ရသည်။ လူ (၈) ယောက် ရိက္ခာသယ်ဖို့ လွှတ်လိုက်သည်။ ဥမင်တူးခြင်းမပြုလုပ်နိုင်ခဲ့။ ဒီဇင်ဘာ (၃၀) ရက်နေ့တွင် မြစ်များရေလျှံပြည့်အောင် မိုးရွာသွန်းခဲ့သည်။ စခန်း (၁) ရှိ လက်ကျန်ပစ္စည်းများ ဖျက်သိမ်းရှင်းလင်းရန် ရဲဘော်(၄)ဦးစေလွှတ်လိုက်သည်။ပြင်ပလောကမှသတင်းတစ်စုံတစ်ရာမရ၊ ဥမင်ဂူရှိရာသို့ရဲဘော် (၆) ဦးထွက်သွားသည်။ ၎င်းဥမင်ထဲတွင် သိုလှောင်မည့် ပစ္စည်းပစ္စယများ ထုပ်ပိုးကြသည်။ ရွှံ့များပျော့လွန်း၍ မီးဖိုကို ပြီးစီးအောင် မလုပ်နိုင်ခဲ့ချေ။ ဒီဇင်ဘာ (၃၁) ရက်နေ့ ၇း၃၀ တွင် ဆရာဝန်ရောက်လာသည်။ မွန်ဂျီရောက်နေပြီဟူသော သတင်းပါလာသည်။ ချီသည် တူးမား၊ အင်တီး၊ အာဘန်နီ၊ အာတူရိုတို့ကို ခေါ်ဆောင်၍ မွန်ဂျီနှင့် သွားရောက်တွေ့ဆုံသည်။ မွန်ဂျီနှင့်အတူ ပန်ဒီဗီနိုအမည်ရှိ ရဲဘော်တစ်ဦး လိုက်ပါလာသည်။ ညွှန်ကြား

ချက်များရယူရန် ရဲမေတာနီယာလည်း လိုက်ပါလာသည်။ ရီကာဒိုကမူ ချီတို့နှင့် အတူနေမည့်သူ ဖြစ်သည်။ အခြေခံကျသော ပြဿနာများကို အခြေအနေအလိုက် သုံးပိုင်းခွဲခြားပြီး တင်ပြဆွေးနွေးလာသည်။

(၁) သူသည် ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်မည်။ ချီတို့တော်လှန်ရေးနှင့်ပတ်သက်ပြီး ပါတီကို အနည်းဆုံး "ကြားနေ"အဆင့်ထားရှိရန် ကြိုးစားပေးမည်။ ချီတို့ တိုက်ပွဲအတွက် ကေဒါများ စုဆောင်းပေးမည်။

(၂) ဘိုလီဗီးယားနိုင်ငံအတွင်း တော်လှန်ရေးဆင်နွှဲနေသမျှ စစ်ရေးနှင့်နိုင်ငံရေးခေါင်းဆောင်မှုတွင် သူနှင့်သာ သက်ဆိုင်စေရမည်။

(၃) အခြား တောင်အမေရိကရှိ ပါတီများနှင့် ဆက်သွယ်ရေးကို သူကသာကိုင်တွယ်မည်။ လွတ်မြောက်ရေး လှုပ်ရှားမှုများကို ထောက်ခံသည့် အနေအထားရောက်အောင် ကြိုးစားပေးမည်။

ချီက တုံ့ပြန်ရာ၌ ပထမအချက်နှင့်ပတ်သက်၍ သူသည် ပါတီ၏ အတွင်းရေးမှူးအဖြစ် ဆက်လက်ဆောင်ရွက်သင့် မသင့် မိမိဘာသာ ဆုံးဖြတ်သင့်ကြောင်းအဖြေပေးလိုက်သည်။ ချီစိတ်ထဲတွင်ငင်းရာထူးနှင့်သူထိုက်တန်မှုမရှိဟု ယူဆသည်။ သူသည် ကိုယ်ကျိုးရှာမှုမစွန့်။ ပျော့ညံ့သော စိတ်ဓာတ်ကြောင့် ရာဇဝင်သမိုင်းတွင် နာမည်ပျက်စာရင်း သွင်းခံရမည့်ဘေးမှ အကာအကွယ်ပြုရန်အတွက် ဤရာထူးစွန့်ရမည့်အရေးမှာ တုံ့ဆိုင်းတွေဝေနေသည်။

တတိယအချက်ကို တုံ့ပြန်ရာ၌ သူ့ပြုမူကြိုးပမ်းချက်များအတွက် ကန့်ကွက်ခြင်းမရှိ။ သို့ငြားသူကြိုးစားမှုများမှာအချည်းနှီးသာဖြစ်မှာသေချာသည်။ ဒုတိယအချက်နှင့် ပတ်သက်၍ ချီမည်သည့်နည်းနှင့်မျှလက်မခံနိုင်ပါ။ သူ့အား စစ်ရေးခေါင်းဆောင် နေရာကို မပေးနိုင်ပါ။ ချီသာလျှင် စစ်ရေးခေါင်းဆောင်ဖြစ်ရမည်။ ဒုတိယအချက်နှင့် အကြီးအကျယ်ငြိစွန်းပြီး ဆွေးနွေးမှုမှာ အဆုံးသတ်သွားသည်။ အောင်မြင်မှုမရရှိခဲ့ချေ။

သူက ပြန်လည်သုံးသပ်ဦးမည်။ ဘိုလီဗီးယန်းရဲဘော်များနှင့်လည်း ဆွေးနွေးဦးမည်ဟု အချိုသတ်သည်ကို ချီတို့ သဘောတူလိုက်သည်။ ချီတို့

သည် စခန်းသစ်သို့ အတူသွားရောက်ခဲ့သည်။ သူသည် လူတိုင်းနှင့်တွေ့ဆုံ စကားပြောဖြစ်ခဲ့သည်။ သူ့ပါတီကို ထောက်ခံရေး (သို့) ဒီနေရာတွင် ဆက်လက်နေထိုင်ရေးဟူသောရေး(၂)ရေးကိုရွေးချယ်ခိုင်းသည်။ရဲဘော်တိုင်းက ဆက်လက်နေထိုင်ရေးကို ရွေးချယ်ကြသည်။ ဤအချက်ကြောင့် သူ့မှာ အလွန်တရာအံ့ဩမှုဖြစ်ပေါ်စေသည်။

၁၂ နာရီတွင် ထမင်းစားပွဲတစ်ရပ် ကျင်းပသည်။ သူ၏စကားအပေါ် အကွက်ကောင်းယူ၍ ချီသည် ယခုဆင်နွှဲမည့် တော်လှန်ရေးအား "ဂရစ်တိုဒီမူရစ်လို တော်လှန်ရေး"အသစ်အဖြစ် မှတ်ယူကြောင်း ပြောပြလိုက်သည်။ တော်လှန်ရေးအတွက် အသက်ကို ဖက်ရွက်လိုသဘောထားပြီး စတေးထားကြောင်းပါ ထပ်လောင်းပြောပြလိုက်သည်။

လချုပ်သုံးသပ်ချက်အရဆိုလျှင် ကျူးဘားရဲဘော်များ အောင်မြင်စွာ ရောက်ရှိစုံလင်စေခဲ့လေပြီ။ စိတ်ဓာတ်တွေ တက်ကြွနေသည်။ ပြဿနာအသေးအဖွဲ့လေးများသာ ရှိသည်။ အရေအတွက် နည်းသော်လည်း ဘိုလီဗီးယန်းရဲဘော်များမှာ မဆိုးလှပါ။ မွန်ဂျီ၏ သဘောထားမှာ တော်လှန်ရေးအတွက် အဟန့်အတား ဖြစ်စေသော်လည်း နိုင်ငံရေးရောယှက်မှုမှာ ကင်းလွတ်သော ကောင်းကျိုးကို ဖြစ်ပေါ်စေသည်။ နောက်ထပ်ရောက်လာမည့် ဘိုလီဗီးယန်းရဲဘော်များကို စောင့်စားရင်း နောက်တစ်ဆင့် တက်ရမည့် လုပ်ငန်းများကို မွိုင်းဆက်ဝွေဗာရာ၊ မော်ရီရို့၊ ဂျီဇာမိ အမည်ရှိ အာဂျင်တီးနားလူမျိုး ရဲဘော်များနှင့် ဆွေးနွေးညှိနှိုင်းရဦးမည် ဖြစ်လေသည်။



# ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ (၃၁) ရက်နေ့အထိ ချီ(ချေဂွေဗားရား) ၏ကြုံတွေ့ဖြစ်စဉ်များ

ဇန်နဝါရီလ (၁) ရက်နေ့တွင် တိုင်ပင်ဆွေးနွေးခြင်း မပြုဘဲ မွန်ဂျီရာထူး မှနုတ်ထွက်မည်ဖြစ်ကြောင်း၊ သူ၏နုတ်ထွက်လွှာကိုပါတီခေါင်းဆောင်များထံ ဇန်နဝါရီလ (၈) ရက်နေ့တွင် တင်သွင်းမည်ဖြစ်ကြောင်း ပြောလာသည်။ သူ့ တာဝန်ပိုင်းပြီး၍ မျက်နှာပျက်ပျက်ဖြင့် စခန်းမှ ထွက်ခွာသွားသည်။ မွန်းလွဲပိုင်း တွင် ရဲဘော်များကို စုစည်းပြီး မွန်ဂျီ၏သဘောထားကို ရှင်းလင်းပြောပြလိုက် သည်။ မော်ရီရှိုးနှင့် ဂျိုဇာမီတို့ကို တွေ့ဆုံရန်အတွက် အာဂျင်တီးနားနိုင်ငံသို့ တာနီယာသွားရမည့်ခရီးစဉ်အား ချီက စီစဉ်ပေးလိုက်သည်။ ရိုဒိုဖို၊ လိုယိုလာ နှင့် ဟမ်ဘာတို့အား လာပက်ဇ်မြို့တွင် ထားရှိဖို့ သဘောတူညီလိုက်သည်။ လူတွေ့ဆွေးနွေးရန် ဆန်းချဲ့သည် ချီဂွေဗားရားနှင့် တွေ့ဆုံရမည်။ ဟာဗားနားမှ ရောက်ရှိလာမည့် ရဲဘော်သုံးဦးအား ကြိုဆိုနေရာချထားရေးအတွက် ကား လော့စ်၏ ညီတစ်ဦးဖြစ်သူနှင့် လူတွေ့ဆွေးနွေးရန်အတွက် ကိုးကိုးသည် ဆန်ကာဂရူမြို့သို့ သွားရမည်။ ချီက ဗီဒယ်လ်ထံ စာတစ်စောင် ရေးပေးလိုက် သည်။

ဇန်နဝါရီလ (၂) ရက်နေ့တွင် စာတစ်စောင်ကို စကားဝှက်ဖြင့် တစ်မနက်လုံး ရေးနေမိသည်။ မွန်းလွဲပိုင်းတွင် ဗီဒယ်လ်၏ မိန့်ခွန်းကို ပြီးဆုံးအောင် နားထောင်ပြီး ဆန်းချဲ့ ကိုးကိုးနှင့် တာနီယာတို့စခန်းမှ ထွက်ခွာသွားကြသည်။ ဗီဒယ်လ်က ချီကို ချီးကျူးထားသည်မှာ ဖြစ်နိုင်တာထက်ကိုပိုပြီး ကျေးဇူးဆပ်ချင်စိတ်ပင် ပေါက်လာမိသည်။

ဥမင်လိုဏ်ဂူတူးခြင်းကိစ္စပြီးစီးသွား၏။မားကော့စ်၊မစ်ဂွယ်နှင့်ဘိနစ်နိုတို့ မြောက်ဘက်ဒေသသို့ စူးစမ်းရေးခရီးထွက်ကြသည်။ အင်တီးနှင့်ကားလော့စ်တို့ နေကာဟွာဆူးမြစ်ကြောင်းကို ဆက်လက်စူးစမ်းကြမည်။ လူနေအိမ်ခြေတွေမှ ပြန်လာကြမည်။ ဂျိုအာကွင်းနှင့် အယ်လ်မယ်ဒီတို့သည် ယာယီမြစ်ကြောင်းကို စူးစမ်းရမည်။ ခွင့်ပြုချက်(၅) ရက် ပေးထားသည်။

မွန်ဂျီအား လိုက်ပါပို့ဆောင်ပြီး နောက်စခန်းသို့ ပြန်ရောက်လာသောရဲဘော်များထံမှ အယ်လ်ဂိုရီပြန်မလာသေးကြောင်း သတင်းရရှိသည်။ ဇန်နဝါရီလ (၃) ရက်နေ့တွင် ဥမင်လိုဏ်ဂူအတွက် အမိုးအကာတပ်ဆင်ကြသည်။ လုပ်ငန်းမပြီး၊ မနက်ဖြန်အပြီးလုပ်ကြမည့် ရဲဘော်နှစ်ဦးသာ ဝန်စည်စလယ်များ သွားရောက်ထမ်းပိုးခဲ့ကြသည်။ ဇန်နဝါရီ (၆) ရက်နေ့ နံနက်ခင်းတွင် မားကော့စ်၊ အယ်လီဂျန်ဒရိုနှင့် ချီတို့သည် လွင်တီးခေါင်ဖြစ်သော တောင်ပေါ်မြေပြန့်ရှိရာသို့ သွားရောက်သည်။ နယ်မြေဒေသကို စူးစမ်းရန်အတွက်ရဲဘော်များကို နေရာအသီးသီးသို့ တာဝန်ခွဲဝေပေးပြီး စေလွှတ်လိုက်သည်။

ညနေပိုင်းတွင် အီအိုငွေ ၂၀၀၀ ဖြင့် ဝယ်ယူခဲ့သော လားနှစ်ကောင်နှင့်အတူအယ်လ်လိုရိုစခန်းသို့ရောက်ရှိလာသည်။သင်တန်းအပြီး၌ပြောက်ကျားတပ်ဖွဲ့ဝင်တစ်ဦးတွင် ရှိသင့်ရှိအပ်သည့် အရည်အချင်း၊ စည်းကပ်သေဝပ်မှုလိုအပ်ချက်အကြောင်း အချို့ကို ပို့ချခဲ့သည်။ သံမဏိတပ်ဖွဲ့ ဖွဲ့စည်းဖို့အရေးရှင်းလင်းပြခဲ့သည်။ ချီသည် အဖွဲ့ငယ်ခေါင်းဆောင်များကို စုစည်းခဲ့သည်။ သွေးသောက်ရဲဘော်များအကြား မပြေလည်သော အဖုအထစ်များ၊ အစာမကြေမှုများကို ဖော်ထုတ်ရှင်းလင်းပေးပြီး၊ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးမိသည်။ ဇန်နဝါရီလ (၇) ရက်နေ့တွင် စူးစမ်းထောက်လှမ်းမည့် ရဲဘော်

များ ထွက်ခွာသွားကြသည်။ ပစ္စည်းသယ်လုပ်အားပေး ရဲဘော်များသာ စခန်းမှာ ကျန်ခဲ့သည်။ လျှပ်စစ်ဓာတ်အားစက်နှင့် အာတူးရိုးပစ္စည်းများ အားလုံး ရွှေ့ပြောင်းပြီးစီးခဲ့သည်။ ဥမင်အတွက် အမိုးအကာအငယ်စားတစ်ခု ထပ်မံပြုလုပ်ခဲ့ကြသည်။ ရေတွင်းကိုလည်း ပြုပြင်မှု ပြုလုပ်သည်။ စမ်းချောင်းငယ်ကို ခွ၍ တံတားအငယ်စားတစ်ခု ဆောက်လုပ်ခဲ့ကြသည်။

ဇန်နဝါရီလ (၁၀) ရက်နေ့၌ စခန်းထောင့်မှ ကင်းအဖွဲ့အား အပြောင်းအလဲပြုလုပ်၏။ ကားလော့စ်နှင့် အယ်လ်မယ်ဒီတို့နေရာတွင် ရှာဘီယိုနှင့် အေပိုလီနာတို့အား အစားထိုးလိုက်သည်။ ဆန်ကာဂရုသို့ အယ်လိုရို ထွက်သွားသည်မှာ ပြန်မရောက်သေး။

အယ်လ်မယ်ဒီကို(မိုရို)၊တူးမားနှင့်ကိုယ်တို့သည်အန်တိုနီယိုနှင့်အတူ ပန်ပါဒဲလ်တိုက်ဂါး တောင်တန်းပေါ်သို့ တက်ရောက်ခဲ့ကြသည်။ ဟာဗားနားမှ ရေသီယိုသတင်း ပို့ချလျက်ရှိ၏။ ၁၂ ရက်နေ့တွင် အယ်လ်ချီနိုနှင့် အယ်လ်မက်ဒီတို့ ထွက်ခွာလာကြသည်။ (၁၂) ရက်နေ့တွင် ရေဒီယိုပညာရှင်နှင့် ရီယာအမည်ရှိ ရဲဘော် ထွက်ခွာလာကြမည်။ ချီတို့၏ ရဲဘော် (၂) ဦးနှင့် ပတ်သက်၍ ဖော်ပြထားချက်မရှိချေ။

ဇန်နဝါရီ (၁၁) ရက်နေ့တွင် ချီ၏စာအုပ်များ ရေစိုကုန်သည်။ အချို့မှာ သုံးမရတော့။ ရေဒီယိုဆိုင်ရာ ပစ္စည်းကိရိယာများ သံချေးတက်ကုန်ကြောင်း သိရသည်။ ရေဒီယို (၂) လုံး ပျက်စီးသွားသည်။ ညတွင် မားကော့စ် ပြန်ရောက်လာသည်။ နေကာဟွာဆူးမြစ်သည် ချီတို့ထင်ထားသည့်နေရာအထိ စီးဆင်းမှု မရှိကြောင်း သိရသည်။ ဘိုယိုယင်ကောင်များ၏ နှေ့ပင်တည်း။ မားကော့စ်၊ ကားလော့စ်၊ ပွန်ဘို၊ အန်တိုနီယို၊ မိုရိုနှင့် ဂျိုအာကွင်းတို့ခန္ဓာကိုယ်ပေါ်မှ ယင်ကောင်များနှင့် ပိုးလောက်လန်းများကို ဖယ်ရှားခဲ့ရသည်။ ဇန်နဝါရီလ (၁၂) ရက်တွင် လက်ကျန်ပစ္စည်းများ သယ်ယူရလာရန် ဝွန်နိုလာ အဖွဲ့တစ်ဖွဲ့ စေလွှတ်လိုက်သည်။ တောင်တက်လေ့ကျင့်ခန်းကို (၂) နာရီ (၃) နာရီကြာအောင် လေ့ကျင့်ခဲ့ကြသည်။ ဇန်နဝါရီ (၁၃) ရက်နေ့တွင် ရဲဘော်များအကြား ဘဝင်မကျစရာ၊ စိတ်ဆိုးစရာကိစ္စတွေ ဖြေရှင်းပေးသည်။ လားတိရှ္ဆာန်များ

ဖြင့် သွားရောက်နိုင်သည့် နေရာတစ်နေရာမှ ဥမင်များတူးရန် အဖွဲ့သားများ ထွက်ခွာသွားကြသည်။ ရှဘီယိုနှင့် အေပိုလီနာတို့ ပြန်လည်ရောက်ရှိလာသည်။

ဇန်နဝါရီလ (၁၄) ရက်နေ့တွင် ထူးခြားဖြစ်စဉ်မရှိသလို ဇန်နဝါရီလ (၁၅) ရက်မှာလည်းထိုနည်းလည်းကောင်းပင်ဖြစ်ရိုးဖြစ်စဉ်များနှင့်သာပြီးဆုံးနေသည်မှာ၁၆၊၁၇ရက်နေ့ထိတိုင်အောင်ဖြစ်သည်။ဇန်နဝါရီလ(၁၈)ရက်နေ့မှာတော့မိုးကြီးသဲသဲမဲမဲရွာနေသည့်ကြားက လိုရှိပေါက်ချလာသည်။ သတင်းတစ်ရပ် ပါလာသည်။ အာရာဂါနက်သည် ချီတို့ကိစ္စ တော်တော်များများကို သိရှိထားကြောင်း၊ ကုတ်ကင်းဘိန်းလုပ်ငန်းပင်ဖြစ်စေ၊ မည်သည့်လုပ်ငန်းပင်ဖြစ်စေ ပူးပေါင်းလုပ်ဆောင်လိုကြောင်းကို အန်တိုနီယိုအား ပြောပြခဲ့သည့် သတင်း ဖြစ်သည်။ ချီက လုပ်ငန်းအချို့မှာသာ အာရာဂါနက်ဂျစ်ကားကို သုံးစွဲသည့်အခါ အဖိုးအခပေးရန်၊ သစ္စာဖောက်လျှင် အသတ်ခံရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားရန် ညွှန်ကြားလိုက်သည်။ လိုရှိပြန်ထွက်ခွာသွားသည်။ ည (၈) နာရီအထိ ဝွန်ဒိုလာအဖွဲ့ ပြန်ရောက်မလာသေး။ ရဲဘော်များအား ညစာစားခွင့်ပြုလိုက်သည်။ တအောင့်အကြာတွင် ဘရော်လီယိုနှင့် နာတိုးတို့ ရောက်လာကြသည်။ ရဲဘော်အားလုံး လိုက်ပါလာကြသော်လည်း ချောင်းရေ တိုးလျှံနေသောကြောင့် အင်တီးလည်း ရေထဲခြေချော်ကျပြီး ဒဏ်ရာရကာ ရိုင်ဖယ်တစ်လက် ဆုံးရှုံးခဲ့ကြောင်း၊ သူတို့နှစ်ယောက်သာ ခဲရာခဲဆစ် အရောက်ပြန်လာကြောင်း၊ ကျန်ရဲဘော်များကို စခန်းတွင်ပင် အိပ်စက်နားနေရန် ချန်ထားခဲ့ကြောင်း သတင်းပို့သည်။

ဇန်နဝါရီလ (၁၉) ရက်တွင် မစ်ဂွယ် ဖျားနာသည်။ ငှက်ဖျားမိခြင်းဖြစ်သည်။ နံနက် (၈) နာရီခန့်တွင် မနေ့ညက ချန်ထားခဲ့သော ရဲဘော် (၄)ဦး ရောက်လာသည်။ ပြောင်းဖူးအများအပြား သယ်ဆောင်လာသည်။ အခြားစခန်းရှိ ကင်းအဖွဲ့နှင့် ကင်းလဲရန် ရှဘီယိုနှင့် ပီရိုတို့ ထွက်ခွာသွားသည်။ ညနေစောင်း (၄) နာရီခန့်တွင် အရပ်ဝတ်ပုလိပ်လေးယောက်နှင့်အတူ လက်ဖတင်နင်ဖာနန်ဒဲ့(ဇ်)သည် ကုတ်ကင်းဘိန်းချက်လုပ်သည့် စခန်းကိုရှာဖွေ

ရန် အငှားဂျစ်ကားတစ်စီးဖြင့် ရောက်လာသည်။ လယ်တောအိမ်အတွင်းသို့ ဝတ်ကျေတန်းကျေ ရှာဖွေကြသည်။ မီးထွန်းရန် အသုံးပြုသည့် ကယ်လ်စီယမ် ကာဘိုဘိုက်များကို စစ်ဆေးပြီး မေးမြန်းကြသည်။ လိုရှိထံမှ ပစ္စတိုသေနတ်ကို သိမ်းယူသွားကြသည်။ မော်ဇာသေနတ်နှင့် ပွိုင့်တူးတူးသေနတ်များကို သိမ်းယူခြင်းမပြုကြ။ အာရာဂါနက်ထံမှ သိမ်းယူခဲ့ဟန်တူသောပစ္စတိုကို လိုရှိအားပြသကြသေးသည်။ သူတို့က ဒီကကိစ္စဝိစ္စအားလုံးကို သိရှိထားကြောင်း၊ သူတို့ကို ရိုသေကျိုးနွံရမည်ဖြစ်ကြောင်း သတိပေးပြောကြားကာ ပြန်လည်ထွက်ခွာသွားသည်။ ကမ်မီရီမြို့တွင် ပစ္စတိုသေနတ် သိမ်းသွားသည်ကို ပြန်လာထုတ်ယူနိုင်ကြောင်း မှာကြားပြီး လက်ဖတင်နင်ဖာနန်ဒဲ့(ရှ်)က လိုရှိအား "ဘာမှ ကြောက်စရာမလိုဘူး ပြောစရာရှိရင် ငါ့ကိုသာ ပြောပါ" ဟု မှာကြားသွားသည်။ ဘရာဇီးလူမျိုးတစ်ဦးနှင့်ပတ်သက်၍လည်း မေးမြန်းသွားသည်။

ဤဖြစ်စဉ် ပေါ်ပေါက်မှုအတွက် သတင်းပေးအဖြစ် ခန့်မှန်းမိသူ မုဆိုးကြီး အယ်လ်ဗာလေဂရန်းဒီနီနှင့် အာရာဂါနက်တို့အား ထပ်မံ၍ တင်းကျပ်စွာ ခြိမ်းခြောက်ထားရန် လိုရှိအား ညွှန်ကြားချက်ပေးလိုက်သည်။ ကိုးကိုးနှင့် အဆက်အသွယ်ရရန်၊ ပစ္စတိုသေနတ် ပြန်တောင်းယူရန် ကမ်မီရီမြို့သို့ သွားရောက်ဖို့ လိုရှိအား ထပ်မံညွှန်ကြားရသေးသည်။

ဇန်နဝါရီ (၂၀) ရက်နေ့တွင် ချီသည် ကာကွယ်ရေးစီမံချက်များ ရေးဆွဲပြီး ထုတ်ပြန်လိုက်သည်။ မြစ်ချောင်းငယ် ခြားထားသည့် ဇုန်တစ်ခုလုံးကို အလျှင်အမြန် ကာကွယ်တိုက်ခိုက်ရေး၊ မြစ်နှင့် မျဉ်းပြိုင်သဖွယ် တပ်စွဲထားသည့် ရှေ့ပြေးတပ်ဖွဲ့က ရန်သူများကို ခုခံတိုက်ခိုက်ရေးတို့ဖြစ်သည်။ ၎င်းမြစ်ချောင်းငယ်၏ မြစ်ဝနေရာ၌ နောက်တန်းအစောင့်တပ်ဖွဲ့ကို တပ်စွဲထားစေ၏။ စခန်းဟောင်းအခြေအနေမှာ စိုးရိမ်ဖွယ်ရာ ဖြစ်လာသည်။ လယ်တောအိမ်သို့ "ဂရင်ဂို" သေနတ်သမားတစ်ဦး ရောက်ရှိလာသည်။ သူက (အမ် - ၂) သေနတ်ကို ကျည်ကပ်လိုက် ပစ်ဖောက်ပြသလိုက်သည်။ သူသည် အာရာဂါနက်၏ မိတ်ဆွေတစ်ဦးဖြစ်ပြီး အာရာဂါနက်အိမ်တွင် ရက်အနည်းငယ်ကြာအောင် အပန်းဖြေဖို့ရောက်လာကြောင်းသိရသည်။ အာရာဂါနက်အိမ်အနီးမှာ

လေ့လာစောင့်ကြည့်ဖို့ ရဲဘော်တချို့ကို ထားလိုက်သည်။ ထိုလူကြောင့် ပြဿနာဆိုးလာလျှင် ချီတို့ဇုန်မှမထွက်ခွာမီ ဒင်းကို ကောင်းကောင်းဆုံးမပေးရလိမ့်မည်။ ဇန်နဝါရီလ (၂၁) ရက်တွင် တိုက်ပွဲအတုကို လေ့ကျင့်ဆင်နွှဲကြသည်။ ချို့ယွင်းအားနည်းမှုများကို ပြင်ဆင်ပေးရသည်။ ရဲဘော်အသီးသီးကို လိုအပ်သောလုပ်ငန်းတာဝန်များခွဲပေးလိုက်သည်။ အသံဖမ်းစက်နှင့် လူသွားလမ်းဖောက်လုပ်ရေးတွေ အဆင်ပြေမှုရှိနေသည်။ မားကော့စ် အချိန်စောစွာ ပြန်ရောက်လာသည်။ မိုးထဲလေထဲတွင် ပီဒရိုသည် ကိုးကိုးကို ခေါ်ဆောင်ကာ လူသစ်သုံးဦးနှင့်အတူရောက်လာသည်။ ဘင်ဂျမင်၊ ယူဆီဘီယိုနှင့်ဝေါလကာဆိုသူတို့ဖြစ်သည်။

ဘင်ဂျမင်မှာ ကျူးဘားမှလာသူဖြစ်ပြီး ကျန်နှစ်ဦးကို နောက်တန်းအစောင့်တပ်ဖွဲ့တွင် နေရာချထားလိုက်သည်။ ကျူးဘားမှ ဝင်ရောက်လာသူ (၃) ဦးကို မွန်ဂျီက ပြောက်ကျားတပ်ဖွဲ့ထဲမဝင်ရန် တိုက်တွန်းခဲ့သည်။ မွန်ဂျီသည် ပါတီမှမနုတ်ထွက်ရုံတင်မက ဖီဒယ်လ်ထံသို့ ချိတ်ပိတ်ထားသော စာတစ်စောင်ပင် ရေးပေးလိုက်သေးသည်။

တာနီယာထံမှ သူမ၏ခရီးစဉ်နှင့် အိုင်ဗန်များနေပုံအကြောင်းရေးထားသည့် စာတစ်စောင် ရရှိသည်။ အိုင်ဗန်ထံမှ ချိတ်ပိတ်ထားသော စာတစ်စောင် ရရှိသည်။ ညတွင် အဖွဲ့သားအားလုံးကို စုစည်းပြီး မော်ကွန်းကို ဖတ်ပြသည်။ အကြံပေးချက်(A)(B)တို့၏မှားယွင်းချက်များကိုထောက်ပြခဲ့၏။ ဇန်နဝါရီလ (၂၂) ရက်နေ့တွင် လူ (၁၃) ဦးပါဝင်သော ဂွန်နိုလာအဖွဲ့ထွက်ခွာသွားသည်။ ပီဒရိုနှင့်အယ်လ်ရှာဘီယိုနေရာတွင်အစားထိုးမည့်ဘရော်လီယိုနှင့်ဝေါလတာတို့လိုက်ပါသွားကြသည်။ နေ့လယ်ပိုင်းတွင် သူတို့ ပြန်ရောက်လာကြသည်။ ရိက္ခာပစ္စည်းအားလုံး ပြည့်စုံစွာ သယ်ယူလာနိုင်ခြင်းမရှိ။ ဖီဒယ်လ်ထံ စာတစ်စောင် ရေးသားပေးပို့ခဲ့သည်။ (၂၅) ရက်နေ့တွင် ချိန်းဆိုထားသည့်အတိုင်း ကမ်မီရီမြို့သို့ ဝေဗားရား ရောက်ရှိလာပါက သူနှင့်အတူ ဤစာကို လာပက်ဇ်မြို့အထိ ပေးပို့ရန်ဖြစ်၏။

ချီသည် မြို့ပြရှိ ကေဒါများအတွက် ညွှန်ကြားချက်များ ရေးသားပေးပို့ခဲ့သည်။ ဇန်နဝါရီလ (၂၃) ရက်နေ့တွင် အင်တီး၊ ရီလန်ဒိုနှင့် အာတူးရိုတို့ကို အရေးပေါ်အခြေအနေအရ ဆရာဝန်နှင့် သူ့လူနာများ ပုန်းခိုနိုင်မည့်နေရာ တစ်ခုရှာဖွေထားရန် စေလွှတ်လိုက်သည်။ ကားလော့စ် ငှက်ဖျားရောဂါဖြင့် ဖျားနေဆဲ ဖြစ်သည်။ ဇန်နဝါရီ (၂၄) ရက်တွင် လူ (၇) ဦးပါသော ဝွန်ဒိုလာအဖွဲ့ ထွက်ခွာသွားသည်။ အချိန်မလင့်မီ အားလုံးပြန်ရောက်လာသည်။ ပြောင်းဖူးစေ့များ ပါလာသည်။ ကျိုအာကွင်း ခြေချော်လဲသည်။ လက်ပစ်ဗုံးကျပျောက်ခဲ့သော်လည်း ပြန်ရှာတွေ့ခဲ့သည်။ စခန်းကာကွယ်ရေးအတွက် ကင်းစောင့်တပ်ဖွဲ့များ တပ်စွဲထားသည့် နေရာများကို ဝိုင်းထားသည့် လမ်းများအနက် လမ်းတစ်သွယ်ကို ကောင်းမွန်တိုးတက်လာအောင် ပြုပြင်ခဲ့သည်။

ဇန်နဝါရီလ (၂၅) ရက်နေ့တွင် ပစ္စည်းပစ္စယ သိုလှောင်ရန် ဥမင်တစ်ခု ထပ်တူးဖြစ်သည်။ စခန်းသို့ရောက်လာသော အယ်လိုရိုကို ရှေ့ပြေးတပ်ဖွဲ့တွင် သွင်းပေးလိုက်သည်။ အာရာဂါနက်က သတင်းပေးသူမှာ သူမဟုတ်ကြောင်း ရှင်းပြသည်။ စုံစမ်းထောက်လှမ်းခဲ့သူ ပါလေဂရန်းဒီနိုမှာ ကိုးကိုးက ခြိမ်းခြောက်သဖြင့် ထွက်ပြေးတိမ်းရှောင်သွားသည်။ မနီလာထံမှ ပြန်သတင်းပို့ချက် ရရှိခဲ့သည်။ ပေးပို့လိုက်သော ပစ္စည်းအားလုံး ရရှိခဲ့ကြောင်း၊ ကိုလီသည် သူ့အား ဆိုင်မွန်ဂရီယက် စောင့်ကြိုနေသည့်နေရာသို့ ထွက်ခွာသွားကြောင်း အဆိုပါ အကြောင်းကြားစာတွင် ပါရှိသည်။ ယင်းတို့၏ သတင်းကို နားစွင့်နေကြောင်း၊ ဗရုတ်သုတ်ခဖြစ်ပွားမှုကို လက်မခံနိုင်ကြောင်း ဖီဒယ်လ်က ကတိပေးထားကြောင်း သိရှိရသည်။

ဇန်နဝါရီလ (၂၆) ရက်တွင် ဥမင်လိုဏ်တူးဖော်နေဆဲမှာ ငွေဟားရားသည် လိုရိုလာနှင့်အတူ စခန်းသို့ရောက်ရှိလာကြောင်း သတင်းရရှိသည်။ အရေးပေါ်သုံးဖို့ သတ်မှတ်ထားသော တဲအိမ်ကလေးမှာ သွားစောင့်ဆိုင်းနေမိသည်။ ၁၂နာရီတွင် သူတို့ရောက်လာကြသည်။ ချီက အခြေအနေအရပ်ရပ်ကို ငွေဟားရားအား ပြောပြလိုက်သည်။ ငွေဟားရားက လေးနက်စွာ လက်ခံနားထောင်သည်။ ဘိုလီဗီးယန်းရဲဘော်များနှင့် အေးစက်စက်ဖြစ်နေသော်လည်း

နောက်ပိုင်းတွင် ခင်မင်ရင်းနှီးသွားလေသည်။ လိုယိုလာသည် ချီအပေါ်အထင်ကြီးသွားပုံ ရ၏။ သူမသည် ငယ်ရွယ်သလောက် နုးညံ့သိမ်မွေ့သူဖြစ်သည်။ သူမသည် လူငယ်လှုပ်ရှားမှုအဖွဲ့မှ ထုတ်ပယ်ခံရဆဲဆဲဖြစ်သည်။ သူမကိုယ်တိုင် နုတ်ထွက်စာ တင်လာစေရန် သူတို့ ကြိုးစားနေကြသည်။ ချီသည် ကေဒါများထံသို့ ညွှန်ကြားချက်များနှင့် မော်ကွန်းစာရွက်များ ပေးပို့လိုက်သည်။ သုံးစွဲကုန်ကျသည့်ငွေ ပီဆို ၇၀၀၀၀ မျှ ဖြည့်ပေးပြီးဖြစ်သည်။ ငွေကြေးချို့တဲ့လာချေပြီ။

ဒေါက်တာပါရေးရျားအား လုပ်ငန်းယန္တရား၏ ခေါင်းဆောင်အဖြစ် တာဝန်ပေးလိုက်သည်။ ရိုဒိုဖိုးသည် (၁၅) ရက်အတွင်း ချီတို့နှင့် လာရောက်ပူးပေါင်းမည်ဖြစ်သည်။ အိုင်ဗန်ထံသို့ ချီ ညွှန်ကြားချက်တစ်စောင် ရေးပေးလိုက်သည်။ ချီသည်ကိုးကိုးအားဂျစ်ကားကိုရောင်းပစ်ရန်၊ လယ်တောအိမ်နှင့်လည်း အမြဲမပြတ် ဆက်သွယ်မှု ပြုလုပ်ထားရန် ညွှန်ကြားထားသည်။ ည (၇) နာရီခန့်တွင် ချီတို့နုတ်ဆက်ခွဲခွာကြသည်။ မနက်ဖြန်ညနေတွင် သူတို့ထွက်ခွာကြမည်။ ဖေဖော်ဝါရီလ (၁၄) ရက်တွင် အဖွဲ့ဝင် ၄ ဦးပါ ပထမအသုတ်နှင့်အတူ ငွေဟားရား ဤစခန်းသို့ ပြန်လည်ရောက်ရှိမည်။ ပို၍ အင်အားကောင်းသောရေဒီယို ဆက်သွယ်ရေးစက်များ မကြာမီရောက်ရှိလာမည်။

ဇန်နဝါရီလ (၂၇) ရက်မှာ ဝွန်ဒိုလာအဖွဲ့ လိုအပ်သောပစ္စည်းပစ္စယအားလုံးကို သယ်ဆောင်ပြီး ပြန်ရောက်လာသည်။ ယနေ့ညတွင် ကိုးကိုးနှင့်အတူစာပို့ရေးစေတမန်များထွက်ခွာသွားကြမည်။ သူတို့ကမ်မီရီမြို့တွင်နေရစ်မည်။ ဂျစ်ကားရောင်းရန်အတွက် ဆန်တာကရုမြို့သို့ ကိုးကိုးဆက်သွားရလိမ့်မည်။ ဥမင်တူးဖော်ခြင်းကို ဆက်လုပ်ကြသည်။ ထောင်ချောက်တွင် သင်းခွေချပ် တစ်ကောင်ကို ဖမ်းမိထားသည်။ လိုအပ်သောရိက္ခာများ ထုပ်ပိုးပြင်ဆင်ထားသည်။ ကိုးကိုးပြန်ရောက်လာလျှင် ချီတို့စခန်းမှ ထွက်ခွာရမည်ဖြစ်သည်။ ဇန်နဝါရီလ (၂၈) ရက်တွင် စခန်းဟောင်းရှိ ပစ္စည်းအားလုံး ထုပ်ပိုးပြီးနောက် ဝွန်ဒိုလာအဖွဲ့ပြန်ရောက်ရှိလာသည်။ သူ၏ ပြောင်းဖူးစိုက်ခင်း အပိုင်းခံလိုက်ရသောအခါ အယ်လ်ဖာလေဂရန်းဒီနိသည် များစွာအံ့ဩတုန်လှုပ်သွားပြီး

ထွက်ပြေးလွတ်မြောက်သွားကြောင်း သတင်းစကား ကြားသိရ၏။ (၁၀) ရက်ကြာ ခရီးရှည် ချီတက်ရေးအတွက် စားနပ်ရိက္ခာ အဆင်သင့်ဖြစ်ပြီ။ ကိုးကိုး ပြန်ရောက်လာပြီး တစ်ရက် (သို့) နှစ်ရက်အကြာတွင် ဖြစ်သည်။ သို့မဟုတ် ဖေဖော်ဝါရီလ (၂) ရက်နေ့ ဖြစ်သည်။

ဇန်နဝါရီလ (၂၉) ရက်နေ့မှာ အားလပ်ရက်ဖြစ်သည်။ မွန်းလွဲပိုင်းတွင် ကိုးကိုးပြန်ရောက်လာသည်။ သူသည် ဆန်တာကရုသို့ မရောက် ကမ်မိရီသို့ ရောက်ခဲ့၏။ လိုယိုလာသည် လာပတ်ဇ်မြို့သို့ ဘတ်(စ်)ကားဖြင့် ထွက်ခွာသွား၏။ မှိုင်းဆက်သည် ဆူးကားသို့ ဘတ်စ်ကားဖြင့်ပင် ထွက်ခွာသွားသည်။ တနင်္ဂနွေနေ့ကို ဆက်သွယ်ရေးနေ့အဖြစ် သတ်မှတ်ထားရှိသည်။ ခရီးရှည် ထွက်မည့်နေ့ကို ဖေဖော်ဝါရီလ (၁) ရက်နေ့အဖြစ် သတ်မှတ်လိုက်သည်။ ဇန်နဝါရီလ(၃၀)ရက်နေ့တွင်လူ(၁၂)ယောက်ပါဂွန်ဒိုလာအဖွဲ့သည်ထွက်ခွာသွားပြီးအပြန်တွင် အစားအစာများကို သယ်ဆောင်လာခဲ့ကြသည်။ ကျန်ရှိသော ရိက္ခာများသယ်ယူရန် လူ (၅) ဦး လိုဦးမည်။ အမဲလိုက်ထွက်သူများ ဘာသားကောင်မှ ဖမ်းမမိကြ။ ကိုယ်ရေးကိုယ်တာ ပစ္စည်းအသုံးအဆောင်များ၊ သိုမှီးမည့်ဥမင်အား တူးဖော်၍ ပြီးစီးသွား၏။ အကောင်းကြီးမဟုတ်သော်လည်း သုံးပျော်သည့်ဥမင် ဖြစ်သည်။

ဇန်နဝါရီလ (၃၁) ရက်မှာစခန်းတွင်နေရမည့်နောက်ဆုံးနေ့ဖြစ်သည်။ စခန်းဟောင်းအား ရှင်းလင်းပြီး အစောင့်ချထားသည်။ ရဲဘော်များအား ဂွန်ဒိုလာအဖွဲ့ကပင် ပြန်လည်ခေါ်ဆောင်လာခဲ့သည်။ အန်တိုနီယို၊ နာတိုး၊ ကမ်ဘာနှင့် အာတူးရိုးတို့မှ ညွှန်ကြားချက်အရ စခန်းတွင် နေရစ်ခဲ့ကြသည်။ ညွှန်ကြားချက်မှာသုံးရက်လျှင်တစ်ကြိမ်ကျစုစည်းတွေ့ဆုံရမည်။လေးဦးတွင် နှစ်ဦးက လက်နက်ကို ကိုယ်နှင့်မကွာ ထားရမည်။ ကင်းတာဝန် မလစ်ဟင်းစေရ။ အသစ်ရောက်ရှိလာသူများအား စည်းကမ်းစည်းမျဉ်းအတိုင်း လေ့ကျင့်မှုများ ပြုလုပ်ပေးရမည်။ သိသင့်သိထိုက်သော အချက်အလက်များမှအပ ကျန်တာတွေ အသိမပေးရ။ စခန်းတွင် ကိုယ်ရေးကိုယ်တာပစ္စည်း အသုံးအဆောင် မထားရ။ လက်နက်များကို မိုးရေကာဖျင်ဖြင့် လိပ်ပတ်ဖုံးပြီး

ချုံနွယ်များတွင် ဝှက်ထားရမည်။ အရန်ငွေကြေး ပိုက်ဆံအားလုံး စခန်းတွင် အရန်သင့်ရှိနေရမည်။ လူတစ်ဦးက အမြဲတမ်းစောင့်ကြည့်နေရမည် ...စသည် ဖြင့် ဖြစ်သည်။

လချုပ်သုံးသပ်ချက်မှာ မွန်ဂျီ၏ သဘောထားအပြုအမူများမှာ ပထမ တွင် မရေမရာရှိပြီးနောက်ပိုင်းတွင် အသေအချာ ဖောက်ပြန်သွားသည်။ ပါတီ သည် ချီတို့ကို ဆန့်ကျင်ရန် တာစူနေလေပြီ။ ချီအဖွဲ့ထဲမှ ရဲဘော်များသည် နိုင်ငံရေးကို သိပ်နားမလည်ကြသော်လည်း စစ်ရည်စစ်သွေးပြည့်ဝသူများဖြစ် သည်။ ငွေဗားရား၏ တုံ့ပြန်မှုကတော့ အားရစရာကောင်းနေသည်။ နောင်တွင် သူနှင့် သူ့လူများ ဘယ်လိုဆက် စခန်းသွားမည်ကို စောင့်ကြည့်ရပေလိမ့်မည်။ တာနီယာထွက်ခွာသွားပြီး တကယ့်ပြောက်ကျားစစ်ဆင်ရေးကို မည်သည့် အချိန်မှာ စတင်ရမည်နည်းဟူသော ပြဿနာဖြစ်သည်။ ရဲဘော်များကို စမ်း သပ်တာဝန်ပေးကြည့်ရမည်။ အချိန်က အဖြေဖော်ထုတ်ပေးလိမ့်မည်။ ခန့်မှန်း ရလျှင် တိုက်ပွဲဝင်မည့် ဘိုလီဗီးယန်းရဲဘော်များနှင့် ချီတို့တစ်တွေ တစ်သွေး တည်း၊ တစ်သားတည်း ဖြစ်လာအောင် ပေါင်းစည်းရမည့်အရေးသည် အချိန် ကြာကြာယူမှသာ ဖြစ်နိုင်ပေလိမ့်မည်။



## ၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်မှ (၂၈) ရက်အထိ ချီ (ချေဂွေဗားရား) ၏ကြုံတွေ့ဖြစ်စဉ်များ

ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် စကားဝှက်ညှိနှိုင်းရန် နာတိုနှင့် အန်တိုနီယိုတို့ ချီထံ ရောက်လာသည်။ လူသွားလမ်းအနီး သစ်ပင်တစ်ပင် အောက်ရှိ ပုလင်းတစ်လုံးထဲတွင် ရန်သူအချက်ပေး ခလုတ်တစ်ခု တပ်ဆင် ထားသည်။ ဝန်စည်စလယ်များ ထမ်းပိုးရသည့်ဒဏ်ကြောင့် ဂျီအာကွင်း ကောင်းကောင်းချီတက်နိုင်ခြင်းမရှိသဖြင့် နောက်တန်းက ကင်းတပ်ဖွဲ့ရဲဘော် များ ချီတက်ရေးမှာ ဖင့်နွှေးစေခဲ့ရသည်။ ဖေဖော်ဝါရီလ (၂) ရက်မှာ ပင်ပန်းပြီး ခရီးမတွင်သောနေ့ ဖြစ်သည်။ ဆရာဝန်သည် ချီတက်နှုန်းကို အနည်းငယ် လျှော့ချလိုက်သည်။ (၄) နာရီတွင် သောက်သုံးရေရရှိမည့်နေရာကို ရောက်ရှိ ရပ်နားလိုက်သည်။ ရှေ့ပြေးတပ်ဖွဲ့သည်လည်း ခရီးမတွင်လှချေ။

ဖေဖော်ဝါရီလ (၃) ရက် နံနက်မိုးသောက်မှာ မိုးရွာသည်။ အေနိုက် စတိုသည် သွားလာရခက်ခဲသည်။ တောင်ကြားလမ်းများကို ဖြတ်သန်း လျှောက်လှမ်းရာ၌ ကြိုးရှည်ရှည်တစ်ချောင်းကို အသုံးပြုရသည်။ မနက်ဖြန်မှ ချီတက်ဖို့ ဆုံးဖြတ်လိုက်သည်။ ဖေဖော်ဝါရီလ (၄) ရက်မှာ ချီတို့သည် နံနက်မှ ညနေ (၄) နာရီအထိ မရပ်မနား ချီတက်ကြသည်။ ပင်ပန်းဆင်းရဲဒဏ်ကို

ရဲဘော်များ အလူးအလဲခံရသည်။ အာဟာရဟူ၍ စွပ်ပြုတ်သာ သောက်ကြရသည်။ (၁၅) ပေါင် အလေးချိန်စီးသော ဝန်ထုပ်ဖြင့် ချီတက်ခဲ့ရခြင်းကြောင့် ပခုံးတွေ ကျိန်းစပ်နေသည်။ ဖေဖော်ဝါရီ (၇) ရက်နေ့တွင် မနက် (၅) နာရီမှ ချီတက်လာကြသည်။ မြင်းမတစ်ကောင်နှင့် မြင်းငယ်တစ်ကောင် တွေ့ရှိရသည်။ ပေချိုး ရောက်လာပြီး မြစ်ကျယ်ကြီးကို တွေ့ခဲ့ရကြောင်း ဖြတ်ကူးရန် မဖြစ်နိုင်ကြောင်း သတင်းပို့လာသည်။ သွားရောက်စစ်ဆေးကြည့်ရှုရာ ရီယိုဂရန်ဒီမြစ်စစ်စစ်ဖြစ်ကြောင်း တွေ့ရလေသည်။ မနက်ဖြန်ကျမှ မြစ်ကြီးအနီးကို စူးစမ်းလေ့လာမည်။ အဖွဲ့တစ်ဖွဲ့ကို မြစ်ကို ဖြတ်ကူးခိုင်းဖို့ ကြံရွယ်ထားလိုက်ကြသည်။

ဖေဖော်ဝါရီလ (၆) ရက်နေ့တွင်အနားယူအားဖြည့်ကြရသည်။ ရဲဘော်အဖွဲ့တစ်ဖွဲ့က မြစ်ကို ဖြတ်ကူးရန် ကြိုးစားသော်လည်း မအောင်မြင်ကြ။ မွန်ဘိုတစ်ယောက် ကိုယ်လက်မအီမသာ ဖြစ်လာသည်။ နက်ဖြန် ဝါးဖောင်ဖွဲ့၍ မြစ်ကို ဖြတ်ကူးကြည့်ရပေမည်။ ဖေဖော်ဝါရီလ (၇) ရက်တွင် ဖောင်ကို မားကော့စ် ကြီးကြပ်မှုဖြင့် ဖွဲ့စည်းသည်။ ၂း၃၀ တွင် မြစ်ကို ဖောင်နှင့် ဖြတ်ကူးသည်။ ရှေ့ပြေးတပ်ဖွဲ့ကို ဖောင်ဖြင့်နှစ်ခေါက် သယ်ယူရသည်။ ရူဘီရိုဖောင်ကို လှော်ခတ်ရာမကျွမ်းကျင်၍ရေစုန်မှာမျောသွားသည်။လိုက်ဆယ်၍မရတော့။ ဂျိုအာကွင်းက ဖောင်အသစ်ဆောက်လုပ်ရာ ည (၉) နာရီမှာ ပြီးသွားသည်။

ဗဟိုစစ်ကြောင်းမှ ရဲဘော်များနှင့် ချီတို့ ဒီဘက်ကမ်းမှာ ကျန်ရစ်ခဲ့သည်။ မြေကြီးပေါ်တွင်ပင် ဖြစ်သလို အိပ်စက်ကြရသည်။ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် အင်တီး၏ တပည့်ဟန်ဆောင်ကာ ချီသည် လယ်သမားကြီးများနှင့် သွားရောက်တွေ့ဆုံခဲ့သည်။ လယ်သမားကြီးများမှာ ရိုးရိုးအအ၊ ထုံထုံထိုင်းထိုင်းကြီးများ ဖြစ်သည်။ ပြောက်ကျားက ဒါဆို ဒါ၊ အစိုးရစစ်တပ်က ဟိုဟာဆို ဟိုဟာ လိုက်လုပ်ကြမှာပင်။ ပါးစပ်လုံကြမှာမဟုတ်။ ပြောက်ကျားတပ်အတွက် မိတ်ဆွေဖြစ်သလို သစ္စာဖောက် ဖော်ကောင်တွေလည်း ဖြစ်လာနိုင်သည်။

ဆရာဝန်ကသန်းရောဂါစွဲကပ်နေသောကလေးငယ်တချို့နှင့်မြင်းကန်ခံထားရသော လယ်သမားတစ်ဦးကို ဆေးဝါးကုသပေးသည်။ ချီတို့ ထွက်လာခဲ့ကြသည်။ ညနေပိုင်းတွင် ပြောင်းဖူးစေ့အမှုန့်များဖြင့် ပြုလုပ်သော မုန့်တွေ စားသောက်ကြသည်။ ဖေဖော်ဝါရီ (၁၁) ရက်နေ့သည် ချီ၏ဖခင်ကြီး မွေးနေ့ ဖြစ်သည်။ မြင်းများပေါ်သို့ ဝန်စည်စလယ်တွေ တင်နေသော တောင်သူလယ်သမားများက ချီတို့ကိုမြင်တွေ့သွားသည်။ ချီတို့ အနေအထိုင် အသွားအလာ ဆင်ခြင်ရတော့သည်။ လယ်သမားကြီးများ အဆိုအရ ချီတို့ ရောက်နေရာသည် အာရီနေလီဒေသမှ ၄၈၀၀ (၃ မိုင်ခန့်) မီတာနစ်ပြန်ခရီးမျှ ရှိကြောင်း ခန့်မှန်းရမိသည်။ ဖေဖော်ဝါရီလ (၁၂) ရက်တွင် ခပ်မြန်မြန်လေး ချီတက်ဖြစ်သည်။ ညနေ (၄) နာရီတွင် လမ်းမကျယ်ကြီးရှိရာကို ရောက်ရှိခဲ့သည်။ ရိုဂျားပြောပြခဲ့သည့်ပွန်တာနီ၏အိမ်သည်ဤဘက်ကမ်း၌ရှိနေသည်။အင်တီးနှင့် ကိုးကိုးတို့ ပွန်တာနီအိမ်ကို ရှာဖွေတွေ့ရှိသည်။ အိမ်တွင် လူမရှိကြ။

ည၇း၃၀တွင်ညချီတက်ခရီးထွက်၏။ပွန်တာနီအိမ်ကိုထပ်သွားကြည့်သောအခါ အရက်မူးနေသူများသာ တွေ့ရသည်။ ဆက်ဆံရေးမကောင်း၊ ပြောင်းဖူးစေ့တွေသာ ရှိ၏။ ခင်တန်းတောအုပ်မှာပင် နားနေအိပ်စက်ရန် ဆုံးဖြတ်လိုက်သည်။ ပြောင်းဖူးမှုန့်နှင့် မတည့်၍ ချီ ဘာမှမစားရ။ ပင်ပန်းလှပါဘိတော့။ ဖေဖော်ဝါရီလ (၁၃) ရက်တွင် မိုးသဲကြီးမဲကြီး ရွာနေ၏။ ချောင်းရေလျှံကုန်၏။ ပွန်တာနီသည် အသက် (၁၆) နှစ်သာရှိသော လူငယ်လေးဖြစ်သည်။သူကဒေသနှင့်မြစ်အခြေအနေကိုစေ့ငှစွာပြောပြသည်။ချီတို့သည် မြစ်ချောင်းငယ်နှင့် ပြောင်းခင်းအနီးမှ ယာယီစခန်းချလိုက်ကြသည်။ ဖေဖော်ဝါရီ (၁၄) ရက်မှာတော့ သန်းတွေနဲ့သာ အချိန်ကုန်ရသည်။ ပွန်တာနီသည် စခန်းသို့ (၃) ကြိမ် လာရောက်ပြီး သတိပေးစကား ပြောကြားသွားသည်။ လူတစ်စုသည် မြစ်ဟိုဘက်ကမ်းကိုကူးသွားကြောင်း၊ ဝက်တွေဝယ်သွားကြောင်း၊ သည်ထက်ပို၍ ဘာမှမသိရကြောင်း ပြောပြသည်။ ဟာဗားနားမှ လာသည့် ရေဒီယိုသတင်းရှည်ကြီးမှ စကားဝှက်နှင့် ပို့ပေးသော အမိက အကြောင်းအရာများမှာ ကိုလီနှင့် ကိုယ်တိုင်တွေ့ဆုံခဲ့သည် ဟူသောသတင်း။

ကိုလီကဆိုသည်မှာ တောင်အမေရိက တိုက်ကြီးတစ်တိုက်လုံးနှင့် သက်ဆိုင်သည့် ဝန်တာများအကြောင်းကို မဆွေးနွေးခဲ့ရကြောင်း၊ ထို့ကြောင့် သူသည် စီမံကိန်းတစ်ရပ်တွင် ချီတို့နှင့် ပူးပေါင်းဆောင် ရွက်မည့်အကြောင်း၊ ထိုသည်ကို သက်သေပြသည့်အနေဖြင့် ချီတို့ထံ ရောက်လာမည့်သူများထဲတွင် ရာမီရက် ဆိုသူ ပါလာမည်ဖြစ်ကြောင်း သတင်းပါးခဲ့၏။ ဆိုင်ပွန်သည် သူ့အပေါ် ပါတီက မည်သို့ပင် အရေးယူသည်ဖြစ်စေ ချီတို့ကို ကူညီရန်ဆုံးဖြတ်ထားကြောင်း သတင်းပို့ခဲ့သေးသည်။

အယ်လ်ဖရွန်းစစ်(ပြင်သစ်လူမျိုး ဒီဘရေး)သည် (၂၃) ရက်နေ့တွင် လာပက်ဇ်မြို့သို့ ရောက်လာမည်ဖြစ်ပြီး ပါရေးဂျား(သို့) ရီယာ၏အိမ်၌ တည်းခိုမည့် အကြောင်းကြားချက် ပါရှိခဲ့၏။ ရင်ကြားစေ့ ထိုးစစ်အသစ်ကို ချီတို့ မည်သို့ရင်ဆိုင်ရမည်ကိုစောင့်ကြည့်ရပေဦးမည်။ ဖေဖော်ဝါရီလ (၁၅) ရက်မှာ ထူးခြားဖြစ်စဉ်မရှိသောနေ့ဖြစ်ပြီး (၁၆) ရက်တွင်လည်း နယ်မြေဒေသစူးစမ်းခြင်းနှင့် လယ်သမားအချို့နှင့် စကားပြောခြင်းသာ ရှိခဲ့သည်။ ဖေဖော်ဝါရီလ (၁၇) ရက်တွင်လည်း ထူးခြားမှုမရှိချေ။ ဖေဖော်ဝါရီလ (၁၈) ရက်နေ့တွင် တောင်ပေါ်ရောက်ရှိခဲ့သည်။ တစ်ဖက်တွင် ချောက်ကမ်းပါးများသာ ရှိလေသည်။ ထူးခြားဖြစ်စဉ်မရှိ။ ဖေဖော်ဝါရီ၁၉၊ ၂၀၊ ၂၁ မှာလည်းနယ်မြေစူးစမ်းရေးသာ ရှိပြီး အင်တီး ဖျားတာနာတာလောက်သာ ရှိခဲ့သည်။ ဖေဖော်ဝါရီလ (၂၂) ရက်တွင် တောင်ထိပ်၌ အနားယူစခန်းချဖြစ်သည်။ ဖေဖော်ဝါရီ (၂၃) ရက်မှ (၂၇) ရက်နေ့အထိ ရဲဘော်ဘင်ဂျမင် ချောက်ကမ်းပါးထဲ ခြေချော်ပြုတ်ကျသေဆုံးခြင်း၊ ရဲဘော်အချင်းချင်း စိတ်ဝမ်းကွဲကာ စကားများခြင်း၊ စားနပ်ရိက္ခာပြတ်လပ်ခြင်း၊ နယ်မြေဒေသ စူးစမ်းရှာဖွေခြင်းတွေသာ ဖြစ်ပွားခဲ့ကြသည်။ ဖေဖော်ဝါရီလ (၂၈) ရက်တွင် မစ်ဂွယ်၊ အင်တီးနှင့် လိုရိုတို့ ရီဆီကာမြစ်ညာသို့ မြစ်ရိုးအတိုင်း ချီတက်သွားကြသည်။ မြစ်ကို ဖောင်ဖွဲ့ဖြတ်ကူးကြသည်။ ဖောင်မျောသွား၍ ဖြတ်ကူးရေး မအောင်မြင်ပေ။

လချုပ်သုံးသပ်ချက်အရ ချီတို့စခန်းမှ မည်သည့်သတင်းမှ မရ။ အာဂျင်တီးနား ရဲဘော်များထံမှသော်လည်းကောင်း၊ ချီနိထံမှသော်လည်းကောင်း

ဘာသတင်းမျှမရရှိ။ ပါတီ၏သဘောထားက တည်တံ့မှုမရှိ။ ခရီးရှည်ချီတက်မှု ကောင်းစွာ ဖြစ်မြောက်သည်ဟု ပြောရမည်။ နောက်တစ်ဆင့် ခြေလှမ်းများက ချီတို့ဘဝတွေကို အဆုံးအဖြတ်ပေးမည့် လက်နက်ကိုင်တိုက်ပွဲဝင်ရေးသာဖြစ်သည်။



## ၁၉၆၇ ခုနှစ်၊ မတ်လ (၁) ရက်မှ (၃၁) ရက်နေ့အထိ ချီ(ချေဂွေဗားရား)၏ ကြုံတွေ့ဖြစ်စဉ်များ

မတ်လ (၁) ရက်နေ့ (၁၈) ရက်နေ့အထိ ထူးခြားဖြစ်စဉ်ကြီး ကြီးကြီးမားမားမရှိခဲ့ကြ။ ချီတက်ခြင်း၊ နယ်မြေစူးစမ်းခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း၊ ရိက္ခာရှာဖွေခြင်း၊ ရဲဘော်များ စိတ်ဝမ်းကွဲပြားမှုကို ဖြန်ဖြေစေ့စပ်ပေးခြင်း၊ အပြစ်လုပ်သူများကို အပြစ်ပေး အရေးယူခြင်း စသည်တို့ဖြင့်သာ အချိန်ကုန်ဆုံးခဲ့ကြသည်။ မတ် (၁၉) ရက်နေ့မှာတော့ နီဂရိုးအမျိုးသားဆရာဝန်က ချီတို့ကို စောင့်မျှော်ကြိုဆိုခဲ့သည်။ နီဂရိုးသည် ချီနီနှင့် တယ်လီဂရပ် ကြေးနန်းရိုက်တတ်သူနှင့်အတူ ဤစခန်းသို့ ရောက်ရှိလာသူဖြစ်သည်။ သူ့အပြောအရ ဘီနစ်နီသည် စခန်းတွင် အစားအစာများ ပြင်ဆင်၍ ချီတို့ကို စောင့်နေကြောင်း၊ ဂွေဗားရား၏တပည့်နှစ်ဦးစခန်းမှ ထွက်ပြေးသွားကြောင်းပုလိပ်များသည် လယ်တောအိမ်တွင် ခြေရှုပ်နေကြောင်း သိရှိခဲ့ရသည်။ လေယာဉ်ငယ်တစ်စီး သုံးရက်တိုင်တိုင် မရပ်မနား ပျံသန်းထောက်လှမ်းနေကြောင်း၊ စစ်တပ်ကလည်း မြစ်ကြောင်းအတိုင်း ချီတက်လာနိုင်သည့် အန္တရာယ်ရှိကြောင်းတွေကိုပါ ရှင်းလင်းတင်ပြပြန်သည်။ လယ်တောစခန်းကို လူ (၆) ဦးက စီးနင်းတိုက်ခိုက်တာကို မျက်ဝါးထင်ထင်မြင်ခဲ့သူမှာ နီဂရိုးဆရာဝန်ဖြစ်သည်။

မတ်လ (၂၀) ရက်တွင် မားကော့စ်ထံမှ သတင်းပို့ချက်ကို ပေချီးက ယူဆောင်လာသည်။ စစ်သား (၆၀) သည် အယ်လ်ဗာလေဂရန်းဒီနို၏ လှုပ်ရှားသွားလာရာ လမ်းကြောင်းအတိုင်းဝင်လာပြီး ငွေဗားရား၏ရဲဘော်တစ်ဦးကို ဖမ်းဆီးရမိသွားကြောင်း၊ အခြေအနေ ရှုပ်ထွေးလာနိုင်ကြောင်း၊ လားတစ်ကောင်ကို ဖမ်းဆီးသွားပြီး ဂျစ်ကားသည်လည်း ပျောက်ဆုံးသွားကြောင်းတွေ သတင်းရရှိသည်။ လူအင်အား၊ လက်နက်အင်အား စုဆောင်းဖြစ်ကြသည်။ လိုရိုသည် စခန်းသို့ ရောက်ရှိလာကာ စစ်သားတစ်ဦးကို သုတ်သင်ခဲ့ကြောင်း အစီရင်ခံလေသည်။ မတ်လ (၂၁) ရက်မှ (၂၂) ရက်မှာ စစ်ရေးပြင်ဆင်မှုများပြုလုပ်ဖြစ်၏။ အစည်းအဝေးပွဲ ပြုလုပ်ရာတွင် ပေါက်ကွဲလုမတတ် တင်းမာမှုတွေ ဖြစ်ခဲ့ကြသည်။

မတ်လ (၂၃) ရက်မှာတိုက်ပွဲဝင်ရသောနေ့တစ်နေ့သာဖြစ်ချေ၏။ (၈) နာရီကျော်တွင် ကိုးကိုးသည် အပြေးအလွှား ရောက်ရှိလာပြီး ရန်သူတပ်စိတ်တစ်စိတ်ကို ချုံခိုတိုက်ခိုက်လိုက်ကြောင်း သတင်းပို့သည်။ (၆၀) မမ မော်တာ (၃) လက်၊ မော်တာသေနတ်(၁၆)လက်၊ ဘဇူကာ (၂) လက်၊ ရေဒီယို (၂) လုံး၊ စာစောင် (၃) စောင်၊ ဖိနပ် စသည်တို့ ရရှိလိုက်သည်။ ရန်သူဘက်မှ ကျဆုံးသူ (၇) ဦး၊ ဒဏ်ရာမရရှိသော သုံ့ပန်း (၁၄) ဦးနှင့် ဒဏ်ရာရသုံ့ပန်း (၄) ဦးတို့ ဖြစ်ကြသည်။ အစားအစာရိက္ခာများ မရရှိကြ။ ချီသည် တပ်ဖွဲ့ဝင်များအား အလျင်အမြန်ရွှေ့လျားလိုက်သည်။မာကော့စ်ဦးဆောင်တပ်ကိုလမ်း၏အစွန်းတစ်ဖက်တွင် တပ်စွဲခိုင်းလိုက်သည်။ ဗဟိုရုံးတပ်ဖွဲ့ဝင်များနှင့် နောက်တန်းကင်းတပ်ကို ခံစစ်တာဝန်ယူခိုင်းလိုက်သည်။ မနက်ဖြန်တွင် ရန်သူ၏ နာမည်ကျော် ရိန်းဂျားတောနင်းတပ်ဖွဲ့များ လာမလာ စောင့်ကြည့်ရဦးမည်။

ချီနိုပေးပို့လိုက်သော သတင်းပို့ချက်တွင် ဒီဘရေး၏ခရီးစဉ်ကို ဖော်ပြထားသည်။ ဒေါ်လာ ၆၀၀၀၀ ကီစွ၊ ချီနိုတောင်းခံခဲ့သော ပစ္စည်းအကြောင်းလည်း ပါဝင်သည်။ နေရာအတော်များများတွင် မိတ်ိုအဖွဲ့များ ဖွဲ့စည်းရန် အခြေအနေပေးခြင်း၊ ဆန်းချဲ၏ သတင်းပို့ဆက်သွယ်မှုကို လက်ခံရရှိသည်။ မတ်လ (၂၄) တွင် စစ်သုံ့ပန်းများကို တွေ့ဆုံစကားပြောပြီး ပြန်လွှတ်ပေးလိုက်သည်။

မတ်လ (၂၅) ရက်တွင် ချီတို့တပ်ကို ဘိုလီဗီးယားအမျိုးသားလွတ်မြောက်ရေး တပ်မတော်ဟု အမည်ပေးလိုက်ကြသည်။ မတ်လ (၂၆) ရက်တွင် ရိကာ့ဒ အတွက် နွားမတစ်ကောင်ဖမ်းဆီးဖို့သွားသည့် ရဲဘော်များမှာ စစ်သားများနှင့် ထိပ်တိုက်တိုးမိကြသည်။ စစ်သားများ မတွေ့ခင် ပြန်လှည့်ရှောင်နိုင်ခဲ့ကြ သည်။ လွင်တီးခေါင်နေရာတွင် ကင်းစခန်းချထားသည့် စစ်သားတွေကို ရဟတ်ယာဉ်နှင့် အသယ်အပို့လုပ်နေကြောင်း၊ စစ်သား (၃၀-၄၀) မျှ ရှိကြောင်း အာဂါရာနက်ကင်းစခန်းမှ တွေ့မြင်ကြရသည်။

မတ်လ (၂၇) ရက်တွင် ဘိုလီဗီးယားသမ္မတ ဘာရီယန်တော့စ်က ပြုလုပ်သည့် သတင်းစာ ကွန်ဖရင့်သတင်းလည်း ပါလာသည်။ သတင်းအမျိုး မျိုးလည်း ထွက်ပေါ်နေသည်။ ချီတို့၏ ထုတ်ပြန်ကြေညာချက် အမှတ် (၁) ကို ရေးသားပြီးပြီ။ ကမ်မီရီရှိ သတင်းစာဆရာများထံ အရောက်ပို့ပေးဖို့ ကြိုးစား ရဦးမည်။ မတ်လ (၂၈) ရက်တွင်ရေဒီယိုအသံလွှင့်ချက်ကပြောက်ကျားတပ်ဖွဲ့ အကြောင်းတွေ ထပ်တလဲလဲလွှင့်နေသည်။ ချီတို့၏ ပတ်ပတ်လည် ၁၂၀ ကီလိုမီတာမှ ရန်သူစစ်သား ၂၀၀၀ ခန့်ဝိုင်းရံထားသည်။ ရန်သူများကတဖြည်း ဖြည်း ကျဉ်းကျုံ့ပြီး ချီတို့ကို ဖိစီးလာနေသည်။ နပန်းမီးလောင်ပုံးများပင် ကြဲချ တိုက်ခိုက်လေသည်။ ချီတို့ဘက်မှ (၁၅) ဦးကျဆုံးခဲ့လေပြီ။ မတ်လ (၂၉) တွင် သတင်းများသာ တိုက်ပွဲဖြစ်ပွားနေသည်။ တောင်အမေရိကတိုက်ရှိ နိုင်ငံများ အဖွဲ့ချုပ်က ဗင်နီဇွဲလားနိုင်ငံ၏ လှုပ်ရှားမှုကို ထောက်ခံကြောင်း ကြေညာချက် ထုတ်ပြန်သည်။ ချီက စခန်းပြောင်းရွှေ့ဖို့ စိုင်းပြင်းမိသည်။

မတ်လ (၃၀) ရက်တွင် ဘီနစ်နီနှင့် သူ့ရဲဘော်များ နံနက် (၉) နာရီတွင် ပြန်ရောက်လာကြသည်။ လေယာဉ်ပျံများသည် တဲအိမ်ငယ်လေးကို စက် သေနတ်များဖြင့် ပစ်ခတ်ချေမှုန်းနေလေသည်။ ချန်ထားခဲ့သော မြင်းမကို မောင်းယူလာနိုင်ခဲ့သည်။ ရိကာ့ဒ (၄) ရက်စာ ဖူလုံသွားလေပြီ။ ရှေ့ပြေးတပ် သည်စစ်ဆင်ရေး (၂) ရပ်အတွက် ကွာခြားသွားရမည်။ ဂူတီယာရက်ကိုစီးနင်း တိုက်ခိုက်မည်။ မတ်လ (၃၁) ရက်တွင် လယ်တောစခန်းအားမော်တာများဖြင့် ပစ်ခတ်ခြင်း လေယာဉ်ဖြင့် ပစ်ခတ်ခြင်းများ ပြုလုပ်ကာ အစိုးရစစ်သားများက

ဝင်ရောက်သိမ်းပိုက်လိုက်ကြောင်း အင်တီးနှင့် ရီကာဒိုတို့က သတင်းပို့သည်။ ချီသည် တိုက်ပွဲအတွက် သူ့ရဲဘော်တွေကို အစီအစဉ်ချပေးသည်။ ညအချိန်တွင် ဆွေးနွေးပွဲ ပြုလုပ်သည်။ လိုရိုက ချီတို့တပ်အခြေအနေ ယိမ်းယိုင်နေကြောင်း တင်ပြသည်။ ပြောက်ကျားတပ်ဖွဲ့၏ အထွေထွေသော ယိုယွင်းမှု တင်ပြချက်များကို ချီက လက်မခံနိုင်ပေ။

လချုပ်သုံးသပ်ချက်အားဖြင့် စစ်သားကောင်းများ ရရှိရေး ကြိုးပမ်းရမည်။ ကျူဘားမှရဲဘော်များကိုပြောက်ကျားတပ်နှင့်ပေါင်းစည်းမှုမှာနေးကွေးသည်။ လယ်သမားများကိုပြောင်းရွှေ့ရင်းအားအင်စုစည်းမှုလုပ်ဆောင်ရမည်။ အမြန်ဆုံး ဆုတ်ခွာရမည်။ အရန်တပ်ဖွဲ့ကို ချန်ထားခဲ့ရမည်။ သတင်းပေးလေးဦးလောက် ရန်သူ့လက်တွင်း ရောက်သွားသည်ကို လျစ်လျူရှုရပေတော့မည်။ အကဲစမ်းပွဲအောင်မြင်ပါက အရာရာအဆင်ပြေလာလိမ့်မည်ဟု မျှော်လင့်မိသည်။ ဖွဲ့စည်းပုံအရ ရှေ့တန်းတပ်ဖွဲ့၊ နောက်တန်းတပ်ဖွဲ့၊ ဗဟိုရုံးတပ်ဖွဲ့များ ဖွဲ့စည်းဖြစ်လေသည်။



## ၁၉၆၇ ခုနှစ်၊ ဧပြီလ (၁၀) ရက်မှ စက်တင်ဘာလကုန် အထိ ချီ (ချေဂွေဗားရား) ၏ ထူးခြားမှုကြုံတွေ့ဖြစ်စဉ်များ

ဧပြီလ (၁၀) ရက်နေ့တွင် ချီတို့၏ ချုံခိုတိုက်ခိုက်သည့် ပြောက်ကျား တပ်ဖွဲ့လက်ချက်ကြောင့် ရန်သူတပ်စုတစ်စု ရှုံးနိမ့်သွားသည်။ ရန်သူ (၇) ဦး သေဆုံး၏။ (၅) ဦး ဒဏ်ရာရရှိကာ (၂၂) ဦး ဖမ်းဆီးခံရသည်။ ဧပြီလ (၂၅) တွင် ရှေ့တန်းကင်းအဖွဲ့မှ ပွန်ဘိုရောက်ရှိလာပြီး ရန်သူစစ်သား (၃၀) ခန့် ချီတို့ စခန်းဘက်ကို ချီတက်လာကြောင်း သတင်းပို့သည်။

ကင်းမျှော်စင်တွင်ကျန်ခဲ့သော အန်တိုနီယို ထပ်မံရောက်လာစဉ် စစ်သား (၆၀) ခန့် ချီတက်လာရန် တာစူနေကြောင်း သတင်းပို့ပြန်သည်။ စခန်းမရောက် မီလမ်းဘေးတစ်နေရာမှ ချုံခိုတိုက်ခိုက်ရန် နေရာယူကြသည်။ ခဏကြာတွင် ရန်သူ၏ ရှေ့ပြေးစစ်သားတွေ ရောက်လာသည်။ ဂျာမန် သိုးစောင့်ခွေးသုံးကောင်နှင့် သူတို့သခင်ဖြစ်သူတို့ ချီတက်လာသည်။ ချီတို့ အံ့သြသွားကြသည်။ ဂျာမန်ခွေးတွေ မာန်တဖီဖီဖြစ်နေ၍ ခွေးတစ်ကောင်ကို ပစ်ချလိုက်သည်။ လွဲချော်သွားသည်။ လမ်းပြကို ထပ်ပစ်လိုက်ရာ သေနတ်

ဂျမ်းဖြစ်သွားသည်။ မစ်ဂွယ် ပစ်ချလိုက်ရာ ဂျာမန်ချွေး လဲကျသေဆုံးသွားသည်။ ရန်သူများမှာ ဖရိုဖရဲဖြစ်ကုန်၏။ ရိုလန်ဒိုကို ကျည်ထိသွားသည်။ ချက်ကောင်းထိမှန်၍ ရိုလန်ဒို ကျဆုံးသွား၏။ အားထားရသော ရဲဘော်မို့ နမြောတသမိသည်။ ရန်သူတပ်တွေက ရေကြောင်း၊ မြစ်လမ်းဘေး ကုန်းကြောင်းကို ပိုင်းရံပိတ်ဆို့ထားပြီးဖြစ်သဖြင့် ချီတို့ တောင်ပေါ်ကိုသာ တပ်ဆုတ်ရတော့သည်။ ဤတိုက်ပွဲသည် ချီတို့အတွက် အနုတ်လက္ခဏာပြသွားသည်။ ပိုင်းရံပိတ်ဆို့မှု ခံရသည်။ ရန်သူတပ်များအနေဖြင့် ဖွတ်အတင်း မတက်ရဲသေးတာသာ ရှိ၏။ ထိုလ၏ လချုပ်သုံးသပ်ချက်အရ ရိုလန်ဒို ဆုံးရှုံးရခြင်း၊ ဂျီအာကွင်းရဲ့တပ်နှင့် အဆက်အသွယ် ပြတ်တောက်သွားခြင်း၊ တောင်သူလယ်သမားများ လာရောက်ပူးပေါင်းမှု မရှိသေးခြင်း၊ ရဲဘော်လိုရို ပျောက်ဆုံးသွားခြင်းတွေ ဆုံးရှုံးရသည်။ ရန်သူတပ်သည် တောတောင်ထဲ သတိကြီးစွာထား၍ ဝင်ကြတော့မည်။ အမေရိကန်တပ်သားများ ရန်သူဘက်မှ ပါဝင်တိုက်ခိုက်လာကြပြီ။ ရန်သူစစ်တပ်မှ စစ်ရေးအတတ်ပညာ တိုးတက်မှု ရှိလာသည်။ စာရင်းချုပ်လိုက်သော် ပြောက်ကျားတိုက်ပွဲတွေ ဆက်တိုက်ဖြစ်ပေါ်လာတော့မည်။ အခြေခံစမ်းသပ် စစ်ဆေးမှုများကို အောင်မြင်စွာ ကျော်လွှားနိုင်၍ ရဲဘော်တွေ စိတ်ဓာတ်အင်အားမြင့်မားနေကြသည်။ မေလ (၄) ရက်နေ့တွင် ခြေထောက်ဒဏ်ရာ ရရှိခဲ့သည့် လိုရိုကို စစ်တပ်က ဖမ်းဆီးရမိကြောင်း ကြေညာသည်။ လိုရို၏ အစစ်ခံချက်များမှာ မဆိုးလှသေးချေ။ မေလ (၅) ရက်တွင် ကမ်မီရီရို စစ်ခုံရုံးမှ ဒီဘရေးကို ပြောက်ကျားတပ်၏ စည်းရုံးရေးတာဝန်ခံ (သို့) ခေါင်းဆောင်အဖြစ် မှတ်ယူကာစစ်ဆေးသည်ဟူသော သတင်းထွက်ပေါ်လာသည်။

မေလ (၈) ရက်နေ့တွင် ရန်သူစစ်သား (၂) ဦးကို ဖမ်းဆီးရမိသည်။ မြစ်နားအထိ ရောက်လာထောက်လှမ်းသော စစ်သား (၂၇) ဦးနှင့် တိုက်ပွဲဖြစ်သည်။ ဒုဗိုလ် လိုရဲဒိုး ခေါင်းဆောင်သော ရန်သူစစ်သားတစ်စု ရှေ့သို့ချီတက်လာရာ သေနတ်ထိမှန်ပြီး နေရာမှာတင် ပွဲချင်းပြီး သေဆုံးသွားသည်။ စစ်သား (၂) ဦးလည်း ကျဆုံးသွားသည်။ ရန်သူဘက်မှ သုံးဦးကျဆုံးပြီး (၁၀) ဦးအဖမ်း

ခံရသည်။ အဖမ်းခံရသူထဲတွင် ဒဏ်ရာရသူ (၂) ဦး ပါဝင်သည်။ အမ် (၁) သေနတ် (၇) လက်၊ မော်ဇာသေနတ် (၄)လက်၊ အသုံးအဆောင်ကိရိယာများ၊ ခဲယမ်းမီးကျောက်များ ဖမ်းဆီးရမိခဲ့သည်။ မေလ (၃၁) ရက်တွင် စစ်တပ်ထရပ်ကားနှစ်စီးကိုတွေ့၍ အလျင်အမြန်ချုံခိုတိုက်ပွဲ ဆင်နွှဲလိုက်ရာ ရန်သူနှစ်ဦး ထိခိုက်ဒဏ်ရာရသွားသည်။ ဓာတ်ဆီမရှိ၍ ကျင်ငယ်ရေကို ရေနှင့် ရောမောင်းရသော ဂျစ်ကားမှာ ဖွတ်ချက် ဖွတ်ချက် အသံပေးမောင်းနှင်ရာက ထိုးရပ်သွားသည်။ မနက်ဖြန်တွင် တောင်ပေါ်သို့တက်ရန်အတွက် မီးရထားသံလမ်းကို ဖြတ်ကျော်ရန် ရည်ရွယ်ထားသည်။ လချုပ်သုံးသပ်ချက် အရဆိုလျှင် တောင်ပေါ်ဒေသများသို့ ဖြတ်သန်းချီတက်ခဲ့သည့် ချီတို့အဖွဲ့ အနတ်လက္ခဏာပြသည့် အကြောင်းရပ်မှာ ဂျီအာကွင်းနှင့် အဆက်အသွယ်ရအောင် မပြုလုပ်နိုင်ခြင်း ဖြစ်သည်။ စစ်ရေးရှုထောင့်အရဆိုလျှင် ရန်သူ့ဘက်တွင်သာ ဆုံးရှုံးမှု ဖြစ်စေခဲ့သည်။ တိုက်ပွဲအသစ် (၃) ပွဲ ဆင်နွှဲနိုင်ခြင်းသည် လည်းကောင်း၊ ပီရီရင်ဒါမြို့နယ်နှင့် ကာရာဂွါရင်ဒါ မြို့နယ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းသည် လည်းကောင်း စစ်ရေးအရ အောင်မြင်သည်။ အရေးကြီးသော ထူးခြားချက်မှာ -

(၁) မနီလာနှင့် ဆက်သွယ်မှု ပြတ်တောက်နေသည်။ လာပက်ဇ်မြို့နှင့် ဂျီအာကွင်းတို့နှင့် အဆက်အသွယ်ပြတ်ခဲ့သဖြင့် ချီတို့တပ်ဖွဲ့တွင် လူ (၂၅) ဦးသာ ရှိတော့သည်။

(၂) တောင်သူလယ်သမားများသည် ချီတို့အပေါ်မယုံကြည်မှု၊ ကြောက်ရွံ့မှု လျော့နည်းလာသည်။ ကိုယ်တို့အပေါ် ချီးမွမ်းလာကြသော်လည်း သူတို့ကိုယ်တိုင် ပူးပေါင်းပါဝင်မှု လုံးဝမရှိသေးချေ။

(၃) "ကိုလေ" မှတစ်ဆင့် ပါတီသည် ချီတို့နှင့် ပူးပေါင်းလှုပ်ရှားရန် လမ်းခင်းလာသည်။ စိတ်ရင်းအတိုင်း ဖြစ်မည်ဟု ယူဆသည်။

(၄) ဒီဘရေးအမှုကို မကြာမကြာ ပုံကြီးချဲ့လာခြင်းသည် ချီတို့အတွက် စစ်ပွဲကြီး (၁၀) ပွဲ နိုင်လိုက်သလိုပင် ပို၍ အုတ်အော်သောင်းတင်း ဖြစ်စေသည်။

(၅) ပြောက်ကျားတပ်များ၏ စိတ်ဓာတ်ခိုင်မာ ရင့်ကျက်လာရာ ဤနည်း အတိုင်း မြဲမြဲနေပါက အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးနိုင်မှာ မလွဲ သေချာ၏။

(၆) စစ်တပ်၏ စစ်ဆင်ရေးမှာ ဖရိုဖရဲသာဖြစ်သည်။ နည်းဗျူဟာညံ့ဖျင်းမှု များလည်း တိုးတက်မလာပေ။ ဤလအတွင်း ထူးသောသတင်းမှာ လိုရှိတစ်ယောက်ဖမ်းဆီးခြင်းခံနေရရာမှထွက်ပြေးလွတ်မြောက်သွား ခြင်းပင် ဖြစ်သည်။ မာဆီကျူရီနယ်မြေတွင် ချီတို့ ပြောက်ကျားတပ် အား လက်ခံခဲ့သည့် တောင်သူလယ်သမားအားလုံး ဖမ်းဆီးခြင်း ခံရ ကြောင်း စစ်တပ်မှ ထုတ်ပြန်ကြေညာသည်။ စိတ်မကောင်းသော် လည်း ကူညီနိုင်မည့် အကြောင်းအရာ အင်အားပါမရှိ။

ဇွန်လ (၂၆) ရက်တွင် ချီအဖို့ ကံအကြောင်းမလှသော နေ့ဖြစ်သည်။ ဖလိုရီဒါမြို့သို့သွားရာလမ်းဘေးတစ်နေရာတွင်နေရာယူထားသောချုံခိုတပ်ဖွဲ့ ဝင်များအား အစားထိုးရန် ရဲဘော် (၅) ဦး စေလွှတ်ပြီးစဉ်တွင် ထိုအရပ်ဘက်မှ သေနတ်သံများ ကြားလိုက်ရသည်။ ချီတို့ မြင်းများစီးပြီး အစောတလျင် သွား ကြည့်ကြသည်။ သဲသောင်စပ်နေပူရှိန်တွင် စစ်သားငယ် (၄) ဦးလဲကျသေဆုံး နေသည်။ လက်နက်များကို ချီတို့ မကောက်ရဲသေး၊ ညမှောင်မှကောက်ဖို့ စောင့်ရမည်။ မစ်ဂွယ်က သူ့ဝဲဘက်မှ သစ်ကိုင်းငယ်များ လှုပ်ရှားကျိုးကျသံ ကြားရကြောင်း ရဲဘော်တစ်ဦးစေလွှတ်၍ သတင်းပို့သည်။ အန်တိုနီယိုနှင့် ပေချိုးတို့ ထိုနေရာသို့ ထွက်သွားကြည့်သည်။ ခဏလေးအကြာ ပစ်ခတ်သံ များ ထွက်ပေါ်လာသည်။ ချီက တပ်ဆုတ်ရန် အမိန့်ပေးလိုက်သည်။ ဒဏ်ရာရ သူ ရဲဘော်နှစ်ဦးကို သယ်ရ၍ တပ်ဆုတ်ရာ နှောင့်နှေးမှုရှိသည်။ ပွန်ဘိုခြေ ထောက်မှာ ဒဏ်ရာရသည်။ တူးမားက ဗိုက်မှာ ဒဏ်ရာရသည်။ အရေးတကြီး ခွဲစိတ်ကုသရန် အိမ်ကြီးရှိရာသို့ သယ်ဆောင်သွားကြသည်။ ပွန်ဘို၏ ဒဏ်ရာ မှာမပြင်းထန်။လမ်းမလျှောက်နိုင်ဖြစ်သွားသည်။တူးမား၏အသည်းမှာကြေမွ သွားသည်။ ခွဲစိတ်နေစဉ်အတွင်း သေဆုံးသွားသည်။ သစ္စာစောင့်သိသော ရဲဘော်ကောင်းတစ်ယောက် သေဆုံးရ၍ ချီ ရင်နင့်အောင် ဝမ်းနည်းမိသွား

သည်။ တူးမားကို ကောင်းစွာပြုပြန်ပေးလိုက်သည်။

ချီတို့တပ်ဖွဲ့မှ စပိုင်နှစ်ဦးကို ဖမ်းဆီးရမိသည်။ သူတို့ထံမှ အသုံးချ၍ရသမျှ ချွတ်ယူပြီး အတွင်းခံဘောင်းဘီဖြင့် ပြန်လွှတ်ပေးလိုက်သည်။ ဇွန်လ (၁၀) ရက်၊ အမြင့် ၁၈၆၀ မီတာတွင် နေထိုင်သော ဒွန်လူးကပ် အိမ်၌ စတည်းချစေသည်။ ဒီဘရေး၏ကြေညာချက်တွင် မှန်တာထက် အပိုကြွားလုံးတွေ ရောထွေးနေသည်။ သတ္တုတွင်းအလုပ်သမားတို့ ပုန်ကန်ထကြွရန် ကြံစည်မှုကို ချီက ဦးဆောင်သွေးထိုးခဲ့ကြောင်းတွေလည်း ပါဝင်နေသည်။ လချုပ်သုံးသပ်ချက်အရ ဂျီအာကွင်းနှင့် အဆက်အသွယ် မရရှိသေးခြင်းနှင့် လူအင်အားလျော့နည်းလာခြင်းများ၊ ဆိုးကျိုးများထွက်ပေါ်နေဆဲဖြစ်သည်။ ဤလအတွင်း တိုက်ပွဲငယ် (၂) ပွဲ တိုက်ခိုက်ခဲ့သည်။ အရေးကြီးဆုံးသော ထူးခြားမှုများမှာ -

(၁) အဆက်အသွယ် ပြတ်နေသည်။ လူအင်အား ၂၄ ဦးသာ ကျန်သည်။ ပွန်ဘိုက လမ်းမလျှောက်နိုင်။

(၂) တောင်သူလယ်သမားများ ပူးပေါင်းပါဝင်လာခြင်း မရှိသေး။

(၃) ပြောက်ကျားတပ်ဖွဲ့သတင်းသည် တစ်ဟုန်ထိုးကျော်ကြားလာသည်။ ချီတို့တစ်တွေ ထင်ရှားသော ပုဂ္ဂိုလ်တွေ ဖြစ်လို့လာကြသည်။

(၄) ပါတီနှင့်လည်း ဆက်သွယ်မှု မရရှိချေ။ ပေါ်လီနိုမှတစ်ဆင့် ဆက်သွယ်မှုရရန် ကြိုးစားထားသည်။

(၅) ဒီဘရေးက သတင်းသားကောင်းဖြစ်နေဆဲ။ ပြောက်ကျားလှုပ်ရှားမှု ခေါင်းဆောင်ချီဆိုတာကိုထုတ်ဖော်လိုက်၍အများတကာသိရှိလာကြသည်။ ဤအချက်ပေါ်မူတည်၍ အစိုးရ၏ ခြေလှမ်းကို စောင့်ကြည့်ရပေမည်။ အဖြေမှာ အကောင်းအဆိုး၊ နှစ်မျိုးထဲက တစ်မျိုးရယ်သာ။

(၆) ပြောက်ကျားများစိတ်ဓာတ်ခိုင်မာနေဆဲ။ တိုက်ပွဲတွင် ကျူဘားရဲဘော်များသည် စံပြဖြစ်လာသည်။ ဘိုလီဗီးယန်းရဲဘော်များထဲမှ နှစ်ဦးသုံးဦးသာ အားနည်းနေသေးကြောင်း တွေ့ပါသည်။

(၇) စစ်တပ်၏စစ်ရေးလုပ်ဆောင်မှုမှာ သုညသာရှိနေသည်။ သူတို့က တောင်သူလယ်သမားများအပေါ် ချဉ်းကပ်စည်းရုံးရေး အားပိုကောင်း

သည်။ခြိမ်းခြောက်နည်း၊လိမ်ညာနည်း၊အတင်းအကျပ်ဖိအားပေးခြင်းများဖြင့် သူတို့၏ သတင်းပေးများဖြစ်အောင် ပြောင်းလဲပြုပြင်နိုင်စွမ်းရှိကြသည်။

(၈) သတ္တုတွင်းများ၌ ဆန္ဒပြမှုများဖြစ်ပွားရခြင်းသည်။ ချီတို့ ဘာဆက်လုပ်ရမည်ကို မီးမောင်းထိုးပြလိုက်သလိုပင် ချီတို့ ကြွေးကြော်သံသာ ပျံ့နှံ့ခဲ့သော် ချီတို့အဖို့ လမ်းရှင်းပြီးသား ဖြစ်လေပြီ။ အမြန်ဆောင်ရွက်ရမည်မှာ လာပက်ဇ်မြို့နှင့် အဆက်အသွယ်ရရှိရေး၊ စစ်အသုံးအဆောင်များ၊ ဆေးဝါးများ ပြန်လည်ဖြည့်တင်းရေး၊ မြို့ပေါ်မှ လူ ၅၀ မှ လူ ၁၀၀ ထိ ပူးပေါင်းတိုက်ပွဲဝင်လာရေးပင် ဖြစ်သည်။ လက်ကျန်ရဲဘော်မှာ ၁၀ ဦးမှ ၂၅ ဦးအထိ ကျန်သော်လည်း ပူစရာလိုမည်မထင်ချေ။

ဇူလိုင်လ (၁၅) ရက်တွင် သမ္မတဘာရီယန်တော့စ်က ပြောက်ကျားသူပုန်တွေကို နာရီအနည်းငယ်အတွင်း ချေမှုန်းပစ်မည့် စင်တီယာစစ်ဆင်ရေးဆင်နွှဲမည့်သတင်းကို ရေဒီယိုမှ ကြေညာသွားသည်။ ဇူလိုင်လ (၂၀) ရက်တွင် ချီတို့သည် ဖလိုရီဒါမြို့သို့ ထွက်ခွာခဲ့ကြသည့် ချုံခိုတိုက်ပွဲတစ်ပွဲ၌ စစ်တပ်ဘက်မှ လူသုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရသွားသည်။ ဇူလိုင်လ (၃၀) ရက်တွင် ချီမှာ ရင်ကျပ်ရောဂါ ပြန်ထသည့်ဒဏ်ကို လိုမ့်ခံနေရသည်။ မိုရိုသည် ကင်းတာဝန်လဲရန် မစ်ဂွယ်နှင့်အတူ လာသမျှလူကို ဖမ်းဆီးရန် ထွက်သွားသည်။ သိပ်မကြာခင်မှာ သေနတ်သံများ ကြားလိုက်ရသည်။ ခဏအကြာတွင် ဒဏ်ရာရသွားသော စစ်သားတစ်ဦးထံမှ M-1 တစ်လက်နှင့် ကျည်ကပ်ထည့်ခါးပတ်ကိုယူပြီး မစ်ဂွယ်ပြန်ရောက်လာသည်။ မိုရိုကိုမြို့တွင် စစ်သား ၁၅၀ ခန့်ရှိပြီး ၂၅ ဦးသည် အေဘာပိုမြို့ဘက်သို့ ချီတက်သွားကြောင်း သတင်းပို့သည်။

ရန်သူထံမှ သိမ်းဆည်းရမိသော ပုဆိန်တစ်လက်၊ မော်တာတစ်လက်တို့ ဖြစ်သည်။ တင်ဆောင်ထားသည့် မြင်းနက်တစ်ကောင် ပျောက်ဆုံးနေသည်။ စစ်သားငယ်များ၏ ပစ်ခတ်မှုကြားက မြစ်ကိုဖြတ်ကူးခဲ့ရခြင်းဖြစ်သည်။ မိုရိုကိုရှိ လူအားလုံးကို ဖမ်းဆီးသွားရာ လာပက်ဇ်မြို့သို့ ရောက်ရှိနေကြောင်း သတင်းရရှိသည်။ ရဲဘော်များကို တပ်လှန့်ပြီးနောက် ချီတို့သည် ပွန်ဘိုနှင့်

အတူ ရန်သူများ ပစ်ခတ်နေသည့်ကြားမှ ဖောက်ထွက်ခဲ့သည်။ နက်ရှိုင်းသော လျှိုမြောင်ရှိရာသို့ ဆုတ်ခွာရန် မစ်ဂွယ်အား ကိုးကိုးနှင့် ဂျူလီယိုတို့နှင့် ဦးဆောင်ဆုတ်ခွာခိုင်းလိုက်သည်။ ချီကိုယ်၌က မြင်းများနင်ကာ လိုက်ပါလာသည်။ ချီတို့ ဆုတ်ခွာနိုင်ရန် ရဲဘော်တချို့က ကာပစ်ပစ်ပေးရင်း ကျန်ရစ်ခဲ့ကြသည်။

ရောင်းလ်ကျဆုံးသွားသည်။ ရီကာဒိုနှင့်ပေချီးတို့ဒဏ်ရာရသွားသည်။ မြေကွက်လပ် သတ်ကွင်းကိုဖြတ်သန်း၍ အပစ်ခံရခြင်းဖြစ်သည်။ ဒဏ်ရာရသူနှစ်ဦးကို တွဲခေါ်လာရ၍ ဆုတ်ခွာရာတွက် အခက်အခဲဖြစ်ရသည်။ အာဘန်ဒိုသည် အဖွဲ့၏ ရဲဘော်များနှင့် ပေါင်းမိသွားသည်။ ဘီနစ်ဒိုနှင့် ရဲဘော်များလည်း လာရောက်ပေါင်းစည်းကြသည်။ သစ်တောကို ပင်ပန်းကြီးစွာ ဖြတ်သန်းလာရပြီးနောက် မြစ်တစ်သွယ်အနီးမှာ ပေါင်းဆုံမိကြခြင်းဖြစ်သည်။ ရီကာဒိုရရှိသော ဒဏ်ရာပြင်းထန်လှ၍ ၂၂း၀၀ နာရီတွင် ရီကာဒို သေဆုံးသွားသည်။ ချောင်းနံဘေး အလွန်ချောင်ကျသောနေရာမှာ ရီကာဒိုကို သင်္ဂြိုဟ်မြှုပ်နှံပေးလိုက်ရသည်။ ဩဂုတ်လ (၁၂) ရက်နေ့တွင် ဘိုလီဗီးယားသမ္မတ ဘာရီယန်တော့စ်က ပြောက်ကျားတပ်ဖွဲ့များ ကျဆုံးနေကြောင်း၊ လိုအပ်လျှင် ကျူးဘားနိုင်ငံသို့ပင် ဝင်ရောက်စွက်ဖက်မည်ဖြစ်ကြောင်း ရေဒီယိုက ကြေညာသည်။ မွန်တီး၊ ရှုးဆိုးဒေသအနီးတွင် တိုက်ပွဲတစ်ရပ် ဖြစ်ပွားရာ ပြောက်ကျားဘက်မှ တစ်ဦး ကျဆုံးကြောင်း သတင်းကို ရေဒီယိုမှကြေညာသည်။ ဩဂုတ်လ (၁၅) ရက်တွင် ဆန်တာကရုရှိ ရေဒီယိုမှ မုယူပန်ပါရို ပြောက်ကျားတပ်ဖွဲ့မှ ရဲဘော်နှစ်ဦးကို လက်ရဖမ်းဆီးမိကြောင်း ကြေညာသည်။ သူတို့နှစ်ဦးမှာ ဂျိုအာကွင်းအဖွဲ့မှ ဖြစ်နေသည်။ ဆူယူလာကိုမြစ်အနီး ထပ်မံတိုက်ပွဲဖြစ်ကြောင်း ထိခိုက်မှု တစ်စုံ တစ်ရာမရှိကြောင်း ကြေညာသွားပြန်သည်။

စက်တင်ဘာလ (၆) ရက်နေ့သည် ဘီနစ်နို၏ မွေးနေ့ဖြစ်သည်။ နံနက်ပိုင်းတွင်ရသမျှသီးနှံများဖြင့်ရောချက်ထားသောထမင်းအပြင်၊ ဘူးသီးမှ ချက်လုပ်ထားသော အရက်သေရည်ကို သကြားအနည်းငယ်ရော၍ နံနက်စာအဖြစ် စားသုံးကြသည်။ ၁၂ နာရီတွင် ချုံခိုစောင်ဆိုင်းမှု ရပ်ဆိုင်းရန် အာဘန်နို

ကို သွားရောက်အကြောင်းကြားစေသည်။ မိနစ်အနည်းငယ်အကြာမှာ သေနတ်သံတစ်ချက် ကြားလိုက်ရသည်။ ချီတို့လည်း နေရာအသင့်ယူလိုက်ကြသည်။ အာဘန်နီသည် ချီတို့ဘက်သို့ အပြေးအလွှားရောက်ရှိလာသည်။ ဂျာမန်ခွေးများ ပါဝင်သော လှည့်ကင်းတပ်ဖွဲ့နှင့် သူ ထိပ်တိုက်တိုးခဲ့ခြင်းဖြစ်သည်။ အခြားတစ်ဖက်တွင် စစ်သားကိုးဦးတွေ့ရသည်ကြောင့် ဗျာများကုန်သည်။ စစ်တပ်တွေ ခြေချင်းလိမ်နေရာ မစ်ဂွယ်သည် ချီတို့ရှိရာ အရောက်ပြန်လာသည်။ နွားသုံးကောင်နှင့် လားသုံးကောင်ကို အပါခေါ်ကာ ချီတို့တပ်ကို ရုပ်သိမ်းနိုင်ခဲ့သည်။ ယခင်စခန်းနေရာမှ ကီလိုမီတာ (၇) မီတာ အရပ်တွင် စခန်းချလိုက်သည်။ နွားတစ်ကောင်ကို ပေါ်ကာ စားသုံးကြရသည်။ စခန်းချခဲ့ရာဘက်သို့ ဦးတည်ပစ်ခတ်သော သေနတ်သံများ၊ စက်သေနတ်သံများ အဆက်မပြတ်ကြားခဲ့ရကြောင်းနောက်တန်းကင်းအဖွဲ့မှသတင်းပို့လေသည်။ စက်တင်ဘာလ (၇) ရက်နေ့တွင် ပြောက်ကျားတပ်ဖွဲ့ ခေါင်းဆောင်မှာ ချီ (ချေဂွေဗားရား)ဖြစ်ကြောင်း ရေဒီယိုမှ ကြေညာသွားလေသည်။ ချီ ဒီမှာရှိနေတာ သူတို့အားလုံး သိကုန်ကြပြီ။ သူတို့တွေ ကြောက်နေကြပြီလား။ အရင်းရှင်တွေကို ထာဝစဉ်တိုက်ထုတ် တော်လှန်နေမည့် ချီကို သူတို့တစ်တွေ အသေလန့်နေကြပြီလား။ ဒီတိုက်ပွဲကို ချီ ကျော်လွှားနိုင်မှာမဟုတ်ဟု ယူဆနေရော့သလား။ ဤ မာဆီကျူရီဇုန်နယ်မြေအတွင်း၌ပင် ခြေကုပ်ယူထားလိမ့်မည်ဟုသူတို့ယုံကြည်ထားကြလေသလော။ ချီ၏ပန်းနာရောဂါပြန်ထနေလေသည်။

ရုဒယ်လ်ဆားရေဒီယိုမှ ပြောက်ကျားတိုက်ပွဲဝင် တစ်ဦးဖြစ်သူ တာနီယာ၏အလောင်းကိုရီယိုဂရန်ဒီမြစ်ကမ်းဘေးတွင်တွေ့ရှိခဲ့ရကြောင်းကြေညာလေသည်။နီဂရိုးနှင့်ပတ်သက်သည့်သတင်းမှန်ကန်သော်လည်းယခုသတင်းသည် မမှန်ကန်နိုင်။ ဤအသံလွှင့်ရုံမှ ကြေညာချက်မှာ သူမရုပ်အလောင်းကို ဆန်တာကရုမြို့သို့ သယ်ဆောင်သွားခဲ့သည်ဟူ၍ ဖြစ်သည်။ အော်လတီပလန်နီ၏ အသံလွှင့်ချက်အရ ဤသို့မဟုတ်ပါ။ စက်တင်ဘာလ (၈) ရက်တွင် သမ္မတအာရီယန်တော့စ်၏ ရှေ့မှောက်တွင် တာနီယာ၏ရုပ်ကလပ်ကို မြေမြှုပ်

သဂြိုဟ်ခဲ့ကြောင်း၊ ရေဒီယိုမှ ကြေညာသည်။ သမ္မတဘာရီယန်တော့စ်က ချေဝွေဗားရား ကျဆုံးသွားပြီဟုပင် လုပ်ကြံကြေညာအသံလွှင့်ပြီး ဝါဒဖြန့်မှု လုပ်ဆောင်ခဲ့သောသူ ဖြစ်သည်။ စက်တင်ဘာလ (၁) ရက်တွင် ချေဝွေဗား ရားကို အရှင်ဖြစ်စေ၊ အသေဖြစ်စေ ဖမ်းဆီးရမိနိုင်လျှင် ဘိုလီဗီးယန်း ဒေါ်လာ ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၄၂၀၀ )ကို ဆုချမည်ဖြစ်ကြောင်း ညပိုင်းတွင် ရေဒီယိုမှ ကြေညာခဲ့သည်။ ချီ ဓာတ်ပုံပါသော အလိုရှိသည် ဆုငွေဒေါ်လာ ၅၀၀၀၀ ဆိုသည့်စာရွက်များကို ဤနယ်မြေအတွင်း လေယာဉ်ဖြင့် ကြဲဖြန့်ခဲ့ပြီး လေပြီ။ စိတ်ဓာတ်စစ်ဆင်ရေးမှန်း ချီ သဘောပေါက်သည်။

စက်တင်ဘာလ (၁၉) ရက်တွင် တောင်သူလယ်သမားများနှင့် တိရစ္ဆာန်များကို လိုက်လံရှာဖွေ စုစည်းနေရသဖြင့် နေအတော်မြင့်မှ ထွက်ခွာ နိုင်ကြသည်။ အမှာစကား နည်းနည်းပြောကြားပြီး အကျဉ်းသားတစ်ဖွဲ့ကြီး နှင့်အတူ ထွက်ခွာကြသည်။ မိုရိုက ရှေ့ဆောင်၍ ချီတို့တစ်တွေ နေးကွေးစွာ ချီတက်ရသည်။ မြစ်အနီးရပ်နားရန် သတ်မှတ်ထားသည့်နေရာ အရောက်မှာ သတင်းတစ်ခုကြားသိရသည်။ လူ(၃)ဦးထပ်မံဖမ်းဆီးထားရကြောင်း၊ ရှေ့ပြေး ကင်းအဖွဲ့သည် နစ်လီတာအကွာရှိ ကြံစိုက်ခင်းသို့ ရောက်သွားနိုင်ကြောင်း စသည်တို့ ဖြစ်သည်။ ချီတို့သည် မီတာ ၁၄၄၀ အမြင့်ရှိ တောင်ကုန်းမြင့်တစ်ခု ကို တက်ရောက်ကျော်ဖြတ်ပြီးနောက် ယခုမူ မီတာ ၁၀၀၀ ခန့်မြင့်သော တောင်ထိပ်သို့ ရောက်ရှိနေလေပြီ။ ဤအရပ်မှသည် လူစီယာနို၏ နွားခြံသို့ (၄) နာရီမျှသာ ချီတက်ရန်ရှိနေသည်။

ချီတို့သည် ဝက်သားများဖြင့် ညစာစားကြပြီး အချိုကြိုက်သူများကို သကြားလုံး၊ သကြားခဲများဖြန့်ဝေပေးလိုက်သည်။ လိုယိုလာအမှုကို ရေဒီယိုမှ ထပ်ခါတလဲလဲ ကြေညာနေသည်။ ကျောင်းဆရာများ၏ သပိတ်တိုက်ပွဲသည် လည်း အရှိန်အဟုန်အပြည့်အဝဖြင့် ဆင်နွှဲလျက်ရှိသည်။ သက်ဆိုင်ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသော ဟီဝွေရပ်စ်ဆိုသူ အမှုထမ်းခဲ့သော ကျောင်းမှ အထက် တန်းကျောင်းသားများသည် အစာငတ်ခံ သပိတ်တိုက် ဆင်နွှဲနေကြသည်။ ရေနံလုပ်ငန်းတစ်ခု ဖွဲ့စည်းလာခြင်းနှင့်ပတ်သက်၍ ရေနံလုပ်သားများ မကျေ

မနပ်ဖြစ်ကာ သပိတ်မှောက်ရန် စိုင်းပြင်းနေကြသည်။ ယခုလိုအချိန်ကောင်းမျိုးမှာ ချီတို့အဖို့ စာရေးကောင်းနေစဉ် မင်ကုန်သွားသည့် အဖြစ်မျိုးနှင့် ရင်ဆိုင်နေရလေသည်။

စက်တင်ဘာ (၂၇) ရက်နေ့တွင် နံနက်ခင်းတွင် အနီးအနား တောင်ကုန်းပေါ် တက်သွားသော စစ်သားတစ်စုကို နေရောင်ခြည်၌ တလက်လက် တွေ့လိုက်ရသည်။ နေ့လယ်ခင်းတွင် သေနတ်သံတွေ ပြတ်တောင်း ပြတ်တောင်း ကြားလိုက်ရသည်။ မော်တာကျည်ကျရောက် ပေါက်ကွဲသံအချို့ကိုလည်း ကြားလိုက်ရသည်။ နောက်ပိုင်းတွင် အော်ဟစ်သံများ ကြားလိုက်ရသည်။

"သူ ဒီမှာပေါ့" "ဟိုနေရာက ထွက်ခဲ့စမ်း" "မင်း ထွက်လာမလား မလာဘူးလား" ဟူသောအသံနှင့်အတူသေနတ်သံအချို့ကိုလည်းကြားလိုက်ရပြန်သေးသည်။ ချီသည် ဂါလင်ဒိုတပ်ခွဲနှင့် တိုက်ပွဲဖြစ်ပွားရာ ရေဒီယိုမှ အလောင်းသုံးလောင်းချန်ကာ ဆုတ်ခွာခဲ့ရကြောင်း ကြေညာသွားသည်။ ကမ်ဘာနှင့် လီယွန်တို့နှစ်ဦး ဖမ်းခံရဟန်မတူသေး။ ချီတို့ဘက်မှ ကိုးကိုး ကျဆုံးသွားသည်။ အလွန်ကြေကွဲဖို့ကောင်းသည်။

မစ်ဂွယ်နှင့် ဂျူလီယိုတို့သည်လည်း အလွန်ပြောင်မြောက်သော တိုက်ပွဲဝင်ရဲဘော်များ ဖြစ်ကြသည်။ လီယွန်တစ်ယောက် အလားအလာကောင်းနေသေးသည်။ စက်တင်ဘာလ (၃၀) ရက်တွင် ချီလီနိုင်ငံရှိ ဘာလမာဆီဒါရေဒီယိုသည် စစ်တပ်ထိပ်ပိုင်းမှရရှိသော သတင်းများကို ကိုးကားလျက် ချေဂွေဗားရားကို တောတောင်ထူထပ်သော လျှိုမြောင်တစ်ခုအတွင်းမှ ပိတ်မိထားကြောင်း ကြေညာသွားသည်။ ဘိုလီဗီးယားရေဒီယိုက တုံဏှိဘာဝေ လုပ်နေသည်။ တစ်စုံတစ်ယောက် သစ္စာဖောက်သောကြောင့် ဤအကြောင်းကို တိကျမှန်ကန်စွာ သိနေခြင်းဖြစ်မည်။ စစ်တပ်သည် လှုပ်ရှားပြောင်းရွှေ့မှုများပြုလုပ်နေသည်။ မွန်းတည့် (၁၂) နာရီတွင် စစ်သား (၄၀) သည် အဖွဲ့လိုက်ချီတက်သွားသည်။ အင်တီးနှင့် ဝီလီတို့ ရောက်လာကြသည်။ ဘီနစ်ဒိုကျန်းမာရေးကောင်းသော်လည်း အယ်လ်မယ်ဒီကိုတစ်ယောက်မှာ မကျန်းမာသေး။

ထိုလ၏ လချုပ်သုံးသပ်ချက်မှာ ရန်သူ၏ ချုံခိုတိုက်ခိုက်မှုကြောင့် မစ်ဂွယ်၊ ကိုးကိုးနှင့် ဂျူလီတို့ ကျဆုံးသွားသဖြင့် အားလုံးဖရိုဖရဲ ဖြစ်ခဲ့ရသည်။ လီယွန်ပျောက်ဆုံးပြီး ချီတို့လည်း စိုးရိမ်စရာအခြေအနေကို ရောက်နေသည်။ ချီတို့တိုက်ပွဲအနည်းငယ်ဆင်နွှဲခဲ့ရာမြင်းတစ်ကောင်နှင့်စစ်သားတစ်ယောက်ကို သတ်နိုင်ခဲ့သည်။ စစ်သားတစ်ဦး ဒဏ်ရာရသွားသည်။ အာဘန်နီနှင့် ရန်သူ့ကင်းလှည့်စစ်သားတို့အပြန်အလှန်ပစ်ခတ်ကြသည်။ ချီတို့လားများကို စွန့်ပစ်ခဲ့ကြသည်။

တောင်သူလယ်သမားတွေက ကူညီမှုမပေးကြပေ။ ရန်သူ၏ သတင်းပေးအဖြစ်သာ ဆောင်ရွက်ကြသည်။ ရန်သူ၏ ပြင်းထန်သော ထိုးနက်ချက်ကြောင့် လာပက်ဇ်မြို့ရှိ အဆက်အသွယ်များလည်း ပြတ်တောက်သွားလေပြီ။ ချီအနားမှ ဝီလီသည်လည်း ထွက်ပြေးချင်ပုံပေါက်နေ၏။ သူ့ကို စိတ်မချဖြစ်မိသည်။



## ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်မှ (၇) ရက်ထိ ချီ(ချေဂွေဗားရား) ၏ နောက်ဆုံးနေ့ရက်များ

အောက်တိုဘာလ (၁) ရက်နေ့၌ တောအုပ်တစ်ခုတွင် စခန်းချလိုက်သည်။ ဤနေရာမှာ ပြန်ဆုတ်ရလွယ်ကူပြီး စစ်တပ်၏ လှုပ်ရှားမှုအားလုံးကို မြင်တွေ့နေရသည်။ ဤနေရာမှာပင် (၁) ရက်မျှ ထပ်မံပုန်းခိုရန် ဆုံးဖြတ်လိုက်သည်။ ပေချိုးသည် နာတိုး၊ ဒါရီဟိုးနှင့် အူစတက်ကိုတို့နှင့် သောက်သုံးရေ ရှာဖွေရန် ထွက်သွားကြသည်။ (၂၁) နာရီတွင် ပြန်ရောက်လာသည်။ ဆီကြော်မုန့်တစ်မျိုးနှင့် နေလုန်းအသားခြောက် အချို့ကို ခွဲဝေစားသောက်ရသဖြင့် ဆာလောင်မှုအတော်အသင့် သက်သာသွားသည်။ အောက်တိုဘာလ (၄) ရက်တွင် စစ်တပ် တပ်မ (၄) ၏ ရှေ့တန်းကွပ်ကဲရေးမှူးရုံးကို လာဂွန်နီလာမြို့မှ ပါဒီလ်မြို့သို့ ပြောင်းရွှေ့လိုက်ကြောင်း ရေဒီယိုမှ ကြေညာသွားသည်။ ပြောက်ကျားတပ်ဖွဲ့တွေ ထွက်မပြေးနိုင်ရန် ပိတ်ဆို့ကြခြင်းဖြစ်သည်။ တပ်မ (၄) လက်အောက်ရှိ စစ်တပ်က ချေဂွေဗားရားကို ဖမ်းပြီးလျှင် ကမ်မီရီမြို့တွင် တပ်မ (၄) က ဖမ်းမိသော် ဆန်တာကရူမြို့တွင် လည်းကောင်း၊ ခုံရုံးတင် စစ်ဆေးမည်ဟု ဝေဖန်ချက်အခန်းတွင် ကြေညာသွားခဲ့သည်။ ချီတို့ ရောက်နေရာသည် အမြင့် ၁၆၅၀ မီတာမှာ ဖြစ်သည်။ အောက်တိုဘာ (၅) ရက်မှာ

ချီတက်ရသည့်ခရီးမှာ ခက်ခဲပင်ပန်းလှသည်။ ၅း၁၅ နာရီတွင် ချီတို့သည် ကျွဲနွားအသုံးပြုရာလမ်းမှ လွဲဖယ်၍ သစ်ဝါးမထူလှသော တောမြိုင်တစ်ခု အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ဘီနစ်ဒိုနှင့် ပေချိုးတို့ ရေရှာကြသည်။ အိမ်တစ်လုံးမှာ ရေသွားရှာသော်လည်း မရ။ ရန်သူစစ်သား (၆) ဦး ထိုအိမ်ထဲ ဝင်သွားကြတာ တွေ့ရ၏။ လမ်းကြုံအဖြစ် ဝင်နားကြကြောင်း သိသာ၏။

မိုးသောက်ယံမှာ ချီတို့ စတင်ထွက်ခွာခဲ့ကြသည်။ ရေငတ်သဖြင့် ရဲဘော်အားလုံး ခြေကုန်လက်ပန်းကျနေကြပြီ။ အားတင်းချီတက်ရာ တော အုပ်အတွင်း ရောက်ရှိခဲ့သည်။

ဒီဘာရေးအမှု ကြားနားစစ်ဆေးရာတွင် မျက်မြင်သက်သေအဖြစ် ဆောင်ရွက်စေရန် ချီတို့ရဲဘော် သုံ့ပန်းနှစ်ဦးကို ကမ်မီရီမြို့သို့ လွှဲပြောင်း ခေါ်ဆောင်သွားကြောင်း ရေဒီယိုမှ အသံလွှင့်သွားသည်။ ချီတို့အဖွဲ့ အမြင့် မီတာ ၂၀၀၀ မှာ ရောက်ရှိနေကြသည်။

အောက်တိုဘာလ (၆) ရက်နေ့မှာ ချီတို့ အနီးအပါးမှာ အိမ်တစ်လုံးရှိ ကြောင်း အနည်းငယ်ကွာလှမ်းသော လျှိုမြောင်အောက်ခြေတွင် ချောင်းငယ် လေး စီးဆင်းနေကြောင်း သိရှိရသည်။ လျှိုမြောင်သို့ သွားရောက်ကြသည်။ ရေအငမ်းမရသောက်ပြီး ကျောက်ဖျာကြီးတစ်ချပ်၏ အရိပ်အောက်တွင် အသားဟင်းများ ချက်ပြုတ်ကြသည်။ အနီးအနား စူးစမ်းလေ့လာရာ လူထူ ထပ်ခြင်းကြောင့် စိတ်မအေးနိုင် ရင်တထင့်ထင့်ဖြင့် တစ်ညတာ အသံလုံ အောင် ကြိတ်မှိတ်အိပ်ကြရသည်။ နက်ဖြန်ကြမှ ခရီးဆက်ကြသည်။ လာကရု ဒယ်ဆားသတင်းစာသည် သုံ့ပန်းနှင့် တွေ့ဆုံစစ်မေးခဲ့ကြောင်း သတင်းရရှိ သည်။ အာဘန်နီသည် အနည်းငယ် တည်ငြိမ်မှုရှိသည်။ ချီလီ ရေဒီယိုမှ ဆင်ဆာလုပ်ထားသော သတင်းတစ်ရပ်ကို ကြေညာသွားသည်။ ချီတို့ကို လိုက်ရှာနေသော စစ်သားဦးရေသည် ဤဇုန်နယ်မြေအတွင်း၌ (၁၈၀၀) မျှ ရှိကြောင်းပင်။ အမြင့် ၁၇၅၀ မီတာမှာ ရောက်နေသည်။

အောက်တိုဘာလ (၇) ရက်မှာ ပြောက်ကျားတပ်ဖွဲ့ ဖွဲ့စည်းခဲ့သည်မှာ ယနေ့အထိ (၁၁ လ) တိတိ ပြည့်ခဲ့ပြီ။ တောင်သူလယ်သမားများ၊ တိရစ္ဆာန်

ထိန်းကျောင်းသူများ၏ စွက်ဖက်ခြင်းအပါအဝင် ပြဿနာအထူးအထွေ မပေါ် ပေါက်ခဲ့။ ၁၂း၃၀ နာရီတွင် ဆိတ်ကျောင်းသော အဘွားအိုတစ်ဦးသည် ချီတို့ စခန်းချရာ လျှိုမြောင်အတွင်းသို့ ဝင်ရောက်လာခဲ့သဖြင့် ဖမ်းဆီးထားလိုက်ရ သည်။ သူမသည်မြို့မရောက်သည်မှာကြာပြီဖြစ်၍မည်သည့်အကြောင်းအရာ မှ နားမလည်ကြောင်း ပြောပြသည်။ စစ်တပ်လှုပ်ရှားမှု သတင်းနှင့်ပတ်သက် ပြီးချီတို့အားမှန်မှန်ကန်ကန်အစစ်ခံခြင်းမပြု။လမ်းခရီးနှင့်ပတ်သက်တာတွေ သာ သူမ ပြောကြားနိုင်သည်။ အင်တီး၊ အေနိုက်စဝိုနှင့် ပေဘာလီကို တို့ သည် အဆိုပါအဘွားအိုအိမ်သို့ သွားရောက်ခဲ့ကြသည်။ အဘွားအိုတွင် သမီး နစ်ယောက်ရှိရာ တစ်ဦးမှာ ခြေလက်မသန်စွမ်း ဖြစ်နေပြီး ကျန်တစ်ယောက် သည် ပုကွကွဖြစ်နေကြောင်း တွေ့ရှိခဲ့ကြသည်။ ချီတို့ရဲဘော် တစ်သိုက်ကို တွေ့ရှိခဲ့ကြောင်း မည်သူ့ကိုမျှ ပြန်မပြောရန် အဘွားအိုအား ပီဆို (၅၀) ပေး၍ နှုတ်ပိတ်နေခိုင်းခဲ့သည်။ အဘွားအို၏ မပြောပါဆိုသော ဝန်ခံကတိကို ယုံကြည်စိတ်ချခဲ့ကြသည်။

လဆုတ်ည၏ အလင်းဖျော့ဖျော့ လရောင်အောက်မှာ ချီတို့ (၁၇) ဦး စတင်ခရီးထွက်ကြသည်။ ပင်ပန်းနွမ်းနယ်သည်ကြားက ချီတက်သွားနေရ သည်။ သတိလက်လွတ်ဖြင့် စခန်းချမိရာက ခြေရာလက်ရာတွေကို မဖျက်ပစ် မိခဲ့ကြပေ။ ဤအနီးပတ်ဝန်းကျင်တွင် လူနေအိမ်ခြေများမရှိ။ ချောင်းငယ်မှ ရေသွယ်၍ စိုက်ပျိုးထားသော အာလူးစိုက်ခင်းများကို တွေ့ရှိရသည်။ ၂း၀၀ တွင် စခန်းချရပ်နားလိုက်ရသည်။ ချီနိုကို ကူတွဲရသည်မှာ ဒုက္ခဝန်ပိုးကြီး ဖြစ် နေသည်။

ဝိုင်းဝန်းပိတ်ဆို့ခြင်း ခံနေရသူ (၃၇) ဦး လွတ်ထွက်မသွားစေရေး အတွက်ဆာရာနိနယ်မြေသိုစစ်သား၂၅၀ပို့လွှတ်ထားသည်ဟူသောသတင်း ဆန်းကို ရေဒီယိုက ကြေညာပြန်သည်။ ချီတို့ ပုန်းအောင်းရာအရပ်သည် အေစီရိုမြစ်နှင့် အိုရိုမြစ်နှစ်သွယ်အကြားတွင် တည်ရှိနေကြောင်းဖြင့်လည်း သတင်းထုတ်ပြန်သွားသေးသည်။ ဤသတင်းကား အာရုံပြောင်းစေရန် နည်း ဗျူဟာ လှည့်သုံးထားခြင်း ဖြစ်ပေလိမ့်မည်။

ချီ (ချေဂွေဗားရား)သည် သူ၏နေ့စဉ်မှတ်တမ်းကို အောက်တိုဘာလ (၇) ရက်နေ့အထိ ရေးသားသွားခဲ့သည်။ ၁၉၆၇ ခုနှစ် အောက်တိုဘာလ (၈) ရက်နေ့တွင် ချီ (ချေဂွေဗားရား)ကို အစိုးရစစ်တပ်၏ လက်အောက်ခံ ရိန်းဂျားတပ်တွေက ဖမ်းမိသွားသည်။



# သူရဲကောင်း၏နောက်ဆုံးအကြောင်း

နစ်ဆယ်ရာစုနောင်းပိုင်း၏ ကမ္ဘာ့သူရဲကောင်းကြီး ချေဂွေဗားရား၏ နောက်ဆုံးအကြောင်းအရင်းများမှာ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ(၈)ရက် နေ့တွင် တောင်ကြားထဲ၌မြူတွေဆိုင်းနေသည်။ ချောက်ကမ်းပါးအောက်တွင် စမ်းချောင်းတွေရှိသည်။ စမ်းချောင်း ကွေ့ကောက်လေးတွေက မြစ်ထဲသို့ ပေါင်းစည်းကာ စီးဆင်းနေသည်။ တောင်ကြားချောက်ကမ်းပါးက ကိုက် ၃၃၀ မျှ နက်၏။ တောင်ဘက်ယွန်းယွန်းတွင် အခြားချောက်ကမ်းပါးရှိသည်။ ကမ်းပါးနှစ်ခု၏ပုံစံက (Y) ပုံစံမျိုးဖြစ်နေသည်။ ထွက်ပေါက်လမ်းတွေရှိသည်။ စမ်းချောင်းနေရာတွင် ကျည်ကွယ်မျက်ကွယ်တွေရှိသည်။

နေ့လယ် (၁၂) နာရီတွင် သေနတ်သံတွေ ထွက်ပေါ်လာသည်။ ရန်သူ စစ်သားနှစ်ယောက်ကို ချီတို့ဘက်ကပစ်ချလိုက်သည်။ ရန်သူတွေအုံနှင့်ကျင်း နှင့် ဝိုင်းတက်လာသည်။ စက်သေနတ်သံ၊ မော်တာပစ်ခတ် ပေါက်ကွဲသံတွေ တောင်ကြားထဲ ဟိန်းပွက်ညံနေသည်။ ချီတို့ဘက်မှ လက်နက်ကြီးတွေနှင့် ပစ်ရင်းဆုတ်နေကြသည်။ ရန်သူအင်အားများပြီး ဟိုမှာ ဒီမှာ ပေါ်ထွက်လာ သည်။ ဆုတ်စရာလမ်းမရှိပြေးစရာမြေမရှိ။ နောက်ဆုံးတိုက်ပွဲမှန်း ချီနားလည် လိုက်ပြီး ရှိသမျှလက်နက်နှင့် မိးကုန်ယမ်းကုန် တိုက်ရပြီ။

သူသေကိုယ်သေ တိုက်ပွဲ ချီတို့ဆုတ်ပြေးရာမှာ ရန်သူတပ်တွေ အုံဖွဲ့ပေါ်ထွက်လာသည်။ ချီတို့လူတွေ ဆုတ်ပြေးကြရင်းနှင့် ဖရိုဖရဲပြိုကွဲကုန်သည်။ ချီနှင့် ဝီလီတို့မှာ ဆုတ်ရင်းနှင့် ရန်သူစစ်သားတွေထဲ ပိတ်မိသွားသည်။ ချေရဲ့ခြေတစ်ဖက်ကို ကျည်ထိမှန်ထား၍ ထွက်ပြေးလို့လည်း မလွတ်နိုင်တော့။ ရန်သူ့စစ်သားတွေက လက်နက်မျိုးစုံနှင့် ဝိုင်းဝန်းချိန်ရွယ်ထားပြီး လက်နက်ချဖို့ အော်ဟစ်ပြော၏။

လက်နက်မချလျှင် ဝိုင်းပစ်မှာ သေချာ၏။ ချီတို့မှာ ကျည်တွေလည်း သိပ်မရှိတော့။ လူစုလည်း ကွဲနေပြီ။ နွားကွဲ၍ ကျားဆွဲခံရပြီ။ ချီနှင့် ဝီလီတို့ လက်နက်မချသော်လည်း ရန်သူတွေက အတင်းညှပ်ပိတ် ဖမ်းဆီးကြသည်။ ချီနှင့် ဝီလီမှာ ပင်ပန်းမှုကြီးစွာဖြင့် အသက်ကိုပင် မနည်းရှူနေရသည်။ ရန်သူစစ်သားများက ချီတို့ကို ခေါ်ဆောင်သွားကြသည်။

ရိန်းဂျားအထူးတပ်ဖွဲ့(၂)ကိုတာဝန်ယူထားသောဗိုလ်ကြီးပရာဒိုရှေ့သို့ ရောက်လာကြသည်။ ပရာဒိုကစစ်ဝတ်စုံကိုသေသပ်ကျနစွာဝတ်ဆင်ထားပြီး ချီနှင့် ဝီလီကို စိမ်းစိမ်းစိုက်ကြည့်နေ၏။

"မင်းတို့က ဘယ်သူလဲ"

"ကျုပ်က ချေငွေဗားရား"

ယောကျ်ားပီပီ မလိမ်ညာစတမ်း ချီ ဝန်ခံလိုက်သည်။ ချီကို မြင်ကတည်းက ပရာဒို သိနေပါပြီ။ ချီရဲ့ပုံတွေ နေရာတကာမှာ တွေ့ဖူးနေရာ ပုံပြောင်းပုံဖျက်၍ မရနိုင်ရာ။ ပရာဒိုက အံ့သြတုန်လှုပ်ပြီး ရင်တွေ တလှိုက်လှိုက်ခုန်နေ၏။ ဟန်ဆောင်ပြီး မနည်းထိန်းထားရ၏။ ဆုကြေးငွေကြီးလွန်းသော ပစ္စည်းမဲ့တွေရဲ့ မဟာသူရဲကောင်းကြီးကို အရှင်လတ်လတ် တွေ့နေရ၍ သူ့ကိုယ်သူ မယုံချင်သေး။ အိပ်မက်လေလား ယောင်ဝါးချင်နေသေးသည်။ သို့သော်ငြား စိတ်လှုပ်ရှားမှု ထိန်းချုပ်ထားနိုင်သည်။ ချီကို သာမန်ကဲ့သို့ သဘောထားယောင်ဆောင်ပြီး ဘေးက ဝီလီကို ဆက်မေးပြန်သည်။

"မင်းကရော ဘယ်သူလဲ"

"ကျွန်တော်က ဝီလီပါ"

"ဘိုလီးဗီးယန်းလူမျိုးလား"

"ဟုတ်ပါတယ်"

"မင်းရဲ့နာမည်အရင်းက ဘာလဲ"

"ဆီမွန်ကျူဘားပါ"

ပရာဒို မျက်မှောင်ချိုးပြီး ချေငွေဗားရားဘက်ကို လှည့်ကာ

"မင်းရဲ့ဘယ်ဘက်လက်ကို ဖြန့်ပြပါ"

ချီက ဖြန့်ပြလိုက်သည်။ လက်ဝဲဘက်လက်တွင် ရှည်လျားသော အမာရွတ်တစ်ခု ရှိသည်။ ထောက်လှမ်းရေး အစီရင်ခံစာများထဲတွင် ချီ၏ လက်ဝဲဘက်လက်ဖဝါးတွင် အမာရွတ်ရှည်ရှည် ရှိသည်ဟု မှတ်တမ်းတင်ထားသည်။ထိုသည်ကိုသိထားသောပရာဒိုကစစ်ဆေးကြည့်ရှုခြင်းဖြစ်သည်။ အမာရွတ်တွေ့ပြီး ချေငွေဗားရားဆိုတာ သေချာသွားပြီ။ ပရာဒိုရင်ထဲ အလုံးကြီး ဆောင့်တက်လာသည်။ သမ္မတနှင့် အမေရိကန်တွေ အထူးအလိုရှိ၍ အသည်းအသန် မြေလှန်ရှာဖွေနေရသော ပုဂ္ဂိုလ်ကို ပရာဒိုအလွယ်တကူ ဖမ်းမိနေ၍ ဟုတ်မှဟုတ်ပါလေစဟု ထင်ယောင်မှားချင်နေသေးသည်။

ချေငွေဗားရားတို့မှာ ပါလာသော ပစ္စည်းတွေကို စစ်ဆေးကြည့်ဖြစ်သည်။

ချေငွေဗားရားတွင် ကျောပိုးအိတ်နှစ်လုံး ပါသည်။ ခါးမှာက ပစ္စတို သေနတ် ချိတ်ထားသည်။ အိတ်ထဲတွင် ကြက်ဥပြုတ်ငါးလုံးရှိသည်။ စစ်သား တစ်ယောက်က ဝီလီ၏အိတ်ကို သွန်ချပြီး ရှာဖွေပြန်၏။

"သူတို့က ကျုပ်ရဲ့သေနတ်ကို ဖျက်ဆီးပစ်ထားတယ်"

ချေငွေဗားရားပြောလာ၍ ပရာဒိုက ချီ၏ကာဘိုင်သေနတ်ကို လှမ်းကြည့်သည်။ ကာဘိုင်သေနတ်မှာ ကျည်ကပ်မရှိ၊ ကျိုးပဲ့နေတာကို မြင်သွားသည်။

"ဘယ်တုန်းက ဖျက်ဆီးလိုက်တာလဲ" ဟု ပရာဒိုက ပြန်မေးလာသည်။ ချေငွေဗားရားက -

"ခင်ဗျားတို့ စက်သေနတ်တွေ စပစ်ကတည်းက ဖြစ်လိမ့်မယ်။ ကျုပ်လည်း ဒဏ်ရာရသွားတာပဲ"

ပရာဒိုက ချီရဲ့ဒဏ်ရာကို ရှာကြည့်၍ ချီက -

"ခင်ဗျား ကျုပ်ကို မသတ်ဘူးလို့ ထင်ပါရဲ့...ကျုပ်ကို အသေရတာထက် အရှင်ရတာက ခင်ဗျားတို့အတွက် ပိုကောင်းပါတယ်။ ကျုပ်တို့က သုံ့ပန်းတွေ ဒဏ်ရာရရင် အမြဲဆေးကုပေးတယ်"

အသံတည်တည်ငြိမ်ငြိမ်နှင့် ချီ ပြောလိုက်သည်။ ပရာဒို အံ့သြသွား၏။ ဘိုလီဗီးယန်းအစိုးရကို သွက်သွက်ခါယမ်းပစ်သူ ဘိုလီဗီးယန်းမှာ ပြည်တွင်းစစ်ဖြစ်အောင် မီးမွှေးသူ။ ဘိုလီဗီးယန်းနိုင်ငံထဲသို့ တရားမဝင် ကျူးကျော်ဝင်ရောက်သူ။ မဟာပြစ်မှုကြီးတွေမြောက်နေသည့် ဤလိုလူက အပေါစီးလေသံဖြင့် ပြောလာရဲသေးသည်။

"ဆေးကုစရာရှိတာ ကုပေးပါမယ် ... ဘယ်မှာလဲ ခင်ဗျားရဲ့ဒဏ်ရာပြစမ်းပါ"

ချီက သူ့ဘောင်းဘီကို လိပ်တင်ကာ ညာဘက်ခြေထောက်မှ ဒဏ်ရာကို ပြသည်။ ခြေသလုံးတွင် ကျည်ဝင်ပေါက်ကို တွေ့သည်။ ကျည်ဆန်ထွက်ပေါက် မတွေ့ရ။ ခဲကျည်ဖူးက ခြေထောက်ထဲတွင် ရှိနေ၏။ သွေးတွေ တစိမ့်စိမ့် ထွက်နေသည်။ အရိုးကို ထိသွားပုံပေါ်သည်။

"ဟော့ ... ဒီသုံ့ပန်းတွေကို ဂရုစိုက်ပြီး ရှေ့တန်းစခန်းကို ခေါ်သွားကြ ... ဒါနဲ့ ... ချေဂွေဗားရား ခင်ဗျားလျှောက်နိုင်ရဲ့လား"

"လျှောက်ဆိုလည်း လျှောက်ရမှာပေါ့ဗျာ" ဟု ချီပြန်ပြောပြီး သူ့ရဲဘော် ဝီလီကို မှီတွဲကာ လျှောက်၏။ ရှေ့တန်းစခန်းရောက်သောအခါ ချီနှင့် ဝီလီကို သူတို့၏ ခါးပတ်တွေနှင့် ချုပ်တုပ်လိုက်သည်။ သစ်ပင်ခြေရင်းမှာ နေရာချပေးသည်။ စစ်သားနှစ်ယောက်က အသင့်အနေအထားနှင့် အနီးကပ်စောင့်ကြပ်နေကြသည်။

"ကျန်တဲ့ပြောက်ကျားသူပုန်တွေကို လိုက်တိုက်ရဦးမယ် မင်းတို့နဲ့တင် မပြီးသေးဘူး"

ဗိုလ်ကြီးပရာဒိုက ညည်းတွားပြောလာ၏။ ချီက –

"ဗိုလ်ကြီး သိပ်စိတ်ပူမနေနဲ့ အားလုံးကိစ္စဝိစ္စ ပြီးကုန်လောက်ပါပြီ"

ချီပြောပြီး စိတ်ထဲ ထိခိုက်သွား၍ ခေါင်းငိုက်စိုက်ချနေမိသည်။ ချီ စိတ်တွေ လျှော့ချထားပစ်လိုက်တော့၏။ ချီ မျှော်လင့်ရည်မှန်းခဲ့သမျှ အားလုံး ပျက်စီးဆုံးရှုံးသွားပြီ။ လူပေါင်းများစွာသေဆုံးခဲ့ရသည်။ ချီ့အပေါ်အလုံးစုံသော အပြစ်တွေ စုပြုံကျလာလေပြီ။ ချီရဲ့ရှေ့ရေးက မရေရာ မသေချာတော့။ ချီ ရိုပ်သားမိပြီးသားပါ။ ချီ ဘာစကားမှလည်း မပြောချင်တော့။ စိတ်ဓာတ်တွေ ဂိတ်ဆုံးကျဆင်းသွားလေပြီ။

ဗိုလ်ကြီးပရာဒိုက ဌာနချုပ်ကို ဆက်သွယ်၍ အကျိုးအကြောင်းတွေ သတင်းပို့နေသည်။ စက်ပေါ်တင်ပြီး ပြောနေ၏။

"ကျွန်တော်တို့ ပါပါကန်ဆာဒိုနဲ့ ဝီလီကိုဖမ်းမိထားပြီ။ တိုက်ပွဲကတော့ ဆက်ဖြစ်နေသေးတယ် ... ကန်ဆာဒိုက နည်းနည်းဒဏ်ရာရထားတယ်။ – ခုပြောနေတာ ဗိုလ်ကြီးပရာဒိုပါ"

ပါပါဆိုသည်မှာ ဘိုလီဗီးယားတပ်မတော်မှ ချေငွေဗားရားကို ပေးထားသော အမည်ဝှက်ဖြစ်သည်။ ကန်ဆာဒိုကမူ ဖမ်းဆီးထားပြီးဒဏ်ရာရနေသည် ဟူသော အဓိပ္ပာယ်ဖြစ်သည်။ ရန်သူတွေ၏စိတ်ထဲတွင် ချေငွေဗားရားကို ဖမ်းထားလျှင် ပြောက်ကျားတွေက ပြန်လည်ထိုးစစ်ဆင်လိမ့်မည်ဟု ထင်နေလေသည်။ သိပ်မကြာခင် ရေဒီယိုမှ ပရာဒိုကို ပြန်ခေါ်နေသည်။

"ချေငွေဗားရားကို ဖမ်းမိထားတာ သေချာရဲ့လား"

ပရာဒို ဒေါ်ပွသွားပြီး –

"ချေငွေဗားရားအစစ်ကို ဖမ်းမိထားတာပဲ။ ခင်ဗျားတို့ကို ရှင်းပြဖို့အချိန် မရှိဘူး" ပြန်အော်ပြောလိုက်သည်။ သူ့ပုန်လက်ကျန်တွေ ဆက်တိုက်သည်။ ရိန်းဂျားစစ်သားတစ်ဦးလည်း ကျသွားသည်။ သေချာကြည့်လိုက်တော့ "ဆာဘီနိုကော်ဝီယို" ဖြစ်နေသည်။ သူ့ခန္ဓာကိုယ်မှာ ကျည်ဆန်ရာတွေ ဗလပွ။ သွေးတွေလည်း အိုင်ရွှဲနေ၏။ မသေသေးသော်လည်း အသက်ကို မနည်းရှူနေရရှာသည်။

"စက်သေနတ်နဲ့ အပစ်ခံရတာ။ ဆေးအဖွဲ့ကို အမြန်ခေါ်စမ်း" ဟု ပရာဒို အမိန့်ပေးလိုက်သည်။ ဆေးအဖွဲ့ရောက်လာပြီး ပြုစုကုသသော်လည်း ကော်စီယို ကျဆုံးသွားသည်။ ထိုစဉ်မှာပင် ရဲဘော်တစ်ဦး အပြေးအလွှား ရောက်လာသည်။ သေနတ်သံတွေလည်း တိတ်သွားသည်။

"ဗိုလ်ကြီး တိုက်ပွဲပြီးသွားပါပြီ သူပုန်ခေါင်းဆောင် လဲကျသွားပါပြီ"

သူတို့တွေ ပြောဆိုနေသံကို သစ်ပင်ခြေရင်းတွင် ထိုင်နေသော ချီ ကြားသွားသည်။

"တော်လှန်ရေးမှာ ခေါင်းဆောင်ဆိုတာမရှိဘူး ရဲဘော်။ အားလုံး ခေါင်းဆောင် ... အားလုံး ရဲဘော်တွေချည့်ပဲ" ဟု ချီ လှမ်းပြောလိုက်သည်။ ပရာဒိုကလည်း ပြန်တုံ့ပြော၏။

"ခင်ဗျားတော်လှန်ရေးက ခေါင်းဆောင် ရှိချင်မှရှိမယ်။ ဒါပေမဲ့ ကျွန်တော်တို့ပြဿနာတွေကတော့ ခင်ဗျားမရှိရင် ပြီးဆုံးသွားပါပြီ"

ချီနှင့် ပရာဒိုတို့ ပြောနေကြဆဲမှာပင် ဘိုလီဗီးယန်း စစ်သားတစ်ဦး ချောက်ကမ်းပါးမှ ဒယိမ်းဒယိုင်နှင့် တက်လာသည်။ ဗာလင်တင်ချောက် အမည်ရသောရိန်းဂျားစစ်သားတစ်ဦးဖြစ်သည်။ဒဏ်ရာနှစ်ချက် ရလာသည်။ တစ်ချက်က လည်းပင်းနားမှာ၊ တစ်ချက်က ကျောမှာ၊ သိပ်ပြင်းထန်ပုံတော့ မရ။ ဆေးတပ်သားတစ်ဦးက ချီ၏ကျောပိုးအိတ်ထဲမှ ရုပ်အင်္ကျီတစ်ထည် ထုတ်ယူကာ ဆုတ်ဖြဲပြီး ပတ်တီးလုပ်ပစ်သည်။ ဗာလင်တင်ချောက်ကို ဆေးထည့်ပြီး ပတ်တီးစည်းပေးသည်။

"ဒီစစ်သားရဲ့ဒဏ်ရာကို ကျုပ် ကုပေးရမလား ဗိုလ်ကြီး"

ဟု ချီ လှမ်းပြောလိုက်သည်။ ဗိုလ်ကြီးပရာဒိုက

"ဟုတ်သားပဲ ခင်ဗျားက ဆရာဝန်ပဲ ဆေးပညာကော တတ်သေးလို့လား" ဟု ပြန်မေး၏။ ချီက "တော်လှန်ရေး လုပ်နေပေမဲ့ ဆေးပညာကိုတော့ မမေ့သေးပါဘူး။ ကျုပ်က သေနတ်တစ်ဖက် ဆေးထိုးအပ်တစ်ဖက်နဲ့ လူပေါ့"

"အင်း ... နေပါစေ ... ရပါတယ် ... မကုပေးပါနဲ့"

ဟု ဗိုလ်ကြီးပရာဒို ပြန်ပြောသည်။ ဒီစစ်ဗိုလ်က သဘောထားမဆိုးဟု ချီ ထင်မြင်မိသည်။ ချီဘက်ကို ကြည့်ပြီး ဝီလီပြောလိုက်သည်မှာ -

"ဒီမှာ ဗိုလ်ကြီး ဒဏ်ရာရထားတဲ့ သံ့ပန်းကို ကြိုးတုပ်ထားတာ ရက်စက်ရာ မရောက်ဘူးလား"

ဝီလီစကား မှန်နေ၍ ပရာဒိုက သူ့ရဲဘော်တွေကို ချီနှင့် ဝီလီတို့ကို တုပ်နှောင်ထားသော ကြိုးတွေ ဖြည်ခိုင်းလိုက်သည်။ ချီက သူ့ရေဘူးထဲမှ ရေ နည်းနည်းသောက်ပါရစေဟု ပြောလာပြန်သည်။ သတိရှိသော ပရာဒိုက ချီ၏ ရေဘူးထဲမှ အဆိပ်ပါချင် ပါနိုင်သောကြောင့် ယူမတိုက်။ သူ့ရေဘူးထဲမှ ရေကို သာ တိုက်လိုက်သည်။ ချီက တစ်ကျိုက်သောက်ပြီး ဝီလီကို လှမ်းပေးလိုက်သည်။

"စီးကရက်တစ်လိပ် သောက်ပါရစေ" ဟု ချီက တောင်းဆိုမိပြန်သည်။

ပရာဒိုက သူ့စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ် ထုတ်ပေးသည်။ "ပစိဖိတ်" စီးကရက် ဖြစ်နေ၏။ ထိုဆေးလိပ်မှာ ပေါ့၍ ချီ မကြိုက်။ စစ်သား တစ်ဦးက "အက်စတိုးရီးယား" စီးကရက်ပေးမှသာ ချီသောက်၏။ ထိုစီးကရက် က နည်းနည်းပြင်းသည်။ ညမှောင်သောအခါ တစ်မိုင်ခန့်အကွာမှာရှိသော မြို့တစ်မြို့ရောက်အောင် လုံခြုံရေးသတိကြီးကြီးထား၍ ချီတက်ကြသည်။ လမ်းတွင် ရိန်းဂျားဗိုလ်မှူး အာရီဘာနှင့် တွေ့သည်။ ဗိုလ်မှူးက သတင်းအစ အနကြား၍ လိုက်လာခြင်းဖြစ်သည်။ ဗိုလ်မှူးက အထက်အရာရှိပီပီ ပရာဒို ကို မေးခွန်းအများကြီးမေးပြီး စပ်စု၏။ ချေငွေဟားရားကို မျက်ဝါးထင်ထင် တွေ့သွားတော့မှ အံ့သြနှုတ်ပိတ်သွားသည်။ သူ့ကိုယ်သူ မယုံနိုင်လောက် အောင် ဖြစ်သွား၏။ ချေငွေဟားရားအစစ်ကို ဖမ်းမိလာခြင်း အမှန်ဖြစ်နေသည်။ ဗိုလ်မှူးအာရီဘာ ဝမ်းသာလုံးဆို့တက်သွား၏။

အမိက ပြောက်ကျားသူပုန်ခေါင်းဆောင်ကြီး ချေငွေဟားရားကို ဖမ်းမိ သွား၍ ဤစစ်ဆင်ရေးပါဝင်သူအားလုံး သူကောင်းပြုခံရတော့မည်။ ရာထူး တွေ တိုးကြတော့မှာ အသေအချာပင်။

ဝက်ပင်လယ်အော် အရေးအခင်းတွင် အမေရိကန်သမ္မတ ကနေဒီ ဆိုမိန့်ခဲ့သော စကားတစ်ခွန်းရှိသည်။

"အောင်ပွဲရရင် အဖေက ထောင်ကျော်ရှိလေရဲ့၊ ရှုံးနိမ့်ခြင်းကတော့ မိဘမဲ့သားပမာပဲ" ဆိုတာဖြစ်သည်။ ဗိုလ်မှူးအာယိုလာအတွက် အပျော်ဆုံး နေ့တွေထဲမှာ ဒီတစ်နေ့လည်း အပါအဝင်ဖြစ်သွားသည်။

စိတ်တုံးတုံးချ မပျော်ရဲသေးသည်ကား ဗိုလ်ကြီးပရာဒို ဖြစ်လေသည်။ လာဟီရှာရာမြို့အရောက် သံ့ပန်းကို ဘေးကင်းရန်ကွာ ပို့နိုင်ဖို့ အရေးကြီး နေသည်။ ရိန်ဂျားတွေက အောင်ပွဲခံဖို့သာ စိတ်စောနေကြ၏။ ပြောက်ကျား တပ်တွေ အချိန်မရွေး ပြန်တိုက်ပြီး ချေဝှေဗားရားကို ပြန်လုသွားနိုင်တာကို ဘယ်သူမှ ခေါင်းထဲမထည့်ကြ။

လာဟီရှာရာမြို့အဝင်ကားတခမ်းတနားပင်။ ရွာသူရွာသားတွေ တန်းစီ ကြိုဆိုနေကြသည်။ ရိန်းဂျားတပ်သားများက ကျဆုံးသွားသော ရိန်းဂျား စစ်သားအလောင်းများကို ထမ်းသယ်လာကြသည်။ သေဆုံးသွားသော ပြောက်ကျားသူပုန်များ၏ အလောင်းတွေကို ခွေးသေကောင်ပုပ် ဆွဲသလို ဒယဥ့်တိုက်ဆွဲလာကြသည်။ ချီ မြင်တွေ့နေရတာကို စိတ်မသက်မသာဖြင့် ရင်နင့်နာကျင်နေမိသည်။ လူမိုက်နိုင်တော့ ယုတ်မာနိုင်ပြီပေါ့။ လူလိမ္မာနိုင် တော့ မယုတ်မာနိုင်ကြပါ။ လုပ်ချင်သလိုသာ လုပ်ပါလေ။ တရားဓမ္မက မှားသမျှကို ဆုံးမဒဏ်ခတ်ဦးမှာပင်။

ဗိုလ်ကြီးပရာဒိုမှာဘိုလီဗီးယန်းတပ်မတော်မှဖြစ်သည်။ ရိန်းဂျားတပ်နှင့် ပူးပေါင်းစစ်ဆင်ရေး ဆင်နွှဲနေရခြင်းဖြစ်သည်။ အမေရိကန်ဗိုလ်မှူးဖြစ်သော ရာ့မ်ပက်ပီရှယ်လ်တန်သည် အမေရိကန်တပ်၏ အထူးစစ်ဆင်ရေးများစွာကို ရုပ်လုံးဖော်ပေးနေသူ ဖြစ်သည်။ အဓိကအားဖြင့် အထူးတပ်ဖွဲ့ကို ဦးစီးပေးရ သည်။ အထူးတပ်ဖွဲ့မှာ ရဟတ်ယာဉ်နှင့် အထူးလေ့ကျင့်ပေးထားသော စစ်သားတွေကို ရန်သူနယ်မြေမှာ ချပေးလိုက်၊ တစ်နာရီ နစ်နာရီ ထိုးနက် တိုက်ခိုက်ပြီး ရဟတ်ယာဉ်နှင့် ပြန်ခေါ်လာလိုက် ဆိုတာမျိုးသာ တိုက်ရ၏။ ရေရှည်တိုက်ပွဲဝင်စရာမလို။ အခြားတပ်များနှင့် ကွာခြားသည်။ လေ့ကျင့်မှု ကလည်းပြင်းထန်သည်။

ဘိုလီဗီးယားတွင် ရှယ်လ်တန်အဖွဲ့ လှုပ်ရှားပုံက အခြားနေရာများနှင့် မတူ။ အနည်းငယ် ကွဲပြားနေသည်။ FID ခေါ် နိုင်ငံရပ်ခြားရှိ ပြည်တွင်းကာကွယ်ရေးပုံစံမျိုး ဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ခေါင်းဆောင်ပိုင်းမှုပင် ပါဝင်တိုက်ခိုက်ခြင်းမပြုဘဲ မူလတိုင်းပြည်၊ ဌာနေစစ်သည်များကိုစစ်သင်တန်းပေး၊ လက်နက် တပ်ဆင်ပေးကာ ရန်သူကို တိုက်ခိုက်စေခြင်းဖြစ်သည်။ နောက်ကွယ်ကသာ လေ့ကျင့်ပေးသည်။ သူ့နိုင်ငံသားတပ်က သူ့သူပုန် သူ ပြန်တိုက်ခိုင်းခြင်းမျိုးသာ ပြုလုပ်၏။ နှစ်ငါးဆယ်ကျော် စစ်သင်တန်း အတွေ့အကြုံတွေ ပို့ချသင်ကြားပေးကြသည်။ ဤပုံစံမျိုးဖြင့် ဗီယက်နမ်၊ ကိုလံဗီယာ၊ အာဖဂန်နစ္စတန်တို့တွင် လှုပ်ရှားခဲ့ကြပြီးလေပြီ။ အမေရိကန် အထူးတပ်ဖွဲ့ သင်တန်းခေါင်းဆောင်များသည် ဒေသခံလူများ၊ ဒေသခံအရာရှိ၊ စစ်သည်များနှင့် ပလဲနံပသင့်အောင် ပေါင်းသင်းနိုင်လေ စစ်ဆင်ရေး ပိုမိုအောင်မြင်လေ ဖြစ်ခဲ့ကြသည်ကို ကောင်းစွာ နားလည်ပြီး ကျင့်သုံးနေထိုင်တတ်၏။

အစောင့်အကျပ်ထူထဲစွာ ချထားပြီး ချေငွေဗားရားနှင့် ဝီလီကို ခေါ်ဆောင်လာကြသည်။ ရိန်းဂျားတွေ ပင်ပန်းနွမ်းနယ်သော်လည်း သူတို့ မဟာအောင်ပွဲရ၍ပျော်နေကြသည်။ ရွာလယ်မှကျောင်းလေးတစ်ကျောင်း(စာသင်ကျောင်း)မှာ သူတို့နားကြသည်။ ခေါင်မိုးတွေက မိုးယိုနေသည်။ ကြမ်းခင်းမှာလည်း ရွှံ့တွေ ပေသလူးနေ၏။ အခန်းနှစ်ခန်းရှိရာ တစ်ခန်းမှာ ချီ (ချေငွေဗားရား)ကို ထားပြီး တစ်ခန်းမှာ ဝီလီကို ထားလိုက်သည်။ ပြောက်ကျားနှစ်ဦး၏ အလောင်းတွေကို တံခါးဝမှာ ချထားလိုက်သည်။ အစောင့်တွေကို ထူထူထပ်ထပ် ချထားလိုက်သည်။

ရဟတ်ယာဉ်တစ်စင်း အမြန်လွှတ်ပေးရန် ဒဏ်ရာရသူတွေ အမြန်လာသယ်ရန် ကျည်ဆန်တွေ အမြန်ထပ်ပေးရန် အသေးစိတ် အစီရင်ခံပြီးသည်နှင့် တောင်းဆိုလိုက်သည်။ ကြေးနန်းဖြင့် ဆက်သွယ်ခြင်းဖြစ်သည်။

ချေငွေဗားရား၏ ကျောပိုးအိတ်ထဲမှ ရရှိသော ပစ္စည်းစာရင်းကို တိတိကျကျ စာရင်းမှတ်သည်။

(၁) မှတ်စုစာအုပ် နှစ်အုပ် (တစ်အုပ်က ၁၉၆၆ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာ မှတ်တမ်း၊ တစ်အုပ်က ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ မှ အောက်တိုဘာလ အထိ မှတ်တမ်း)
(၂) လိပ်စာများနှင့် မှတ်ပုံတင်စာအုပ်တစ်အုပ်
(၃) သတင်းလက်ခံစာအုပ်နှင့် သတင်းပို့မှတ်စုစာအုပ်
(၄) သင်္ကေတဖော်သော စာအုပ်နှစ်အုပ်
(၅) ဒေသဆိုင်ရာ မြေပုံ (၂၀) (ချီကိုယ်တိုင် ရေးဆွဲထားသည်။)
(၆) ဆိုရှယ်လစ်ဝါဒီဆိုင်ရာ စာအုပ်နှစ်အုပ်
(၇) ပျက်စီးနေသော အမ် - ဝမ်း ကာဘိုင်သေနတ်တစ်လက်
(၈) ၉.မမ ခြောက်လုံးပြူး သေနတ်တစ်လက်
(၉) မကူးဆေးရသေးသော (၃၅) မမ ဖလင်လိပ် (၁၂) လိပ်
(၁၀) ဘိုလီးဗီးယန်းနှင့် ပီဆိုပိုက်ဆံနှင့် ဒေါ်လာအချို့ပါသော အိတ် စသည် - တို့ဖြစ်သည်။ ပရာဒိုက ဌာနချုပ်သို့ ကြေးနန်းဖြင့် အစီရင်ခံလိုက်သည်။

နံနက် (၁၀) နာရီတွင် ဌာနချုပ်မှ ဗိုလ်မှူးကြီး ဇင်တီနိုထံမှ အရေးပေါ် ကြေးနန်းဝင်လာသည်။

[နံနက်ပိုင်းရဟန်ယာဉ်ရောက်လာတဲ့အထိ ချေဂွေဗားရားကို အသက်ရှင်လျက်ရှိနေပါစေ]



# စစ်ဆင်ရေး ၅၀၀ နှင့် ၆၀၀ ၏ အဓိပ္ပာယ်

ဗိုလ်ကြီးပရာဒို စိတ်လှုပ်ရှားပြီး စိတ်တထင့်ထင့် ဖြစ်နေ၏။ ဖမ်းမိထားသော ချေဝွေဗားရား ပြန်လွတ်သွားမှာ စိုးရိမ်နေသည်။ ညရောက်သောအခါ စာသင်ကျောင်းလေးထဲ ဝင်စစ်ဆေးသည်။ ဝီလီက ခုံတန်းရှည်ပေါ်မှာ အိပ်ပျော်နေသည်။ ချေဝွေဗားရားက မျက်လုံးမှတ်ပြီး ကုလားထိုင်ပေါ်မှာ ထိုင်နေသည်။ ချီ အိပ်လို့ မပျော်ပါ။ ဒဏ်ရာက နာကျင်နေသည်။ ဆုံးရှုံးခဲ့ရမှုတွေ တွေးမိတိုင်း နှလုံးသားထဲက နာကျင်နေမိသည်။

စစ်သားတော်တီက ဘေးနားမှာ လက်နက်ကိုင်၍ သတိဖြင့် စောင့်ကြပ်နေသည်။ အထက်အမိန့်မရလျှင် တစ်ခွန်းမှ မဟာရဲသော စစ်သားတွေဖြစ်သည်။ ပရာဒိုဝင်လာတာကို ချီ သိနေသည်။ အသာ မျက်လုံးဖွင့်ကြည့်လိုက်သည်။ ပရာဒိုက ပစိဖိတ်စီးကရက်တိုက်သည်။ ချီ အရိုးများသလေး ချီးခါးသလေးလုပ်နေ၍မရတော့။ ယူသောက်လိုက်သည်။ ပရာဒိုက မုန်းတီးချင်လာသော မျက်လုံးတွေနှင့် ကြည့်နေ၏။ သူ့စစ်သား သုံးယောက်သေသွားတာကိုး။ စစ်မီးလာမွှေးတဲ့သူလို့ သူမြင်နေတာကိုး။ မုန်းချင် မုန်းမှာပေါ့ဟု ချီ တွေးတွက်မိသည်။ သို့ပြား ပရာဒိုရဲ့ မျက်လုံးတွေက အမုန်းတွေ လွင့်ပါးပြီး ကိုယ်ချင်းစာစိတ်တွေ လွှမ်းမိုးလာပြန်သည်။

"ဘယ်နယ့်လဲ ဒဏ်ရာက သက်သာရဲ့လား"

"နည်းနည်း နာတာပေါ့ ... ယောက်ျားပဲ ခံနိုင်ရည်ရှိရမှာပေါ့"

"ဒီမှာ ဆရာဝန်မရှိတာ တောင်းပန်ပါတယ် ... မနက်ဆို ရဟတ်ယာဉ် ရောက်လာမယ်၊ ခင်ဗျားကို ဌာနချုပ်မှာ ကောင်းကောင်း ကုပေးပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်"

"ဒါနဲ့ ... တောင်အမေရိကရဲ့ အဆင်းရဲဆုံးနိုင်ငံဖြစ်တဲ့ ဘိုလီဗီးယားကို မှ တော်လှန်ရေးလုပ်ဖို့ ဘာဖြစ်လို့ ရွေးချယ်ခဲ့ရတာလဲ၊ တခြား လက်တင် အမေရိကနိုင်ငံတွေ အများကြီးပါ"

"ဒါကတော့ ဗိုလ်ကြီးပရာဒိုဘက်က အမြင်လေ"

ချီ ပြန်ပြောပြီး စီးကရက်ကို မီးညှိရှိုက်ဖွာလိုက်သည်။ ပရာဒိုက စီးကရက်တစ်လိပ်ကို အစောင့်စစ်သား တော်တီထံ ပေးလိုက်သည်။ တော်တီ လည်း မီးညှိသောက်နေ၏။ တစ်ခန်းလုံး စီးကရက်မီးခိုးတွေ ဖြာဝေသွား သည်။

"ဘိုလီဗီးယားကို ခင်ဗျားရဲ့ တော်လှန်ရေးအတွက် ရွေးချယ်လိုက်တာ ကိုက အမှားကြီး မှားတာပဲ"

"တော်လှန်ရေးဆိုတာ စွန့်စားခန်း မဟုတ်သလို ရွေးချယ်မှုလည်း မဟုတ်ဘူး။ တောင်အမေရိကတစ်နေရာရာမှစလုပ်ဖို့အဓိကပါ...အခြေတည် ပြီးရင် တခြားဒေသတွေကို ပျံ့နှံ့အောင် လုပ်ဆောင်သွားရမှာပါ ... အရင်းရှင် စနစ်ဆိုးကြီးကို ဘက်ပေါင်းစုံတော်လှန်ရေးနဲ့ ဖြိုလှဲချပြီး အောင်ပွဲခံရမယ်"

"အေးဗျား အဲဒါ ခင်ဗျားရဲ့ ယုံကြည်ချက်၊ ခံယူချက်တွေပေါ့။ ခု လောလောဆယ်တော့ ကျုပ်စစ်သားသုံးယောက် ကျဆုံးသွားပြီ။ လေးဦးက ဒဏ်ရာရထားတယ် ... သူတို့မိဘဆွေမျိုးတွေကို ကျုပ် ဘယ်လိုနှစ်သိမ့်စကား ပြောရမလဲတောင် မသိတော့ဘူး"

"အဖနိုင်ငံတော်ကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ရင်းနဲ့ အသက် ပေးသွားတယ် ... ဘာညာနဲ့ အရင်းရှင် အာဏာရှင်တွေရဲ့ လက်သုံးနှစ်သိမ့် စကားမျိုးတွေ ပြောလိုက်ပေါ့ဗျာ"

ချီက ခပ်လှောင်လှောင်လေး ပြောလိုက်ခြင်းပင်။ ပရာဒိုက မသိမသာ ဥပေက္ခာဟန်ဆောင်နေ၏။ ချီက –

"ခင်ဗျားတို့ အစိုးရနဲ့ စစ်တပ်က ပြည်သူတွေကို ဖိနှိပ်တာတော့ ဆိုးလွန်းတယ်ဗျာ"

"အရင်ကတော့ ဟုတ်မှာပါ၊ ပြည်သူတွေက စစ်တပ်ကို မုန်းကြမှာပါ။ ဒါပေမဲ့ အခုတော့ ကြည့်လေ အဲဒီပြည်သူဆိုတဲ့ ရွာသူရွာသားတွေပဲ ခင်ဗျားတို့ သတင်းပေးတယ်။ ထမင်းဟင်းတွေ ချက်ပေးတယ်။ လိုအပ်တာ အကုန်လုပ်ပေးနေကြတယ်လေ"

"သေနတ်ပြောင်းဝက အာဏာကိုကြောက်လို့ နီးရာဓားကြောက်တဲ့သဘောပါ။ သူတို့ နိုင်ငံရေးကို နားမလည်ကြတာပါ။ သူတို့ဘာကြောင့် ဆင်းရဲဒုက္ခရောက်နေတယ်ဆိုတာ သူတို့ မသိကြဘူး ... သူတို့ အသိဉာဏ်တွေပိတ်ဆို့နေတယ် ... အမှန်ဆို သူတို့ ဆင်းရဲတွင်းက လွတ်မြောက်ဖို့အရေးက လက်တစ်ကမ်းအလိုပဲ ကျန်တော့တယ်လေ"

ချီစကားအဆုံးမှာ ပရာဒို ရှုးရှုးရှားရှားနှင့် ဒေါသထွက်သွားသည်။

ခင်ဗျား ဘိုလီးဗီးယားအကြောင်း ဂဃနဏ မသိသေးပါဘူး ... ကျုပ်က ဒီမြေမှာနေ၊ ဒီမြေမှာ ကြီးလာတဲ့လူပါ ... ပြည်သူတွေက အစိုးရကိုသာ မုန်းချင်မုန်းမယ်။ စစ်သားတွေကို ဘယ်တော့မှ မမုန်းဘူး။ စစ်သားတွေဆိုရင် ကူညီချင်ကြတာပဲရှိတယ် ... ခင်ဗျားတို့ တိုင်းတစ်ပါးသားတွေ မြင်တဲ့အမြင်နဲ့ တခြားစီပဲ"

ချီ ရင်ထဲနင့်အောင့်သွားသည်။ ခွန်းတုံ့ပြန်လိုက်မိသည်မှာ –

"ဘိုလီဗီးယားရယ်မှ မဟုတ်ဘူး။ လက်တင်အမေရိက လွတ်မြောက်ဖို့လိုတယ် ... လက်တင်အမေရိက တိုင်းပြည်တိုင်းက ပြည်သူတွေအနေနဲ့ အာဏာရှင်နယ်ချဲ့အရင်းရှင်တွေဘက်က လိုက်မလား ... ပြည်သူတိုင်း လွတ်မြောက်ဖို့ တိုက်ပွဲဝင်မလား ဒါကိုပဲ ရွေးချယ်ရမှာ"

ချီနှင့် ပရာဒို ပြောရင်းနှင့် စကားရည်လုသလို ဖြစ်နေကြစဉ် စစ်သားတစ်ဦးရောက်လာကာ အလေးပြုရင်း သတင်းပို့သည်။

ဗိုလ်ကြီးကို ဗိုလ်မှူးအာယိုယာနဲ့ ဒုတိယဗိုလ်မှူးကြီး ဆီလစ်ရှ်တို့က စကားပြောဖို့ အခေါ်လွှတ်လိုက်ပါတယ်ဟု ပြောလာသည်။ ပရာဒိုက –

"ပြန်လာမှ ခင်ဗျားနဲ့ ဆက်ဆွေးနွေးဦးမယ်"

"ကျွန်တော် ဒီမှာပဲ ရှိနေမှာပါ။ ဘယ်မှလည်း သွားလို့မရပါဘူး။ စိတ်ချဗျာ စိတ်သာချ"

ချီ ခပ်ငေါ့ငေါ့လေး ပြန်ပြောလိုက်သည်။ နောက်တစ်နေ့ မိုးလင်းသည်အထိ ဗိုလ်ကြီးပရာဒို ပြန်ရောက်မလာတော့။ နံနက်ပိုင်းတွင် ချီကို အာယိုယာနှင့် ဆီလစ်ရှ်တို့ လာတွေ့ကြသည်။ ဗိုလ်မှူး အာယိုယာက ချီကို –

"နေကောင်းရဲ့လား"

"ကောင်းပါတယ်ဗျာ"

"ခင်ဗျားကို စာတ်ပုံရိုက်ချင်တဲ့လူတွေ အများကြီးရှိတယ်။ ဒါကြောင့် ခင်ဗျားရဲ့ မုတ်ဆိတ်ကျင်စွယ်တွေကို သပ်သပ်ရပ်ရပ် ညှပ်ပေးဖို့လိုတယ်" ဗိုလ်မှူးကြီးဆီလစ်ရှ်က ချီ၏ မုတ်ဆိတ်ကျင်စွယ်တွေကို လှမ်းဆွဲလိုက်သည်။ ချီက ပမာမခန့်လုပ်သော ဗိုလ်မှူးကြီးကို စူးစူးရဲရဲ ပြန်ကြည့်ပြီး ဆီလစ်ရှ်၏ လက်ကို ဆွဲဖယ်ပစ်လိုက်သည်။ ဆီလစ်ရှ်က အရှိအသေတန်အောင် တဟားဟား အော်ရယ်နေသည်။

"မင်းရဲ့ရှုံးထုတ်ပွဲက နိဂုံးချုပ်သွားပြီ၊ အခု ငါတို့အလှည့်ပဲကွ"

ဟု ဆီလစ်ရှ် အော်ပြောပြီး အပြင်ထွက်သွားသည်။ ပရာဒိုက ဗိုလ်မှူးကြီး ဆီလစ်ရှ်၏ ဆက်ဆံပုံကို သဘောမကျ။ နှစ်မြို့စရာမကောင်း၊ ချီ သုံ့ပန်းဘဝ၊ ပြသမျှ နရမည်ကို အနိုင်ကျင့်လွန်းရာ ရောက်နေသည်။ ဗိုလ်မှူး အာယိုယာကလည်း ပရာဒိုလို သဘောထားသည်။ သူတို့အရာရှိမို့ ပြန်ပြောရ ခက်နေကြသည်။

ဗိုလ်မှူးအာယိုယာက ချီကို မေးခွန်းထပ်မေး၏။

"ခင်ဗျားတို့တပ်ဖွဲ့မှာ လူဘယ်နယောက်ကျန်သေးလဲ"

"မသိဘူး" ချီက မုတ်ဆိတ်မွေးကိုင်ပြီး မထီမဲ့မြင် ပြုံခံထားရ၍ မကျေမနပ်ဖြင့် တိုပြတ်ပြတ် ပြန်ဖြေသည်။

"ခင်ဗျားတို့ ဘယ်ကို ဆက်ချီတက်ကြဦးမှာလဲ"

"ချီစရာ ခရီးမရှိတော့ဘူး"

"အေးပါလေ ... ခင်ဗျားလည်း စိတ်ရှုပ်နေမှာပဲ မမေးတော့ပါဘူး။ အနားယူလိုက်ပါတော့"

ချီလည်း ခြေပစ်လက်ပစ် အနားယူလိုက်ရတော့သည်။ သူ့လက်ခုပ်ထဲက ရေဖြစ်နေမှတော့ သွန်လိုသွန် မှောက်လိုမှောက်ပေါ့။

နံနက်သုံးနာရီတွင် ပရာဒို ကျောင်းခန်းထဲဝင်ပြီး ထပ်မံစစ်ဆေးရပြန်သည်။ ချီလည်း စိုးရိမ်သောကစိတ်တွေ ကျပ်ခဲပြီး အိပ်မပျော်။

"အိပ်မပျော်ဘူးလား ဗိုလ်ကြီး"

"စစ်ဖြစ်ကတည်းက ကောင်းကောင်း အိပ်မပျော်ပါဘူးဗျာ ... ခင်ဗျားလည်း မအိပ်ပါလား ... အိပ်ခွင့်ရတုန်း အိပ်ပါ ချေငွေဗားရား"

"ကျုပ်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တယ်ဆိုတာ ဘယ်လိုဟာမျိုးလဲဆိုတာတောင် မေ့နေပါပြီ ဗိုလ်ကြီး"

"ခုတော့ ပူပင်စရာ အနှောင်အဖွဲ့တွေ တာဝန်တွေ မရှိတော့ပါဘူး။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်ပါ"

"ကျုပ်အတွက် မထူးတော့ပါဘူးဗိုလ်ကြီး ...ဒါနဲ့ တပ်မှူးကြီးဇင်တီနိုက ဘယ်လိုလူမျိုးလဲ"

"သူက လူကြီးလူကောင်း ပီသတဲ့လူပါ"

"ခင်ဗျားတော်ပါတယ် ဗိုလ်ကြီးပရာဒို ... ခင်ဗျားအရာရှိတွေ စစ်သားတွေက ခင်ဗျားကောင်းကြောင်းပဲ ပြောကြပါတယ်။ ချီးကျူးပါတယ် ဗိုလ်ကြီး"

"ကျေးဇူးပဲကွန်မန်ဒါ။ ခင်ဗျားအတွက်ကျွန်တော်ဘာလုပ်ပေးရဦးမလဲ ပြောပါ"

"ကော်ဖီတစ်ခွက်လောက်ရရင် ကောင်းမယ်"

"နားပါဗျာ...ဒီအချိန်ကြီးရဖို့မလွယ်ပါဘူး။နက်ဖြန်ဆိုရင်တော့တစ်မျိုးတစ်ဖုံ အပြောင်းအလဲ ဖြစ်လာနိုင်ပါတယ်" ဟု ပရာဒိုပြောပြီး အပြင်ပြန်ထွက်သွားသည်။ ချီလည်း အာခြောက်ပြီး သက်ပြင်းတွေ ဖောက်ချလိုက်ရတော့သည်။

နောက်တစ်နေ့တွင်ဇင်တီနိုနှင့်ရှေ့ဒရိုဂွက်စ်တို့ရောက်လာကြသည်။ ချီထံမှ သိမ်းဆည်းထားသော ပစ္စည်းတွေကို စစ်ဆေးကြသည်။ ချီ ရေးထားသော မှတ်တမ်းတွေကို ဖတ်ကြည့်သည်။ ပြီးသော် ပစ္စည်းများကို အားလုံး သိမ်းဆည်းလိုက်သည်။

ကျောင်းခန်းထဲ ဝင်ကြည့်သောအခါ ဖုန်ပေလူးနေသော ကြမ်းပြင်ပေါ်မှာ ချီ လဲလျောင်းနေသည်။ ခြေလက်တွေ ကြိုးတုပ်ခံထားရသည်။ ချီဘေးမှာ ကျူဘားလူမျိုး အလောင်းနှစ်လောင်း။ အန်တိုနီယိုနှင့် အာတာယိုတို့ပင်။

ဇင်တီနိုက ချီကို စေ့စေ့စပ်စပ်ကြည့်ပြီး –

"ခင်ဗျား ဘိုလီဗီးယားကိုမှ ဘာဖြစ်လို့ ရွေးပြီးလာရတာလဲ" ဟု မေးသည်။ ချီက မဖြေချင်၍ ပြန်မပြော။ ချီအတွက်က သေလည်းမထူး၊ နေလည်း မထူးတော့ပြီလေ။

"ကျုပ်တို့နိုင်ငံကို ဘယ်လို ဝင်လာတာလဲ"

ချီပြန်မဖြေ။ ဇင်တီနိုက ဆက်မေးသည်။

"ဘာဖြစ်လို့ ကျုပ်တို့အစိုးရကို တိုက်ခိုက်တာလဲ"

အဖြေ ဘာမျှပြန်မပြော။ ဇင်တီနို ဒေါသထွက်လာပြီ။

"ခင်ဗျား ကျုပ် မေးတာကို ဖြေရမယ် ... ဘာလို့လဲဆိုတော့ ခင်ဗျားက နိုင်ငံခြားသား ... ကျုပ်တို့နိုင်ငံထဲကို ကျူးကျော်ဝင်ရောက် တိုက်ခိုက်သူပဲ"

ချီ လုံးဝမလှုပ်။ ဇင်တီနို ဒေါကန်ပေါက်ကွဲပြီ။ ဘိုလီးဗီးယားသမ္မတ ဘာရီယင်တော့စ်လည်း ဘာလုပ်ရမှန်းမသိ။ ချေဂွေဗားရားကို ဖမ်းမိပြီး ကြည်း၊ ရေ၊ လေ ဗိုလ်ချုပ်ကြီးများနှင့် အစည်းအဝေးခေါ်ပြီး တိုင်ပင်ကြသည်။

ဘိုလီဗီးယားမှာ သေဒဏ်မရှိ။ ချေဂွေဗားရားဆိုလျှင်တော့ ခြွင်းချက် ဖြစ်လာနိုင်သည်။ ပြစ်မှုအတွက် အများဆုံး ထောင်ဒဏ်အနှစ် (၃၀) ချနိုင်သည်။ အနှစ် (၃၀) လုံးလုံး ချေဂွေဗားရားကို ဘယ်မှာချုပ်ထားမလဲ။ ဘိုလီဗီးယားမှာ လုံခြုံစိတ်ချရသော ထောင်မရှိချေ။ ချေဂွေဗားရား၏ တော်လှန်ရေး လက်ကျန် အင်အားစုတွေက လာကယ်ထုတ်နိုင်သည်။ ကျူဘားက ချေဂွေဗားရားကို အကြောင်းပြုပြီး ကျူးကျော်ဝင်တိုက်နိုင်သည်။ ကျူဘားဝင်တိုက်လျှင် ပိုသာ ဆိုးတော့မည်။

သမ္မတကြီး ဘာရီယင်တော့စ်အတွက် ရွေးချယ်ဆုံးဖြတ်ရန် နှစ်လမ်းသာ ရှိသည်။ ထောင်ချမလား၊ သေဒဏ်ပေးမလား။ အစိုးရထိပ်သီးပိုင်းရဲ့ ဆန္ဒအရ ချေဖွေဗားရားကို ကွက်မျက်ပစ်ရန်သာ ရှိတော့သည်။ ထို့ကြောင့် –

ဌာနချုပ်က စစ်ဆင်ရေး ၅၀၀ နှင့် ၆၀၀ ကို ကွပ်ကဲလုပ်ဆောင်ဖို့ ရှော့ဒရီဂွက်စ်ကို တာဝန်ပေးအပ်လိုက်သည်။ ရှော့ဒရီဂွက်စ်က ၅၀၀ နှင့် ၆၀၀ သင်္ကေတလျှို့ဝှက်နံပါတ်၏ အဓိပ္ပါယ်တွေကို သိနေသည်။

စစ်ဆင်ရေး ၅၀၀ က ချေဖွေဗားရားဖြစ်သည်။

စစ်ဆင်ရေး ၆၀၀ ကွပ်မျက်ရန် ဖြစ်သည်။ ချေဖွေဗားရားကို အရှင်ထားလိုပါက၅၀၀နှင့်၇၀၀ကိုပေးရမည်။စစ်ဆင်ရေး၇၀၀ဆိုသည်မှာအရှင်ထားပြီး ဖမ်းဆီးရန် အဓိပ္ပာယ်ဖြစ်လေသည်။ အမေရိကန်အစိုးရကတော့ ချေဖွေဗားရားကို ပနားမားသို့ ခေါ်လာကာ စစ်ဆေးစေချင်သည်။ စီအိုင်အေက အဲဒါကို သိပ်မလုပ်ချင်။ ဘိုလီဗီးယန်းတပ်မှူးကြီး ဇင်တီနိုကို ရှော့ဒရီဂွက်စ် သွားအကြောင်းကြားသည်။

"အမေရိကန်အစိုးရက ချေဖွေဗားရားကို မသတ်စေချင်ဘူး။ အရှင်ထားပြီး စစ်ဆေးချင်ကြတယ်"

"ခင်ဗျားတို့ ကျုပ်တို့ကို အများကြီး ကူညီခဲ့တာ သိပ်ကျေးဇူးတင်ပါတယ် ... ဒါပေမဲ့ ကျုပ်တို့သမ္မတရဲ့ အမိန့်မို့ ကျုပ်တို့လည်း မလွန်ဆန်ရဲဘူး" ဟု ဇင်တီနိုပြောပြီး ရဟတ်ယာဉ်ဆီသို့ ထွက်သွားသည်။ ရှော့ဒရီဂွက်စ်လည်း ဘာမျှမတတ်နိုင်တော့။ သူတို့နိုင်ငံ၊ သူတို့ဥပဒေ၊ သူတို့လုပ်ပိုင်ခွင့်ပေကိုး။

ထိုစဉ် သေနတ်သံတွေ ထွက်ပေါ်လာသည်။ စစ်သားတစ်ယောက်လက်ထဲက သေနတ်မှာ ယမ်းငွေ့တွေ ဝေနေသည်။ စစ်သားက ရှော့ဒရီဂွက်စ်ကို ခပ်လန့်လန့်ဖြင့် ကြည့်နေသည်။ ထိုစစ်သား ပစ်ခတ်လိုက်တာက သုံးပန်းဝီလီ။ ဝီလီ သွေးအိုင်ထဲမှာ လဲကျသေဆုံးနေသည်။

"သူ ... သူ ... ထွက်ပြေးဖို့ ကြိုး ... ကြိုးစားလို့ ပစ်ချလိုက်ရတာပါ ဗိုလ်ကြီး" ဟု စစ်သားက တုန်အက်ထစ်ငေါ့စွာ ပြောလာသည်။

ရှော့ဒရီဂွက်စ် ဘာမှ မပြောသာတော့ဘဲ စာသင်ကျောင်းထဲ ဝင်သွားလိုက်သည်။ ချေဂွေဗားရားလည်း သေနတ်သံကြားပြီး ဘာမှမပြော။ ချီအကုန်သိထားပြီးလေပြီ။ ရှော့ဒရီဂွက်စ်က –

"ချေဂွေဗားရား ခင်ဗျားနဲ့ ကျွန်တော် စကားပြောပါရစေ။ ကျွန်တော် ခင်ဗျားကို စစ်ဆေးဖို့လာတာ မဟုတ်ဘူး။ ခင်ဗျားနဲ့ ကျွန်တော်က ခံယူချက် ယုံကြည်ချက်ခြင်း မတူဘူး။ ဒါပေမဲ့ ခင်ဗျားကို ကျွန်တော်ချီးကျူးပါတယ်။ ခင်ဗျားဟာ ကျူဘားမှာဆို ထိပ်ပိုင်းခေါင်းဆောင် ဝန်ကြီးတစ်ပါးပါ … အဲဒီမှာ ဝန်ကြီးမလုပ်ဘဲ ခင်ဗျားယုံကြည်ချက်နဲ့ ခင်ဗျားဆက်လုပ်တဲ့ အကျိုးကို ခင်ဗျား ခံနေပြီ" ဟု ပြောလိုက်သည်။ ချီဂွေဗားရားက "ကျုပ်ကိုကြိုးဖြည်ပေးပါလား၊ ကျုပ်ထိုင်ချင်လို့ပါ"

"ရပါတယ် … ကွန်မန်ဒါ ဂွေဗားရား … ဟေ့ … ကြိုးဖြေပေးလိုက်ပါ"

အစောင့်စစ်သား ကြောင်နေသေး၏။ နောက်မှ အမိန့်ကို နာခံပြီး ကြိုးဖြေပေးလိုက်သည်။ အစောင့်စစ်သားကပင် ချီကို သစ်သားထိုင်ခုံပေါ် တင်ပေး၏။ ချေဂွေဗားရားရဲ့ တည်ငြိမ်မှုက သေရအံ့ဆဲဆဲမှာပင် ရဲရဲရင့်ရင့် ရှိနေ၏။

"ကျွန်တော့်ဆေးတံမှာ ဆေးထည့်ပေးပါလား"ဟု တောင်းဆို၏။ ရှော့ဒရီဂွက်စ်က စစ်သားတစ်ယောက်ကို လုပ်ဆောင်ခိုင်းလိုက်သည်။ ချီက မီးညှိကာ အားရပါးရရှိုက်ဖွာလိုက်သည်။ ရှော့ဒရီဂွက်စ်က စစ်ဆင်ရေးတွေ၊ စီမံကိန်းတွေ၊ အစီအစဉ်တွေ၊ လှုပ်ရှားမှုတွေအကြောင်း မေးမြန်းသည်။ ချီက သွေးအေးအေးပင်။

"ကျွန်တော် ဒါမျိုးတွေ မဖြေနိုင်ဘူးဆိုတာ ခင်ဗျားသိရဲ့သားနဲ့ဗျာ"

"ဟုတ်ပါတယ် ကွန်မန်ဒါဂွေဗားရား။ ဒါနဲ့ ဘာဖြစ်လို့ ဘိုလီဗီးယားကို လာရတာလဲ"

"ဘိုလီဗီးယားဟာ နိုင်ငံ (၅) နိုင်ငံနဲ့ နယ်နိမိတ်ခြင်း ဆက်စပ်နေတယ်။ ဘိုလီးဗီးယားမှာ တော်လှန်ရေးအောင်မြင်ရင် တခြားနိုင်ငံတွေဖြစ်တဲ့ အာဂျင်တီးနား၊ ချီလီ၊ ဘရာဇီးလ်၊ ပီရူး၊ ပါရာဂွေးတို့မှာပါ တော်လှန်ရေးတွေ လုပ်လို့

ရမယ်" ဟု ချီက ပြန်ပြောလိုက်သည်။ ကျူဘားကိစ္စကို ခေါင်းစဉ်ပြောင်းပြီး ဆွေးနွေးကြပြန်သည်။ ရှေဒရီဂွက်စ်နှင့် ချီတို့ တစ်နာရီခွဲကျော် စကားပြော ဖြစ်ကြသည်။ မကြာခင် ရဟာတ်ယာဥ်အသံ ပေါ်လာသည်။ ချေငွေဟားရားကို မွန်းလွဲ (၂) နာရီတွင် ဖင်တီနို လက်ထဲအပ်မည်ဟု ကတိပေးထားသည်။

ရှေဒရီဂွက်စ်က ချီနှင့်တွဲပြီး ဓာတ်ပုံရိုက်ယူသည်။ ပြီးနောက် ရှေဒရီ ဂွက်စ်နှင့် ဖင်တီနိုတို့ သေဒဏ်ပေးရေးကိစ္စ ဆွေးနွေးကြသည်။ ဖင်တီနိုက အရာခံဗိုလ် မာရီယိုတီရန်နှင့် တပ်ကြပ်ကြီး ဟွမ်ကာ တို့ကို ပါးကွက်အာဏာ သား အဖြစ်ရွေးကာ ချေငွေဟားရားကို ပစ်သတ်ရန် စီစဉ်ပြီးလေပြီ။ ဟွမ်ကာ က ဝီလီကို သတ်ရမှာ မှန်သော်လည်း ဝီလီကို ပစ်သတ်ထားပြီးပြီမို့ ချေငွေ ဟားရားကိုသာ ပစ်သတ်ရန် ကျန်တော့သည်။

ရှေဒရီဂွက်စ် စိတ်မကောင်းစွာဖြင့် ချေငွေဟားရားကို ကြည့်လိုက် တော့ ခုံပေါ်တွင် ထိုင်နေလျက်ပင်။ အာဏာပါးကွက်သား တီရန်က အခန်း အပြင်တွင် အသင့်စောင့်နေသည်။ ရှေဒရီဂွက်စ်က မပြောချင် ပြောချင်ဖြင့်

"ကွန်မန်ဒါ ... ကျွန်တော် လုပ်ပိုင်ခွင့်ရှိသလောက် ကြိုးစားလုပ်ဆောင် ခဲ့ပြီးပြီ ... ဒါပေမဲ့ တပ်မတော် ဦးစီးချုပ်ရုံးက အမိန့်ရောက်လာတယ် ... အဲဒါ..."

"ကျွန်တော် သိပြီးသားပါ ... ကျွန်တော်လိုလူမျိုးကို အရှင်မထားဘူး ဆိုတာ"

"တတ်နိုင်ရင်တော့ ကျွန်တော် ကူညီပါရစေ ... ခင်ဗျားမိသားစုကို ဘာမှာချင်သေးလဲ"

"ကျွန်တော့်ဇနီးကို ပြောလိုက်ပါ။ နောက်အိမ်ထောင်ထူပါ။ ပျော် အောင် ကြိုးစားနေပါလို့ပဲ ပြောလိုက်ပါ" ဟုပြောပြီး ချေငွေဟားရား ထော့နင်း ထော့နင်းနှင့် ရှေဒရီဂွက်စ်အနားသို့ လျှောက်လာသည်။ လက်ဆွဲနှုတ်ဆက် ပြီး ပွေ့ဖက်လိုက်ကြသည်။ သေခြင်းကို ဂုဏ်သိက္ခာရှိစွာ ရင်ဆိုင်သွားသော ချေငွေဟားရားကို ရှေဒရီဂွက်စ် ဘယ်လိုမှ မမုန်းနိုင်တော့၊ မမေ့နိုင်တော့ပါ။ ချေငွေဟားရားကို အပြင်ခေါ်လာကြသည်။ ရှေဒရီဂွက်စ်က တီရန်ကို -

"လည်ပင်းအထက်ကို လုံးဝမပစ်နဲ့နော် ... တိုက်ရင်းခိုက်ရင်း သေတဲ့ ပုံစံမျိုး ဖြစ်နေပါစေ ... မျက်နှာကို မပစ်ရဘူး"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး" ဟု တီရန် ပြန်ပြောလိုက်သည်။ ချီကို နံရံမှာကပ်ပြီး ရပ်စေလိုက်သည်။ မျက်လုံးအုပ်စည်းရန် အဝတ်ပေးသော်လည်း ချီ လက်မခံ။ ပစ်သတ်မည့်သူကို ရဲရဲရင်ဆိုင်ကြည့်ရင်း အသေခံမည့်လူစား။ တီရန်က စက်သေနတ်ဖြင့် ချိန်ရွယ်လိုက်သည်။ ချေဂွေဗားရားက –

"ခင်ဗျားတို့ ကျုပ်ကို ပစ်သတ်မယ်ဆိုတာ ကျုပ်သိပြီးသားပါ။ တကယ်ဆို ကျုပ်ကို အရှင်မဖမ်းသင့်ဘူး။ ဒီပွဲမှာ ကျုပ်ရှုံးလို့ ကျရှုံးရပေမဲ့ ... တော်လှန်ရေးတွေ ဆုံးခန်းတိုင်သွားမှာ မဟုတ်ဘူး။ အခြားနေရာတွေမှာ တော်လှန်ရေးတွေ ဆက်ဖြစ်နေမယ်ဆိုတာ ခင်ဗျားတို့ ကြိမ်းသေတွေ့လာရစေမယ်"

"ပစ်"

စက်သေနတ်သံတွေ ဆူညံသွားသည်။ ချီဆိုသော ချေဂွေဗားရား၏ အသက်ဇီဝိန်ချုပ်ငြိမ်းသွားရလေပြီ။ လဲကျပြီး သွေးအိုင်ထဲမှာ သေဆုံးသွားသည်။ အခြားကိစ္စဝိစ္စတွေ ဆောင်ရွက်နေ၍ ချေဂွေဗားရားကို ကွပ်မျက်မည့်သတင်းကို ပရာဒိုမသိ။ တပ်ရင်းမပြန်ခင် သတင်းရောက်လာသည်။ ချေဂွေဗားရားကို ကွပ်မျက်သုတ်သင်လိုက်ပြီ။ ပရာဒို အံ့သြတုန်လှုပ်ပြီး စာသင်ကျောင်းဘက်ကို သွေးရူးသွေးတန်း ပြေးသွားကြည့်သည်။ စာသင်ကျောင်းထဲရောက်တော့ ချေဂွေဗားရား ရုပ်အလောင်းကို တွေ့ရသည်။ တုံးလုံးပက်လက် ဘယ်သူမှ ဘာမှပြင်ဆင်ပေးမထား။ ချီ၏ခန္ဓာကိုယ်မှာ ကျည်ဆန်ရာတွေ ဆန်ကာပေါက်ဖြစ်နေ၏။ ကြမ်းပြင်ပေါ် သွေးတွေအိုင်ထွန်းပြီး နံရံပေါ်မှာ သွေးစက်တွေ စဉ်ထွက်ပေကျံနေသည်။ စာသင်ကျောင်းက သားသတ်ရုံနှင့် တူသွားလေပြီ။

ချီ၏မျက်နှာကိုစစ်ဆေးကြည့်သည်။ မျက်လုံးတွေပွင့်နေသည်။ ပရာဒို စိတ်ထိခိုက်ကြေကွဲပြီး ခေါင်းတခါခါ ဖြစ်သွား၏။ စစ်သားတွေလို တိုက်ရင်းခိုက်ရင်း သေရတာ အကြောင်းမဟုတ်။ သုံ့ပန်းတစ်ဦးကို သွေးအေးအေးနှင့်

ပစ်သတ်ကြတာ လူသတ်မှု။ စစ်ဥပဒေမှာ သုံ့ပန်းတွေကို လေးလေးစားစား ဆက်ဆံရမည်ဟု သင်ထားသည်။ ခုတော့ စစ်ဥပဒေကို သမ္မတနှင့် ထိပ်ပိုင်း ခေါင်းဆောင်ကြီးတွေကိုယ်တိုင် ချိုးဖောက်ကြသည်။ ဒီကြားထဲ လူမပီသ သောစစ်သားအရာရှိတစ်ဦးကအသက်မဲ့နေသောချီရဲ့မျက်နှာကိုခြေထောက် ဖြင့် ခတ်ထုတ်လိုက်သေးသည်။ အရာရှိတစ်ဦးက ချီရဲ့အလောင်းအပေါ် ခြေထောက်တင်ထားလိုက်သေးသည်။ စစ်သားတစ်ဦးက ဆဲရေးတိုင်းထွာ နေသေးသည်။

"ခွေးမသားကြီး၊ ဒင်းကြောင့် ငါတို့လူတွေ အများကြီးသေရတာ"

သူတို့လုပ်ပုံတွေကို ပရာဒို မခံစားနိုင်တော့။ ချီရဲ့အလောင်းကို ပြင်ဆင် ပေးလိုက်သည်။ ရှေ့ဒရီဂွက်စ်က ရေပုံးတစ်ပုံးတောင်းကာ ချီအလောင်းဘေး တွင် ဒူးထောက်ထိုင်ပြီး ချီ၏မျက်နှာကို သန့်စင်ပေးသည်။ ချေဂွေဗားရား၏ ရုပ်အလောင်းကို ရဟတ်ယာဉ်ပေါ် တင်ကြသည်။ ပြီးနောက် ရဟတ်ယာဉ် မောင်းထွက်သွားသည်။

ဗိုလ်ကြီးပရာဒို ရင်ထဲမှာတော့ သူ့ရဲကောင်းချေဂွေဗားရားကို ကြင်နာ သနားစိတ်ဖြင့် တနင့်နင့် ရင်စို့ငေးမော ကျန်ရစ်ခဲ့ရလေသည်။



# လက်ဝဲတို့၏ သူရဲကောင်း
# လက်ယာတို့အတွက် အန္တရာယ်လူ

"ချေဂွေဗားရား" ဆိုသော "ချီ"သည် လူသာသေသော်လည်း နာမည်မသေသောသူ ဖြစ်သည်။ သူ့ရုပ်ပုံပါသော တီရှပ်တွေ၊ ပိုစတာတွေ၊ သော့ချိတ်တွေ၊ ကော်ဖီခွက်တွေမှာ ချေဂွေဗားရားရုပ်ပုံတွေ ခေတ်စားကုန်သေးသည်။ တစ်ကမ္ဘာလုံးမှ လူငယ်အများစုရဲ့ ပေါ်ပြူလာဖြစ်ခဲ့ရသည်။ မြန်မာပြည်မှာဆိုလျှင် ကျော်ဟိန်းခေတ်ကောင်းစဉ်က ချေဂွေဗားရားကဲ့သို့ ဘယ်ရီဦးထုပ်၊ ပြောက်ကျားဝတ်စုံနှင့် စင်မြင့်စတိတ်ရှိုးတွေမှာ ဝက်ဝက်ကွဲအောင်ပွဲခံခဲ့ဖူးလေသည်။ ချေဂွေဗားရားရုပ်ပုံကို လူငယ်တွေ တက်တူးထိုးကြသည်မှာ ယနေ့တိုင်အောင် ခေတ်စားနေလေသည်။ ကားနှင့် ဆိုင်ကယ်လ်ကပ် စတေကာတွေမှာလည်း ချေဂွေဗားရားပုံတွေ တွင်ကျယ်နေတုန်းပင်။ နာမည်ကျော်ပေါ့ပ်အဆိုတော်ကဲ့သို့ ထင်ရှားသူလည်းဖြစ်သည်။ ထူးခြားသည်မှာ လက်ဝဲတော်လှန်ရေးသမားကြီးသည် လက်ယာအရင်းရှင်တို့၏ အရောင်းသွက်စီးပွားရေး အမှတ်တံဆိပ်လို ဖြစ်ခဲ့ရခြင်းပင်။

ချေဂွေဗားရား ပုန်းအောင်းခဲ့သောနေရာ၊ တိုက်ခိုက်ခဲ့သောနေရာ၊ ကျဆုံးခဲ့သော နေရာများကို ကမ္ဘာလှည့်ခရီးသည်များက တကူးတက လာ

ကြည့်ကြသည်။ ချီကို ကွပ်မျက်ခဲ့သော စာသင်ကျောင်းမှာ ချီကို လေးစားကြည်ညိုသူများအတွက် အာဇာနည်ကုန်း ဖြစ်နေလေပြီ။ ဘိုလီဗီးယားတွင် ချေဂွေဗားရားပြတိုက်ပင် အမြတ်တနိုးပြသထားသည်။ ချီ၏ရုပ်အလောင်းကို ထားခဲ့သော ဗာလီဂရန်ဒီ မြို့ဆေးရုံမှ အခန်းသည်လည်း ကမ္ဘာလှည့်ခရီးသည်များ လာရောက်ရာနေရာ ဖြစ်သည်။

ဗီဒယ်လ်ကာတ်စထရိုက ချေဂွေဗားရား မသေပါဟု ငြင်းဆန်နေသဖြင့် သက်သေပြရန် ချီ၏လက်နှစ်ဖက်စလုံးကို ဖြတ်ပြီး ဆေးရည်စိမ်ထားကြသေးသည်။ ချီ၏အလောင်းကို လေဆိပ်ဟောင်းတစ်ခုနားတွင် ပြီးလွယ်စီးလွယ်မြှုပ်နှံလိုက်ကြသည်။မြှုပ်နှံရာနေရာကိုပင်မည်သည့်အမှတ်အသားမှမလုပ်ခဲ့ကြ။ အာဏာရှင်မိစ္ဆာဆိုးနှင့် လက်ပါးစေတို့၏စရိုက်ဆိုးများသာတည်း။ ပရာဒိုကတော့ ချီနှင့် နောက်ဆုံးစကားပြောခဲ့ရသူမို့ လူတကာ ဝိုင်းအုံမေးမြန်းတာခံနေရသည်။ ချေဂွေဗားရား အထိမ်းအမှတ်ပွဲများတွင် ပရာဒိုအမည်ကလည်း မလွဲမရှောင်သာ ပါနေရ၏။ ချေဂွေဗားရားသည် ၂၀ ရာစု၏ ဩဇာအရှိဆုံး၊ အထူးဆန်းဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့သည်။ နှစ်စဉ် အောက်တိုဘာလ ချီ ကျဆုံးသောနေ့မှာ အခမ်းအနားများ ကျင်းပကြသည်။ လူထောင်သောင်းများစွာ ဗာလီဂရန်ဒီမြို့သို့ရောက်လာကြသည်။ဂီတပွဲတွေ၊ကပွဲတွေကျင်းပကြသည်။ စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ ပြပွဲတွေလည်းပါသလို ပန်းချီဓာတ်ပုံပြပွဲ၊ အမှတ်တရပစ္စည်းရောင်းချပွဲများလည်းပါပြီးစည်ကားသိုက်မြိုက်အောင်မြင်လွန်းလှသည်။

ကံ.ကံ၏အကျိုးဆိုသလိုတူသောအကျိုးပေးတွေဖြစ်ပေါ်လာသည်မှာ ချီ ကွယ်လွန်ပြီး (၁၈) လအကြာမှာ ဘိုလီဗီးယားသမ္မတ အာရီယင်တော့စ်သည် ခရီးသွားရင်း သူ့ရဟတ်ယာဉ်နှင့် ကေဘယ်ကြိုးတိုက်မိကာ ရဟတ်ယာဉ် ပျက်ကျပြီး သေဆုံးခဲ့သည်။ ဒုတိယသမ္မတ လူဝီဆီလီး(စ်)တက်လာ၏ ဘိုလီဗီးယားအစိုးရများ ထုံးစံအတိုင်း သက်တမ်းမရှည်လိုက်။

ဗိုလ်ချုပ်ကြီး အယ်လ်ဖရက်ဒို အိုဗန်ဒိုကန်ဒီယာက အာဏာသိမ်းသည်။ ထိုဗိုလ်ချုပ်ကြီးကိုယ်တိုင်လည်းတစ်နှစ်ကြာလျှင် ရာထူးမှနုတ်ထွက်ရသည်။ ၁၉၈၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကွယ်လွန်ခဲ့ရသည်။

ပြင်သစ်မာ့က်စ်ဝါဒီ ရက်ဂစ်ဒီဘရေးကို ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်နေ့တွင် ထောင်ဒဏ်အနှစ်သုံးဆယ် ချမှတ်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွတ်မြောက်ခဲ့သည်။

ယန်းပေါက်ဆတ်၊ အွန်ဒရေမာရူး၊ ဗိုလ်ချုပ်ကြီးချာလ်စ်ဒီဂေါ်နှင့် ပုပ်ရဟန်းမင်းကြီး ဆဋ္ဌမမြောက် ပေါလ်တို့က ထောက်ခံကြသည်။ ဒီဘရေးက သူ၏တော်လှန်ရေးလမ်းစဉ်ကို မစွန့်လွှတ်ခဲ့ပေ။

လက်တင်အမေရိကားတွင် ချေဂွေဗားရားသည် ထိပ်သီးသူရဲကောင်း အာဇာနည်အကျော်ဇေယျပုဂ္ဂိုလ် ဖြစ်နေလေသည်။ အရင်းရှင်ဝါဒ ထွန်းကားသော အနောက်ကမ္ဘာတွင်ပင် လူတချို့က ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး တရားမျှတသော လူ့အဖွဲ့အစည်း ဖြစ်ထွန်းပေါ်ပေါက်ရေး၌ ချေဂွေဗားရားကို စံနမူနာ တင်ထားကြနေဆဲဖြစ်သည်။ ၎င်းသည် တီရှပ်ပေါ်မှ ကျော်စောထင်ရှား စတိုင်ကျနလွန်းသော ပုဂ္ဂိုလ်ကြီးသာမဟုတ်၊ လက်ဝဲဝါဒီတို့၏ စိတ်ကူးယဉ် ချင်စရာကောင်းသော တော်လှန်ရေးခေါင်းဆောင် သူရဲကောင်း ဇာတ်လိုက် ကြီးလည်း ဖြစ်နေလေသည်။ လက်ယာဝါဒီတို့အဖို့မှုကား ကြောက်စရာ အကောင်းဆုံး အံ့မခန်းထူးဆန်းသော ကွန်မြူနစ် အန္တရာယ်အရှိဆုံး လူအဖြစ် အလိုအလျောက် သတ်မှတ်ခြင်း ခံထားရလေသည်။

ကမ္ဘာ့သမိုင်း၏ အရိုင်းနှင့်အယဉ် ပေါင်းစပ်စီရင်ကာ မော်ကွန်းတွင်ရစ် စေခဲ့သူမှာ တော်လှန်ရေး၏ မီးရှူးတန်ဆောင် ရဲခေါင်ပြောက်ကျား ချေဂွေ ဗားရားသာ ဖြစ်လေတော့သတည်း။



# ကိုးကားစာအုပ်

၁။ ချီဂွေဗားရား၏ တော်လှန်စစ်အတွေ့အကြုံ မောင်နေဝင်း

၂။ ချေဂွေဗားရား၏ နေ့စဉ်မှတ်တမ်း တက္ကသိုလ်စိုးမြတ်

၃။ ချေဂွေဗားရား စစ်ဆင်ရေး ဟိန်းလတ်

၄။ ကျူဘားအမျိုးသားတော်လှန်ရေး ချေဂွေဗားရား
၁၉၅၆ - ၅၈ (၁၉၉၆)

၅။ ပြောက်ကျားစစ် (၂၀၀၆) ချေဂွေဗားရား

၆။ အာနက်စ်တို ချေဂွေဗားရား၏ ချေဂွေဗားရား
ဘိုလီဗီးယန်းနေ့စဉ်မှတ်တမ်း

၇။ "ချေဂွေဗားရား" အောင်ဇံ
ချေဂွေဗားရား

၈။ "ရဲခေါင်ပျောက်ကြား ချေဂွေဗားရား" လင်းယုန်မောင်မောင်

၉။ Guevara interviewed in 1964 on a visit to Dublin, Ireland

၁၀။ Che Guevara 1960–67
by Frank E. Smitha

၁၁။ The Spirit of Che Guevara
by I. F. Stone, New Statesman, October 20, 1967.

၁၂။ Bolivia unveils original Che Guevara diary
by Eduardo Garcia, Reuters, July 7, 2008.

၁၃။ Unknown, Autor. "Guevara, Che".
Encyclopedia Britannica Online.
Retrieved 30 September 2001.